၊ ခွဲစိတ်နှင့်ကင်ဆာပါရဂူ ၊



ဒုတိယတွဲ

၊ ခွဲစိတ်နှင့်ကင်ဆာပါရဂူ ၊

အမှတ် ၂၈၂၁၃
ရက်စွဲ ၈-၁-၁၃

# ရွှေစင်မြင်းမိုရ် အဘိဓမ္မာ (ဒုတိယတွဲ)

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ❐ ဦးစိုးတင့်၊ ရွှေပြည်သာစာပေ
အမှတ်(၆/၁၀)ရပ်ကွက်၊ ချင်းတွင်း
လမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊
ရွှေပြည်သာ။
ပုံနှိပ်သူ ❐ ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်
ရန်ကင်း၊ ရန်ကုန်။
မျက်နှာဖုံးပန်းချီ ❐ မမွေး
စာအုပ်ချုပ် ❐ ကိုမြင့်

ထုတ်ဝေခြင်း

ပထမအကြိမ် ❐ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ ❐ ၅၀၀၀
တန်ဖိုး ❐ ၃၀၀၀ ကျပ်

၂၉၄.၃
စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)
ရွှေစင်မြင်းမိုရ် အဘိဓမ္မာ/ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)။
ရန်ကုန်။
ရွှေပြည်သာစာပေ၊ ၂၀၁၂
စာမျက်နှာ ၂၇၃၊ ၁၃ စင်တီ × ၁၈.၅ စင်တီ။
(၁) ရွှေစင်မြင်းမိုရ် အဘိဓမ္မာ(ဒုတိယတွဲ)

# မာတိကာ


၁။ ဝိထိပိုင်း ... ၁

၂။ ဝိထိမုတ်ပိုင်း(သို့)ဘုံပိုင်း ... ၅၇

၃။ ရုပ်ပိုင်း ... ၁၆၅

အခြေပါဒ

သင်ဦးစဒ္ဒ ချနည်းမကျယ်

မိပ္ပါယ်ကောင်းစွာ လိုရှုံသာဖြင့်

အပ်ရာမသည်း နားထွင်းနည်းသို့

ညံ့ဖြည်းမွေ့မွေ့ တရွေ့ရွေ့လျှင်

တစ်နေ့တထူး ကျေးဇူးချဲ့ထွင်

ကျမ်းရှိုးငင်လျက်…

ရှင်မဟာရဋ္ဌသာရ

ဝိထိပိုင်း

# (၁)

# ပဋ္ဌာန်ပါရမီထိ

၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် သောကြာနေ့။

*'Time Flies'*

ဆေးကုသရင်း, ခွဲစိတ်ရင်း, စာရေးသားရင်းနဲ့ နေ့ရက်လေးများဟာ ငှက်ကလေးများ တောင်ပံရိုက်ခတ် ပျံသန်းသလို ခဏလေးနဲ့ ကုန်ဆုံးသွားပါတယ်။

ဘဝဆိုတာကို ပန်းကလေးတစ်ပွင့်နဲ့ ပမာပြုရရင် ဖူးရာမှငုံ, ငုံရာမှပွင့်, ပွင့်ရာမှကြွေဆိုတဲ့ ဖြစ်ပျက်အစဉ်လေးတစ်ခုပါပဲ။

ဘယ်သူမဆို ဘဝခရီးတာလေးတစ်ခုမှာ ရယူခြင်းနဲ့ ပေးဆပ်ခဲ့ရတာတွေ, အတက်အကျ အနိမ့်အမြင့်ဆိုတဲ့ လောကဓံလှိုင်းများကို ကြုံခဲ့ရတာတွေ, ပျော်ရွှင်ကြည်နူးခဲ့ရသလို နာကျင်ဆွေးမြည့်ခံစားခဲ့ရတာတွေ နှောင်ဖွဲ့ငြိတွယ်မိတဲ့ သံယောဇဉ်တွေနဲ့ မေ့မရနိုင်တဲ့ ဆုံတွေ့မှုလေးတွေကို ဖြတ်ကျော်ခဲ့ပြီးရင် ဇရာဆိုတဲ့ ဆည်းဆာကို ဆိုက်ရောက်ကြရပါတယ်။

ခရီးအဆုံးမှာတော့ လူတိုင်းဟာ သေခြင်းတရားကို မလွဲမသွေ ကြုံတွေ့ကြရမှာပါ။ စောစောတွေ့မှာနဲ့ နောက်ကျတွေ့မှာပဲ ကွာတဲ့အတွက် မိမိနေရမဲ့ သက်တမ်းကာလလေးမှာ လောကအကျိုး၊ အများအကျိုးကို တတ်နိုင်သမျှ သယ်ပိုးနိုင်သွားဖို့က အရေးကြီး

တယ်လို့ ကျွန်တော်ထင်မိပါတယ်။

နံနက် ၁၀ နာရီလောက်မှာ ပုဏ္ဏားကျွန်းဘက်မှ ၉-လ အရွယ် ကလေးငယ်လေးတစ်ဦး ဝက်သက်ပေါက်ပြီး မကြာမီ ဝမ်းအဆက် မပြတ်သွားလို့ ရောက်လာပါတယ်။ အဲဒီအချိန်က ကလေးပါရဂူ ကိုသိန်း ရန်ကုန်ကိုခွင့်ခဏပြန်နေလို့ ကျွန်တော်သွားကြည့်ပေးပါ တယ်။ ကျွန်တော်မေးမြန်း စမ်းသပ်နေတုန်း မသင်းလည်း အပြေး လေး ရောက်လာပါတယ်။

ကျွန်တော်တို့ စမ်းသပ်ကြည့်တော့ ကလေးငယ်လေးရဲ့ သွေးခုန်နှုန်းဟာ အတော်မြန်နေပြီး ရေဓါတ်၊ ဆားဓါတ် လျော့နည်း နေတဲ့ *Dehydration* လက္ခဏာများ တွေ့ရပါတယ်။ ကလေး ငယ်ဟာ မကြာခဏလည်း အန်နေလို့ လိုအပ်တဲ့ ဓါတ်ဆားရည် နှင့် ပဋိဇီဝဆေးများထည့်သွင်းဖို့ သွေးကြောရှာရပါတယ်။ သွေးကြော ရှာထိုးပေမယ့် အကြောတွေကပါးပြီး ကပ်နေတာမို့ ကျွန်တော်နှင့် မသင်း ခြေကျင်းဝတ်မှသွေးကြောကို ခွဲစိတ်ရှာဖွေပြီး ပလတ်စတစ် ပိုက်လေး ထည့်သွင်းပေးလိုက်ပါတယ်။

မသင်းက 'ကလေးလေးတွေက ပန်းလေးတွေလိုပဲနော်၊ မိဘရဲ့ ယုယစောင့်ရှောက်မှုက လိုအပ်တယ်လို့ ညီမထင်တယ်'

'မှန်ပါတယ်၊ သူတို့တွေက လူကြီးတွေလို ကိုယ်ခံအားမကောင်း တော့ ဖြစ်တာနဲ့ချက်ခြင်း ကုသပေးနိုင်ဖို့ကအရေးကြီးတယ်'

ဆရာဝန် သူနာပြုများ အားလုံးရဲ့ ကြိုးစားမှုကြောင့် ကလေး

ငယ်လေးကို လိုအပ်တဲ့ဆားရည်၊ သကြားရည်များ အချိန်မှီ ထည့်သွင်း ပေးနိုင်သွားပါတယ်။ ကျွန်တော်တို့ အားလုံးလည်း စိတ်ချရတဲ့ အခြေအနေမြင်ရတော့မှ သက်ပြင်းချနိုင်သလို ကလေးရဲ့ မိခင်လည်း အခုမှ ပြုံးနိုင်ပါတော့တယ်။

ညနေပိုင်းမှာ အရေးပေါ်လူနာလည်း ထပ်မရောက်လာတာနဲ့သင်တန်းကို လေးနာရီမှာ စလိုက်ပါတယ်။

ဆရာကျော်မြင့်က 'ဆောင်းဝင်နေပြီဆိုတော့ ဒီနေ့ ကြာဇံဟင်းခါးပူပူလေးနဲ့ ရှောက်သီးသုတ် စီစဉ်ထားတယ်'

'ကောင်းတာပေါ့ ဆရာကျော်ရယ်၊ ဒီနေ့လှူလိုက်တဲ့ အာဟာရဒါနကလည်း ဘဝဆက်တိုင်းပါသွားမှာပါ၊ ဒီနေ့တော့ ဝီထိပိုင်းကို ကျွန်တော်ပို့ချပေးပါ့မယ်'

ဝီထိဆိုတာ စိတ်အစဉ်အတန်း *Thought process* ဒါမှမဟုတ် လမ်းလို့လည်း အနက်အဓိပ္ပါယ် ရပါတယ်။ ရန်ကုန်-မန္တလေး ကားလမ်းမကြီးဆိုလည်း အစဉ်အတန်း ကြီးဖြစ်နေတော့ ဝီထိလို့ ခေါ်နိုင်ပါတယ်။

ဒီနေရာမှာ စိတ်အစဉ်အတန်းဆိုလို့ မျက်စိထဲမှာ လမ်းမကြီးလို တဖြောင့်တည်း မြင်နေပါလိမ့်မယ်။ တကယ်ကတော့ တဆက်တည်းဖြစ်တဲ့ *Chain Reaction* လို သဘောမျိုးမဟုတ်ဘဲ ညနက်နက်မှာ ကြယ်ပွင့်လေးတွေ ဖျတ်ကနဲဖျတ်ကနဲ လင်းလက်သလိုမျိုး ဒါမှမဟုတ် ခဏလေးအတွင်းမှာ လင်းလိုက်မှိတ်လိုက်ဖြစ်နေတဲ့

ရောင်စုံမီးသီးလေးတွေနဲ့ ပိတူပါတယ်။

တစ်ခုပျောက်သွား နောက်တစ်ခုက သူ့နေရာမှာဝင်ဖြစ်ဆိုတဲ့ မျက်စိတစ်မှိတ် ခဏချင်းမှာ မစဲဘဲဖြစ်နေတဲ့ အလွန်လျင်မြန်တဲ့ ဖြစ်ပျက်သဘောလေးပါ။ ဒါကြောင့်မို့ ကျွန်တော်တို့ စိတ်ကို မျက်စိနဲ့ မြင်တွေ့လို့ မရတာပါ။

ကျွန်တော်တို့ ရန်ကုန်မှ မန္တလေးသို့ ရထားနဲ့ ခရီးသွားတဲ့ အခါ ပဲခူး, ညောင်လေးပင်, တောင်ငူ, နေပြည်တော်,၊ သာစည်, ကျောက်ဆည်ဆိုတဲ့ ဘူတာအစဉ်အတိုင်း သွားသလို စိတ်တွေမှာ လည်း မိမိတို့ဆိုင်ရာ အာရုံအလိုက် 'ဥပမာ-သဇင်ပန်း လေးတွေကို မြင်တွေ့ရတဲ့အခါ၊ ခရေပန်း ရနံ့လေး ရတဲ့အခါ၊ သီချင်းသံလေး ကြားရတဲ့အခါ …' သူ့အစီအစဉ်အတိုင်း ဖြစ်နေတာကို ဝီထိစိတ် လို့ခေါ်တယ်။

လူအများက မြင်တယ်၊ အနံ့လေးရတယ်၊ ကြားတယ်ဆိုတာ တွေဟာ တစ်ချိန်တည်း တစ်ပြိုင်နက်တည်းဖြစ်တယ်လို့ ထင်ရ ပေမယ့် တကယ်တော့ စိတ္တနိယာမအရ စိတ်တွေဟာ တစ်စိတ် ချုပ်ငြိမ်းပြီးမှတစ်စိတ် ဖြစ်ပေါ်လာတာပါ။

လူမှာ မွေးဖွားလာတဲ့ အချိန်ကစပြီး သေဆုံးချိန်ထိ စိတ်တွေ ဟာ အမြဲဖြစ်ပျက်နေကြပါတယ်။ ဒီစိတ်တွေကို လှုပ်ရှားနိုးကြား နေသောသိစိတ် *Conscious mind* နဲ့ ငြိမ်သက်နေသော မသိစိတ် *Unconscious mind* ဆိုပြီး နှစ်မျိုးခွဲခြားထားတယ်။

လှုပ်ရှား နိုးကြားတဲ့သိစိတ်ဟာ ဝီထိစိတ် ဖြစ်ပြီး ငြိမ်သက်နေတဲ့ မသိစိတ်ဟာ ဘဝင်စိတ်ပါ။

ဘဝင်စိတ်တွေမှာ ဘဝရဲ့ ပထမဦးဆုံးဖြစ်တဲ့ ပဋိသန္ဓေစိတ်နဲ့ဘဝရဲ့နောက်ဆုံးဖြစ်တဲ့ စုတိစိတ်တို့လည်း ပါဝင်ပါတယ်။ ဘဝတစ်ခု ဖြစ်ပေါ်အောင် အကျိုးပြုလိုက်တဲ့ ရှေးရှေးက ကံတွေရဲ့ အကျိုး'ဝိပါက်စိတ်'တွေဖြစ်ပြီး အလွန်သိမ်မွေ့လို့ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နဲ့ စုတိစိတ်တွေကို ကျွန်တော်တို့ သိခွင့်မရတာပါ။

စိတ်ဆိုတာ အာရုံနဲ့ကင်းပြီး ဘယ်တော့မှမဖြစ်လို့ ဘဝင်စိတ်ဖြစ်နေတဲ့အခါ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ခုခုကို အာရုံပြုပြီး မြစ်ရေအလျဉ် တသွင်သွင်စီးဆင်းနေသလို အစဉ်မပြတ်ဖြစ်နေပါတယ်။ ဒါပေမဲ့ ဘဝင်စိတ် ဖြစ်နေတဲ့အခါ လက်ရှိပစ္စုပ္ပန် အာရုံများကိုမသိဘဲ ခန္ဓာကိုယ်ဟာလည်း မလှုပ်မယှက် အိပ်မောကျသလို ဖြစ်နေပါမယ်။

မသင်းက 'ဒါဆို ဘဝင်စိတ်က အာရုံရှိပေမယ့် လှုပ်ရှားမှု ကင်းတာပေါ့နော်'

'မှန်ပါတယ်၊ သူက ဝီထိစိတ်လို အာရုံအသစ် အသစ်တွေနဲ့ တွေ့ထိမှုမရှိဘဲ ဘဝဟောင်းက ကံ၊ ကမ္မနိမိတ် တစ်ခုခုကို အာရုံပြုနေလို့ အေးဆေးငြိမ်သက်ပါတယ် *Passive or Silent of mind process* လို့ပြောနိုင်ပါတယ်'

'ဘဝင်စိတ်က လူကိုဘယ်လို ကျေးဇူးပြုလည်း အစ်ကို'

'လူတိုင်းရဲ့ သန္တာန်မှာ ဝီထိနဲ့ ဘဝင်စိတ်တွေဟာ တစ်လှည့်စီ

ဖြစ်နေပါတယ်၊ မြင်စိတ်, ကြားစိတ်, တွေ့ထိစိတ် ဆိုတဲ့ ဝီထိစိတ် အစဉ်မရှိတဲ့အခါ ဘဝင်စိတ်ကကြားခံ *Buffer* သဘောနဲ့ အသက်ဆက်ပေးရလို့ ဘဝင်စိတ်ကို အသက်ဆက်စိတ် *Life continuum* လို့ခေါ်တယ်၊ နောက်အိပ်ပျော်နေတဲ့အခါ ဘဝင်စိတ်တွေက ခန္ဓာကိုယ်ရဲ့ တစ်နေ့တာပင်ပန်းသမျှကို ပြန်လည်အားဖြည့်ပေးတာမို့ ကျန်းမာရေးရှုထောင့်ကကြည့်ရင် ဘဝရဲ့မရှိမဖြစ်လိုအပ်တဲ့ စိတ်တွေပါပဲ'

ဆက်လက်ပြီး ဝီထိအစဉ်ကို နားလည်လွယ်အောင် ဥပမာလေး ပေးပါ့မယ်။

'ညီမ စဉ်းစားပြီး ဖြေကြည့်ပါလား၊ ဆိုပါစို့ တန်ခူးလရဲ့ ညနေခင်းမှာ သမီးငယ်လေးတစ်ဦး နှစ်ခြိုက်စွာ အိပ်ပျော်နေတယ်ဆိုရင် ဘယ်စိတ်ဖြစ်နေမလဲ'

'ဒီလိုဆိုရင် ဘဝရဲ့ မပြတ်ကြောင်းဖြစ်တဲ့ ဘဝင်စိတ်တွေ ဖြစ်နေမယ်'

'မှန်ပါတယ်၊ အိပ်နေတဲ့အခါမှာ ဘဝင်စိတ် နောက် အိပ်ရာကနိုးလို့ စားပွဲကလေးပေါ်မှာ သစ်သီးနီနီလေးကို တွေ့လိုက်တယ်ဆိုရင် အဆင်းအာရုံနဲ့ မျက်စိပသာဒ ဆုံတွေ့မှုကြောင့် ဘဝင်စိတ် အစဉ် ပြတ်စဲသွားပြီး ဝီထိစိတ်တွေ ဖြစ်လာပါမယ်'

ဒါပေမဲ့ အာရုံတစ်ခုခု ဝင်လာလို့ ဘဝင်စိတ်အစဉ် ပြတ်တောက်တဲ့အခါ ရုတ်တရက် မပြတ်သွားပါဘူး။ အဟုန်နဲ့ ပြေးနေသူ

တစ်ယောက်ဟာ အပြေးရပ်လိုက်တဲ့အခါ တိခနဲ မရပ်နိုင်ဘဲ ခြေတစ်လှမ်း နှစ်လှမ်းလွန်ပြီးမှ ရပ်လို့ရသလို ဘဝင်စိတ်မှာလည်း ပြင်ပအာရုံဝင်လာရင် ဘဝင်စိတ်အစဉ် နှစ်ခါသုံးခါ ဖြစ်ပြီးမှ ပြတ်တောက် သွားပါတယ်။

'ပထမဦးဆုံး ဘဝင်စိတ်ကို ညီမ မှတ်မိသေးလား'

'မှတ်မိပါတယ်၊ အဲဒါ ရှေးဘဝင်လို့ခေါ်တဲ့ အတိတ်ဘဝင် *Previous life continuum* ပါ'

'မှန်ပါတယ်၊ အတိတ်ဘဝင်ပြီးတာနဲ့ အဆင်းအာရုံကြောင့် လှုပ်ရှားသွားတဲ့ လှုပ်ဘဝင် *Vibration of life continuum* ဆိုတဲ့ ဘဝင်္ဂစလန ဖြစ်လာပါမယ်၊ နောက်အဆင်း ရူပါရုံအားကောင်းလာရင် လှုပ်ရှားသွားတဲ့ မူလ ဘဝင်စိတ်ကလေး ချုပ်ပြတ်သွားတဲ့အခါ ပြတ်ဘဝင် *Cessation of life continuum,* ဘဝင်္ဂုပစ္ဆေဒ ဖြစ်လာမယ်၊ တစ်ခါ ဘဝင်စိတ်တွေ ပြတ်စဲသွားရင် အခါမှာ ဝီထိစိတ်တွေ ဖြစ်လာမယ်'

'ကျွန်တော် စိတ်ပိုင်းမှာ ပြောခဲ့ပြီးဖြစ်လို့ ဝီထိအစဉ်မှာပါတဲ့ စိတ်တွေကို မှတ်မိမှာပါ၊ ဆရာဖေလည်း မြင်စိတ်အစဉ်ကို တစ်ခါလောက် ပြောကြည့်ပေးပါလား'

'ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်ဆိုတဲ့ မြင်စိတ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံ ဆိုပြီး ဝီထိအစဉ် ဖြစ်ပါမယ်'

'ဆရာဖေက မှတ်မိနေသားပဲ၊ ကျွန်တော်ပြန်ပြီး ရှင်းပြပေး

ပါ့မယ်'

ပထမဆုံး ဝီထိစိတ်က ဘယ်လို အဆင်းအာရုံ မျိုးပါလိမ့် ဆိုတဲ့ အာရုံဆင်ခြင်စိတ် ပဥ္စဒွါရာဝဇ္ဇန်းပါ။ ပဥ္စဆိုတာ ငါး, ဒွါရ ဆိုတာ တံခါး, အာဝဇ္ဇနဆိုတာ ဆင်ခြင်တာ လှည့်ပေးတာဖြစ်လို့ မျက်စိ နား နှာခေါင်း လျှာ ကိုယ်ဆိုတဲ့ တံခါးငါးပေါက်မှာ ဆင်ခြင်တယ်ဆိုပြီး အဓိပ္ပါယ်ရပါတယ်။

'ပဥ္စဒွါရာဝဇ္ဇန်းကို ဘယ်လိုပြန်လဲ ဆရာ'

'*Turning or inquire into five sense door*'

တကယ်တော့ ခန္ဓာကိုယ်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်အပြင် စိတ် ဆိုတဲ့ တံခါးတစ်ပေါက် ရှိပါသေးတယ်။

စိတ်ဆိုတာ မနောလို့ အဓိပ္ပါယ်ရလို့ တကယ်မြင်တာမျိုး၊ ကြားတာမျိုးမဟုတ်ဘဲ အတိတ်နဲ့ အနာဂတ်က သတိရစရာ ဖြစ်ရပ်လေးတွေ စိတ်ထဲမှာထင်မြင်လာတာကို မနောဒွါရာဝဇ္ဇန်း *Consider and inquire into sixth door or mind* လို့ ခေါ်တယ်။

ဆင်ခြင်လို့ သစ်သီးနီနီလေးကို သဲသဲကွဲကွဲ မြင်လာတဲ့အခါ မြင်စိတ် ဖြစ်လာပါတယ်။ ဆက်တိုက် ဆိုသလို အဲဒီအဆင်းကို လက်ခံတဲ့ အာရုံလက်ခံစိတ် သမ္ပဋိစ္ဆိုင်း ဖြစ်လာပါတယ်။

နောက် ဘယ်လို သစ်သီးလေးပါလိမ့်ဆိုတဲ့ အာရုံစုံစမ်းစိတ်

သန္တီရဏ ဖြစ်လာပြီး ပဥ္စမမြောက်အနေနဲ့ ဒါဟာ ပန်းသီး နီနီလေးပါလို့ ဆုံးဖြတ်တဲ့ ဝုဋ္ဌောစိတ် ဖြစ်လာပါတယ်။

ဆက်လက်လို့ ပန်းသီးနီနီလေးဆိုတဲ့ အာရုံကို ခံစားတဲ့ အရှိန်အဟုန်ပြင်းတဲ့ ဇောစိတ်တွေ ခုနစ်ကြိမ် ဆက်တိုက်လျင်စွာ ဖြစ်လာပါတယ်။ ဒီနောက်မှာ ဒီခံစားမှုကို အရှိန်မပြေဘဲ ဆက်လက် ခံစားလိုတဲ့ တဒါရုံစိတ် နှစ်ကြိမ်ဖြစ်ပါမယ်။

ဒါပေမဲ့ တခြားအာရုံတွေ မရှိတော့ဘဲ သမီးငယ်လေး ပြန်အိပ်ပျော်သွားမယ်ဆိုရင် ဘဝင်စိတ်တွေ ဆက်ဖြစ်နေပါမယ်။

စကားပြောသံတွေ၊ ထမင်းဟင်း ချက်ပြုတ်တဲ့ ရနံ့တွေစတဲ့ အာရုံတွေ ရှိနေရင်တော့ ဝီထိစိတ်တွေ ပြန်ဖြစ်လာလို့ ဘဝင် စိတ်နဲ့ ဝီထိစိတ်ဟာ လူတွေရဲ့သန္တာန်မှာ ဘဝတစ်လျှောက်လုံး တစ်လှည့်စီ မရပ်မနား ဖြစ်နေပါတယ်။

မဟာစည်ဆရာတော်မှလည်း မြင်သိစိတ် ဝီထိအစဉ်ကို မှတ်ရ လွယ်အောင် -

'ဘဝင်ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထို့ပြင် လက်ခံတုံ၊

စုံစမ်း ဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ…' ဆိုပြီး လင်္ကာလေး ဖွဲ့ဆိုပေးထားပါတယ်။

ဝီထိမှာပါတဲ့ တစ်ခုတစ်ခုသော စိတ်ကလေးတွေရဲ့အသက် ဒါမှမဟုတ် ခဏတာကြာမြင့်တဲ့ အချိန်ပိုင်းလေးကို စိတ္တက္ခဏ လို့ ခေါ်တယ်။ စိတ္တဆိုတာ စိတ်၊ ခဏဆိုတာ ခဏတာအချိန်

ပိုင်းလေးဖြစ်လို့ စိတ်ရဲ့ခဏတာအချိန်လေး *One conscious momemt* ကိုပြောတာပါ။

'ကျမ်းဂန်တွေမှာတော့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မှာ စိတ္တက္ခဏပေါင်း ကုဋေများစွာ ဖြစ်နိုင်ချုပ်နိုင်တယ် ဆိုထားလို့ စိတ်ဖြစ်စဉ်ဟာ အလွန် လျင်မြန်လှပါတယ်'

'စိတ်ဖြစ်စဉ်ကို ဘယ်လိုပြန်လဲ ဆရာ'

*'Arising and dissolving at a tremendous speed of more than a thousand billion* $10^{12}$ *times per eye-wink* လို့ ပြန်တယ်'

'ကျွန်တော်တို့ လူနာကြည့်နေတုန်း ဆေးရုံဆင်ဝင်အောက်မှာ ကားတစ်စီး လာရပ်တယ်ဆိုပါစို့၊ ကားသံကြားလိုက်တာနဲ့ ဆလွန်းကား၊ ဂျစ်ကား၊ တီအီးလို ကားကြီးရဲ့အသံ ဖြစ်မယ်၊ နောက်လူသံတွေလည်း ကြားတယ်၊ တစ်ယောက် နှစ်ယောက် ဒါမှမဟုတ် လူက အများကြီးဖြစ်မယ်၊ နောက်အမျိုးသား၊အမျိုးသမီး၊ ကလေးသံစသလို ခဏချင်းမှာအားလုံးကို သိသွားတယ်လို့ ထင်ကြတယ်'

'တစ်ကယ်တော့ စိတ္တနိယာမအရ စိတ်တစ်ခုဟာ အာရုံ တစ်ခုကိုပဲ သိနိုင်ပြီး နှစ်ခု သုံးခုကို တစ်ပြိုင်နက် မသိနိုင်ပါဘူး၊ တစ်ခုပြီးမှ တစ်ခုသိသွားတာပါ၊ ဒါပေမဲ့ စိတ်ဖြစ်စဉ်က အလွန် မြန်လွန်းတော့ တစ်ပြိုင်နက် သိတယ်လို့ပဲ ထင်သွားကြတာပါ'

စိတ္တက္ခဏတစ်ခုမှာ ခဏငယ် သုံးခုရှိတယ်။

ပထမ ခဏငယ်က ဥပါဒ်၊ မြန်မာလို ဖြစ်ပေါ်လာတာ ဆိုတော့ ဖြစ်ခဏ *Arising or genesis* လို့ပြန်တယ်။

ဒုတိယ ခဏငယ်က ဌီ၊ မြန်မာလို တည်နေတာ, တန့်နေတာ *Static or existing* လို့ ပြန်တယ်။

'တတိယ ခဏငယ်ကို ဘင်လို့ ခေါ်တယ်'

မသင်းက 'ဗေဒင်မှာလည်း ဘင်္ဂဖွားဆိုတာ ရှိတယ်နော်'

'မှန်ပါတယ်၊ ဘင်ဆိုတာ ချုပ်ပျက်သွားတာကို ပြောတာပါ၊ ဒါကြောင့်မို့ *Dissolution, Cessation or passing away* လို့ ပြန်တယ်'

*So, the life-span of a citta or one conscious moment is equal to be three short instants, namely arising, existing and dissolving.*

'ဒါကြောင့်မို့ စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းမကဟာ တခဏချင်း ရှေ့နောက်ဆက်ပြီး ဆီမီးလျှံလို ဖြစ်ပျက်နေပါတယ်၊ အဘိဓမ္မာအရဆိုရင် လူတိုင်းဟာ စက္ကန့်မစဲ တစ်ဖွဲဖွဲသေနေကြပါတယ်'

ဆရာဖေသိန်းက 'စိတ်ဖြစ်စဉ်ကို သိနိုင်လား ဆရာ'

'ကျွန်တော်တို့ သာမန်လူတွေကတော့ ခန့်မှန်းလို့ရတယ်၊ တွေးလို့ သိနိုင်တယ်ဆိုတာလောက်ပဲ ရှိမှာပါ၊ ဒီလို အလွန်

လျင်မြန်တဲ့ စိတ်ဖြစ်စဉ်ကို ဗုဒ္ဓရဲ့ သဗ္ဗညုတဉာဏ်နဲ့သာ အကုန်အစင် မြင်နိုင် သိနိုင်မှာပါ'

'အဋ္ဌကထာဆရာများက ခဲလုံးလေးတစ်လုံးကို လေထဲမြောက် ပစ်လိုက်တာနဲ့ ဥပမာပေးကြတယ်၊ မြောက်တက်သွားတဲ့ တစ်ခဏ က ဥပါဒ်၊ အပေါ်ဆုံးရောက်လို့ ခဏလေးတန့်နေတာက ဌီ၊ နောက်ပြန်ကျလာတဲ့ ခဏလေးက ဘင်ပါ'

မစန္ဒာက 'စိတ်သက်နဲ့ ရုပ်သက်က အတူတူပဲလား'

'သူတို့နှစ်ခုက မတူပါဘူး၊ စိတ်သက်က ဥပါဒ်၊ ဌီ၊ ဘင် ဆိုတဲ့ ခဏငယ် ကာလလေးဆိုတော့ အလွန့်ကို လျင်မြန် လှပေမယ့် ရုပ်သက်က စိတ္တက္ခဏ ၁၇-ချက် ရှိတော့ စိတ်သက် ထက် ၁၇ဆ အသက်ပိုရှည်ပါတယ်၊ ခဏငယ်နဲ့ဆို *17 multiplied by 3 short instants* ဆိုတော့ ခဏငယ် ၅၁-ချက် ရှိတယ်'

'ဒါဆို သမီးတို့ စိတ်ကို မြင်တွေ့လို့မရတာဟာ စိတ်သက်က အလွန် မြန်လွန်းလို့ပေါ့နော်'

'မှန်ပါတယ်၊ တစ်ခဏအတွင်းမှာ အခြားမရှိ တစ်ဆက်တည်း စိတ်တစ်ခုက ဖြစ်ပြီးတာနဲ့ပျက်၊ ပျက်ပြီးတာနဲ့ဖြစ်နေတော့ စိတ် ကိုမြင်တွေ့လို့ မရတာပါ'

ပဋ္ဌာန်းဒေသနာမှာလည်း မိမိချုပ်ငြိမ်းသွားပေမယ့် အကြားမရှိ ဆက်တိုက် စိတ်၊ စေတသိက်တွေ ဖြစ်နေအောင် ကျေးဇူးပြုတဲ့

အနန္တရပစ္စည်း, သမနန္တရပစ္စည်း ဆိုတာရှိပါတယ်၊ ရုပ်ဖြစ်စဉ်မှာ ရုပ်သက်က စိတ်သက်ထက် ၁၇ဆ ကြာတော့ တစ်ခုဖြစ်တိုင်းနောက်က ရုပ်လေးတွေက အထပ်ထပ်မစဲဘဲ လိုက်ဖြစ်နေလို့ ရုပ်ကို မျက်စိနဲ့ မြင်တွေ့လို့ရတာပါ...'

'စိတ်ပိုင်းမှာ အစ်ကိုပြောခဲ့သလို ညီမတို့ ဝမ်းနည်းဝမ်းသာဖြစ်ရတာ၊ ကိုယ်ဖြစ်ချင်တာကို စိတ်ကူးနေလို့ရတာ၊ သတိရအောက်မေ့တာရှိလို့ စိတ်က မမြင်ရပေမယ့် ရှိတယ်လို့ပဲ ခန့်မှန်းကြည့်နိုင်တာပေါ့နော်'

'ညီမ ယူဆတာ မှန်ပါတယ်၊ လောကမှာ ဒီလိုမှန်းဆပြီးသိရတာမျိုးတွေကလည်း အများကြီး ရှိပါတယ်၊ အခု အစ်ကိုတို့စစ်တွေဆေးရုံကနေ ပင်လယ်ကမ်းစပ်ကို လှမ်းမမြင်ရပေမယ့်ဒီရေတက်သံနဲ့ ပင်လယ်အော်သံတွေ ကြားနေရတယ်, ဆားရနံ့ပါတဲ့လေကို ရှူရှိုက်နေရတယ်, လမ်းလျှောက်တဲ့အခါ တဖြည်းဖြည်း သစ်ပင်ပန်းမန်တွေ စိမ်းစိုသွားနေတာကိုကြည့်ပြီး မနီးမဝေးမှာ ပင်လယ်ပြင်ကြီး ရှိတာကို မှန်းဆလို့ သိနိုင်ပါတယ်'

ဆရာဖေသိန်းက 'တစ်ခါတလေ အလှမ်းဝေးလို့ ခန့်မှန်းပြီး ကြည့်ရတာတွေ မသိရတာတွေရှိသလို နီးပေမယ့်လည်းမသိတာတွေရှိမယ်လို့ ကျွန်တော်ထင်တယ်'

'ဆရာဖေ ပြောသလို နီးပေမယ်လို့ သတိမထားမိတာတွေမသိတာတွေ အများကြီး ရှိပါတယ်၊ ဒါနဲ့ပတ်သက်လို့ ကျွန်တော့်

အဖေ ပြောဖူးတာလေးကို အမှတ်ရတယ်'

ရှေးက စာပေနှံ့စပ်ထူးချွန်ရာမှာ အလွန်ထင်ရှားတဲ့ ဆရာတော် ဦးဗုဒ် ဆိုတာရှိတယ်၊ တစ်နေ့ ရေကန်နားမှာ ဆရာတော်ကြီး တံမြက်စည်းလှည်းနေတုန်း အမတ်ကြီးတစ်ပါး ရောက်လာပြီး-

'အရှင်ဘုရား၊ ဒီရေကန်က ဘယ်လောက်နက်ပါသလဲ'လို့ မေးတော့ ဆရာတော်ကြီးက 'ငါမသိဘူးကွ' လို့ ပြန်ဖြေတယ်။

ဒီအခါမှာ အမတ်ကြီးက 'အရှင်ဘုရားနဲ့နီးလို့ သိမယ်ထင်ပြီး တပည့်တော် မေးမိတာပါ' ဆိုတော့ ဆရာတော်က 'နီးတိုင်းသိရရင် မင်းမှာနှုတ်ခမ်းမွေး ဘယ်နှစ်ပင်ရှိသလဲ' ပြန်မေးလိုက်ပါတယ်။

'ဒါကြောင့်မို့ နီးပေမယ်လို့ ကိုယ်မသိတာတွေ အများကြီး ရှိပါတယ်၊ ရှေ့ဆက်ပြောမယ့် နိဗ္ဗာန်ဆိုတာလည်း ဟိုးအဝေးကြီး မှာရှိတာမဟုတ်ပါဘူး၊ ဘာဝနာ အားထုတ်လို့ မဂ်၊ ဖိုလ် ဆိုက် သွားတဲ့အခါ မျက်ဝါးထင်ထင် နိဗ္ဗာန်ကို မျက်မှောက်ပြုသွား နိုင်ပါတယ်၊ ဒါပေမဲ့ နက်နဲသိမ်မွေ့လွန်းလို့ မသိကြတာပါ၊ ဒီလို ကိုယ်နဲ့နီးပြီး မသိတာတွေ အများကြီးရှိတော့ ဘာဝနာ ရှုမှတ်အားနဲ့ သိအောင်ကြိုးစားရမှာပါ'

အခု ပဥ္စဒွါရဝီထိကို ဆက်ပြောပါ့မယ်။ ပဥ္စဆိုတာ ငါး ဖြစ်လို့ မြင်တဲ့အခါ၊ ကြားတဲ့အခါ၊ ရနံ့သိတဲ့အခါ၊ အရသာ သိတဲ့အခါနဲ့ အတွေ့အထိကို သိတဲ့အခါတိုင်းဖြစ်တဲ့ ဝီထိ ၅-မျိုးပါ။

ကျွန်တော် ပဋ္ဌဒွါရဝီထိကို အာရုံတွေနဲ့ ဆက်စပ်ပြီး ရှင်းပြပါ့မယ်။ ပကိဏ်းပိုင်းမှာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုပြီး အာရုံခြောက်ပါးနဲ့ ရှင်းပြဖူးပါတယ်။

ဒီမှာတော့ အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံ မြန်မာလို 'အလွန်ကြီးတယ်၊ ကြီးတယ်၊ သေးတယ်၊ အလွန်သေးတယ်' ဆိုပြီး စိတ်တံခါး *mind door* မှာ အာရုံတွေဆက်သွယ်လာတာလေးမျိုးနဲ့ ခွဲထားတယ်။

ရူပါရုံချင်း တူပေမယ့်လို့ မြင်ရတဲ့ပမာဏ *intensity* ဒါမှမဟုတ် ဒီဂရီအားဖြင့် မတူပါဘူး၊ ဆိုပါတော့ ဆင်ကြီးနဲ့ ပုရွက်ဆိတ်ကွာသလို ကြီးတာ၊ သေးတာဆိုပြီး ကွာခြားမှုရှိပါတယ်၊ ကြီးတာမှာလည်း ဆင်ဆိုရင် သိပ်ကြီးတယ်၊ ကြွဲဆိုရင် ကြီးတယ်၊ နောက်ကြွက်ဆိုရင် သေးတယ်၊ ပုရွက်ဆိတ်ဆို အလွန်သေးတယ်ဆိုပြီး ခွဲထားသလိုပါပဲ။

နောက် အသံနဲ့ ပတ်သက်ရင်လည်း ကျွန်တော်တို့ ရွာဦးကျောင်းက အလှူတွေမှာ အသံချဲ့စက်နဲ့ အော်တာကျတော့ အလွန်ကျယ်တယ်၊ ကာရာအိုကေဆိုတော့ ကျယ်တယ်၊ နောက်စကားပြောရင်လည်း တိုးတယ်၊ အလွန်တိုးတယ် ဆိုသလိုမျိုး။

အနံ့ကျတော့လည်း ဒီပန်းရနံ့လေးက အလွန် စူးရှတယ်၊ ရနံ့ပြင်းတယ်၊ မပြင်းဘူး၊ သိပ်မပြင်းဘူးလို့ ခွဲနိုင်ပါတယ်။

အရသာမှာလည်း ဒီဖရဲသီးက အလွန့်အလွန်ချိုတယ်၊

တော်တော်ချိုတယ်၊ အနေတော်ပဲ၊ သိပ်မချိုဘူးဆိုပြီး ခွဲထားတယ်။

အတွေ့အထိဆိုလည်း သိပ်ပြင်းထန်တယ်၊ ပြင်းထန်တယ်၊ ညင်သာတယ်၊ အလွန်နူးညံ့ ညင်သာတယ်ဆိုသလို ပမာဏချင်း ကွာခြားပါတယ်။

စက္ခုပသာဒကောင်းသလို အာရုံကလည်း အတိမဟန္တာရုံ ဆိုတဲ့ အလွန်မြင့်မားတဲ့ တောင်တန်းကြီးတွေ၊ ကြီးမားတဲ့ အဆောက်အဦ တွေနဲ့ ဆင်လိုကြံ့လို သတ္တဝါမျိုးတွေဆိုရင် ထင်ရှားပေါ်လွင်စွာ မြင်ရပါတယ်။ တစ်ခါ အရာဝတ္ထုက ခပ်သေးသေးဆိုပေမယ့် အလင်းရောင်အားကောင်းပြီး နောက်ခံအရောင်တွေနဲ့ *Contrast* ဖြစ်နေရင်လည်း ကွဲကွဲပြားပြား မြင်ရပါတယ်။

အလွန်ကြီးမားတဲ့ *Very great intensity object* အာရုံ ဖြစ်လို့ ဝီထိအစဉ်မှာလည်း ရူပါရုံနဲ့ စက္ခုပသာဒ ဥပါဒ် ဖြစ်ပြီး တာနဲ့ အတီတဘဝင်, ပြတ်ဘဝင်, ချူပ်ဘဝင်, ပဥ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇-ကြိမ်၊ တဒါရုံ နှစ်ကြိမ် ဆိုပြီး ဝီထိ ၁၇-ချက် ဖြစ်ပါတယ်။ တဒါရုံပါတဲ့ တဒါရုံမှာ အဆုံးသတ်တာ *terminates in derived matter* ဖြစ်လို့ တဒ္ဒါရမ္မဏဝါရ လို့ခေါ်တယ်။

မစန္ဒာက 'ဝါရဆိုတာ ဘာကိုပြောတာလဲ ဆရာ'

'ဝါရက အလှည့်အကြိမ် *One round or one session* ကိုပြောတာပါ'

ဆရာကံမြင့်က 'တဒါရုံမှာအဆုံးသတ်တဲ့ ဝီထိဖြစ်ဖို့ တခြားအကြောင်းတွေ ရှိသေးလား ဆရာ'

'တဒါရုံဖြစ်ဖို့ ကာမပုဂ္ဂိုလ်၊ ကာမဇောနှင့် ကာမအာရုံ ဆိုတဲ့ အကြောင်းသုံးခုနဲ့ ပြည့်စုံဖို့လိုပါတယ်'

*Retention occurs only in kerma persons when they are observing sense-objects with kerma mental impulsion.*

ဒုတိယက မဟန္တာရုံဝီထိ၊ သူက အသင့်အတင့် ကြီးမားတဲ့ *Fairly great intensity object* ဖြစ်လို့ အတိမဟန္တာရုံ လောက်တော့ မကြီးမားဘူးပေါ့။ ဒါကြောင့်မို့ ဝီထိအစဉ်မှာ အတိတ်ဘဝင်ရဲ့ ဥပါဒ်ကစပြီး သတ္တမမြောက်ဇောရဲ့ ဘင်မှာ အဆုံးသတ်ပါတယ်။ ဇောနဲ့ အဆုံးသတ်တဲ့ ဝီထိမို့ ဇဝနဝါရလို့ ခေါ်တယ်။

'ဇဝန ဆိုတာကကော'

'သူက အာရုံရဲ့အရသာကို ခံစားတဲ့ စိတ်အဟုန် *Mental impulsion* ကို ပြောတာပါ'

တတိယက ပရိတ္တာရုံဝီထိ၊ ဒီမှာက မထင်ရှား မပေါ်လွင်တဲ့ *Slight intensity object* ဖြစ်လို့ ဝီထိအစဉ်က ဇောနဲ့ တဒါရုံ မပါတော့ဘဲ ဝုဋ္ဌောမှာ အဆုံးသတ်သွားပါတယ်။

မစန္ဒာက 'ဒီဝီထိက ဘယ်လို အခါမျိုးမှာဖြစ်လဲ ဆရာ'

'အသက်အရွယ်ရလာလို့ စက္ခုပသာဒက အားနည်းလာတယ်၊ နောက်မြင်ရတဲ့အာရုံကလည်း သေးငယ်မှုန်ဝါးပြီး အရောင်အလင်း ညှို့ဖျင်း နည်းပါးတဲ့အခါမျိုးမှာ ဖြစ်တယ်'

ဒီမှာတော့ ဇော ၇-ကြိမ် ဖြစ်ခွင့်မရတော့ဘဲ ဝုဋ္ဌောစိတ်နဲ့ အဆုံးသတ်လို့ ဝေါဋ္ဌမ္ဘန ဝါရ ဆိုပြီးခေါ်တယ်။ ဇောစောခွင့်မရတာမို့ ဝုဋ္ဌောစိတ်ကပဲ ဇောတုဇောယောင်အနေနဲ့ နှစ်ကြိမ်သုံးကြိမ် ထပ်ဖြစ်ပြီး အဆုံးသတ်သွားပါတယ်။

'နောက်ဆုံးတစ်ခုက အတိပရိတ္တာရုံဝီထိ၊ ဒီမှာတော့ စက္ခုပသာဒက အလွန်အမင်းအားနည်းသလို *Very slight intensity object* ဖြစ်တော့ ဘဝင်လှုပ်ရုံမျှသာလှုပ်ပြီး ဘဝင် ပြန်ကျသွားတာမို့ ဝီထိစိတ်မဖြစ်တဲ့ ဝီထိမျိုးပါ၊ ဒါကြောင့်မို့ ပါဠိလို မောဃဝါရ *Vain turn or session,* မြန်မာလို အချည်းနှီးဖြစ်သောအလှည့်အကြိမ်လို့ အဓိပ္ပါယ်ရတယ်'

ဆရာ ကျော်မြင့်က 'ဝီထိစိတ် မဖြစ်ဘဲ ဝီထိလို့ခေါ်တာ သိပ်မရှင်းဘူး ဆရာ'

'ဆရာကျော် မေးတာလေးက ကောင်းတယ်၊ ဒီမှာက စက္ခုပသာဒမှာ အလွန်သေးငယ်တဲ့ အာရုံထင်လို့ ဘဝင်လှုပ်သွားတာပဲရှိတယ်၊ ဒါပေမဲ့ ဘဝင်လှုပ်သွားတာကိုပဲ အစွဲပြုပြီး ဝီထိအစဉ်မဖြစ်ပေမယ့် အတိပရိတ္တာရုံ ဝီထိလို့ပဲခေါ်တယ်'

မသင်းက 'ဒါဆို အတိမဟန္တာရုံနဲ့ မဟန္တာရုံဝီထိပဲ အာရုံကို

သုတေသနစာကြည့်တိုက်
(သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)
ရွှေစင်မြင်းမိုရ် အဘိဓမ္မာ ကမ္ဘာအေး၊ ရန်ကုန်မြို့

ခံစားနိုင်မှာနော်'

'ညီမယူဆတာ မှန်ပါတယ်၊ အတိမဟန္တာရုံက တဒါရုံမှာ၊ မဟန္တာရုံက ဇောစိတ်မှာအဆုံးသတ်လို့ သူတို့နှစ်ခုပဲ အာရုံရဲ့ အကောင်းအဆိုးကို ခံစားလို့ရပါတယ်'

နောက် စဉ်းစားလိုက်ရင်လည်း သိသာပါတယ်၊ အာရုံရဲ့ အားကိုလိုက်ပြီး ဝီထိအစဉ်တွေ လိုက်ဖြစ်နေတာပါ၊ တစ်ခါ တလေ ပန်းခြံထဲလမ်းလျှောက်ရင်း အတွေးတွေ စိတ်ထဲမှာများ နေရင် နှင်းဆီပန်းတွေ ဖူးပွင့်နေတာတောင် မမြင်တာမျိုးတွေ ရှိပါတယ်၊ တစ်ခါ ဆည်းဆာချိန်လွန်သွားရင် အလင်းအားနည်း သွားလို့ မှုန်မှုန်ဝါးဝါးနဲ့ သဲသဲကွဲကွဲ မမြင်ရတာမျိုးလည်းရှိတယ်၊ ဒီအခါမှာ အာရုံနဲ့ စက္ခုပသာဒထိတွေ့တဲ့ *impact* က အားနည်း တော့ ဇောစိတ်နဲ့တဒါရုံအထိ မဖြစ်တော့ဘဲ ဝုဋ္ဌောနဲ့ဖြစ်ဖြစ် ဘဝင်လှုပ်ရုံလေးလှုပ်ပြီး ပြီးသွားတဲ့ ဝီထိမျိုးတွေ အများကြီး ရှိပါတယ်။

ပဥ္စဒွါရ ဝီထိပိုင်းကို အားလုံးစိတ်ဝင်စားစွာ ဝိုင်းဝန်းဆွေးနွေး ကြလို့ သင်တန်းပို့ချရတာ စိုစိုပြေပြေရှိပါတယ်။

ကျွန်တော်တို့ စကားကောင်းနေတုန်း တပည့်လေး မောင်အေးမြင့် နဲ့ ဆရာမဒေါ်ချယ်ရီမှ ကြာဇံဟင်းခါးနဲ့ ရှောက်သီးသုတ်ကျွေးဖို့ လာရောက် ပြင်ဆင်ကြပါတယ်။ ဒီနေ့ အစားအသောက်ကို ဆရာကျော်မြင့်မှ ဧည့်ခံပါတယ်။

၂၈၂၁၇

ဆရာကံမြင့်က 'အဘိဓမ္မာကို တဖြည်းဖြည်းသိလာတော့ အရင်က ဆရာတော်ဘုရားကြီးတွေ ရေးထားတဲ့ စာအုပ်တွေက ဖတ်လို့ ပိုကောင်းလာတယ်၊ ကျွန်တော်လည်း အရင်ကအာရုံနဲ့ စက္ခုဝိညာဉ်ဆုံရင် မြင်စိတ်ဖြစ်တယ်ဆိုတာလောက်ပဲ သိထားတာ၊ အခုတော့ အာရုံအကြီးအသေးလိုက် ဝီထိအစဉ်ဖြစ်သွားတာကို ခွဲခြားမှတ်မိသွားပြီ'

'ကျွန်တော်တို့ အခုတာဝန်ထမ်းဆောင်နေတဲ့ စစ်တွေဆေးရုံဟာ ရန်ကုန်နဲ့စာရင် မြို့ပြအငွေ့အသက်တွေ အများကြီးနည်းပါတယ်၊ ဆေးရုံပတ်ဝန်းကျင် လမ်းလျှောက်လိုက်ရင် သာယာစိုပြေတဲ့ သဘာဝရှုခင်းတွေကြောင့် လူတိုင်းရဲ့စိတ်ထဲမှာ လန်းဆန်း သွားကြတာပဲ'

ဒီမှာလည်း သာမန်ရှုခင်း *Ordinary view* ဆိုရင် စက္ခုဝိညာဉ်ကို ကွက်ကွက်ကလေးပဲ စိုက်ဆွဲသလို မနောဝိညာဉ်ကိုလည်း အကန့်အသတ်နဲ့ပဲ ဖမ်းစားနိုင်ပါတယ်။ ဒါပေမဲ့ ပင်လယ်ကမ်းစပ်နားရောက်လို့ အလွန်ကျယ်ဝန်းပြီး ရင်သပ်ရှုမောဖွယ်ကောင်းတဲ့ မဟာရှုခင်း *Panorama* မျိုးမှာ စက္ခုဝိညာဉ်ဟာ အတိုင်းအဆမရှိ ကျယ်ပြန့်သွားသလို မနောဝိညာဉ်တစ်ခုလုံးကိုလည်း သိမ်းကျုံးဆွဲငင် ဖမ်းစားသွားနိုင်တယ်ဆိုတာ ကိုယ်တိုင်ခံစားကြည့်ရင် သိနိုင်ပါတယ်။

မသင်းမှ '*Panorama* ဆိုလို့ ညီမ တန်ကြည်တောင်ပေါ်

ကနေ ရောဝတီတဖက်ကမ်း ပုဂံကိုလှမ်းမြင်ရတဲ့ ရှုခင်းနဲ့ ချောင်းသာရဲ့ နေဝင်ဆည်းဆာကို သွားသတိရတယ်'

မစန္ဒာက 'ဝီထိအစဉ်ကို မှတ်မိလွယ်အောင် တစ်ခါလောက်ပြန်ပြောပေးပါလား'

'ဝီထိအစဉ်ကို မျက်စိထဲမြင်အောင် ထပ်ပြောရရင် သမီးအိမ်မှာနေတုန်း အပြင်က တံခါးလာခေါက်ရင် လုပ်စရာ အလုပ်တွေရပ်ထားပြီး တံခါးသွားဖွင့်ရတယ် မဟုတ်လား၊ ဒီနေရာမှာ အလုပ်တွေ, အတွေးတွေ ပြတ်တောက်သွားတာက ဘဝင်စိတ်အစဉ်ပြတ်တာနဲ့တူပြီး အာဝဇ္ဇန်းက တံခါးသွားဖွင့်တာနဲ့တူတယ်'

တံခါးခေါက်တဲ့သူကို မြင်လိုက်တာက စက္ခုဝိညာဉ်စိတ်၊ လာပါ လာပါလို့ လက်ခံတာက သမ္ပဋိစ္ဆိုင်း၊ ဘာကိစ္စရှိပါသလဲလို့ စုံစမ်း မေးမြန်းတာက သန္တီရဏ၊ ဧည့်သည်က ပြောလိုက်လို့ အရောင်းအဝယ် ကိစ္စပါလားဆိုပြီး ဆုံးဖြတ်တာက ဝုဋ္ဌော၊ ကော်ဖီသောက်ရင်း စီးပွားရေးအကြောင်းဆွေးနွေးတာက ဇော၊ နှုတ်ဆက်ပြီး ပြန်သွားတာက တဒါရုံ၊ နောက်ဧည့်သည်ပြန်သွားလို့ တံခါးပိတ်လိုက်တာက ဝီထိအစဉ်ရပ်ပြီး ဘဝင်ပြန်ကျသွားတာပါ။

'ဒီနေရာမှာ ကုသိုလ်ကံ၊ အကုသိုလ်ကံရဲ့အကျိုး ဝိပါက်ကြောင့် မဟုတ်ဘဲ ဝတ္ထုနဲ့ အာရုံတွေထိတဲ့ *impact* ကြောင့်ပေါ်လာတဲ့ အဟိတ်ကြိယာ အဗျာကတစိတ်နှစ်ခု ရှိပါတယ်၊

သတိထားလိုက်ရင် သိသာပါတယ်'

ဆရာဖေသိန်းက 'သမ္မာဋ္ဌိစ္ဆိုင်း၊ သင်္ဂြိုဟ်ရဏာ၊ ဝုဋ္ဌောတို့က ဝိပါက် အဗျာကတတွေဆိုတော့ ကျန်တဲ့ အာဝဇ္ဇန်းဒွေး ဖြစ်မယ်'

'မှန်ပါတယ်၊ တစ်ခုက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတဲ့ ဒွါရ ၅-ခုမှာ တိုက်ခိုက်လာတဲ့ အာရုံဘက်ကို လှည့်ပေးလိုက်တဲ့ ပဉ္စဒွါရာဝဇ္ဇန်း၊ နောက်တစ်ခုက အာရုံငါးပါးနဲ့ မဆိုင်ဘဲ မနစ်ကသကြာန်မှာ ရေလောင်းခဲ့တာ၊ ကြင်နာသူနဲ့ အတူလျှောက်လည်ခဲ့တာ စတဲ့ စိတ်ထဲမှာ ပေါ်လာတဲ့အတွေးတွေ ဘက်ကို အာရုံလှည့်ပေးလိုက်တဲ့ မနောဒွါရာဝဇ္ဇန်းပါ၊ သူတို့နှစ်ခုကို အာဝဇ္ဇန်းဒွေးလို့ ခေါ်တယ်၊ ဒီလောက်ဆို ဝီထိအစဉ်ကို အားလုံး နားလည်သွားမယ်လို့ ကျွန်တော် ယူဆပါတယ်'

ညနေ ငါးနာရီခွဲမှာ သင်တန်းပို့ချတာကို ရပ်နားလိုက်ပါတယ်။

သင်တန်းပြီးတော့ စစ်တွေရေတပ်မှ ဆရာကြီးတစ်ယောက် အူသိမ်ပိုင်းမှ အနာပေါက်ပြီး ရောက်လာလို့ ညခုနစ်နာရီ ကျော်ကျော်လေးမှာ အရေးပေါ် ခွဲစိတ်ခန်းဝင်ရပါတယ်။

ကျွန်တော် မေးကြည့်တော့ အရက်နဲ့ အကိုက်အခဲပျောက် ဆေး တွဲပြီးသောက်မိတယ် ပြောပါတယ်။ ဆေးပညာအရ *Duodenal ulcer perforation* လို့ ခေါ်ပါတယ်။ မသင်းကလည်း သေသေသပ်သပ် *assist* လုပ်ပေးလို့ ညရှစ်နာရီမှာ ခွဲခန်း

ပြီးပါတယ်။ ခွဲခန်းပြီးတော့ လူနာရှင်ရဲ့မိသားစုက ကော်ဖီ၊ မုန့်များကို စေတနာနဲ့ တုန့်ပြန်ကျွေးမွေးလို့ မစန္ဒာ ပြင်ဆင်ပေးတဲ့ ရုံးခန်းမှာပဲ စားသောက်ခဲ့ပါတယ်။

မသင်းက 'အဘိဓမ္မာမှာ ညီမတို့မြန်မာပြည်က ထိပ်ဆုံးပဲနော်၊ မနေ့က မြတ်မင်္ဂလာစာစောင်ထဲမှာ ကမ္ဘောဒီးယား၊ ထိုင်း၊ နီပေါ၊ သီဟိုဠ်က သံဃာတွေတောင် အဘိဓမ္မာကို ဒီမှာလာပြီး လေ့လာကြတယ်လို့ ဖတ်လိုက်ရတယ်'

'အခု သာသနာ့တက္ကသိုလ်တွေ ဖွင့်လှစ်နိုင်တော့ ကမ္ဘာက ပိုပြီးသိလာကြတယ်၊ နောက် မြန်မာနိုင်ငံမှာ ထူးခြားတဲ့စာသင်နည်းတစ်ခုက အဘိဓမ္မာညဝါပို့ချတာပါ၊ ညဝါဆိုတဲ့အတိုင်း တိတ်ဆိတ်တဲ့ညပိုင်းမှာ အဘိဓမ္မာရဲ့ သရုပ်၊ အနက်အဓိပ္ပါယ်တွေကို စိတ်ထဲမှာတွေးဆရင်း ဆရာနဲ့တပည့် သင်ကြရတာ၊ ဒီလို ဘယ်နိုင်ငံမှာမှမရှိတဲ့ စာသင်နည်း စနစ်ကြောင့်လည်း အဘိဓမ္မာမှာ မြန်မာပြည်က ဆရာတော်တွေက ထိပ်တန်းမှာပဲ ရှိနေခဲ့တာ'

'နောက် ညီမဖတ်ဖူးတာက ရှေးက မြန်မာနိုင်ငံဆိုရင် မန္တလေးကိုပဲ အသိများကြတယ်၊ ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်တို့တောင် သိပ်မသိကြဘူးဆိုတာ ဟုတ်လား အစ်ကို'

'ဒါကလည်း မြန်မာမင်းဆက်မှာ နောက်ဆုံး ကုန်းဘောင်မင်းဆက် စိုးစံခဲ့တာ မန္တလေးဖြစ်လို့ပါ၊ အစ်ကို မှတ်မိသလောက် အင်္ဂလိပ်လူမျိုး နိုဘယ်ဆုရ ကဗျာဆရာ *Rudyard Kipling*

က မော်လမြိုင် ဦးဇိုနစေတီထက်ကနေ ပင်လယ်ဝဘက်ကို ရှုမြင်ခံစားပြီး ရေးဖွဲ့ခဲ့တဲ့ မန်းရွှေပြည်သို့ ချီရာလမ်း *The Road to Mandalay* ကဗျာကြောင့်လည်း လူသိများသွားခဲ့တယ်'

'ညီမကို အဲဒီကဗျာလေး ရွတ်ပြပါလား'

'ကဗျာက နည်းနည်းရှည်တော့ အစ်ကို အနှစ်သက်ဆုံး အပိုဒ်လေးကိုပဲ ရွတ်ပြမယ်နော်'

'*On the road to Mandalay,*

*Where the flyin'-fishes play,*

*An' the dawn comes up*

*Like thunder outer China*

*'crost the Bay!* '

မြန်မာလိုတော့ ဒီလိုပြန်ရမယ် ထင်ပါတယ်-

**မန်းရွှေပြည်သို့ ချီရာလမ်း**

♥ မန်းရွှေပြည်

ချီလေတဲ့သည့်လမ်း။

♥ ငါးပျံလေးတွေ ခုန်ပျော်မြူး

ထူးတဲ့သည့်ကမ်း။

♥ အရုဏ်ကျင်းတဲ့ လင်းရောင်ခြည်

တရုတ်ပြည် ဖြတ်သန်း။

♥ ပင်လယ်အော် မျှော်ကာကြည့်

မိုးထိလျှပ်ပန်း။

'အဲဒီကဗျာလေးက လွမ်းစရာလေးနော်၊ ဖွဲ့နွဲ့ထားတာလည်း ကောင်းတယ်၊ နောက်နေ့မှ မှတ်စုစာအုပ်ထဲ ရေးပေးနော်'

'ကောင်းပါပြီ ညီမရယ်'

'နက်ဖြန်လည်း ခွဲစိတ်ခန်းဝင်ဖို့ရှိသေးတော့ ညီမတို့ နားလိုက်ရအောင်၊ အစ်ကိုလည်း ပင်ပန်းနေပြီ'

ကျွန်တော်လည်း မသင်းကိုအဆောင်အထိ လိုက်ပို့ပေးလိုက်ပါတယ်၊ လမ်းမှာ ညမွှေးပန်းများရဲ့ သင်းပျံ့တဲ့ရနံ့ကိုလည်း ရရှိနေပါတယ်။

အဆောင်ဝရောက်တော့ မသင်းက '*Good night* ပါ အစ်ကို' လို့ နှုတ်ဆက်ပြီး အထဲဝင်သွားပါတယ်။

ကျွန်တော့်အခန်းပြန်ရောက်တော့ ည ၉-နာရီကျော်နေပါပြီ။ ဘုရားကိုသောက်တော်ရေကပ်ပြီး မေတ္တာသုတ်နဲ့ မဟာပဋ္ဌာန်း ရွတ်ဖတ်ပြီး ပူဇော်လိုက်ပါတယ်။

ညဉ့်နက်ပေမယ့် မအိပ်ချင်သေးတာနဲ့ ဖြစ်တည်မှုဝါဒ ဒဿနပညာရှင် အဲလ်ဘတ်ကမြူး *Albert Camus* ရေးသားတဲ့ အပြင်လူ *The Outsider* ဝတ္ထုကို ဖတ်ဖြစ်ပါတယ်။

# (၂)
# မနောဒွါရဝီထိ

၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် တနင်္ဂနွေနေ့။

ဆောင်းဝင်လာပြီမို့ နံနက်စောစော မြူနှင်းလေးများ ငွေသီကာကျနေသလို ခွါညိုပန်းများလည်း အရောင်အသွေး စုံလင်စွာနဲ့ ဖူးပွင့်ဝေဆာနေပါတယ်။

ရာသီပြောင်းချိန်မို့ ပတ်ဝန်းကျင်မှာ သဇင်ပန်းရနံ့များက ထုံသင်းလို့နေပါတယ်။ တစ်ချက်တစ်ချက် တိုက်ခတ်လာတဲ့ မြောက်ပြန်လေက အသည်းခိုက်အောင်အေးမြလှပြီး ညနေခင်းမှာလည်း နေဝင်တာစောလို့ မြင်ရတဲ့ရှုခင်းတွေဟာ မှိုင်းမှုန်ပြာရီ နေပါတယ်။

မနေ့ည ၁၀ နာရီက ဆီးချိုရောဂါနဲ့ ညာဖက်ခြေထောက်တစ်ခုလုံးညိုမဲနေပြီး ခြေဖဝါးအနာမှ ပြည်များထွက်ကျနေတဲ့ အသက် ၅၅-နှစ်အရွယ် ဘကြီးတစ်ယောက် ရသေ့တောင်မှ ရောက်လာပါတယ်။

မသင်းက ဦးစွာစမ်းသပ်ကြည့်ပြီး သွေးထဲမှာ သကြားဓါတ်ပမာဏ အလွန်အမင်းများနေလို့ *Urine Sugar* အရောင်ကြည့်ပြီးတာနဲ့ *Subcutancous insulin* ကို ချက်ခြင်းထည့်သွင်း ပေးထားပါတယ်။

လွန်ခဲ့သောနှစ်ပတ်က ခြောင့်စူးရာကနေ ဆီးချိုကြောင့် အနာ

မကျက်တော့ဘဲ ခြေဖဝါးနဲ့ ခြေချောင်းလေးများအားလုံး တဖြည်းဖြည်း ညှိမဲလာပါတယ်။ ကျန်းမာရေး ဗဟုသုတနည်းတဲ့ အတွက် အနာကို ဆေးမြီးတိုများနဲ့သာထည့်ပြီး သွေးချိုကိုလည်း သေသေချာချာ ကုသထားခြင်း မရှိပါဘူး။ အခြေအနေအရ အရေးပေါ် ခွဲစိတ်မှုဖြစ်မှာမို့ မသင်းက လာရောက် အကြောင်းကြားပါတယ်။

ကျွန်တော် စမ်းသပ်တဲ့အခါမှာ ခြေထောက်အောက်ပိုင်း တစ်ခုလုံးညှိမဲနေပြီး ဆေးပညာအရ *Diabetic Gangrene* လို့ခေါ်ပါတယ်။ အနာမှ အနံ့များကလည်း အလွန်ဆိုးဝါးလှပါတယ်။ အချိန်မီ ခွဲစိတ်ကုသနိုင်မှ သွေးဆိပ်ပျံ့နှံ့ခြင်းနှင့် သွေးထဲသကြားဓါတ်ပမာဏ အလွန်မြင့်မားမှုကြောင့် အသက်သေဆုံးမှုမှ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လူနာနှင့် သူရဲ့မိသားစုကို အကျိုးအကြောင်း ရှင်းပြလိုက်တော့ သဘောတူ လက်ခံတာနဲ့ နံနက် ၁၁ နာရီမှာ ခွဲခန်း ဝင်လိုက်ပါတယ်။ ညှိပုပ်နေတဲ့ ခြေထောက်ကို ဘယ်လိုမှ *conserve* လုပ်လို့မရတာနဲ့ ဒူးဆစ်အောက်ပိုင်းကနေ ဖြတ်လိုက်ရပါတယ်။

မသင်းက 'ဆီးချိုရောဂါက ညီမတို့ဆီမှာ အဖြစ်များပေမယ့် ပုံမှန်ကုသမှု ခံယူတဲ့လူနာက နည်းတယ်၊ ဒီလူနာဆို ဆေးမှန်မှန် သောက်ပြီး *Blood sugar* ကို ထိန်းထားနိုင်ရင် ခြေထောက် ဖြတ်စရာမလိုဘူး'

'အစ်ကိုလည်း ခွဲစိတ်နေရပေမယ့် စိတ်ထဲမှာ မကောင်းဘူး၊ ဒီတစ်ခါ ရသေ့တောင်နဲ့ ဘူးသီးတောင်ဘက် ပညာပေးဟောပြော ပွဲ သွားလုပ်ကြတာပေါ့'

'ဆီးချိုက တကယ်တော့ သေသေချာချာမကုသရင် အလွန် ကြောက်ဖို့ကောင်းတယ်၊ သူ့ကြောင့် မျက်စိကွယ်နိုင်သလို သွေးတိုး၊ လေဖြတ်တာ၊ ကျောက်ကပ်ပျက်စီးတာနဲ့ အနာမကျက် ဘဲ သွေးဆိပ်ပျံ့နှံ့ပြီး အသက်ဆုံးရှုံးရတာတွေအများကြီးပဲ၊ အစ်ကို ပြောလို့ နောင်ဟောပြောပွဲတွေမှာ ညီမ ဆီးချိုအကြောင်း ဆွေးနွေး ပေးပါ့မယ်'

ခွဲခန်းအပြီး ညနေသုံးနာရီလောက်မှာ လူနာရဲ့ သွေးခုန်နှုန်း၊ သွေးပေါင်ချိန်နဲ့ သွေးထဲသကြားဓါတ်မှာ ပုံမှန်နီးပါးသို့ ရောက်သွား ပါတယ်။ ညနေဖက် အရေးပေါ်လူနာလည်း ထပ်မရောက်တာနဲ့ သင်တန်းကို ညနေလေးနာရီမှာ စဖြစ်ပါတယ်။

အရင်အပတ်က ပဉ္စဒွါရဝီထိကို ပြောပြီးပါပြီ၊ ဒီနေ့တော့ မနောဒွါရဝီထိကို ဆက်သွားပါ့မယ်။

မြင်စရာ အဆင်းအာရုံက စက္ခုဒွါရဆိုတဲ့ မျက်စိတံခါး *Eye door* ကဝင်လာသလို အသံက သောတဒွါရ၊ ရနံ့က ဃာနဒွါရ၊ အရသာ က ဇိဝှါဒွါရ၊ အတွေ့အထိက ကာယဒွါရက ဝင်လာတာကို ပဉ္စဒွါဝီထိမှာ ပြောခဲ့ပါတယ်။ မနောဒွါရဝီထိမှာတော့ အာရုံတွေ အားလုံးဟာ လက်ရှိကာလလေးမှာ ရှိနေကြတာမို့ ပစ္စုပ္ပန် ပဉ္စာရုံလို့

ဆိုနိုင်ပါတယ်။

မနောဒွါရဆိုတဲ့ စိတ်တံခါး *mind-door* မှာတော့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနဲ့ ဓမ္မာရုံဆိုတဲ့ အာရုံ-၆ ပါးလုံး ဝင်လာနိုင်ပါတယ်။ ဒီမှာလည်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလသုံးပါးရှိသော စိတ်၊ စေတသိက် ရုပ် အားလုံးနဲ့ ကာလဝိမုတ် *Beyond time* ဖြစ်တဲ့ နိဗ္ဗာန်နဲ့ ပညတ်တို့ ပါဝင်ပါတယ်။

မသင်းက 'ပဥ္စဒွါရနဲ့ မနောဒွါရမှာ ဘယ်ဟာက အဖြစ်များလဲ အစ်ကို'

'တံခါးအားလုံးမှာ စိတ်တံခါးက အဝင်အထွက် အများဆုံး နေရာလို့ ပြောနိုင်ပါတယ်၊ ဒါကလည်း ဘယ်သူမဆို အချိန်တိုင်းမှာ အတွေးတွေ စိတ်ကူးတွေနဲ့ နေနေကြလို့ပါ၊ အစ်ကိုတို့ငယ်စဉ်ကလေးဘဝ ပျော်စရာကောင်းတဲ့ ဖြစ်ရပ်လေးတွေကို ပြန်မြင်ယောင်တယ်၊ လက်ရှိကာလက ဘဝလေးမှာ ကျေနပ်တယ်၊ အနာဂတ်ကို လှမ်းမျှော်ပြီး စိတ်ကူးတာအားလုံးဟာ မနောဒွါရမှာပဲ ဝင်ထွက်နေတာပါ'

ဆရာကျော်မြင့်က 'စိတ်တံခါးဆိုတာ ဘယ်နေရာကို ပြောတာလဲ ဆရာ'

'စိတ်တံခါးဆိုတဲ့ မနောဒွါရဟာ ဘဝင်စိတ်ကို ပြောတာပါ၊ ဦးကာကျော်ကျမ်းမှာတော့ အာဝဇ္ဇန်းရှေ့ကဖြစ်တဲ့ ဘဝင်လို့ပြောတယ်၊

ကျွန်တော်တို့ ဝီထိချကြည့်ရင် အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်းဆိုပြီးလာတော့ ဘဝင်ုပစ္ဆေဒ 'ပြတ်ဘဝင်' ကို ဆိုလိုတာပါ'

လယ်တီဆရာတော်ကြီးကတော့ ဘဝင်မှန်ရင် ဘယ်ဘဝင် မဆို မနောဒွါရခေါ်တယ်လို့ ယူဆထားတယ်။ ဆရာတော်က တံခါးဆိုတာ ဖွင့်ထားမှ တံခါးခေါ်တာမဟုတ်ဘဲ သော့ခတ်ထား တယ်, မင်းတုန်းနဲ့ပိတ်ထားတဲ့အခါမှာလည်း တံခါးလို့ပဲ ခေါ်ကြ တာပဲ။ ဒါကြောင့်မို့ ဘဝင်စိတ်မှန်သမျှကို စိတ်တံခါးလို့ ခေါ် နိုင်တယ်ဆိုပြီး ရှင်းပြထားတယ်။

ပဉ္စဒွါရဝီထိမှာတုန်းက မျက်စိတံခါး, နားတံခါး, လျှာတံခါး စတဲ့ဒွါရတွေက ဝင်လာတဲ့အာရုံမျိုးကို 'သိပ်ကြီးတယ်, ကြီးတယ်, သေးတယ်, အလွန်သေးတယ်' ပါဠိလို အတိမဟန္တာရုံ, မဟန္တာ ရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံဆိုပြီး လေးမျိုးခွဲထားတယ်။

ဒါပေမဲ့ မနောဒွါရဝီထိမှာ ပဉ္စဒွါရလို လေးမျိုးမခွဲတော့ဘဲ ထင်ရှားတဲ့အာရုံနဲ့ မထင်ရှားတဲ့အာရုံဆိုပြီး နှစ်မျိုးပဲ ခွဲထားတယ်။

မစန္ဒာက 'ပဉ္စဒွါရနဲ့ မနောဒွါရမှာ အာရုံက ဘာကြောင့် ခြားနားရတာလဲ ဆရာ'

'ဒါကလည်း မနောဒွါရဆိုတဲ့ စိတ်တံခါး *Mind door* နဲ့ ပတ်သက်လာရင် စိတ်ထဲမှာ သတိရတာလေးတွေဟာ အကြီးကြီး၊ ကြီးတယ်၊ သေးသေးလေးဆိုပြီး ခွဲခြားပြီး မလာလို့ပါ၊ ညီမ

စဉ်းစားလိုက်ရင် သိသာပါတယ်၊ ကြည်နူးစရာ ဒါမှမဟုတ် လွမ်းစရာကောင်းတဲ့ အတိတ်ဇာတ်လမ်းလေးတွေကို ပြန် မြင်ယောင်သတိရတဲ့အခါ အကြီးကြီးမြင်တယ်၊ သေးသေးလေး မြင်တယ်လို့ မရှိဘဲ စိတ်ထဲမှာ ထင်ထင်ရှားရှား ပေါ်ရင်ပေါ်မယ် ဒါမှမဟုတ် ဝိုးတိုးဝါးတား မထင်မရှားပေါ်ရင် ပေါ်လာပါမယ်'

ထင်ထင်ရှားရှား ပေါ်တာကို ဝိဘူတာရုံ *Clear object* လို့ ခေါ်ပြီး မထင်မရှား ပေါ်လာတာကို အဝိဘူတာရုံ *Obscure object* လို့ခေါ်တယ်။

မနောဒွါရဝီထိမှာ ကာမဇော မနောဒွါရဝီထိနဲ့ အပ္ပနာဇော မနောဒွါရဝီထိဆိုပြီး နှစ်မျိုးရှိတယ်။

ကျွန်တော် ကာမဇော မနောဒွါရဝီထိကို အရင်ပြောပြ ပါမယ်။ ပထမဦးဆုံး ထင်ရှားပြတ်သားတဲ့ ဝိဘူတာရုံဝီထိ *Process of clear object consciousness* ကို ချကြည့် ရအောင်။

ဒီမှာတော့ အာရုံက ပစ္စုပ္ပန်ရယ်လို့ မဟုတ်တော့ဘဲ အတိတ် က ပျော်ရွှင်ကြည်နူးခဲ့တာတွေ၊ မေ့မရနိုင်တဲ့ ဖြစ်ရပ်လေးတွေ ဖြစ်နိုင်သလို အနာဂတ်မှာ စိတ်ကူးထားတဲ့ အာရုံတွေလည်း ဖြစ်နိုင်ပါတယ်။

တစ်ခါ ဝိဘူတာရုံဝီထိဟာ အတိတ်၊ အနာဂတ်၊ စိတ်၊ စေတသိက်၊ ပညတ်၊ နိဗ္ဗာန်တို့ဖြစ်နေရင် ဘဝင်တစ်ချက်လွန် သွားတယ်။ နှစ်ချက်လွန်သွားတယ် ပြောလို့မရဘူးပေါ့၊ အတိတ်က

အာရုံက လွန်ခဲ့ပြီးသွားသလို အနာဂတ်အာရုံကလည်း မရောက်သေး မဖြစ်သေးတဲ့ အာရုံဖြစ်နေတော့ အတီတဘဝင်ဆိုတဲ့ အတိတ်ဘဝင်ချဖို့ မလိုတော့ဘူး၊ ဒါပေမဲ့ ဘဝင်ကတော့ လှုပ်ရပါလိမ့်မယ်။

'ဒါကြောင့်မို့ ဝိဘူတာရုံဝီထိမှာ ဘဝင်္ဂစလန, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ် ဖြစ်ပါမယ်။ နောက် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌောတို့က ပဉ္စဒွါရမှာသာဖြစ်ပြီး မနောဒွါရမှာ မဖြစ်လို့ မပါတော့ပါဘူး'

မသင်းက 'ဝိဘူတာရုံဝီထိမှာ ပစ္စုပ္ပန်အာရုံကော ရှိနိုင်လားအစ်ကို'

'ရှိနိုင်ပါတယ် ညီမရယ်၊ လက်ရှိ ပစ္စုပ္ပန်ဖြစ်ရပ်လေးတွေကိုပဲ မနောဒွါရနဲ့ အာရုံပြုရင် ရနိုင်ပါတယ်၊ ဒီမှာတော့ အတိတ်ဘဝင်ကို ချလို့ရပါတယ်'

'နောက် ဝိဘူတာရုံဝီထိပြီးရင် ဘာဆက်လာလဲ အစ်ကို'

'ဝီထိအစဉ်ပြီးရင် ဘဝင်စိတ်တွေပဲ လာမှာဆိုတော့ သူ့နောက်မှာ ဘဝင်စိတ်တွေပဲ ဆက်လာပါမယ်'

နောက်မထင်ရှားတဲ့ အဝိဘူတာရုံ *Obscure object* ဝီထိကို ချကြည့်ရအောင်၊ မထင်မရှား ဝိုးတိုးဝါးတားအာရုံဖြစ်လို့ ဇောမှာပဲ အဆုံးသတ်ပြီး တဒါရုံအထိ မဖြစ်တော့ဘူး၊ တခြားဟာက အတူတူပဲဆိုတော့ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း,

ဇော ၇-ကြိမ်, ဘဝင်ဆိုပြီး ဖြစ်မယ်။

ဒီလောက်ဆိုရင် ကာမဇောတွေမှာဖြစ်တဲ့ ဝိဘူတာရုံနဲ့ အဝိဘူတာရုံဝီထိကို ရှင်းရှင်းလင်းလင်း နားလည်သွားမှာပါ။

ဆက်ပြီး အပ္ပနာဇော မနောဒွါရဝီထိကို ပြောပြပါ့မယ်။ ဇောစိတ် ၅၅-ပါးမှာ မဟဂ္ဂုတ်နဲ့ လောကုတ္တရာဇောတွေဟာ အပ္ပနာဇောတွေပါပဲ။ ရေကြည့်လိုက်ရင် ရူပါဝစရကုသိုလ် ၅-ပါးနဲ့ကြိယာ ၅-ပါး၊ အရူပါဝစရကုသိုလ် ၄-ပါးနဲ့ ကြိယာ ၄-ပါး၊ နောက် လောကုတ္တရာ ၈ ဆိုတော့ အားလုံး အပ္ပနာဇော ၂၆ ရှိတယ်။

မစန္ဒာက 'အပ္ပနာ ဆိုတာ ဘာကိုပြောတာလဲ ဆရာ'

'အပ္ပနာ *Absorption or Jhana ecstasy* ဆိုတာ စိတ်, စေတသိက်တွေကို အာရုံမှာ ခိုင်မြဲစွာတည်တံ့အောင် တင်ထားပေးတာကို ပြောတာပါ'

ဆရာကံမြင့်က 'ဒါဆို ဝိတက်နဲ့သဘောချင်း ဆင်တာပေါ့'

'မှန်ပါတယ်၊ ဝိတက်နဲ့ အဓိပ္ပါယ်ချင်းတူတာမို့ စိတ်ပိုင်းမှာ ကျွန်တော်ပြောခဲ့တဲ့ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဆိုတဲ့ဈာန်စိတ်တွေနဲ့ မဂ်စိတ်, ဖိုလ်စိတ်အားလုံးဟာ အပ္ပနာဇောတွေပါပဲ'

'အပ္ပနာဇောက သာမန်လူတွေမှာကောရလား ဆရာ'

'ဒီမှာ ထူးခြားတာက ကာမဇောတွေက အာရုံနဲ့ ဒွါရ ဆုံတွေ့တဲ့

*impact* ကြောင့်ဖြစ်လာတာ၊ အပ္ပနာဇောတွေကတော့ ကမ္မဋ္ဌာန်း ဘာဝနာကို ကျင့်ကြံအားထုတ်မှ ပေါ်လာတဲ့ ဘာဝနာမယတရား တွေဖြစ်လို့ သာမန်လူတွေမှာ မဖြစ်နိုင်ပါဘူး'

ဆရာဖေသိန်းက 'အပ္ပနာဇောမှာကော ထင်ရှားတဲ့အာရုံနဲ့ မထင်ရှားတဲ့အာရုံဆိုပြီး ခွဲထားသေးလား'

'ဒီမှာတော့ ထင်ရှားတဲ့ ဝိဘူတာရုံ တစ်မျိုးပဲရှိပါတယ်၊ ဒါကလည်း ဈာန်ရဖို့ သမထဘာဝနာ အားထုတ်ရသလို မဂ်,ဖိုလ် ဆိုက်ဖို့ ဝိပဿနာဘာဝနာ အားထုတ်ရပါတယ်၊ သမထမှာလည်း ကသိုဏ်းအာရုံထင်ရှားမှ ဈာန်ရနိုင်သလို ဝိပဿနာမှာလည်း ရုပ်,နာမ် ပရမတ်သဘော ထင်ထင်ရှားရှားမြင်မှ မဂ်ဖိုလ် ရမှာပါ၊ ဒါကြောင့်မို့ အပ္ပနာဇောဝီထိမှာ ထင်ရှားတဲ့ ဝိဘူတာရုံ တစ်မျိုးပဲ ရှိတယ်'

ကျွန်တော်တို့ ဈာနဝီထိကို ဆက်ပြီး ပြောကြည့်ရအောင်။ ဈာန်ရဖို့အတွက် ကသိုဏ်းဝန်းကြည့်ပြီး ရှုမှတ်နိုင်သလို ထွက်လေ ဝင်လေကိုရှုမှတ်တဲ့ အာနာပါနကျင့်စဉ်နဲ့လည်း သွားလို့ရပါတယ်။ ဒီမှာတော့ အများဆုံးရှုမှတ်ကြတဲ့ ပထဝီ ဒါမှမဟုတ် မြေကသိုဏ်းဝန်း *Earth meditation Device* ရှုမှတ်တာနဲ့ ဥပမာ ပေးပါ့မယ်။

မြေကသိုဏ်းရှုမယ်ဆိုရင် နေအရုဏ်အဆင်းရှိတဲ့ မြေနီနုန်း မြေစေးကို တစ်ထွာလောက်ရှိတဲ့ လှည်းဘီးဝန်းလို ကျောက်ပျဉ်မှာ ကပ်ပြီး နူးညက်နေအောင် ပြုလုပ်ရပါတယ်။

ပထမဆုံး မြေကသိုဏ်းဝန်းမှာ စိတ်ကိုတည်ငြိမ်အောင်ထားပြီး အကြိမ်ပေါင်းများစွာ မြေကြီး, မြေကြီးဆိုပြီး ရှုးစိုက်ထားရပါတယ်။ ဒီလိုနဲ့ အချိန်တော်တော်ကြာကြာ ရှုးစိုက်ထားနိုင်လာပြီး မျက်စိထဲမှာ မြေကသိုဏ်းကို စွဲမြဲစွာမြင်လာတာကို ပရိကမ္မနိမိတ် *Preliminary sign* လို့ခေါ်တယ်။

နောက်စိတ်ရဲ့ ရှုးစိုက်မှုလေးဟာ ပိုပြီးအားကောင်းလာရင် မျက်စိမှိတ်ထားပေမယ့် မျက်စိဖွင့်ထားသလို မြေကသိုဏ်းဝန်းကို မြင်လာပါမယ်၊ အဲဒီအဆင့်ကို ဥဂ္ဂဟနိမိတ် *Learning sign* လို့ ခေါ်တယ်၊ အရှင်းဆုံးပြောရရင် အာရုံကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်မိသွားတာပါ။

တဖြည်းဖြည်းနဲ့ မိမိရထားတဲ့ အာရုံကိုပဲ မပျောက်ပျက်အောင် ထပ်တလဲလဲ ရှုးစိုက်ထားနိုင်ရင် သမာဓိအားကောင်းလာတာနဲ့အမျှ စိတ်လည်း အေးချမ်းတည်ငြိမ်လာတယ်၊ ဒီအခါမှာ ဥဂ္ဂဟနိမိတ်ဟာ တဖြည်းဖြည်း ကြည်လင်လာပါမယ်။

စာထဲမှာတော့ အက်ကြောင်းမရှိတဲ့ မှန်သားပြင်, ပွတ်တိုက်ထားတဲ့ ခရုသင်း *a conch,* မိုးတိမ်မဲတွေကြားမှာ ပျံသန်းသွားတဲ့ ဗျိုင်းဖြူလေးတွေ *White paddy birds in the dark clouds* လို အလွန်နှစ်သက်ဖွယ် ကောင်းလာတယ်လို့ ဆိုပါတယ်။

ံတိမ်စင်တဲ့လလို လုံးဝ ဖြူစင်သန့်ရှင်းလာတာ, *Brighter and clear* ဖြစ်လာတာကို ပဋိဘာဂနိမိတ် *Material sign*

လို့ ခေါ်တယ်'

'ဒီအခါမှာ စိတ်ကလည်း တည်ကြည်ခိုင်မြဲလာသလို စူးစိုက်တာကလည်း အကြားမလပ် တစ်ဆက်တည်း ဖြစ်လာပြီး ပထမဈာန်ဆိုတာ ဖြစ်လာပါတော့မယ်၊ ဈာန်မဖြစ်ခင်လေးမှာတော့ ကာမဝစရဇောတွေနဲ့ သုံးသပ်ကြည့်ရှုပါတယ်၊ ဒီဇောတွေက ဈာန်ရခါနီးဒါမှမဟုတ် ဈာန်ရဲ့အနီးအနားမှာဖြစ်တဲ့ သမာဓိဇောတွေမို့ ဥပစာရသမာဓိဇော *Neighbourhood mental impulsion* လို့ခေါ်တယ်'

'ညီမလည်း စဉ်းစားပြီး ဖြေကြည့်ပါလား၊ ဈာန်ရဲ့အနီးအနားမှာ ဖြစ်တဲ့ ဇောတွေဆိုတော့ ဉာဏသမ္ပယုတ်နဲ့ ဝိပ္ပယုတ်မှာဘယ်ဟာဖြစ်မလဲ'

'ဈာန်ရအောင် ကြိုးစားအားထုတ်တဲ့သူမှာ ယှဉ်မယ့်စိတ်ဆိုတော့ ဉာဏသမ္ပယုတ် ဖြစ်မယ်ထင်ပါတယ်'

'ညီမ ယူဆတာမှန်ပါတယ်၊ ဈာနဝီထိမှာလည်း အတီတဘဝင် မလိုတော့ပါဘူး၊ နောက် ဈာန်ဆိုတော့ မျက်စိနဲ့ကြည့်တာမျိုး မဟုတ်ဘဲ စိတ်ကိုတည်ငြိမ် အောင်ထားပြီး အားထုတ်တော့ပဉ္စဒွါရမဟုတ်ဘဲ မနောဒွါရဝီထိနဲ့ပဲ စဉ်ရမှာပါ'

ဈာနဝီထိမှာ မန္ဒနဲ့ တိက္ခဆိုပြီး ပုဂ္ဂိုလ်ကိုလိုက်လို့ နှစ်မျိုးခွဲထားတယ်၊ မန္ဒပညာပုဂ္ဂိုလ်ဆိုတာ ဉာဏ်နည်းနည်းနဲ့ပြီး သိပ်ထက်ထက်မြက်မြက် မရှိတဲ့သူမျိုး၊ တိက္ခပညာပုဂ္ဂိုလ်က ဉာဏ်

ထက်သန်တဲ့ ပုဂ္ဂိုလ်ကိုပြောတာ။

အရင်ဦးဆုံး မန္ဒပုဂ္ဂိုလ် *Slow witted person* အတွက် ဝီထိ ချကြည့်ရအောင်၊ အတီတဘဝင် မရှိပေမယ့် ဘဝင်လှုပ်မှ ဝီထိအစဉ် ဖြစ်မှာဆိုတော့ ဘဝင်္ဂစလန ဖြစ်မယ်။ နောက်လှုပ်မှ ပြတ်မှာဖြစ်လို့ ဘဝင်္ဂုပစ္ဆေဒ ရှိမယ်။ ဆက်တိုက် ဉာဏသမ္ပယုတ် ကာမကုသိုလ်ဇော ၄-ကြိမ်ဖြစ်လို့ စဉ်ကြည့်လိုက်ရင် ဘဝင်္ဂ စလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရဝဇ္ဇန်း, ကာမကုသိုလ်ဇော ၄-ကြိမ်, ဘဝင် ဆိုပြီး ဖြစ်မယ်။

ဒီနေရာမှာ ကာမကုသိုလ်ဇော ၄-ကြိမ်ကို ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဆိုပြီး နာမည်လေးတွေ ပေးထားတယ်။

ပရိကံဆိုတာ *Preliminary,* ကနဦး ဒါမှမဟုတ် ပထမ ဆုံးဖြစ်တဲ့ဇောကိုပြောတာ၊ ဈာန်စိတ်ဖြစ်ပေါ်လာဖို့ ရှေးဦးစွာ ဆောင်ရွက်တဲ့စိတ်မို့ *Preparation consciousness* လို့ ခေါ်တယ်။

ဒုတိယဇောက ဈာန်ရခါနီး ဒါမှမဟုတ် ဈာန်ရဲ့အနီးအနား မှာ ရောက်နေတာမို့ ဥပစာ *Proximity or Neighbourhood consciousness* ဆိုပြီး ခေါ်တယ်။

တတိယဇောကို ရှေ့ပရိကံ, ဥပစာနဲ့ နောက်ကဈာန်စိတ် တွေ အစဉ်အတိုင်း လျော်ညီအောင် ဖြစ်စေတဲ့အတွက် အနုလုံ *Adaptation thought-moment* လို့ခေါ်တယ်။

စတုတ္ထဈာန်ဖြစ်တဲ့ ဂေါတြဘူ ဆိုတာ ကာမဝစရအနွယ်ကို ဖြတ်တောက်ပြီး မြင့်မြတ်တဲ့ မဟဂ္ဂုတ်အနွယ်ကို ရောက်စေတတ် သောသဘောကို ပြောတာ၊ ဒါကြောင့်မို့ သူဟာ ပုထုဇဉ် စိတ်နဲ့ မြင့်မြတ်တဲ့စိတ်နှစ်ခုကို ဆက်စပ်ပေးတဲ့ တံတား *Lineage* နဲ့လည်း တူပါတယ်။

*Gotrabu is the thought moment that tranforms a worldling into an ariya. It transcends the lineage of sensuous existence and adopts the lineage of lofty consciousness.*

ကာမဝစရဈာန်က မန္ဒပုဂ္ဂိုလ်မှာ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဆိုပြီး ၄-ကြိမ်ပဲရှိတယ်။

'ဒါပေမဲ့ ဉာဏ်ထက်မြက်တဲ့ တိက္ခပုဂ္ဂိုလ် *Witted person* မှာတော့ ပရိကံ မပါတော့ဘဲ ဥပစာ, အနုလုံ, ဂေါတြဘူ သုံးကြိမ် ပဲဖြစ်မယ်၊ ဒီလိုဖြစ်ပြီးရင် ဈာန်ဇောတစ်ကြိမ်ဖြစ်ပြီး နောက် ဘဝင်ဖြစ်မယ်၊ ဒါက ပထမဆုံးအကြိမ်မှာဖြစ်တဲ့ ဈာန်ဝီထိ'

'မစန္ဒာလည်း ရှေ့ဆက်မသွားခင် တိက္ခပုဂ္ဂိုလ်ရဲ့ ဈာနဝီထိကို ပြောကြည့်ပါလား'

'တိက္ခပုဂ္ဂိုလ်က မန္ဒပုဂ္ဂိုလ်နဲ့စာရင် ပရိကံတစ်ခုထဲ မပါတာ မို့ သူ့ဝီထိအစဉ်မှာ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဈာန်ဆိုပြီး ဖြစ်မယ်'

ဒီနေရာမှာလည်း ပထမဆုံးအကြိမ်ရတဲ့ ဈာန်စိတ်လေးဟာ တစ်ကြိမ်ဖြစ်ပြီးတာနဲ့ ဘဝင်ပြန်ကျသွားပါမယ်၊ ထိန်းမထားနိုင်သေးပါဘူး။

ပထမတစ်ကြိမ်ရပြီး မိနစ်အနည်းငယ် ခြားလို့ဖြစ်ဖြစ် နာရီ၊ ရက်၊ လခြားပြီး ဖြစ်ဖြစ် ထပ်ဝင်စားတဲ့အခါမှာမှ နာရီဝက် တစ်နာရီ စသလို အလိုရှိသလောက် ထိန်းထားလို့ ရသွားပါတယ်။

ဒီလို ဈာန်စိတ်လေးနဲ့နေတာကိုပဲ ဈာန်ဝင်စားတယ်လို့ ပြောကြတာပါ။

ဘယ်သူမဆို ဈာန်နဲ့နေရတာ ချမ်းသာလို့ အကြာကြီးနေချင်လာတယ်၊ ဒီလို ဈာန်နဲ့ အကြာကြီးနေတဲ့အခါ ဈာန်စိတ်တွေကလည်း မိနစ်ပိုင်း နာရီပိုင်းအတွင်းမှာ ဘယ်နှစ်ကြိမ်လို့ မပြောနိုင်တဲ့ အခါပေါင်း ကုဋေပေါင်းများစွာ *infinity* ဖြစ်နေပါမယ်။

စိတ်တည်ငြိမ်လာတာနဲ့အမျှ ကာမဓာတွေပြီးတာနဲ့ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါ ၅-ပါးနဲ့ယှဉ်တဲ့ ပထမဈာန်စိတ် ဖြစ်လာပါမယ်။

သမာဓိအားကောင်းလာတာနဲ့အမျှ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ယှဉ်တဲ့ ဒုတိယဈာန်၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာယှဉ်တဲ့ တတိယဈာန်၊ သုခ၊ ဧကဂ္ဂတာယှဉ်တဲ့ စတုတ္ထဈာန်၊ နောက်ဆုံး ဉပေက္ခာ၊ ဧကဂ္ဂတာ ယှဉ်တဲ့ ပဥ္စမဈာန်ဆိုပြီး တစ်ဆင့်ပြီးတစ်ဆင့်

တက်သွားပါမယ်။

ဒီနေရာမှာ သမာဓိက ပထမဈာန်မှာထဲက ရသင့်သလောက် ရခဲ့ပြီးပါပြီ၊ ဒုတိယဈာန်မှာ ဝိစာရနဲ့ အာရုံနဲ့စိတ်ကို မကွဲအောင် ချည်နှောင်ထားလိုက်တော့ ငြိမ်သင့်သလောက် ငြိမ်သွားပါတယ်။

တတိယဈာန်မှာလည်း ပိုပြီးငြိမ်သက်ပေမယ့် ဝမ်းမြောက် ဝမ်းသာတဲ့ ပီတိရှိနေတော့ သိပ်တည်ကြည်တဲ့ သမာဓိလို့ ပြောလို့ မရသေးပါဘူး၊ နောက်စတုတ္ထဈာန်မှာလည်း သုခနဲ့ ချမ်းသာမှုကို ခံစားနေတာမျိုးရှိလို့ သိပ်စင်ကြယ်တဲ့ သမာဓိအဆင့်ကို မရောက် သေးပါဘူး။

ပဉ္စမဈာန် သမာဓိမှာတော့ လောကီချမ်းသာအားလုံးကို စွန့်ပယ်လိုက်ပြီး အရာရာမှာ အညီအမျှထားနိုင်တဲ့ ဥပေက္ခာသာ ရှိတော့လို့ အလွန်စင်ကြယ်တဲ့ သမာဓိဖြစ်သွားပါပြီ။

ဆရာဖေသိန်းက 'ဒီအခါမှာ မြေလှျိုးမိုးပျံလို့ ရပြီလား ဆရာ'

'ပဉ္စမဈာန်အဆင့် ရောက်တာနဲ့ မြေလှျိုးမိုးပျံလို့ မရသေးပါဘူး၊ ပထမဈာန်ကနေ ပဉ္စမဈာန်၊ နောက်ပဉ္စမကနေ ပထမဈာန်အထိ အနုလုံပဋိလုံ *Forward and reverse order* အပြန်ပြန် အထပ်ထပ်ဝင်စားမှ ဝသီဘော်ဖြစ်လာပြီး မိမိဆန္ဒရှိသလို မြေလှျိုးမိုးပျံ နိုင်ပါတယ်'

မသင်းက 'ဝသီဘော်ကဘာကို ဆိုလိုတာလဲ အစ်ကို'

'ဝသီဘော်ဆိုတာ ဝသီဘာဝဆိုတဲ့ ပါဠိဝေါဟာရလေးက လာတာပါ၊ သူ့ရဲ့အဓိပ္ပါယ်က စွမ်းရည်သတ္တိနဲ့ ပြည့်စုံတာ ကျွမ်းကျင်နိုင်နင်းတာ *Mastery* ဖြစ်လာတာကို ပြောတာပါ၊ အားကစားသမားတွေဆိုလည်း ထူးချွန်ထက်မြက်အောင် အမြဲ လေ့ကျင့် ရသလို မြေလျှိုးမိုးပျံနိုင်အောင် အမြဲလေ့ကျင့်နေမှ ဝသီဘော် ဖြစ်လာတာပါ'

မသင်းက 'ဈာန်ရလို့ မိုးပေါ်ပျံနိုင်တာက သိပ်ပြီး အံ့သြစရာ မရှိပါဘူး၊ ဒါပေမဲ့ မြေလျှိုးတာကျတော့ ဒီလောက်မာကြောတဲ့ မြေအောက်ထဲကို ဘယ်လိုထိုးဖေါက်ပြီး ဝင်တာလဲ အစ်ကို'

'ညီမ မေးတာလေးက ကောင်းတယ်၊ ဒီနေရာမှာ မြေလျှိုး မိုးပျံဆိုတာ သဘာဝကို ဆန့်ကျင်ပြီး လုပ်လို့မရပါဘူး၊ ရေပေါ် လမ်းလျှောက်ချင်တယ်ဆိုရင် ရေကို မာကြောသွားအောင် အရင် ဖန်ဆင်းပြီးမှ လျှောက်လို့ရပါတယ်၊ မြေလျှိုးချင်တဲ့အခါမှာလည်း မိမိသွားလိုတဲ့ မြေနေရာကို ဟာလာဟင်းလင်းဖြစ်အောင် စိတ်နဲ့ ဖန်ဆင်းပြီးမှ သွားနိုင်တာပါ'

'ဒါဆို *Super natural power* လို့ ခေါ်မှာပေါ့'

'ဒီနေရာမှာ သဘာဝကို မဆန့်ကျင်လို့ *Super normal power* ဆိုပြီး ပြောရမှာပါ၊ မြေလျှိုး မိုးပျံတဲ့အခါမျိုးမှာ စိတ် စွမ်းအားနဲ့ ရုပ်ကိုပါဖြည့်တင်းထားလို့ နာကျင် ကိုက်ခဲတာမရှိဘဲ ခန္ဓာကိုယ်ဟာပေါ့ပါးပြီး ငြိမ်းချမ်းလို့နေပါတယ်'

'သမထကျင့်စဉ်ရဲ့ လမ်းဆုံးက အဘိညာဉ်ပါ၊ အဘိညာဉ် *Higher psychic power* ရပြီးလို့ ဈာန်သာ မလျှောခဲ့ဘူးဆိုရင် နောင်ဘဝမှာ ဗြဟ္မာပြည်ကို ရောက်ပါတယ်၊ ပထမ ဈာန်ရရင် ပထမဈာန် ဗြဟ္မာဘုံ၊ ဒုတိယဈာန်ရရင် ဒုတိယဈာန် ဗြဟ္မာဘုံ ဆိုပြီး အဆင့်ဆင့် တက်သွားပါတယ်'

ကျွန်တော်တို့ အပြန်အလှန် ဆွေးနွေးလို့ ကောင်းနေဆဲမှာ မောင်အေးမြင့်နဲ့ ဆရာမ ဒေါ်ချယ်ရီမှ မန္တလေးပဲကြော်နဲ့ လက်ဖက်သုတ်များ လာချပေးပါတယ်။ ဒီနေ့ အစားအသောက်ကို ဆရာ ဖေသိန်းမှ ကျွေးမွေးပါတယ်။

စားသောက်နေစဉ်မှာ ဆရာကျော်မြင့်မှ-

'ကျွန်တော် အရင် အဘိဓမ္မာလေ့လာတုန်းက ဇဝန နိယာမ ဆိုတာ ဖတ်ဖူးတယ်၊ အဲဒါဘာကို ဆိုလိုတာလဲ ဆရာ'

'ဒါက ဇောတွေရဲ့ အကြိမ်သတ်မှတ်တာကို ဆိုလိုတာပါ၊ ကျွန်တော် စိတ်ပိုင်းမှာ ဇောကိစ္စတပ်တဲ့စိတ် ၅၅-ခုရှိတာ ပြောခဲ့ ပါတယ်၊ ဒါတွေက ကုသိုလ်, အကုသိုလ်, မဂ်, ဖိုလ်နဲ့ အာဝဇ္ဇန်း နှစ်ခုကြဉ်တဲ့ ကြိယာဇောတွေပါ၊ ဒီဇောတွေဟာ ကာမဇော ဝီထိ, ဈာနဝီထိ, မဂ္ဂဝီထိတို့မှာ ဘယ်နှစ်ကြိမ်ဖြစ်နိုင်တယ် သတ်မှတ် ထားတာကို ဇဝနနိယာမ *Law of mental impulsion* လို့ ခေါ်တယ်'

ဝီထိအစဉ်မှာ ပုံမှန်အားဖြင့် ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်

ချတယ်လို့ ကျွန်တော်ပြောခဲ့တယ်၊ ဓာဖြစ်တာကို ကျမ်းဂန်တွေမှာ စောတယ်လို့ပြောတယ်။ ရိုးရာအခါ *Under normal circumstance* မှာ ကာမဓာတွေဟာ ၇-ကြိမ်ထက် မပိုသလို ၆-ကြိမ်အောက်လည်း မလျော့ပါဘူး။

ဒါပေမဲ့ မွေးခါစအခါ၊ သတိမေ့တဲ့အခါနဲ့ တွေဝေမိန်းမောမျောနေတဲ့အခါမှာ ကာမဓာတွေဟာ ၅-ကြိမ်ပဲ လာပါတော့တယ်။ မိန်းမောတယ်ဆိုတာ သစ်ပင်အမြင့်ပေါ်က ကျတာ၊ ရေနစ်တာနဲ့ အဖျားရက်ရှည်တဲ့အခါမျိုးမှာ အများဆုံးဖြစ်ပါတယ်။

ဆရာကံမြင့်က 'သေခါနီး မြောနေတဲ့အခါမျိုးမှာရော'

'သေခါနီး မြောနေတဲ့အခါမျိုးမှာ ဖြစ်တဲ့စိတ်အစဉ်ကို မရဏာသန္နဝီထိလို့ ခေါ်တယ်၊ အဲဒီမှာလည်း မှီရာဟဒယဝတ္ထုနဲ့ အခြားဝတ္ထုရုပ်တွေဟာ အားနည်းနေလို့ ဓာ ၇-ကြိမ် စိမ်ပြေနပြေ မချနိုင်တော့ဘဲ ၅-ကြိမ်သာ စောနိုင်တော့တယ်'

နောက်ဓာငါးကြိမ်ထဲက အစဓာနဲ့ အဆုံးဓာကို နုတ်လိုက်ရင် အလယ်သုံးဓာပဲ ကျန်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အဖိုး၊ အဖွား ရှေးမြန်မာလူကြီးတွေ အဘိဓမ္မာနဲ့ ရင်းနှီးကျွမ်းဝင်တာကို ပြောပြချင်ပါတယ်။ မြန်မာစကားမှာ အစောတလျင် လုပ်တာမျိုး၊ ဖုတ်ပူမီးတိုက် ချက်ခြင်းလုပ်ရတာမျိုးကို 'အလောသုံးဇယ်နိုင်လိုက်တာ' လို့ ပြောကြတာပါ။ တကယ်တော့ အလယ်သုံးဓာကို စကားလိမ်နဲ့ အလောသုံးဇယ်လို့ ပြောတာပါ။

မစန္ဒာက ရယ်ပြီး 'အဲဒီအဓိပ္ပါယ်ကို အခုမှသိတော့တယ်၊ အရင်က သမီးရဲ့သူငယ်ချင်းတွေ အရေးတကြီး လုပ်နေတာတွေ့ရင် အလော *Thirty* မလုပ်နဲ့ဆိုပြီး ဂဏန်း ၃၀ ထင်လို့ ပြောမိနေတာ'

နောက်မြတ်စွာဘုရား ရေမီးအစုံနဲ့ တန်ခိုးပြတဲ့အခါမှာ ၄-ကြိမ်သာလာပြီး အရှင်မောဂ္ဂလာန်တို့လို မဟာသာဝကတွေမှာဇော ၅-ကြိမ်သာပဲ စောပါတယ်၊ ရှိုးရာအခါမှာလို ၇-ကြိမ်မစောတော့ပါဘူး။

တစ်ခါ မဟဂ္ဂုတ်ဇောလို့ခေါ်တဲ့ ဈာန်ဇောတွေကလည်း ပထမဆုံး ဈာန်ရတဲ့အချိန်မှာ ၁-ကြိမ်ပဲစောပါတယ်။ ဒါကလည်း ပထမဦးဆုံး စဖြစ်ခါစဆိုတော့ အားနည်းတဲ့အတွက် နောက်တစ်ကြိမ်ဖြစ်လောက်အောင် ပေးစွမ်းနိုင်တဲ့အစွမ်းမရှိသေးလို့ပါ။ ဒါကြောင့်မို့ တစ်ကြိမ်ဖြစ်ပြီးတာနဲ့ ချုပ်သွားပါတယ်။ နောင် ဈာန်သမာပတ်ဝင်စားတဲ့အခါမှာတော့ အားအစွမ်းကောင်းလာပြီမို့ ဈာန်ဇောတွေအကြိမ်များစွာဖြစ်ပါတယ်။ ဒါပေမဲ့ ပထမဆုံးရတဲ့အခါမှာ တစ်ကြိမ်ပဲဖြစ်ပါတယ်။

ဆိုပါစို့ ပထမဈာန်ကို ပထမဆုံးစရတဲ့အခါမှာ တစ်ကြိမ်ပဲဖြစ်တယ်၊ နောက်ပြန်ဝင်စားရင် အကြိမ်များစွာ ဖြစ်နိုင်ပါတယ်၊ တစ်ခါ ဒုတိယဈာန်ကိုတက်လို့ ပထမဆုံးရတဲ့အခါမှာလည်း တစ်ကြိမ်ပါပဲ၊ နောင်ပြန်ဝင်စားရင် အကြိမ်များစွာဖြစ်မယ်။

ဆရာဖေသိန်းက 'ဒါဆို တတိယဈာန်နဲ့ စတုတ္ထဈာန်မှာလည်း ဒီအတိုင်းပဲ ဖြစ်မှာပေါ့'

'မှန်ပါတယ်၊ ပထမဆုံးဈာန်ရတဲ့အခါမှာ တစ်ကြိမ်ပဲဖြစ်ပါမယ်၊ ဆက်ပြီးဝင်စားမှ အကြိမ်များစွာဖြစ်မယ်'

ဒီမှာထူးခြားတာတစ်ခုက အဘိညာဏ်ဇော၊ အဘိညာဏ် *Higher Psychic power* ဆိုတာ ပဥ္စမဈာန်ကို ပြောတာပါ။ ပဥ္စမဈာန်ကို အထူးတလည်ဝင်စားပွားများပြီး ရလာတဲ့ဈာန်ကို အဘိညာဏ်လို့ ခေါ်တယ်။ ဒီအဘိညာဏ်ဇောတွေကတော့ အမြဲတမ်း တစ်ကြိမ်ပဲ စောပါတယ်။ ဒါကလည်း တစ်ကြိမ်တည်းနဲ့ တန်ခိုးပြတာတို့ အလိုရှိတဲ့ကိစ္စတွေကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်လို့ပါ။ တစ်ကြိမ်တည်းနဲ့ ဆောင်ရွက်နိုင်လို့ နှစ်ကြိမ်၊ သုံးကြိမ် အခါများစွာ ထပ်ဖြစ်စရာမလိုတော့ပါဘူး။

နောက်မဂ်ဇောလည်း တစ်ကြိမ်ပဲ စောပါတယ်။ သောတာပတ္တိမဂ်ရတဲ့အခါမှာလည်း တစ်ကြိမ်ပဲ ဖြစ်သလို သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်နေတဲ့အခါမှာလည်း တစ်ကြိမ်ပဲ ဖြစ်ပါတယ်။ ဒါကလည်း မဂ်ဇောဟာ အလွန်ထက်တဲ့ဇောဖြစ်လို့ တစ်ကြိမ်တည်းနဲ့ ကိလေသာအားလုံးကို ပယ်သတ်နိုင်လို့ပါ။

မဂ်နောင် ဖိုလ်ဇောမှာတော့ ပညာသိပ်မထက်မြက်တဲ့ မန္ဒပုဂ္ဂိုလ်မှာ ၂-ကြိမ်၊ ပညာထက်တဲ့ တိက္ခပုဂ္ဂိုလ်မှာ ၃-ကြိမ် စောပါတယ်။

နောက် လောကီသမာပတ်ထဲမှာ အထက်တန်းအကျဆုံးဖြစ်တဲ့ နိရောဓသမာပတ်မှာ ဖြစ်နိုင်တဲ့ဓာတွေကို ပြောပြပါ့မယ်။ ဒီသမာပတ်ကို ရူပဈာန်၊ အရူပဈာန် အားလုံးရထားတဲ့ အနာဂါမ်နဲ့ ရဟန္တာတို့ပဲ ဝင်စားလို့ရပါတယ်။ အနာဂါမ်၊ ရဟန္တာမှာလည်း ဝိပဿနာသက်သက်ရှုမှတ်ပြီး ဈာန်မရရင် ဝင်စားလို့မရပါဘူး။

ဆရာဖေသိန်းက 'ကျွန်တော်တို့ ပုထုဇဉ်လူတွေနဲ့ သောတာပန်၊ သကဒါဂါမ်တို့ကျ ဘာလို့ မဝင်စားနိုင်တာလဲ ဆရာ'

'ဈာန်ကို အထက်အောက် အစအဆုံး အပြန်ပြန် အလှန်လှန် ဝင်စားနိုင်ဖို့က သမာဓိအားကောင်းမှ ဖြစ်မှာပါ၊ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်တွေက အနာဂါမ်၊ ရဟန္တာတို့လို ကာမရာဂကို အပြီးသတ် မပယ်နိုင်သေးတော့ သမာဓိအား မကောင်းသေးပါဘူး၊ ဒါကြောင့်မို့ နိရောဓသမာပတ်ကို မဝင်စားနိုင်တာပါ'

ဆရာကံမြင့်က 'နိရောဓရဲ့ အဓိပ္ပါယ်ကို ပြောပြပါလား'

'နိရောဓက ချုပ်ငြိမ်းတာကို ဆိုလိုတာပါ၊ ဘာတွေချုပ်သွားလဲဆိုတော့ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တွေ ချုပ်သွားတာ၊ ဒါကြောင့်မို့ နိရောဓသမာပတ်ဆိုတာ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တွေ ချုပ်ငြိမ်းသွားတော့ ငြိမ်းအေးမှုသက်သက်နဲ့ အဓိဋ္ဌာန်ပြုထားတဲ့ ကာလအတွင်း နေနေတာပါ'

မစန္ဒာက 'ဒီသမာပတ်ကို ဘာလို့ဝင်စားတာလဲ ဆရာ'

'စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တွေ ချုပ်သွားတော့ စိတ်ကို

အကြောင်းပြုပြီးဖြစ်တဲ့ ဆင်းရဲမှုတွေအားလုံး မရှိတော့လို့ အလွန် အေးချမ်းသွားပါတယ်၊ ဒါကြောင့်မို့ ဗျာန်အဘိညာဉ်ရ အနာဂါမ်၊ ရဟန္တာတွေဟာ လောကုတ္တရာ ချမ်းသာအတွက် ဝင်စားတာပါ'

'သမီးသိချင်တာက ဒီလို ဝင်စားတဲ့အခါ လူက မတုန်မလှုပ် ကျောက်ရုပ်ကြီးလို ဖြစ်နေမှာလား၊ နောက်ဘယ်နှစ်ရက်အထိ ဝင်စားလို့ရလဲ ဆရာ'

'နိရောဓသမာပတ် ဝင်စားနေတဲ့အခါ လူက သမီးယူဆသလို ဆင်းတုကြီးလို ဖြစ်နေပေမယ့် အေးစက်စက်ကြီးတော့ ဖြစ်မနေ ပါဘူး၊ ဇီဝိတရုပ်က မချုပ်ငြိမ်းတော့ ပူပူနွေးနွေးပဲ ဖြစ်နေပါတယ်၊ ဒီလို ဝင်စားတဲ့အခါမှာလည်း ၇-ရက်အထိပဲ အလွန်ဆုံးဝင်စား နိုင်ပါတယ်၊ ဒါကလည်း အစာတစ်ခါစားထားရင် ခန္ဓာကိုယ်က ၇-ရက်ပဲ ခံနိုင်လို့ပါ'

ဇဝန နိယာမအရ နိရောဓသမာပတ် ဝင်စားတော့မယ်ဆိုရင် စတုတ္ထအရူပါဝစရဇော ဒါမှမဟုတ် နေဝသညာ နာသညာယတန ဇော ၂-ကြိမ်ကျပြီးတာနဲ့ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တွေ ချုပ်သွားပါတယ်။ ဒါကြောင့်မို့ သမာပတ်ဝင်စားနေတဲ့အခါ ဘာ ဇောမှ မဖြစ်တော့ပါဘူး။ အဓိဋ္ဌာန်ပြည့်သွားလို့ နိရောဓ သမာပတ် က ထတဲ့အခါ အနာဂါမ်ဆိုလည်း အနာဂါမ်ဖိုလ်ဇော တစ်ကြိမ်၊ ရဟန္တာဖြစ်လည်း အရဟတ္တဖိုလ်ဇော တစ်ကြိမ်စောပြီးမှ ဘဝင် ကျပါတယ်'

'နိရောဓသမာပတ်ကို ဘယ်လိုပြန်လဲ ဆရာ'

*'Attainment of cessation of consciousness and mind-produced matter'*

'ဒီနေ့တော့ ဝီထိပိုင်းရဲ့ အနှစ်သာရနဲ့ သဘောသဘာဝကို တော်တော်လေး ပြောပြီးပါပြီ၊ နောင်အပတ်မှာ ဝီထိမုတ်ပိုင်း ဒါမှမဟုတ် ဘုံပိုင်းကို ဆက်ပြီးပို့ချပေးပါ့မယ်၊ သိချင်တာရှိလည်း မေးလို့ရပါတယ်...'

ဆရာကံမြင့်မှ ကွမ်းယာကို တမြုံ့မြုံ့ဝါးရင်း 'အာဂန္တုက ဘဝင်ဆိုတာ ဘယ်လိုမျိုးလဲဆရာ'

'အာဂန္တုက မြန်မာလို ဧည့်သည် *Guest, stranger or visitor* ကို ခေါ်တာပါ၊ ဒါကြောင့်မို့ အာဂန္တုကဘဝင် ဆိုတာ ဧည့်သည်ဘဝင် *Visiting life-continuum* ပါ၊ အိမ်ရှင်အနေနဲ့ ဆောင်ရွက်ပေးဖို့ မလွယ်တဲ့အခြေ အနေမျိုးမှာ ဧည့်သည်က ခဏဝင်ပြီး ကူညီပေးတဲ့ သဘောမျိုးကို ဆိုလိုပါတယ်'

ဒီအကြောင်းလေးက စိတ်ဝင်စားဖို့ကောင်းလို့ ကျွန်တော်ရှင်းပြပါ့မယ်။ ဆိုပါစို့ မစန္ဒာက သောမနဿ သဟဂုတ်စိတ်နဲ့ ပဋိသန္ဓေနေခဲ့မယ်ဆိုရင် တစ်သက်လုံး ဘဝင်ကျတဲ့အခါ ဘဝင်စိတ်တွေဖြစ်တဲ့အခါ သောမနဿ သဟဂုတ်စိတ် *Consciousness accompanied by pleasure* ပဲဖြစ်နေမယ်။ ဇဝန နိယာမအရ ပဋိသန္ဓေနဲ့ ဘဝင်စိတ်တွေဟာ ဘုံ၊ စိတ်၊ သမ္ပယုတ္တ၊ ဓမ္မ၊

အစဉ်တူညီဖို့ လိုပါတယ်။

မစန္ဒာက 'သောမနဿသဟဂုတ်ဝီထိနဲ့ ပဋိသန္ဓေနေခဲ့လို့ ဘဝတစ်လျှောက်လုံးမှာ သောမနဿတဒါရုံနဲ့ သောမနဿဘဝင် တို့ပဲ ဖြစ်ရမှာပါ'

'ဒါပေမဲ့ တစ်ခါတရံ လူနာတွေက ကိုယ့်စကားနားမထောင် လို့ စိတ်ဆိုးပြီး ဒေါသဇောတွေဖြစ်တဲ့အခါ သူ့နောက်က ဒေါမနဿတဒါရုံနဲ့ ဒေါမနဿဘဝင်တို့ပဲ လိုက်ရမှာပါ၊ သော မနဿတဒါရုံနဲ့ သောမနဿဘဝင်တို့ ဖြစ်လို့မရပါဘူး၊ ဒါက လည်း ဒေါမနဿနဲ့ သောမနဿဝေဒနာတို့ဟာ မီးနဲ့ရေ *Just fire opporite water* ဆိုသလို ဆန့်ကျင်ဘက် ဖြစ်နေလို့ပါ'

'ဒီအခါမှာ ရှေ့က ဒေါသဇောနဲ့လည်း လျော်ညီ၊ နောက်က သောမနဿဘဝင်နဲ့လည်း သင့်တော်တဲ့ ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်ဟာ သန္တီရဏ စုံစမ်းစစ်ဆေးတာမဟုတ်ဘဲ အာဂန္တုက ဘဝင် အနေနဲ့ ဆောင်ရွက်ပေးပါတယ်။ မစန္ဒာရဲ့ ပဋိသန္ဓေစိတ်နဲ့တူတဲ့ လာနေကျအိမ်ရှင် သောမနဿဘဝင် မဟုတ်ဘဲ လတ်တလော အရေးပေါ် ဖြစ်ပေးရတဲ့ဘဝင်မို့လို့ အာဂန္တုကဘဝင်လို့ ခေါ်ပြီး အဲဒီစိတ်အစဉ်ကို အာဂန္တုဝီထိလို့ ခေါ်တယ်'

ညနေငါးနာရီမှာ ဘော်လီဘောပွဲ ရှိတာမို့ သင်တန်းကို ရပ်နားလိုက်ပါတယ်။

ဆောင်းရာသီမို့ တိုက်ခတ်တဲ့လေကလည်း အေးမြလှပါတယ်။

ဒီနေ့ ဆေးရုံကဆရာဝန်၊ သူနာပြုများနဲ့ အနီးအနားရွာက ကိုလှမင်း ဦးဆောင်တဲ့ ကာလသားများရဲ့ ချစ်ကြည်ရေးပွဲပါ။

ကျွန်တော်ဦးဆောင်ပြီး ဆရာကံမြင့်၊ ဆရာကျော်နဲ့ သူနာပြု လေးများ ဝင်ကစားကြပါတယ်။နှစ်သင်းလုံး လက်ရည်ညီနေလို့ အကြိတ်အနယ် ကစားရပါတယ်။ ပွဲအပြီးမှာ ရွာအသင်းက သုံးပွဲ နှစ်ပွဲနဲ့ အနိုင်ရသွားပါတယ်။

ကျွန်တော်လည်း အင်တိုက်အားတိုက် ကစားရလို့ တော်တော်လေး ပန်းသွားပါတယ်။ ကွင်းစပ်မှာထိုင်ပြီး ခဏအမောဖြေနေတုန်း မသင်းရောက်လာပါတယ်-

'အစ်ကို့အတွက် သံပုရာရည်အေးအေးလေး ဖျော်လာတယ်'

'ကျေးဇူးပါပဲ ညီမရယ်'

ဘော်လီဘောပွဲအပြီးမှာ ရေချိုးပြီး အခန်းမှာ ခဏနားလိုက် ပါတယ်။ နေဝင်တာနဲ့ ဆီမီးပူဇော်ရမယ်ဆိုတဲ့ မေမေ့ရဲ့စကားကို အမြဲမှတ်ထားတာမို့ မြတ်စွာဘုရားကို ဆီမီးပူဇော်ပြီး သောက်တော် ရေများ ကပ်လှူလိုက်ပါတယ်။ အရေးပေါ်လူနာ မရှိတာမို့ ဓမ္မစကြာနဲ့ မဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်လိုက်ပါတယ်။

ညစာကို ဆရာကံမြင့်အိမ်မှ ပို့ပေးတဲ့ ဆေးဘဲဥသုတ်၊ ငါးရံ့ ခြောက်ချဉ်ရည်ဟင်းနဲ့ စားလိုက်ပါတယ်။

ညစာစားအပြီးမှာ မီးယပ်သားဖွားပါရဂူ မမျိုးနဲ့ မသင်း ရောက်လာလို့ ကော်ဖီသောက်ရင်း ဖန်ပြွန်သန္ဓေသား *Test tube*

*baby* အကြောင်း ဆွေးနွေးဖြစ်ပါတယ်။ မသင်းက အပြန်မှာ ကျွန်တော်ဖတ်ဖို့ ဆရာဦးဝင်းတင် မြန်မာပြန် ဆိုတဲ့ ကွိ *Queed* စာအုပ်ကို ပေးခဲ့ပါတယ်။

ညပိုင်းမှာ အရေးပေါ်လူနာ မရောက်လာတာနဲ့ ကွိကို ဖတ်ဖြစ်ပါတယ်။ မူရင်းစာရေးဆရာက *Henery Sydnor Harrison* ပါ။

ကွိဆိုသော လူထူးလူဆန်း စာပေသမားတစ်ယောက်က သွက်လက်ချက်ချာပြီး ဉာဏ်ပညာရှိသော ရှာလီဝေလွင်ခေါ် မိန်းမပျိုလေးကြောင့် ထူးချွန်အောင်မြင်သော သတင်းစာဆရာ တစ်ဦး ဖြစ်လာတာကို ရေးဖွဲ့ထားပါတယ်။

ကျွန်တော် မှတ်မိသလောက် စာရေးဆရာမ ဂျာနယ်ကျော် မမလေး ရေးသားသော သူလိုလူ စာအုပ်တွင် ခင်ပွန်းဖြစ်သူ ဂျာနယ်ကျော် ဦးချစ်မောင်၏ အနှစ်သက်ဆုံးစာအုပ်မှာ ကွိဖြစ်ကြောင်း ရေးသား ခဲ့ပါတယ်။ စာအုပ်ထဲမှာ ရှာန်ဝင်စားနေတာနဲ့ နံနက် ၁ နာရီထိုးမှ အိပ်ရာဝင် ဖြစ်ပါတယ်။

နံနက်သုံးနာရီမှာ တံခါးခေါက်သံကြောင့် အိပ်ယာကနိုး သွားပါတယ်။ တံခါးဖွင့်ကြည့်လိုက်တော့ ဆရာမ သက်သက်ခိုင် နဲ့ ဆရာကံမြင့် ဖြစ်နေပါတယ်။

သက်သက်ခိုင်က 'သမီးတို့ဆီကို အခု အသက်-၆၀အရွယ် ဦးကြီးတစ်ယောက် အရမ်းမောပြီး ရောက်လာတယ်။ သွေးပေါင်က

အပေါ်သွေး ရ၀ ပဲရှိတယ်၊ လျှာနဲ့လက်တွေလည်း ပြာနှမ်းနေတယ်၊ အရင်ကတော့ အဆုတ်တီဘီနဲ့ နာတာရှည်လေပြွန်ရောင်ရမ်းတဲ့ ရောဂါရှိတယ်'

ကျွန်တော် အမျိုးသားဆောင်ကို လိုက်ပြီးစမ်းသပ်ကြည့်တော့ ညာဘက် အဆုတ်အမြှေးပါးထဲမှာ လေအပြည့်ရှိနေပြီး အရေးပေါ်ပိုက်လေး ထည့်ပေးဖို့လိုတာကို တွေ့ရပါတယ်။ ဆေးပညာအရ *Tension Pneumothorax* လို့ ခေါ်ပါတယ်။

မသင်းလည်း အပြေးလေးရောက်လာပြီး ကူညီပေးပါတယ်။ အခြေအနေအရ ချက်ခြင်းထည့်မှဖြစ်မှာမို့ ခွဲခန်းမပို့တော့ဘဲ လူနာဆောင်မှာပဲ *Chest tube* ထည့်ပေးလိုက်ပါတယ်။ ရေထည့်ထားတဲ့ ပုလင်းထဲသို့ လေတွေပလုံစီပြီး ထွက်သွားတာနဲ့ လူနာလည်း ချက်ခြင်းဆိုသလို သက်သာသွားပါတယ်။

မသင်းက 'အချိန်မီလေးပဲ အစ်ကိုရယ်၊ နည်းနည်းနောက်ကျသွားရင် ဒီလူနာကို လက်လွှတ်လိုက်ရတော့မှာ'

'မှန်ပါတယ်၊ အားလုံးဝိုင်းပြီး ကုသပေးတာကြောင့်ရယ်၊ နောက်လူနာရဲ့ကံလည်း ကောင်းလို့ဖြစ်မယ်'

ကျွန်တော်တို့လည်း လူနာရဲ့ အသက်ရှူနှုန်း၊ သွေးခုန်နှုန်းနဲ့ သွေးပေါင်ချိန် ပုံမှန်ရောက်တဲ့အထိ စောင့်နေပေးလိုက်ပါတယ်။

သက်သက်ခိုင်က ကော်ဖီဖျော်တိုက်တာနဲ့ နံနက် လေးနာရီအထိ စကားပြောဖြစ်ပါတယ်။ အဲဒီအချိန်က စုစုစည်းစည်း

ဆေးကုသပေးခဲ့တာကိုလည်း အခုအချိန်မှာ သတိပြန်လည်ရမိပါတယ်။

နာရီလက်တံလေးများ တစ်ချက်ချက် ရွေ့လျားသွားတာနဲ့ အတူ နေ့သစ်ဟာလည်း မကြာမီမှာ ရောက်လာပါတော့တယ်။

# ဝီထိမုတ်ပိုင်း

# သို့မဟုတ်

# ဘုံပိုင်း

## (၁)
## သတ္တဝါတို့ ကျင်လည်ရာ ၃၁-ဘုံ

၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် သောကြာနေ့။

နံနက် ခွဲစိတ်ဆောင် *ward round* အပြီးမှာ မသင်းက အပြေးဝင်လာပြီး-

'ပုဇွန်တောင်ဘက်က ဘကြီးတစ်ယောက် အသက်ရှူမဝလို့ ဆိုပြီး အခုပဲရောက်လာတယ်၊ ညီမ စမ်းကြည့်တော့ အသံအိုး အဝမှာ ကင်ဆာဖြစ်လို့ လွန်ခဲ့တဲ့ ၅-လက ရန်ကုန်မှာ ဓါတ်ရောင်ခြည်ကုသမှု ယူခဲ့တယ်လို့ပြောတယ်၊ အခု အဆုတ်အအေးမိပြီး ဖျားတာက သုံးရက်၊ ရုတ်တရက် အသက်ရှူမဝဘဲ ဖြစ်လာတာက မနေ့ညဦးပိုင်းက၊ အစ်ကို လိုက်ကြည့်ပေးပါအုံး'

ကျွန်တော်လည်း ခွဲစိတ်ပြီးစ လူနာများအတွက် လိုအပ်တာများကို ဆရာမသက်သက်ခိုင်ကို မှာကြားခဲ့ပြီး မသင်းနဲ့အတူ ပြင်ပလူနာဌာနကို ထွက်လာခဲ့ပါတယ်။ ဆေးရုံဖွင့်တာ လေးလရှိပြီမို့ အားကိုတကြီးလာပြတဲ့ လူနာတွေလည်း များလာပါတယ်။

ပြင်ပလူနာခန်းရောက်တော့ စမ်းသပ်ကုတင်ပေါ်မှာ လေပြွန်မကြီးပိတ်နေလို့ ပြင်းထန်တဲ့လေထိုးသံ *Stridor* နဲ့ ဝေဒနာခံစားနေရတဲ့ လူနာကို တွေ့ရပါတယ်။ မသင်းက အောက်စီဂျင်ပေးထားပြီး ဓါတ်ဆားရည်များကို သွေးကြောထဲသို့ *cannula*

မှတစ်ဆင့် ထည့်သွင်းပေးထားပါတယ်။

ကျွန်တော် စမ်းသပ်ကြည့်တော့ အပေါ်ပိုင်း အသံအိုးနားက လေပြွန်ပိတ်နေတဲ့လက္ခဏာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ လေကောင်းကောင်း မရှူသွင်းနိုင်ဘဲ လူနာရဲ့ လျှာနဲ့လက်ချောင်းလေးတွေလည်း ပြာနှမ်းပြီးနေပါတယ်။ ပိတ်နေတဲ့ အသံပြွန်အောက်ကနေ အပေါက်လေးဖေါက်ပြီး အသက်ရှူဖို့ အရေးပေါ်လမ်းကြောင်း အသစ်ဖေါက်ပေးဖို့ လိုနေပါတယ်။ ဆေးပညာအရ *Tracheostomy* လို့ ခေါ်ပါတယ်။

ခွဲစိတ်ခန်းမကြီးက ဆရာမ မစန္ဒာကို အကြောင်းကြားပြီး ၁၅-မိနစ်အတွင်းမှာ လူနာရဲ့လည်ပင်းမှာ ထုံဆေးထိုးပြီး ကျွန်တော်နဲ့ မသင်း *Tracheostomy* လုပ်ပေးပြီး *steel tube* လေး ထည့်ပေးလိုက်ပါတယ်။ ခွဲစိတ်ပြီး မကြာမီ လူနာလည်း ချက်ချင်း သက်သာရာ ရသွားပါတယ်။

ဒီနေ့ ပုံမှန်ခွဲစိတ်ခန်း ရှိတာမို့ ရင်သားအကြိတ်နဲ့ အမျိုးသမီးတစ်ဦး၊ သည်းခြေအိတ်မှာ ကျောက်တည်တဲ့လူနာနဲ့ အူကျတဲ့လူနာတစ်ဦးကိုဆက်ပြီး ကျွန်တော်တို့ ခွဲစိတ်ကုသပေးခဲ့ပါတယ်။ ညနေနှစ်နာရီမှာ ခွဲခန်းပြီးပါတယ်။

ညနေ လေးနာရီ ပြင်ပလူနာစဲသွားတာနဲ့ သင်တန်းကို စလိုက်ပါတယ်။

ဒီနေ့ အဘိဓမ္မာ ၉-ပိုင်းမှာ ရှေးအဋ္ဌကထာဆရာများက အနက်နဲ့

ဆုံးအပိုင်းပါလို့ ရည်ညွှန်းထားတဲ့ ဝီထိမုတ်ပိုင်း ဒါမှမဟုတ် ဘုံပိုင်းကို ပို့ချပေးပါ့မယ်။

ပထမဆုံး 'ဝီထိမုတ်' ဆိုတာကို ရှင်းပြပေးပါ့မယ်။ ဝီထိက အားလုံး သိပြီးတဲ့အတိုင်း စိတ်အစဉ် *mental process* ပါ၊ ပါဠိလို မုတ္တ ဆိုတာ လွတ်ကင်းတာ၊ ဒါကြောင့်မို့ ဝီထိမုတ်က စိတ်အစဉ်မှ လွတ်ကင်းသောစိတ် *'Process-freed Consciousness'* တွေကို ပြောတာပါ။

'ဆရာဖေလည်း စိတ်အစဉ်က လွတ်ကင်းသောစိတ်တွေကို ခန့်မှန်းကြည့်ပါလား'

'ဝီထိအစဉ်က လွတ်ကင်းတာဆိုတော့ ဘဝင်စိတ်တွေပဲ ဖြစ်မှာပေါ့ဆရာ၊ နောက် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တွေဟာ အမည်သာကွဲတာ အတူတူပဲဆိုတော့ သူတို့တွေလည်း ဝီထိမုတ်စိတ် ဖြစ်မယ်'

'မှန်ပါတယ်၊ မစန္ဒာလည်း ဘဝင်စိတ်တွေကို မှတ်မိသေးလား'

'သမီးမှတ်မိပါတယ်၊ ဥပေက္ခာ သန္တီရဏစိတ် ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါးနဲ့ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးဆိုတော့ အားလုံး ၁၉-ပါးရှိတယ်'

'သမီးပြောတဲ့ ဒီဘဝင်စိတ် ဒါမှမဟုတ် ဝီထိမုတ်စိတ် ၁၉-ပါးဟာ လက်ရှိဘဝမှာ ကိုယ်ပြုခဲ့တဲ့ကံအလျောက် ၃၁-ဘုံမှာ

ပဋိသန္ဓေစိတ်တွေဖြစ်တယ်၊ နောက် ဘဝဆက်လက်ရှင်သန်ဖို့ ဘဝင်စိတ်တွေဖြစ်ပြီး ဘဝတစ်ခု နိဂုံးချုပ်သွားတဲ့အခါ စုတိစိတ် အနေနဲ့ဆောင်ရွက်ပါတယ်။ ဒီလို ဝီထိမုတ်စိတ်တွေဟာ သတ္တဝါတွေ ကျင်လည်ရတဲ့ဘုံတွေမှာ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ အနေနဲ့ ဆက်စပ် ပါဝင်နေလို့ ဘုံပိုင်း *Bhumi or Plane Chapter* ဆိုပြီး အဘိဓမ္မာ မှာ ခေါ်ဆိုကြတယ်'

ဆရာဖေသိန်းက 'ကျွန်တော် ကိုရင်ဝတ်တုန်းက ဘုံပိုင်းနဲ့ ပတ်သက်ပြီး စာဖွဲ့ထားတာလေးကို မှတ်မိတယ်၊ သဒ္ဒါမှာ-လိင်၊ အဘိဓမ္မာမှာ-အိမ်၊ ဝိနည်းမှာ-သိမ်'

'ဆရာဖေက အမှတ်ရနေတာပဲ၊ ရှေးဆရာများက ခက်ခဲစွာ ဆောင်ရွက်ရတဲ့ အရာသုံးမျိုးကို လင်္ကာလေးနဲ့ စာဖွဲ့ထားခဲ့တယ်၊ သဒ္ဒါကို ကျွမ်းကျင်တတ်ဖို့က လိင်ကို ပိုင်နိုင်စွာ ခွဲနိုင်မှ ဖြစ်မှာ ပါ၊ အဘိဓမ္မာ ကိုးပိုင်းမှာလည်း ဝီထိမုတ်ပိုင်းဆိုတဲ့ ဘုံပိုင်းက ကျွမ်းကျင်စွာတတ်မြောက်ဖို့က အလွန်ခက်ခဲတာမို့ အဘိဓမ္မာမှာ အိမ်လို့ဆိုပါတယ်၊ အလားတူ ဝိနည်းကို ကျွမ်းကျင်စွာနားလည်မှ သိမ်ကို သမုတ်နိုင်လို့ ဝိနည်းမှာသိမ်လို့ ဆိုပါတယ်'

နိဗ္ဗာန်မရောက်မချင်း သတ္တဝါတွေ ကျင်လည်ရာနေရာ ဌာနပေါင်း ဒါမှမဟုတ် ခဏတာနေရမယ့် အိမ်မျိုးက ၃၁-မျိုး ရှိပေမယ့် သံသရာအဆက်ဆက်နဲ့ လက်ရှိဘဝမှာ မိမိပြုခဲ့တဲ့ ကံတွေအလိုက် ရောက်ရမယ့် ခရီးယန်းတိုင် *Destination* က လေးခု

ပဲရှိတယ်။

မစန္ဒာက 'ဘုံက ၃၁-ခုဆိုပေမယ့် အဓိကရှိတာ လေးမျိုးပဲနော်'

'မှန်ပါတယ်၊ ပါဠိလို ဘူမိစတုက္က *Four Planes of life* လို့ခေါ်တယ်၊ ဒါတွေကတော့-

-အပါယ်ဘုံ *The Plane of misery*

-ကာမသုဂတိဘုံ *The Sensuous blissful Plane*

-ရူပဘုံ *The Plane of fine-material* ရူပဘုံနဲ့

-အရူပဘုံ *The Plane of non-material* တို့ပါပဲ'

ဘုံဆိုတာ ကံတရားရဲ့ အကျိုးပေးရာဌာနဆိုတော့ မိမိပြုခဲ့တဲ့ ကံတွေအလျောက် နေရာဌာနတွေ ကွဲပြားခြားနားတာ မဆန်းပါဘူး။ နိုင်ငံတကာလေဆိပ်ကြီးတွေမှာ လေယာဉ်ပျံကြီးတွေက တစ်မိနစ် တစ်စင်းလောက် အတက်အဆင်းရှိနေပေမယ့် သွားတဲ့ ခရီးလမ်းဆုံးတွေဟာ မတူညီသလို ဘဝတစ်ခုနိဂုံးချုပ်တဲ့အခါမှာလည်း ကံအကျိုးပေးရာ ဘုံဌာနတွေကို ဦးတည်သွားကြရတယ်။

ပထမဆုံး အပါယ်ဘုံကို ပြောပြပါ့မယ်။ အပါယ်ဆိုတာ 'အပါယဘူမိ' ဆိုတဲ့ ပါဠိစကားလေးက ဆင်းသက်လာတာပါ။ အပါယ ဆိုတာ ကုသိုလ်ကောင်းမှုကင်းတာ၊ ဘူမိက သတ္တဝါတို့ရဲ့ဖြစ်တည်ရာအရပ်ဆိုတော့ ကုသိုလ်ကောင်းမှုကင်းပြီး အကုသိုလ်သာအဖြစ်များတဲ့ဘုံကို ခေါ်တာပါ။

အပါယ်ဘုံက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုပြီး

လေးဌာန ဒါမှမဟုတ် လေးဘုံ *Four states of woe* ရှိတယ်။

'ပထမဆုံး ငရဲကိုပြောပြပါ့မယ်၊ ငရဲဆိုတာ 'နိရယ' ဆိုတဲ့ ပါဠိစကားက ဆင်းသက်လာတာပါ၊ 'နိ' က မရှိခြင်း, 'အယ' က ချမ်းသာခြင်းဖြစ်လို့ ချမ်းသာမှုလုံးဝမရှိတဲ့၊ ဆင်းရဲခြင်းအတိ သာရှိတဲ့ဘုံလို့ အဓိပ္ပါယ်ရတယ်'

*Niraya or hell is the place where sinners are punished in after life.*

မစန္ဒာက 'သမီး ငရဲပြည်ရှစ်ထပ်ဆိုတာ ကြားဖူးတယ်၊ အဲဒီနေရာတွေက မြေကြီးအောက်ထဲမှာ ရှိတာနော်'

'မှန်ပါတယ်၊ ကျမ်းဂန်ထဲမှာ သိဉ္ဇိုင်း၊ ကာဠသုတ်၊ သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိ ဆိုပြီး ငရဲကြီးရှစ်ထပ်ရှိတယ်၊ သူတို့က ကမ္ဘာမြေပြင်အောက် ယူဇနာ ၁၅၀၀၀ ဝေးကွာတဲ့အရပ်ကစပြီး တစ်ခုနဲ့တစ်ခု ယူဇနာ ၁၅၀၀၀ ကွာဝေးပြီး ရှိတယ်'

မသင်းက 'တစ်ယူဇနာက မိုင်ဘယ်လောက်နဲ့ညီလဲ အစ်ကို'

'ကျမ်းဂန်အလိုအရ တစ်ချို့က တစ်ယူဇနာမှာ ၈-မိုင်လို့ ဆိုတယ်၊ ပါဠိအဘိဓာန်အရ တွက်ကြည့်ရင် တစ်ယူဇာနကို ၁၃-မိုင်လောက်ရှိတယ်၊ ဒါကြောင့်မို့ တစ်ယူဇာနဟာ ၈-မိုင်ကနေ ၁၃-မိုင်လောက်ရှိတယ်'

'ကမ္ဘာမြေထုက ယူဇနာဘယ်လောက်ရှိလဲ အစ်ကို'

'ကမ္ဘာမြေကြီးက ယူဇနာ နှစ်သိန်းလေးသောင်းရှိတယ်၊ တရားပွဲပြီးလို့ ရေစက်ချအမျှဝေတဲ့အခါ နှစ်သိန်းလေးသောင်း အထုရှိတဲ့ ပထဝီမြေကြီးကို သက်သေအရာထား၍ဆိုပြီး ကြားဘူး နေကျမှာပါ၊ အဲဒီမှာ မြေသားအထုဖြစ်တဲ့ ပံသုပထဝီက ယူဇနာ ၁၂၀၀၀၀၊ ကျောက်သားအထုဖြစ်တဲ့ သီလာပထဝီက ၁၂၀၀၀ ရှိတယ်'

'ဒါဆို ကမ္ဘာမြေထုက မိုင်နဲ့ဆို ယူဇနာ ၂၄၀,၀၀၀×၈ ဆိုတော့ မိုင်ပေါင်း သိန်းနှစ်ဆယ်လောက်ရှိတာပေါ့နော်'

'မှန်ပါတယ်၊ ဒါပေမဲ့ အဲဒီအတိုင်းအတာက လက်ရှိကမ္ဘာ မြေကြီးရဲ့ပမာဏနဲ့ မကိုက်ညီဘူးပေါ့ ညီမရယ်၊ သိပ္ပံပညာရှင်တွေရဲ့ တွေ့ရှိချက်အရ ကမ္ဘာမြေကြီးဟာ လုံးဝန်းနေပြီး နေစကြာဝဠာ *Solar system* ထဲမှာပါဝင်တယ်၊ အချင်းပမာဏကလည်း မိုင် ၈၀၀၀ လောက်ပဲရှိတယ်၊ နောက်ကမ္ဘာကြီးကို ရေထုနဲ့ လေထု က မထားတာမဟုတ်ပါဘူး၊ တကယ်တော့ ကမ္ဘာက နေကို လှည့်ပတ်ပြီး အာကာသထဲမှာ ရွေ့လျားနေတဲ့ နဂါးငွေ့တန်း *Milky way* မှာပါတဲ့ ဂြိုလ်ငယ်လေးတစ်ခုပါပဲ ညီမရယ်'

'အခုပြောခဲ့တဲ့ အကွာအဝေးတွေက သီဟိုဠ်သာသနာထွန်း ကားစဉ်က အရှင်အနုရုဒ္ဓါရေးခဲ့တဲ့ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းမှာ ဖေါ်ပြထားတာတွေပါ၊ တစ်ခုမှတ်စေချင်တာက အဘိဓမ္မာဆိုတာ ပရမတ်တရားတို့ရဲ့ သဘောသဘာဝနဲ့ အနှစ်သာရကို အဓိက

ထားပြီး ဟောထားတာပါ၊ ဒါကြောင့်မို့ ပရမတ်သဘောတရား ကပဲ အရေးကြီးပြီး ဝေးခြင်းနီးခြင်း *Far and near* ဆိုတဲ့ ဘုံအကွာအဝေး ပညတ်တွေက အရေးမကြီးပါဘူး'

'၃၁-ဘုံရှိတာကိုလည်း မြတ်စွာဘုရားက အကြောင်းအကျိုးနဲ့ ဆက်နွယ်ပြီး ဟောခဲ့ပေမယ့် တစ်ချို့ပုဂ္ဂိုလ်တွေက ၃၁-ဘုံရှိ တာကိုတောင် ငြင်းချင်ကြတယ်၊ အကြောင်းက လူနဲ့တိရစ္ဆာန် ကလွဲလို့ ကျန်တဲ့ဘုံတွေကို မမြင်ရလို့ပါ'

ဆရာဖေသိန်းက 'ဒီလို မမြင်ရလို့ မရှိဘူးဆိုရင် ဗုဒ္ဓမြတ်စွာ ဆိုလည်း အခုကနေတွက်ကြည့်ရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ကပွင့်ခဲ့တာပဲ၊ ကျွန်တော်တို့လည်း မြင်ရတာမှ မဟုတ်တာ၊ နောက်ဖခင်ဆိုလည်း အမေ့ဗိုက်ထဲရှိစဉ်က ကိုယ်မြင်ခဲ့ရတာမှ မဟုတ်တာ၊ မွေးပြီး မိခင်နဲ့ဆွေမျိုးတွေက အဖေဆိုပြီးပြောလို့ ကျွန်တော်တို့ လက်ခံလိုက်ရတာပဲ မဟုတ်လားဆရာ'

'ဆရာဖေ ယူဆတာ မှန်ပါတယ်၊ လောကမှာ မမြင်ရပေမယ့် ရှိနေတာတွေက အများကြီးပါပဲ၊ မြတ်စွာဘုရားရဲ့ 'သမ္မာသမ္ဗုဒ္ဓေါ' ဂုဏ်တော်ဆိုလည်း ကိုယ်တိုင်မှန်ကန်တဲ့တရားကို ထိုးထွင်းပြီး သိတာကိုပြောတာပါ၊ သူများကသင်ပေးလို့ သူများဆီက တစ်ဆင့် သိတာ ကြားတာမျိုး မဟုတ်ပါဘူး၊ ကိုယ်တိုင်သိပြီးသား တရား ကို ဟောတာပါ၊ ၃၁-ဘုံကိုလည်း ဒိဗ္ဗစက္ခုဉာဏ် *Divine Eye* ရဲ့ အပွားတစ်ခုဖြစ်တဲ့ ယထာကမ္မူပဂဉာဏ်နဲ့ လူတွေဟာ

ဘယ်လိုလုပ်ခဲ့ရင် ဘယ်ကံဖြစ်မယ်၊ ဒီလို ကံတရားကြောင့် ဘယ်ဌာန ကိုရောက်မယ်ဆိုတာ ကိုယ်တိုင်တွေ့မြင်ပြီး ဟောခဲ့တာပါ'

'ကျွန်တော် ပြည့်စုံသွားအောင် ငရဲဘုံကို ဆက်ပြီးပြောပါ့မယ်။ စာထဲမှာ ငရဲကြီးရှစ်ထပ်ဟာ လေးထောင့်ပုံရှိတဲ့ သေတ္တာအကြီးစား *Square box* နဲ့တူတယ်လို့ ဆိုပါတယ်၊ ငရဲကြီးတစ်ခုစီရဲ့ ထောင့် တစ်ခုစီမှာလည်း ဘင်ပုပ်, ပြာပူ, လက်ပံတောနဲ့ ကြိမ်ပိုက်ချောင်း ငရဲဆိုပြီး ငရဲငယ် လေးခုရှိတယ်။ လေးထောင့်ဆိုတော့ အာလုံး ငရဲငယ် ၁၆-ခု ရှိတာပေါ့'

မသင်းက 'ဒါဆို ငရဲကြီးရှစ်ထပ်မှာ ငရဲငယ်ပေါင်း ၁၆×၈ ဆိုတော့ ၁၂၈ ခုရှိတာပေါ့'

'မှန်ပါတယ်၊ အင်္ဂလိပ်လို ပြန်ထားတာလေးကလည်း ရှင်းတော့ အစ်ကိုရေးပြပါ့မယ်-

*Each major hell has the form of a square and on each side, there are again four minor hells namely, sewage swamp, field of hot ash, forest of thorn trees and hot river with canes.* '

မသင်းက 'ငရဲကြီးရှစ်ထပ်မှာ အဝီစိငရဲပဲ ကြားဖူးတယ်၊ ဒါကလည်း စာအုပ်ထဲမှာ မင်းက အဝီစိမှာ ချိုးကပ်မဲ့ကောင်လို့ ပြောသလို မြတ်စွာဘုရားကို တောင်ပေါ်က ကျောက်တုံးနဲ့လှိမ့်ချ ပြီး လုပ်ကြံတဲ့အရှင်ဒေဝဒတ် မြေမျိုတော့ အဝီစိငရဲရောက်သွား

တာကို မှတ်မိနေတယ်'

ဆရာကံမြင့်မှ 'အဝီစိငရဲက မြေကြီးအောက်ဆုံးနဲ့ အဆိုးဆုံး ငရဲလို့လည်း ပြောတယ်နော်'

'မှန်ပါတယ်၊ အကုသိုလ်ကံ သိပ်ကြီးမားတဲ့သူတွေ ရောက်တဲ့ နေရာပါပဲ၊ အဝီစိဆိုတာ အကြားအလပ်မရှိတာလို့ အဓိပ္ပါယ် ရတယ်၊ ငရဲ ခံနေရတဲ့သူတွေဟာ အပ်ဖူးထဲမှာ အပ်ကလေးတွေ ထည့်ထားသလို အကြားအလပ်မရှိဘဲ ပြည့်နေတယ်၊ နောက်မီးတောက် တွေလည်း တဟုန်းဟုန်းနဲ့ဆိုတော့ ခန္ဓာကိုယ်ဟာ ပူလောင်မှု ဝေဒနာတွေနဲ့ ချမ်းသာသုခ လုံးဝမရှိတဲ့နေရာပါ'

'အဝီစိငရဲကို ဘယ်လိုပြန်ထားလဲ ဆရာ'

*'Avici is the lowest hell in which beings are lived and suffered various types of pain continuously without happiness.'*

စာထဲမှာတော့ အဝီစိငရဲက လေးထောင့်အဆောက်အဦကြီး ဖြစ်ပြီး သံမိုးသံခင်းနဲ့ သံတံခါးကြီးတွေ တပ်ထားတယ်၊ တစ်ခါ တရံ တံခါးကြီးတွေက 'ဂျောင်း'ကနဲ ပွင့်လာတတ်တယ်၊ အဲဒီ အခါမှာ ငရဲသားတွေက လွတ်မလားလို့ ပြေးထွက်ပေမယ့် မလွတ် ပါဘူး၊ ထွက်ပြေးတဲ့သူတွေဟာပိုပြီး အနှိပ်စက်ခံရတယ်၊ အကု သိုလ် ကံတွေကုန်မှပဲ လွတ်ဖို့ရှိပါတယ်။

မသင်းက 'ငရဲဘုံနဲ့ပတ်သက်ပြီး ဆောင်းပါးတစ်ခုမှာ ဖတ်ဖူး

တယ်၊ ရုရှားနိုင်ငံ ဆိုက်ဘေရီးယားဒေသမှာ ကျောက်မီးသွေးတွင်း တူးရင်းနဲ့ တွင်းအောက်က မချိမဆံ့နဲ့ လူအော်သံတွေ ကြားရတာ မျိုး ဖတ်ဖူးတယ်'

'အစ်ကိုလည်း ဖတ်ဖူးတယ်၊ သုတေသနလုပ်ပြီး ခိုင်မာ တိကျတယ်ဆိုရင် သိပ်ကောင်းမှာ'

သူ့ထက် နဲနဲသက်သာတာက တိရစ္ဆာန်ဘုံပါ။ ဘုံဆိုပေမယ့် သီးခြားနေရာရှိတာမျိုးမဟုတ်ဘဲ မြေပြင်၊ ရေပြင်နဲ့ ကောင်းကင် မှာ လှည့်လည်ကျက်စားပြီး ကြီးနိုင်ငယ်ညှင်း ဘဝမျိုးနဲ့ နေနေကြ ရတာပါ။

ကျွန်တော်တို့ ဝက်၊ ဆိတ်၊ နွားဆို သတ်စားဖို့ ကားပေါ် တင်သွားတာတွေ၊ ကြက်တွေဆိုတည်း ခြေထောက်မှာ ကြိုးချည်ပြီး စက်ဘီးနောက်မှာ တင်ပြီးနင်းသွားတာတွေကို တွေ့နေကြရတာပဲ။ ဘယ်သူကမှလည်း မသတ်ကြပါနဲ့ကွာလို့ ကာကွယ်တားဆီး တာမရှိဘဲ လူပြုသမျှ နရတဲ့ဘဝမျိုးဆိုတော့ အလွန်သနားဖို့ ကောင်းပါတယ်။

တစ်ချို့ အတိတ်ကုသိုလ်ကံ နည်းနည်းပါလာတဲ့ ခွေး၊ ကြောင်၊ ကြက်တူရွေး၊ ငန်းစတဲ့ တိရစ္ဆာန်တွေသာ လူတွေက ကျွေးမွေးထားလို့ ကောင်းကောင်းမွန်မွန် နေရပါတယ်။ ဘုန်းကြီး ကျောင်းတို့၊ ကုသိုလ်ကောင်းမှု များများလုပ်တဲ့အိမ်ရှင်တွေနဲ့ နေရရင် ပရိတ်ရွတ်သံ၊ ပဋ္ဌာန်းရွတ်ဖတ်သံတွေ ကြားနေရတော့

နောင်ဘဝမှာ အဲဒီကုသိုလ်သတ္တိတွေ ပါသွားနိုင်ပါတယ်။ တိရစ္ဆာန်ဘုံကို *Animal Kingdom* လို့ပြန်တယ်။

တစ်ခါ ချမ်းသာသုခနဲ့ မရှိဘဲ အလွန်ပူပြင်းပြီး အရိပ်အာဝါသကင်းမဲ့တဲ့ နေရာက ပြိတ္တာဘုံပါပဲ။ ပြိတ္တာဆိုတာ အစာရေစာဝဝလင်လင် စားရတယ်မရှိဘဲ အိမ်ကြိုအိမ်ကြားမှာ လူတွေစွန့်ထားတဲ့ သလိပ်၊ အချွဲ၊ ထမင်းလုံး၊ စားကြွင်းစာကျန်တွေကို ကောက်စားနေရတဲ့ ဘဝမျိုးပါ။ တစ်ချို့က မြစ်ချောင်း အင်းအိုင်၊ အနီးအနားမှာနေပြီး ငါးလေးတွေ၊ ပုစွန်လေးတွေကို ရှာဖွေစားသောက်ရတယ်၊ တစ်ချို့က တောကြီးတောင်ကြီးမှာ နေပူခံ၊ မီးလောင်ခံ၊ ညှင်းဆဲနှိပ်စက်ခံပြီး ဆင်းဆင်းရဲရဲ နေရတယ်။

တစ်ချို့ပြိတ္တာတွေက ရှေးကပြုခဲ့တဲ့ ကုသိုလ်ကလည်း အထိုက်အလျောက်ရှိနေတော့ ကုသိုလ်၊ အကုသိုလ်ရောနေတဲ့ မိဿကကံ ခံစားနေရတဲ့ 'ဝေမာနိက' ပြိတ္တာမျိုးလည်း ရှိပါတယ်။ သူတို့ကတော့ နေ့စံ ညဉ့်ခံဆိုသလို နေ့ဘက်မှာ လူတွေလို ချမ်းချမ်းသာသာနေရပြီး ကောင်းကောင်းမွန်မွန် စားသောက်ရပေမယ့် ညဖက်မှာတော့ နည်းမျိုးစုံနဲ့ အနှိပ်စက်ခံရ၊ အရိုက်အနှက်ခံရ၊ မီးလောင်တာ ခံရပါတယ်။

'အရှင်ဇနကာဘိဝံသရေးတဲ့ ကျမ်းစာအုပ်ထဲမှာ ဒီလိုပြိတ္တာရွာမျိုးကို ရောက်သွားတဲ့သူတွေ ရှိတာကို ဖတ်ဖူးတယ်၊ ရွာသားတစ်ဦးဟာ ခရီးသွားရင်း မျက်စိလည်လမ်းမှားပြီး အလွန်ထူးဆန်းတဲ့ နေရာတစ်ခုကို ရောက်သွားတယ်၊ အဲဒီမှာ သပ်သပ်

ယပ်ယပ် ဆောက်ထားတဲ့အိမ်လေးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေကြတဲ့ လူတွေကို တွေ့လိုက်ရတယ်၊ အိမ်တစ်အိမ်အရှေ့မှာ သူ့အရင်ဆုံးသွားတဲ့ဇနီးသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်၊ သူ့ဇနီးခေါ်သွားတာနဲ့ အတူတူ နေဖြစ်တယ်၊ နောက်မှာ ကောင်းကောင်းမွန်မွန် စားသောက်ရပေမယ့် နေဝင်တာနဲ့ သူတို့ မျက်နှာတွေအားလုံးညှိုးငယ်သွားကြတယ်၊ သူလည်း ဆေးမိသလိုဖြစ်ပြီး အိပ်ပျော်သွားတယ်၊ တစ်ရက်မှာ မသင်္ကာတာနဲ့ သူ့ဇနီးဟောင်းကျွေးတဲ့ညစာမစားဘဲ နေလိုက်တော့ အိပ်ချင်စိတ်မရှိတော့ဘူး၊ ညဘက်ရောက်တော့ လူတွေအားလုံး တောင်အမြင့်ကြီးတစ်ခုကို တက်သွားတာတွေ့လို့ သူလည်း နောက်ကလိုက်ကြည့်တယ်၊ အဲဒီမှာအလွန်ကြီးမားတဲ့ ခွေးနက်ကြီးတွေရဲ့ အစားကိုခံရပြီး မသေမရှင်အော်ဟစ်နေတာကို တွေ့ရတယ်၊ ဒါနဲ့ သူလည်းကြောက်လန့်ပြီးပြန်လာခဲ့တယ်'

မစန္ဒာက 'အဲဒါနဲ့ ဘယ်လိုဖြစ်သွားလဲ ဆရာ'

'နံနက်အရုဏ်လင်းတော့ သူတို့အားလုံး သီးချင်းတွေဆိုပြီးပျော်ပျော်ရွှင်ရွှင် ပြန်လာကြတယ်၊ ဇနီးဟောင်းက သူကြောက်လန့်နေတာကိုတွေ့သွားတော့ အကြောင်းစုံကို သိသွားတယ်၊ ဒါနဲ့ရွာပြန်ရောက်မယ့်လမ်းကို ညွှန်ပြပေးပြီး သူ့အတွက် ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှအတမ်း ဝေပေးဖို့ မှာလိုက်တယ်'

မစန္ဒာက 'သံယောဇဉ်ဆိုတာ ဘဝခြားနေပေမယ့် ရှိနေတာပဲနော်'

'သမီးပြောတာ မှန်ပါတယ်၊ ဒီလို စွဲလန်းတပ်မက်တဲ့ တဏှာတွေကြောင့်ပဲ အားလုံးဟာ သံသရာကလွတ်အောင်ရုန်းဖို့ ခက်ခဲကြတာပေါ့'

မသင်းက 'ပြိတ္တာ၊ တစ္ဆေ၊ သရဲဆိုတာ အတူတူပဲလား အစ်ကို'

'အတူတူပါပဲ ညီမရယ်၊ သူတို့ကို တစ္ဆေ၊ သရဲ၊ သဘက်၊ ဘုတ် ဆိုပြီး အမည်အမျိုးမျိုး ပေးထားတာပါ'

'မှင်စာကျတော့ ဘယ်ထဲမှာပါလဲ'

'မှင်စာက အကောင်သေးငယ်တဲ့ ပြိတ္တာတွေကို ခေါ်တာပါ'

'ပြိတ္တာဘုံကို ဘယ်လိုပြန်လဲ ဆရာ'

'*Peta world where unhappy ghosts live* ဆိုပြီး ပြန်တယ်'

နောက် အသူရကာယ်ဆိုတာ ပြိတ္တာအကြီးစားတွေပါပဲ၊ ခန္ဓာကိုယ်က အလွန်ကြီးပေမယ့် ပါးစပ်ပေါက်က အပ်နဖားလောက်ပဲရှိတော့ ဘယ်လောက်စားစား ဝတယ်ဆိုတာမရှိဘူး၊ အများအားဖြင့် သမုဒ္ဒရာနဲ့ မြစ်ကမ်းခြေအရပ်တွေမှာ နေကြတယ်၊ ရေက အနားမှာ ရှိပေမယ့် တစ်ကယ်သောက်တော့ ရေခြောက်ခန်းသွားပြီး သဲပူတွေသာ တွေ့ရတယ်။

သူတို့ဟာ ဆာလောင်မွတ်သိပ်ခြင်း ဒုက္ခကို အမြဲတမ်း ခံစားနေရသလို ရုပ်အဆင်းကလည်း မြင်ရသူတိုင်း ကြောက်မက် ရွံရှာဖို့ကောင်းအောင် ဆိုးဝါးလွန်းတယ်။ အသူရကာယ်ကို *Demons*

လို့ခေါ်တယ်။

ကျွန်တော်ဆက်ပြီး ကာမသုဂတိ ၇-ဘုံကို ပြောပြပါ့မယ်။ ဒီမှာတော့ လူ့ပြည်နဲ့ နတ်ပြည်ခြောက်ထပ်ပါဝင်ပါတယ်။ ကာမသုဂတိဆိုတဲ့အတိုင်း ကာမဂုဏ်ချမ်းသာကို ခံစားနိုင်တဲ့ ကောင်းမွန်မြင့်မြတ်တဲ့ဘုံကို ပြောတာပါ။ အရိပ်အာဝါသကောင်းမွန်တဲ့ သစ်ပင်သစ်တောကြီးတွေရှိတဲ့ နေရာမျိုးနဲ့ တူပါတယ်။

လင်္ကာလေးနဲ့လည်း 'လူ၊ စ၊ တာ၊ ယာ၊ တုသိ၊ နိမ္မာ၊ ဝသာ၊ ပြည်ဝတ္တိ' လို့ မှတ်သားထားနိုင်ပါတယ်-

- လူ့ဘုံ *The Human realm*
- စတုမဟာရာဇ်ဘုံ *The realm of the Four Kings*
- တာဝတိံသာဘုံ *The realm of the King of the gods*
- ယာမာဘုံ *The realm of Yama gods*
- တုသိတာဘုံ *The delightful realm*
- နိမ္မာနရတိဘုံ *The realm of the gods who rejoice in their own creations*
- ပရနိမ္မိတဝသဝတ္တိဘုံ *The realm of the gods who bring under their way things created by others*

နတ်ပြည်ဟာ လူ့ပြည်နဲ့စာရင် ကာမဂုဏ်စည်းစိမ်အမျိုးမျိုး စိတ်တိုင်းကျ ခံစားနိုင်တဲ့ရောပါပဲ။ နတ်တွေဟာ ကုသိုလ်ကံ သက်တမ်းရှိသလောက် လူတွေလို ဆံဖြူ၊ သွားကျိုး၊ နားမကြား၊ မျက်စိမွဲ၊ အိုမင်းရင့်ရော်တာမျိုးမရှိဘဲ နတ်သားဆိုလည်း အသက် ၂၀-အရွယ်၊ နတ်သမီးဆို အသက် ၁၆-နှစ်အရွယ်မှာပဲ နုပျိုလှပစွာ ရှိကြတယ်။

ဆရာကျော်မြင့်က 'လူတွေလို ဆီး၊ ဝမ်း သွားရတာမျိုး လည်း မရှိဘူးပေါ့'

'မှန်ပါတယ်၊ သူတို့က နတ်သြဇာကိုပဲ စားသောက်နေရလို့ လူတွေလို ဝမ်းသွားတာ၊ ဆီးသွားရတာမျိုး မရှိပါဘူး၊ နတ်သမီး တွေဆိုလည်း လစဉ်မွေ့တာလာမရှိလို့ လူတွေလို ကိုယ်ဝန်ဆောင် ရတာမျိုးမရှိဘဲ သားသမီးဖြစ်လာတဲ့ နတ်သား၊ နတ်သမီးလေး တွေက ရင်ခွင့်ထဲမှာ ဒါမှမဟုတ် အိပ်ရာပေါ်မှာ ပေါ်လာကြတယ်'

ဆရာကံမြင့်က 'လူ့ပြည်နဲ့စာရင် နတ်ပြည်က အများကြီး သာတာပေါ့'

'ဆရာကံ ယူဆသလို ကျွန်တော်အရင်တုန်းက နတ်ဘဝ ဟာ ကိုယ်ရောင်ကိုယ်ဝါထွန်းလင်းပြီး ကာမစည်းစိမ်တွေ အမျိုး မျိုးခံစားနိုင်တော့ ပိုပြီးကောင်းတယ်လို့ ထင်တယ်၊ ဒါပေမဲ့ နတ်ဘဝဟာ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ကံအရှိန်တွေ ကုန်သွားရင် လူဘဝ ဒါမှမဟုတ် အပါယ်ဘုံတောင် ရောက်သွားနိုင်သေးတယ်၊

ကုသိုလ်လုပ်ဖို့က တာဝတိံသာမှာ သုဓမ္မာ ဓမ္မာရုံနဲ့ စူဠာမဏိ စေတီရှိတယ်ဆိုပေမယ့် နတ်သမီးလေးတွေက အရမ်းချောတော့ တရားအားထုတ်ဖို့ဆိုတာ မလွယ်ပါဘူး၊ ဒါကြောင့်မို့ ဘုရားအလောင်းတွေဟာ ပါရမီဖြည့်ခွင့်မရတဲ့ နတ်ပြည်မှာ သက်တမ်းစေ့အောင်မနေကြဘဲ လူ့ပြည်မှာပဲ ပါရမီဖြည့်ကြည့်တယ်'

'ဆရာက ဒါဆို လူ့ပြည်က အကောင်းဆုံးလို့ ယူဆတာပေါ့'

'ဟုတ်ပါတယ်၊ လူ့ဘဝမှာ မွေးဖွားရလာပြီဆိုကတည်းက အိုရ၊ နာရ၊ သေရမှာ မလွဲကြုံရပေမယ့် ကုသိုလ်ကောင်းမှုတွေလုပ်ဖို့၊ ပါရမီတွေဖြည့်ဖို့ အကောင်းဆုံးနေရာပါပဲ၊ ဒါကြောင့်လည်း ကျွန်တော် ကာမစည်းစိမ်မျိုးစုံ ခံစားနိုင်တဲ့ နတ်ဘဝနဲ့ မြင့်မြတ်စင်ကြယ်တဲ့ ဗြဟ္မာဘဝလည်း အားမကျဘူး၊ နောင်ဘဝတွေမှာလည်း လူ့ပြည်မှာပဲ ပြန်ဖြစ်ဖို့ အဓိဋ္ဌာန်ထားတယ်'

မသင်းက 'အစ်ကိုက အများအကျိုး သယ်ပိုးချင်တာလည်း ပါမှာပေါ့'

'ညီမ ထင်တာလည်း မှန်ပါတယ်'

'ဒီနေရာမှာ အလျဉ်းသင့်လို့ ပရိတ်ကြီး ၁၁-သုတ်မှာ အစ်ကို အနှစ်သက်ဆုံးက ရတနသုတ်ဖြစ်သလို အဲဒီသုတ်ရဲ့ အမွှမ်းကလည်း အလွန်ကောင်းလို့ ပြောပြပေးချင်တယ်၊ မြတ်စွာဘုရားအလောင်းတော်ရဲ့ ရည်မှန်းထားတဲ့ ဆန္ဒတွေဟာ လောကရဲ့ အကျိုးကို သယ်ပိုးဖို့က 'လောကတ္ထစရိယံ'၊ ဆွေမျိုးညာတကာ

အပေါင်းရဲ့ အကျိုးစီးပွားအတွက် 'ဉာတတ္ထစရိယံ'၊ နောက်မှ ဗုဒ္ဓဖြစ်ခြင်းအလို့ငှာ 'ဗုဒ္ဓတ္ထစရိယံ'ပါ၊ ကိုယ့်အကျိုးကို ရှေ့တန်း မတင်တဲ့ အလောင်းတော်ရဲ့ စိတ်ဓါတ်မျိုးဟာ တကယ်အားကျဖို့ ကောင်းပါတယ်'

ဆရာဖေသိန်းက '၃၁-ဘုံမှာ လူ့ပြည်က ကုသိုလ်ကောင်းမှု လုပ်ဖို့ အခွင့်သာဆုံးနေရာဆိုတာ ကျွန်တော်လည်း လက်ခံသွား ပါပြီ၊ ဒါကြောင့်မို့ ဆရာတော်တွေက လူ့ဘဝဟာ အလွန်ရခဲ တယ်လို့ ပြောတာကိုး'

ဆရာကျော်မြင့်က 'ဗြဟ္မာဘဝက အထက်တန်းကျတယ် ဆိုပေမယ့် ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုံ့ရှုံ့ ဆိုတော့ အပါယ်ဘုံလည်း ရောက်နိုင်တာပေါ့နော်'

'ဗြဟ္မာဘဝက သမထကျင့်စဉ်နဲ့ ကုသိုလ်အဟုန်ကြီးမားတဲ့ သူတွေမှ ရောက်နိုင်တဲ့နေရာပါ၊ ဒါကြောင့်မို့ ဗြဟ္မာဘဝက စုတေတာနဲ့ ချက်ခြင်းဝက်ဘဝတော့ မရောက်ပါဘူး၊ လူ့ဘုံ ဒါမှမဟုတ် နတ်ဘုံမှာဖြစ်ပြီးမှ ကိလေသာတွေ မကင်းသေးလို့ အကုသိုလ်တွေလုပ်မိမှ တိရစ္ဆာန်ဘဝကို ရောက်နိုင်ပါတယ်'

မစန္ဒာက 'ဗြဟ္မာပြည်ကနေ ဝက်မလေးဖြစ်တာကို ကြားဖူး တယ်၊ ဆရာ အပြည့်အစုံ ပြောပြလို့ရမလား'

ဆရာ မှတ်မိသလောက် ပြောပြပါ့မယ်၊ ဘုရားလက်ထက်က ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံထွက်ရင်း မြို့အဝင်မှာ ဝက်မလေးတစ်ကောင်

ကိုတွေ့တော့ ဗုဒ္ဓမြတ်စွာက ပြုံးတော်မူပါတယ်။ နောက် တော်က လိုက်ပါလာတဲ့ အရှင်အာနန္ဒာက သွားတော်မှအရောင် ထွက်တာ ကိုတွေ့ရတော့ ပြုံးရတဲ့ အကြောင်းရင်းကို မေးလျှောက်ပါတယ်-

ဒီအခါမှာ 'ချစ်သားအာနန္ဒာ၊ အဲဒီဝက်မလေးကို မြင်လို့ ပြုံးတာပါ..'လို့ မိန့်တော်မူပါတယ်၊ ဆက်ပြီး ဒီဝက်မလေးဟာ သာမည မဟုတ်ဘူး ဗြဟ္မာ့ပြည်က လာတာဆိုပြီး ဝက်မလေးရဲ့ သံသရာခရီးကို မိန့်ကြားခဲ့ပါတယ်။

ဝက်မလေးဟာ ကကုသန် မြတ်စွာဘုရား လက်ထက်က ကြက်မလေး ဖြစ်ခဲ့ပါတယ်။ အဲဒီအခါက ဘုန်းကြီးကျောင်း တစ်ခုရဲ့အနီးမှာ ကျင်လည်ကျက်စားခဲ့ရတော့ တရားရွတ်ဖတ်သံ တွေကို အမြဲကြားနေရပါတယ်။ ဘဝနှောင်းပိုင်းကာလ တရား ရွတ်ဖတ် သရဇ္ဈာယ်တဲ့ အသံကြားခိုက်မှာပဲ ကွယ်လွန်သွားလို့ နောင်ဘဝမှာ ဒုဗ္ဗရီဆိုတဲ့ မင်းသမီးဘဝ ရောက်ရှိခဲ့ပါတယ်။

မင်းသမီးလေးဘဝမှာ တရား သံဝေဂရတဲ့အတွက် ရသေ့မ အနေနဲ့ တရား အားထုတ်ပါတယ်။ တစ်နေ့ ကုဋ္ဌီအဝင် လောက် တွေကိုတွေ့လို့ ဘာဝနာပွားလိုက်တာ ပထမဈာန် ရသွားပါ တယ်။ ဒါကြောင့်မို့ ရသေ့မဘဝမှ စုတိတဲ့အခါ ဈာန်အစွမ်း ကြောင့် အထက်ဗြဟ္မာပြည်မှာ ကမ္ဘာနဲ့ချီပြီး နေရပါတယ်။

ဗြဟ္မာသက်တမ်း ကုန်ဆုံးသွားတော့ လူ့ပြည်မှာ သူဌေး သမီး လာပြန်ဖြစ်ပါတယ်။ အဲဒီဘဝမှာ အကုသိုလ်ကံတွေ ပြု

ခဲ့လို့ မြတ်စွာဘုရားရှင်လက်ထက်မှာ ဝက်မလေး လာဖြစ်ပါတယ်။

ဒီလို မြတ်စွာဘုရားက ဝက်မလေးရဲ့သံသရာစက်ဝိုင်း *'The Samsara of a small pig'* ကို ဟောကြားလိုက်တဲ့အခါ နောက်ပါရဟန်းတွေ အားလုံးလည်း အလွန်ထိတ်လန့် သံဝေဂ ဖြစ်သွားပါတယ်။

ဝက်မလေးဘဝက စုတေသွားတဲ့အခါ သုဝဏ္ဏဘူမိ အရပ်မှာ မင်းသမီးလေး လာဖြစ်ပါတယ်။ သုဝဏ္ဏဘူမိ ဆိုတာ သထုံပြည်လို့ အများကခေါ်ကြပါတယ်။

တစ်ခါ သုဝဏ္ဏဘူမိ မင်းသမီးဘဝမှ ကွယ်လွန်တဲ့အခါ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့မှာ အမျိုးသမီး လာဖြစ်ပါတယ်။

အဲဒီဘဝမှ စုတေတဲ့အခါ မွန်ဘိုင်းမြို့ရဲ့ အရှေ့တောင်အရပ်မှာ ရှိတဲ့ ဝနဝါသီတိုင်းမှာ အမျိုးသမီး လာဖြစ်ပါတယ်။

အဲဒီဘဝမှ ကွယ်လွန်တဲ့အခါ မွန်ဘိုင်းမြို့မြောက်ဘက် ပင်လယ်ကမ်းခြေ သုပ္ပါရက သင်္ဘောဆိပ်အရပ်မှာ မြင်းကုန်သည်သမီး လာဖြစ်ပါတယ်။ သူမကွယ်လွန်တော့ အိန္ဒိယ အရှေ့တောင်ဘက်စွန်းမှာရှိတဲ့ ကာဝီရ သင်္ဘောဆိပ်အရပ်မှာ လှေသူကြီးသမီးလာဖြစ်ပြီး တစ်ခါ စုတေပြန်တော့ ယခု သီရိလင်္ကာ နိုင်ငံ အနုရာဓမြို့မှာ လာဖြစ်တယ်။

အဲဒီဘဝမှ စုတေတဲ့အခါ အနုရာဓမြို့တောင်ဘက် ဘောက္ကန္တ

ဆိုတဲ့ရွာမှာ သုမနာသူကြွယ်ရဲ့သမီး လာဖြစ်ပါတယ်။ ဖခင် အမည်ကိုစွဲပြီး သုမနလို့ပဲ ခေါ်ပါတယ်။ တစ်နေ့ ဒုဋ္ဌဂါမဏီမင်းရဲ့ အမတ်ဖြစ်သူ အတိမ္ဗရ ရွာသို့ရောက်လာတဲ့အခါ မယ်သုမနာ ကိုတွေ့ပြီး မေတ္တာသက်ဝင်သွားပါတယ်။ ဒါနဲ့ ထိမ်းမြား မင်္ဂလာ ပြုပြီး သူ့နေရပ် မဟာပုဏ္ဏရွာသို့ ခေါ်ဆောင်သွားပါတယ်။

အဲဒီရွာမှာနေစဉ် တောင်စွန်း ကျောင်းတိုက်ကြီး၌ သီတင်း သုံးသော မဟာအနုရုဒ္ဓါမထေရ်ဟာ တစ်နေ့ ဆွမ်းခံကြွလာ ပါတယ်။ သုမနာသူကြွယ်ရဲ့ အိမ်ရှေ့ရောက်လို့ မယ်သုမနာ ကို မြင်တွေ့ရတဲ့အခါ နောက်ပါ ရဟန်းများကို···

'ငါ့ရှင်တို့၊ ဘုရား လက်ထက်တော်က ဝက်မလေးဟာ အတိမ္ဗရ အမတ်ကြီးကတော် ဖြစ်နေပါလား··' လို့ ပြောလိုက် ပါတယ်။

မယ်သုမနာ ကြားလိုက်တဲ့အခါ 'ဆရာတော် ဘယ်လို ပြောလိုက်တာပါလိမ့်···' ဆိုပြီး လန့်သွားပါတယ်။

ဒါပေမဲ့ ပါရမီရှိသူဖြစ်လို့ အတိတ်ဘဝတွေကို ပြန်မြင်နိုင်တဲ့ ဇာတိဿရဉာဏ် *Knowledge of one's own existence in past life*ရတ်တရက် ဖြစ်ပေါ်ပြီး ကြက်မ၊ သူဌေးသမီး၊ ဗြဟ္မာ၊ ဝက်မလေးစတဲ့ ရှေးရှေးဘဝတွေကို ပြန်မြင်ရတော့ သံဝေဂ အလွန်ဖြစ်သွားပါတယ်။

ဒါ့ကြောင့်မို့ ခင်ပွန်းသည် အမတ်ကြီးထံ ခွင့်ယန်ပြီး သာသနာ့

ဘောင်သို့ ဝင်ရောက်ခဲ့ပါတယ်။ တရားဘာဝနာ မပြတ်ရှုမှတ်ပြီး မဟာသတိပဋ္ဌာန်သုတ်ကို နာကြားရတဲ့အခါ သောတာပန်ဆိုက်ပြီး နောက် ရဟန္တာ ဖြစ်သွားပါတယ်။ ဒီလို ကံအကြောင်းတရားတွေ ကြောင့် ဘဝတွေဟာ အလွန်ဆန်းကြယ်ပြီး နိမ့်ချီမြင့်ချီ လှိုင်းတွေပမာ သံသရာတစ်ခွင်မှာ ကျင်လည်နေရတာပါ။

သုမနာ ထေရီမရဲ့ ဘဝဖြစ်စဉ်ကို မဟာစည်ဆရာတော် မှ အောက်ပါအတိုင်း လင်္ကာလေး ဖွဲ့ဆိုထားပါတယ် …

'လူ၊ ကြွက်မကြီး၊ မင်းသမီးတဖြာ၊ ပြဟ္မာ၊သူဌေး ၊ဝက် လေးဖြစ်ရ၊ သုဝဏ္ဏ ဗာရာ၊ ဝနဝါနှင့်၊ သုပ္ပါရက၊ ကာဝီရမှ သီဟဠနုရာ၊ ဘောဏ္ဍန်ရွာဟု၊ ဖြစ်ရာပေါင်းစု၊ ဆယ့်သုံးခုသည် မယ်သုမနာ ဖြစ်စဉ်တည်း …'

ဝက်မလေးရဲ့ဘဝကို ပြန်ကြည့်လိုက်ရင် ကံတွေရဲ့ အကျိုးပေး တာဟာ အလွန် အံ့ဩဖွယ်ရာ ဖြစ်နေသလို မြတ်စွာဘုရားရှင်နဲ့ ဈာန်အဘိညာဉ်ရ ရဟန္တာအရှင်မြတ်များရဲ့ အားကြီးသောမှီရာဆိုတဲ့ ဥပနိဿယပစ္စည်းနဲ့ ကျေးဇူးပြုတာကိုလည်း သတိထားမိမှာပါ။

'ဒါကြောင့် မမြင်ရလို့ ၃၁-ဘုံရှိတယ်၊ မရှိဘူး အငြင်းပွား နေတာထက် မြတ်စွာဘုရားဟောခဲ့သလို မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား ဆိုတဲ့အတိုင်း ခဏတာ ဘဝခရီးမှာ ကုသိုလ်တွေများများ ပါသွားဖို့က ပိုအရေးကြီးပါ တယ်'

ဆရာဖေသိန်းက 'ကိုယ်ကောင်းက ခေါင်းဘယ်မရွှေ့ဆိုတဲ့ မြန်မာစကားပုံလိုပေါ့ ဆရာ'

'မှန်ပါတယ်၊ ဆရာဖေပြောသလို ရင်ထဲ နှလုံးသားထဲက အမြဲဖြူစင်နေရင် လူခေါင်းပဲ ဘဝဆက်တိုင်းဖြစ်နေလို့ ခေါင်းက မရွှေ့တော့ ဘူးပေါ့၊ ဒါပေမဲ့ ကိုယ်ကမကောင်းလို့ အကုသိုလ်တွေ လုပ်မိတဲ့အခါမှာ သံသရာမှာ ခွေးခေါင်းဖြစ်လိုက်၊ နွားခေါင်း ဖြစ်လိုက်၊ ပြိတ္တာခေါင်းဖြစ်လိုက်နဲ့ အောက်ဖက်ကိုလည်း စုန်ဆင်း နေရမှာ၊ ဒီစကားပုံလေးကို *If a person is really innocent, the head will not be moved* လို့ ပြန်ထားတယ်'

'ကျွန်တော့်အနေနဲ့ အဘိဓမ္မာ သင်ယူပြီးသွားတဲ့အခါ မှန်ကန် တဲ့အမြင်နဲ့ ကုသိုလ်ကောင်းမှုတွေကို တိုးပွားပြီး လုပ်နိုင်မယ်လို့ မျှော်လင့် ပါတယ်'

ညနေငါးနာရီ ထိုးတော့မှာမို့ သင်တန်းကို နားလိုက်ပါတယ်။ ဒီနေ့ ဆရာကျော်မြင့်က မုန့်ဟင်းခါးကျွေးပြီး ကုသိုလ်ယူပါတယ်။

မသင်းက 'အစ်ကိုလည်း ညစာကို ညီမတို့နဲ့ပဲ လာစား လိုက်ပါ၊ ဒီနေ့ ငါးထမင်းနယ် လုပ်စားမလို့'

'ကောင်းပါပြီ ညီမရယ်'

ညနေပိုင်းမှာ ကျွန်တော် ရေချမ်းပြင်ဘက်ကို လမ်းလျှောက် ဖြစ်ပါတယ်။ လမ်းတလျှောက်မှာ အာရုံသိပ်မများလို့ သမ္ဗုဒ္ဓေ ဂါထာတော် ပုတီးစိပ်ရတာလည်း အနက်အဓိပ္ပါယ်ပါ စိတ်ထဲ

အောက်မေ့နိုင်လို့ ကျေးဇူးများလှပါတယ်။

ညပိုင်းမှာ ဆေးရုံအုပ်ကြီးက အိမ်မှာ လက်ဖက်ရည်သောက် ဖိတ်လို့ သွားလိုက်ပါတယ်။ လက်ဖက်ရည်သောက်ရင်း ဆေးကုသမှုမှာ တွေ့ကြုံရတဲ့ အခက်အခဲများကို ရင်းရင်းနှီးနှီးဆွေးနွေး ဖြစ်ပါတယ်။ ဆွေးနွေးပွဲအပြီးမှာ ဆေးရုံအုပ်ကြီးက ထုံးစံအတိုင်း မမေ့ပါနဲ့ နှင်းနွယ်ရယ်သီချင်းနဲ့ ကာရာအိုကေ စဆိုပါတယ်။ မသင်း၊ မမျိုးနဲ့ ကိုသိန်းက အသံကောင်းသူ များဖြစ်လို့ အလှည့်ကျဆိုကြပါတယ်။

အဲဒီနေ့က မသင်းဆိုသွားတဲ့ 'သံသရာတစ်ကွေ့ဝယ်' သီချင်းလေးက အကြောင်းကံတွေပေါင်းဆုံမှ ဘဝမှာအတူ ဆုံဆည်းရသလို ကံတွေနှောင်းသွားတဲ့အခါ ရင်နင့်စွာနဲ့ ခွဲခွာရတဲ့အဖြစ်မျိုးကိုလည်း ကြုံတွေ့ရတတ်တဲ့ သဘောသဘာဝလေးကို ဖော်ကျူးထားပါတယ်။

ညပိုင်းမှာ ကျွန်တော်မနားနိုင်သေးဘဲ ရှေ့ဆက်ပို့ချမယ့် ပဋ္ဌသန္ဓေစိတ်များနဲ့ ကံအမျိုးအစားများအတွက် အရှင်ဇနကာဘိဝံသ ပြုစုတဲ့ အခြေပြုသင်္ဂြိုဟ်နဲ့ ဘာသာဋီကာ ကျမ်းစာအုပ်များကို ဖတ်ရှုဖြစ်ပါတယ်။

# (၂)
# ဘဝတစ်ခု မွေးဖွားခြင်း

၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် တနင်္ဂနွေနေ့။

ဒီဇင်ဘာဆောင်းရက်များဟာ အေးမြလှပါတယ်။ နံနက်စောစော ၃-နာရီမှာ တံခါးခေါက်သံကြောင့် အိပ်ယာမှနိုးသွားပါတယ်။ ကျွန်တော် အခန်းတံခါးဖွင့်လိုက်တော့ အမျိုးသမီးဆောင်မှ ဆရာမဒေါ်ချယ်ရီနှင့် သူနာပြုလေး မောင်အေးထွန်းဖြစ်နေပြီး-

'ဆရာ ကျောက်တော်ဘက်က အမျိုးသမီးတစ်ဦး ရေမြွာပေါက်ပြီး ကလေးမမွေးနိုင်လို့ ရောက်လာတယ်၊ ကျမ စမ်းကြည့်တော့ ခြေထောက်နဲ့ဦးတည်တဲ့ *Breech presentation* ဖြစ်နေတယ်'

'ကျွန်တော် အခုပဲ လိုက်ကြည့်ပေးပါ့မယ်'

ကျွန်တော် သားဖွားဆောင်ရောက်တော့ အသက် ၃၅-နှစ်အရွယ် အမျိုးသမီးတစ်ဦး နာကျင်မှုနဲ့ အော်ဟစ်နေတာကို တွေ့ရပါတယ်။ စမ်းသပ်ကြည့်လိုက်တော့ အမေရော ကလေးလေးပါ *Maternal and foetal distress* ရနေတာကို တွေ့ရပါတယ်။ ပထမကလေးတုန်းကလည်း ဗိုက်ခွဲပြီးမွေးထားတာမို့ အရေးပေါ်ခွဲခန်းဝင်ဖို့ ပြင်ဆင်ရပါတယ်။

မသင်းလည်း ချက်ခြင်းရောက်လာပြီး ကူညီပေးပါတယ်။

နံနက် ၄-နာရီမထိုးခင်မှာ ခွဲခန်းစနိုင်ပြီး ၄-နာရီတိတိမှာ 'အူဝဲ-အူဝဲ' လို့ အော်သံနှင့်အတူ သားယောကျ်ားလေးကို ချော ချောမောမော မွေးပေးနိုင်ခဲ့ပါတယ်။ မိခင်ကတော့ သွေးအားနည်း နေလို့ သွေးသွင်းပေးလိုက်ပါတယ်။

မသင်းက 'ဘဝတစ်ခုဖြစ်လာဖို့က ကံအကြောင်းတွေအများ ကြီး ပါတယ်နော်'

'ညီမပြောတာ မှန်ပါတယ်၊ လူ့ဘဝကို အင်္ဂါစုံစုံလင်လင်နဲ့ ချောချောမောမော ရောက်လာဖို့က မလွယ်လှပါဘူး၊ အစ်ကိုလည်း ဒီနေ့ ဘဝတစ်ခုမှာ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တွေ ဖြစ်တာကို ပို့ချပေးမလို့ ပြင်ထားတယ်'

ကျွန်တော်နဲ့ မသင်းလည်း ကလေးရောအမေပါ စိတ်ချရမှ သားဖွားဆောင်က ပြန်ခဲ့ပါတယ်။ မသင်းက-

'ဒီနေ့ ဈေးကားရှိတယ်၊ ညီမကို လောကနန္ဒာဘုရားနဲ့ ဈေးကိုလိုက်ပို့ပေးနော်'

'ပို့ပေးပါ့မယ် ညီမရယ်၊ အစ်ကိုတို့ နံနက် လူနာကြည့်ပြီး တာနဲ့ သွားကြတာပေါ့'

ကျွန်တော်တို့ နံနက်ပိုင်းမှာ လောကနန္ဒာဘုရားကို အရင် ဝင်လိုက်ပါတယ်။ နေအရုဏ်အတက်မှာ ရွှေရောင်ဝင်းနေတဲ့ မြတ်စွာဘုရားကို ဖူးတွေ့လိုက်ရတော့ အာလုံးရဲ့ရင်ထဲမှာ ချမ်းမြေ့ သွားပါတယ်။ ဘုရားရင်ပြင်ပေါ်က လွမ်းဆွတ်ဖွယ် ဆည်းလည်း

ခတ်သံလေးကလည်း မမြဲတဲ့သဘာဝကို ဖော်ကြူးပြသနေပါတယ်။

ကျွန်တော်လည်း အချိန်ရတာနဲ့ မဟာပဋ္ဌာန်းနဲ့ ဘုရားကို ပူဇော်လိုက်ပါတယ်။ ဘုရားဝတ်ပြုအပြီးမှာ မသင်းက ကျွန်တော့်ကို သစ္စာပန်းများ လာပေးပါတယ်။ ဘုရားပုရဝဏ်ကို တစ်ပတ်ပတ်ပြီး ပန်းအိုးမှာ အတူတူထိုးဖြစ်ပါတယ်။

ဘုရားဖူးပြီးတော့ စစ်တွေဈေးကို ဆက်သွားလိုက်ပါတယ်။ ဈေးရှေ့က စာအုပ်ဆိုင်မှာကျွန်တော်နေခဲ့ပြီး မသင်းနဲ့မစန္ဒာက ဈေးဝယ်သွားပါတယ်။ ဈေးကအပြန် စစ်တွေဆိပ်ကမ်းနားက ဆိုင်မှာ မုန့်ဟင်းခါးစားဖြစ်ပါတယ်။

နံနက်စာစားအပြီး တိမ်ထူပြီး နေခြည်သိပ်မပွင့်တာမို့ ကျွန်တော်တို့ စစ်တွေဆိပ်ကမ်းကနေ ပင်လယ်ပြင်ကြီးရဲ့ သဘာဝအလှတွေကို ခံစားကြည့်ကြပါတယ်။ ပင်လယ်ပြင်ကိုဖြတ်ပြီး တိုက်ခတ်လာတဲ့ လေကလည်း အေးမြလှပါတယ်။

မသင်းမှာ အနွေးထည်မပါလာလို့ ကျွန်တော်ဝတ်ထားတဲ့ ဂျာကင်အင်္ကျီလေးကို ပေးလိုက်ပါတယ်။ မသင်းက လေအဝှေ့မှာ လှုပ်ရမ်းသွားတဲ့ ဆံနွယ်လေးများကိုသပ်ရင်း ယူလိုက်ပါတယ်။

'အစ်ကို ချမ်းနေမှာပေါ့'

'အစ်ကိုက ကျင့်သားရနေပါပြီ၊ ညီမက အအေးမိရင် ဖျားတတ်လို့'

ဆေးရုံပြန်ရောက်တော့ အရေးပေါ်လူနာမရှိတာနဲ့ ခဏနား

လို့ ရသွားပါတယ်။ နေ့လည်စာကို မသင်းက ရုံးခန်းမှာ ဂဏန်း မဆလာဟင်းနဲ့ ကျွေးပါတယ်။ ကျွန်တော်လည်း စစ်တွေရောက်မှ ပင်လယ်စာတွေကို တော်တော်စုံအောင် စားဖြစ်သွားပါတယ်။

နေခင်းပိုင်းမှာ သစ္စာကိုဆက်ရေးဖြစ်ပြီး အရေးပေါ်လူနာ မရှိတာနဲ့ ညနေလေးနာရီမှာ သင်တန်းကိုပုံမှန် စနိုင်ခဲ့ပါတယ်။

'ဒီနေ့ ဘုံပိုင်းမှာ ဘဝတစ်ခုဖြစ်ပေါ်ဖို့ အရေးကြီးတဲ့ ပဋိသန္ဓေ စိတ်တွေကို ပြောပြပါ့မယ်၊ အားလုံးသိပြီးတဲ့အတိုင်း စိတ် ဖြစ်စဉ်မှာ ဝီထိစိတ်နဲ့ ဝီထိမုတ်စိတ်ဆိုပြီး ခွဲထားတယ်၊ အဲဒီမှာ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စကို ဆောင်ရွက်တဲ့ ဝီထိမုတ်စိတ်က ၁၉-ပါး ရှိတယ်'

'ပထမဆုံး အဟိတ်စိတ် ၁၈-ပါးထဲက ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် *'Investigating - consciousness accompanied by indifference'* ကို မှတ်မိပါလိမ့်မယ်၊ ဒီစိတ်ဟာ အလွန်ထူးခြားတဲ့စိတ်ပါ'

ဆရာဖေသိန်းက 'ကျွန်တော် ကိုရင်ဝတ်တုန်းက ၅-ကိစ္စ ၅-ဌာနတပ်တဲ့ စိတ်လို့ခေါ်တာမှတ်မိနေတယ်'

'မှန်ပါတယ်၊ ဝီထိအစဉ်နဲ့ တွဲတဲ့အခါ သူကစူးစမ်းတဲ့ သန္တီရဏ ကိစ္စနဲ့ တဒါရုံကိစ္စကို ဆောင်ရွက်ပေမယ့် ဝီထိမုတ်ဖြစ်တဲ့အခါ ပဋိသန္ဓေကိစ္စ ,ဘဝင်ကိစ္စနဲ့ စုတိကိစ္စကိုပါ ဆောင်ရွက်လို့ အလွန် အလုပ်များတဲ့ စိတ်လို့လည်း ပြောနိုင်ပါတယ်၊ အင်္ဂလိပ်လို *involved*

*or engaged* ဖြစ်နေတာပေါ့'

ဆရာကျော်မြင့်က 'သူက ကိစ္စငါးခုကို တပြိုင်နက်တည်း ဆောင်ရွက်တာလား ဆရာ'

'တပြိုင်နက်တော့မဟုတ်ဘူး ဆရာကျော်ရဲ့၊ အလျဉ်းသင့်သလို သူနဲ့ဆိုင်တဲ့ကိစ္စတွေကို ဆောင်ရွက်သွားတာပါ၊ ဆိုပါစို့ ကျွန်တော်ငယ်ငယ်တုန်းက အမေကနေ့ပိုင်းမှာ ရန်ကုန်တက္ကသိုလ်၊ သမိုင်းဌာနမှာ အချိန်ပိုင်းနည်းပြလုပ်တယ်၊ ညနေမှာ အိမ်ထောင်ရှင်မဆိုတော့ မီးဖိုချောင်မှာ ချက်ပြုတ်ရတယ်၊ နောက်ကျွန်တော်တို့ မောင်နှမတွေကို စာသင်ပေးတယ်၊ အားတဲ့အချိန်လေးမှာ ဆောင်းပါးတွေရေးတယ်၊ စနေ တနင်္ဂနွေမှာ အပိုဝင်ငွေရအောင် ကျူရှင်ဆရာမလည်းလုပ်တော့ တစ်ယောက်ထဲနဲ့ ငါးကိစ္စကို အချိန်အလိုက် ဆောင်ရွက်နေရတာပေါ့၊ ဥပေက္ခာ သန္တီရဏစိတ်လည်း ဒီအတိုင်းပါပဲ ဆရာကျော်ရယ်'

'အာရုံစူးစမ်းတဲ့ သန္တီရဏစိတ်မှာ ခံစားမှုနှစ်မျိုးရှိတယ်၊ တစ်ခုက ဝမ်းမြောက်ဝမ်းသာမှုနဲ့ ယှဉ်တဲ့ သောမနဿ သန္တီရဏ၊ နောက်တစ်မျိုးက ဝမ်းနည်းဝမ်းသာတာမရှိဘဲ ခံစားမှု မထင်ရှားတဲ့ ဥပေက္ခာ သန္တီရဏ၊ *indifferent feeling* မျိုးနဲ့ပါ'

ဥပေက္ခာသန္တီရဏစိတ်ဟာ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်တဲ့အခါ အကုသလဝိပါက်ဆိုတဲ့ အကုသိုလ်ရဲ့အကျိုးနဲ့ ကုသလဝိပါက်ဆိုတဲ့ ကုသိုလ်ရဲ့အကျိုးဆိုပြီး နှစ်မျိုးပေးပါတယ်။

အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် မြန်မာလို အကုသိုလ်ရဲ့အကျိုးဆက်ဖြစ်တဲ့ မထင်ရှားတဲ့ ခံစားမှုနဲ့ယှဉ်တဲ့ စူးစမ်းစိတ်ဟာ ပဋိသန္ဓေကိစ္စအနေနဲ့ ဆောင်ရွက်တဲ့အခါ အပါယ်လေးဘုံမှာ ဘဝသစ်ကို သွားဖြစ်စေပါတယ်။

'လောဘနဲ့သေရင် ပြိတ္တာ၊ မောဟနဲ့သေရင် တိရစ္ဆာန်၊ ဒေါသနဲ့သေရင် ငရဲ'လို့ စာဆိုရှိပါတယ်။

လူ့ဘဝမှာ ရလေလိုလေ အိုတစ္ဆေဆိုသလို မိမိနဲ့ ဇနီးသားမယားတွေအတွက် မတရားနည်းနဲ့ လောဘဇောတိုက်ပြီး စီးပွားရှာသူတွေဟာ သေဆုံးသွားရင် ပြိတ္တာဘဝကို ရောက်သွားပါတယ်။ ဒီအခါမှာ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေပါတယ်။

'နေ့စဉ် မူးယစ်ပျော်ပါး အရက်သောက်ပြီး မောဟနဲ့ သေဆုံးသွားရင် နွား၊ ခွေး၊ ဝက်ဆိုတဲ့ တိရိစ္ဆာန်ဘဝမှာ ပဋိသန္ဓေ ဖြစ်စေတာလည်း ဒီစိတ်ပါပဲ၊ ဥဂ္ဂတိ အဟိတ်သတ္တဝါတွေပေါ့'

ဆရာဖေသိန်းက 'ဒါကြောင့်မို့ ရှေးလူကြီးတွေက နေ့စဉ်မူးရူးပြီး အသိဉာဏ်မရှိတဲ့ လူဖျင်းလူညံ့တွေကို မင်းတို့က အဟိတ်တိရစ္ဆာန်သာသာပဲလို့ ပြောကြတာကိုး'

'မှန်ပါတယ်၊ အပါယ်လေးဘုံမှာ ပဋိသန္ဓေဖြစ်စေတဲ့ ဥပေက္ခာသန္တီရဏစိတ်ကိုကြည့်လိုက်ရင် အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ကောင်းသောဟိတ်တစ်ခုမှ မပါတာမို့ အဲဒီဘဝတွေမှာ ကုသိုလ်

ကောင်းမှုလုပ်နိုင်တဲ့ အခြေအနေမျိုး အလွန်နည်းပါးပါတယ်'

ဆရာကံမြင့်က 'ဒါကြောင့် လက်ရှိရထားတဲ့ လူ့ဘဝဟာ အလွန်အဖိုးတန်တာပဲ၊ ပြိတ္တာနဲ့ တိရစ္ဆာန်ဘဝဟာ အလွန် ကြောက်စရာ ကောင်းတဲ့ဘဝတွေမို့ ကျွန်တော်တို့ အသက်ရှင်နေတဲ့အခိုက် ကုသိုလ်ကောင်းမှုတွေ မပြတ်လုပ်ဖို့ အရေးကြီးတယ်'

'မှန်ပါတယ်၊ ကျွန်တော်ဆက်ပြီး ကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်ရဲ့ ပဋိသန္ဓေကိစ္စ ဆောင်ရွက်တာကို ပြောပြပါ့မယ်၊ ကုသိုလ်အကျိုးဆိုပေမယ့် ဒီစိတ်က လူ့ဘဝမှာ ပဋိသန္ဓေပေးတဲ့အခါ မွေးကတည်းက မျက်စိကန်းနေတာ၊ နားမကြားတာ၊ စကားမပီမသနဲ့ ဆွံ့အတာ၊ ဦးနှောက်မဖွံ့ဖြိုးဘဲ မန်းစွဲတာ၊ ပညာသင်ကြားလို့ မရတာ၊ လိင်အင်္ဂါချို့ယွင်းတာ တွေကို ဖြစ်စေပါတယ်'

'ဆေးပညာရှင်ဒေါ်ကဆိုရင် သူတို့ဟာ မွေးရာပါချို့ယွင်းသူ တွေဆိုတော့ *Congenital defects such as blindness, deafness, dumbness, mentally retarted deformed sex and have various deformities* လို့ ခေါ်တယ်'

ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဟာ လူ့ ပြည်မှာ လူစဉ်မမီတဲ့ဘဝကို ဖြစ်စေသလို နတ်ပြည်အောက် ဆုံးမှာရှိတဲ့ စတုမဟာရာဇ်ဘုံမှာလည်း ဘုန်းကံမဲ့ပြီး အစား အသောက်ဆင်းရဲတဲ့ အသူရာနတ်ဘဝကိုလည်း ဖြစ်စေပါတယ်။

'လူရယ်လို့ ပီပီပြင်ပြင်လာသူတွေကတော့ မဟာဝိပါက် စိတ် ၈-ခုနဲ့ ပဋိသန္ဓေ နေခဲ့ကြသူတွေပါ၊ စိတ်ပိုင်းမှာ ပြည့်ပြည့် စုံစုံ ရှင်းပြပြီးလို့ မှတ်မိကြမှာပါ၊ မစန္ဒာလည်း တစ်ခေါက် လောက် ပြောကြည့်ပေးပါလား'

'သမီးက ဆရာသင်ထားသလို ခံစားမှုဝေဒနာ၊ ဉာဏ်နဲ့ ယှဉ်မယှဉ် နောက်တိုက်တွန်းခြင်း ရှိမရှိဆိုတဲ့ အချက်သုံးခုနဲ့ မဟာဝိပါက်စိတ်တွေကို မှတ်ထားတယ်'

'သမီး *white board* မှာရေးပေးပါလား'

မစန္ဒာက မဟာဝိပါက်စိတ် ၈-ခုကို အောက်ပါအတိုင်း ရေးပေးပါတယ်-

-သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်
- ။ ။ သသင်္ခါရိကစိတ်
- ။ ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်
- ။ ။ သသင်္ခါရိကစိတ်
-ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်
- ။ ။ သသင်္ခါရိကစိတ်
- ။ ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်
- ။ ။ သသင်္ခါရိကစိတ်

ပထမဆုံး သောမနဿနဲ့ဥပေက္ခာတို့ရဲ့ သဘောသဘာဝကို

ပြောပြပါ့မယ်။

'သောမနဿ *'Accompanied with pleasure'* ဖြစ်ခဲ့ရင် သူ့ရဲ့ဘ၀တစ်လျှောက်လုံးမှာ များသောအားဖြင့် ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ နေတတ်ပြီး မျက်နှာကလည်း မြင်သူတိုင်း ခင်ဖို့ကောင်းတဲ့ အသွင်အပြင်မျိုးရှိတယ်၊ နောက် အရာရာကို သိပ်အလေးအနက် မထားတတ်လို့ ပူပင်သောက ရောက်စရာ တွေလည်း သိပ်မတွေးဘူး'

'ဒါမှမဟုတ် ဥပေက္ခာ *Accompanied with indifferent feeling'* ဖြစ်ခဲ့ရင် အဲဒီလူဟာ အေးဆေးတည်ငြိမ်စွာ နေတတ်သလို ဘယ်အရာမဆို အလေးအနက်ထားပြီး စဉ်းစား တတ်တယ်၊ ဥပေက္ခာသဘောအရ ဘက်မလိုက်တတ်သလို ဘ၀မှာ မျှတစွာ ရှုမြင်နေထိုင်တတ်တယ်'

ဆရာကံမြင့်က 'ဆရာပြောသလိုဆို ကျွန်တော်က သောမနဿ သဟဂုတ်နဲ့ ပဋိသန္ဓေတည်တာဖြစ်မယ်၊ တစ်နေ့တစ်နေ့ သူများ ကို စနေ နောက်နေရမှ နေသာထိုင်သာရှိတာ၊ အပူအပင်လည်း မထားတတ်ဘူး၊ မျက်နှာကစပ်ဖြဲဖြဲနဲ့ အမြဲပြုံးနေလို့ ကျွန်တော့် ဇနီးက ရှင် မိန်းကလေးသာဖြစ်ရင် မလွယ်ဘူးလို့ ပြောတယ်…'

ဆရာကံရဲ့ ဟာသကြောင့် အားလုံးရယ်ရယ်မောမောနဲ့ စိုစို ပြေပြေ ဖြစ်သွားပါတယ်။ အဲဒီအချိန်မှာ တပည့်လေးမောင်အေးမြင့် က ကိုမြအေးဆိုင်မှ လက်ဖက်ရည်နဲ့ ဆိတ်သားစမူဆာများ

လာချပေးပါတယ်။ ဒီနေ့ ဒါနပြုသူက ဆရာဖေသိန်းပါ။

'ကျွန်တော်ဆက်ပြီး ဉာဏသမ္ပယုတ်နဲ့ ဝိပ္ပယုတ်ကို ပြောပြပါ့မယ်၊ ဉာဏသမ္ပယုတ် *'Associated with wisdom or knowledge'* ပဋိသန္ဓေစိတ်နဲ့ လူ့ဘဝမှာဖြစ်ခဲ့ရင် အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ဟိတ် ၃-ပါးလုံးပါလို့ တိဟိတ်ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်'

တိဟိတ်ပုဂ္ဂိုလ် *'Triple-rooted person'* ဟာ ဘယ်ပညာရပ်မဆို သင်ယူတတ်မြောက်လွယ်ပြီး အရာရာကို ချင့်ချိန်ဝေဖန်ဆုံးဖြတ်တတ်ပါတယ်။ သက်ဆိုင်ရာ ပညာရပ်နယ်ပယ်မှာ ထင်ရှားကျော်ကြားတဲ့ တက္ကသိုလ်က ပါမောက္ခကြီးတွေ၊ ဥပဒေပညာရှင်တွေ၊ သမားတော်ကြီးတွေ၊ အင်ဂျင်နီယာနဲ့ ဗိသုကာတွေ၊ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ *CEO* တွေဟာ တိဟိတ်ပုဂ္ဂိုလ်တွေဖြစ်ဖို့ များပါတယ်။ လောကုတ္တရာဖက်မှာလည်း ဘာဝနာတရားကို စူးစိုက်ပွားများ အားထုတ်မယ်ဆိုရင် ဒီဘဝနဲ့ပဲ တရားထူးရသွားနိုင်တဲ့ ပုဂ္ဂိုလ်မျိုးပါ။

ဉာဏဝိပ္ပယုတ် *Dissociated with knowledge* နဲ့ ပဋိသန္ဓေတည်လာသူများကို ဒွိဟိတ်ပုဂ္ဂိုလ်လို့ ခေါ်တယ်။

ဒွိဟိတ် ပုဂ္ဂိုလ် *Double-rooted person* မှာ အဒေါသ၊ အလောဘသာရှိပြီး အမောဟဆိုတဲ့ ပညာမပါလို့ တိဟိတ်ပုဂ္ဂိုလ်လောက် အရာရာကို ဝေဖန်ပိုင်းခြား နားလည်နိုင်စွမ်းမရှိပါဘူး။

နားလည်လွယ်အောင်ပြောရရင် စာမေးပွဲဆိုလည်း ဂုဏ်ထူးတွေရဖို့ မလွယ်ကူဘူးပေါ့။

ပညာသင်ယူရာမှာလည်း တိဟိတ်ပုဂ္ဂိုလ်လောက် *I.Q* လို့ ခေါ်တဲ့ ဉာဏ်ရည်ဉာဏ်သွေး *Intelligent Quotient* နည်းတော့ ပညာရပ် နယ်ပယ်တစ်ခုခုမှာ ပေါက်မြောက်ကျွမ်းကျင်ဖို့ အဆင့်မြင့်မြင့်တတ်ကျွမ်းဖို့ တော်တော်အားထုတ်ရမှာပါ။

နောက်ဝိပဿနာ ရှုမှတ်ပွားများရင်လည်း ဒီဘဝမှာရာထူးရဖို့ အလွန်ခဲယဉ်းပါတယ်။ ဒါပေမဲ့ ဝီရိယမလျှော့ဘဲ ကြိုးစားမယ်ဆိုရင် ထိုက်သင့်တဲ့အောင်မြင်မှုနဲ့ နောင်ဘဝအတွက် အခြေခံကောင်းတွေကို ရသွားနိုင်ပါတယ်။

မစန္ဒာက '*I.Q* တစ်ခုတည်းနဲ့ ပညာဉာဏ်အဆင့်ကို သတ်မှတ်လို့ ရလားဆရာ'

'ယေဘူယျအားဖြင့် *I.Q* မြင့်ရင် အသိဉာဏ်မြင့်တယ်လို့ ဆိုနိုင်ပါတယ်၊ ဒါပေမဲ့ လက်ရှိ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးနယ်ပယ်မှာ ခေါင်းဆောင်ဖြစ်သင့်တဲ့ လူတစ်ယောက်ကို *I.Q* တစ်ခုတည်းသာမကဘူး *E.Q Emotional Quotient* လို့ခေါ်တဲ့ သိရှိခံစားနိုင်မှုနဲ့ နောက် *S.Q* လို့ခေါ်တဲ့ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ နားလည်ပြည့်ဝမှု *Spiritual Quotient* တို့ကိုလည်း ထည့်သွင်းစဉ်းစားလာကြတယ်၊ ဒီသုံးခုလုံးကိုတော့ တိဟိတ်ပုဂ္ဂိုလ်ဖြစ်မှပဲ ရနိုင်မယ်လို့ ဆရာထင်ပါတယ်'

မသင်းက 'ဒွိဟိတ်နဲ့ တိဟိတ်ပုဂ္ဂိုလ်ကို ညီမတို့ ခွဲခြားပြီး သိနိုင်လား အစ်ကို'

'သာမန်အားဖြင့် ခွဲခြားသိနိုင်ဖို့က မလွယ်ပါဘူး ညီမရယ်၊ ဒါပေမဲ့ ကိုယ်နဲ့အနီးကပ် ဆက်ဆံနေကျသူတွေကို သတိထား ကြည့်လိုက်ရင် နည်းနည်းတော့ခန့်မှန်းလို့ ရနိုင်ပါတယ်၊ တိဟိတ် ပုဂ္ဂိုလ်က သွက်သွက်လက်လက်ရှိပြီး ထိုင်းမှိုင်းတာတွေမရှိဘူး၊ ဘယ်ပညာရပ်မဆို သိလွယ်တတ်လွယ်တယ်၊ သဘောပေါက် လွယ်တယ်၊ အကြောင်းနဲ့အကျိုး၊ အမှားနဲ့အမှန်၊ အဆိုးနဲ့ အကောင်းကို ချင့်ချိန်ဝေဖန် ပိုင်းခြားတတ်တယ်၊ နောက်သက်ဆိုင် ရာပညာရပ်တွေမှာလည်း နှံ့စပ်သိကျွမ်းနားလည်တယ်၊ ပါဂူမြောက် တတ်ကျွမ်းတယ်'

ဆရာဖေသိန်းက 'ဒွိဟိတ်ပုဂ္ဂိုလ်က ပညာမပါတော့ တရား အားထုတ်လည်း သိပ်မထူးဘူးပေါ့ ဆရာ'

'အရင်တုန်းက ဒွိဟိတ်၊ တိဟိတ် အငြင်းပွားကြပြီး ဒွိဟိတ် ပုဂ္ဂိုလ်က ဈာန်၊ မဂ်၊ ဖိုလ် မရနိုင်လို့ လုပ်လည်းမထူးဘူးဆိုပြီး ပြောကြတယ်၊ ဒါပေမဲ့ ဝီရိယအကျိုးဆိုတာ ရှိပါတယ်၊ ဒွိဟိတ် ပုဂ္ဂိုလ်တွေဟာ ဉာဏ်ပညာမှာအဆင့်မမီပေမယ့် ကြိုးစားရင် ကြိုးစားသလောက်တော့ တရားအဆင့်တစ်ခု ရသွားမှာပါ၊ ဒီ ဘဝမှာ တရားထူးမရလည်း အခြေခံကောင်းတွေပါသွားတော့ နောင်ဘဝမှာ တရားအသိဉာဏ် ပွင့်လင်းသွားမှာပါ၊ ဒါပေမဲ့

ဒွိဟိတ်၊ တိဟိတ်ဆိုတာ ကိုယ်ကိုယ်တိုင်တောင် ပိုင်းခြားသိဖို့ မလွယ်တော့ ဘယ်အရာမဆို ဝီရိယစိုက်ပြီး ကြိုးစားတာတော့ မမှားပါဘူး ဆရာဖေရယ်'

ဘဝတစ်ခုကို အစပြုလိုက်တဲ့စိတ်တွေကို ပြန်ကြည့်လိုက်ရင် ကုသလဝိပါက် ဥပေက္ခာသန္တီရဏနဲ့ မဟာဝိပါက်စိတ် ၈-ခုဆိုတော့ အားလုံး ၉-ခုရှိတယ်။

ဥပေက္ခာသန္တီရဏ ကုသလ ဝိပါက်စိတ်နဲ့ ပဋိသန္ဓေတည်တဲ့အခါ ကုသိုလ်အကျိုးဆိုပေမယ့် လူစဉ်မမီတဲ့ ဘဝတစ်ခုကို ပေးပါတယ်။

မဟာကုသိုလ်ဝိပါက်စိတ် ၈-ခုနဲ့ ပဋိသန္ဓေတည်ရင်တော့ လူစဉ်မီတဲ့ဘဝတစ်ခုကို ပေးပါတယ်။ အဲဒီမှာ ဉာဏသမ္ပယုတ်ဆို တိဟိတ်ပုဂ္ဂိုလ်ဖြစ်ပြီး ဉာဏဝိပ္ပယုတ်ဆို ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်မယ်။

ပဋိသန္ဓေစိတ်ကစတည်ပြီး သန္ဓေသားလောင်း *Embryo* ကနေ သန္ဓေသား *foetus* ဘဝကို အမေပဝမ်းတွင်းမှာ ၁၀-လနီးပါးကြာအောင် ရုပ်တရားတွေ တဖြည်းဖြည်းကြီးလာဖို့ နေကြရပါတယ်။ နာမ်ဖြစ်စဉ်မှာတော့ ဘဝဟောင်းက စုတိတာနဲ့ ပဋ္ဌာန်း အနန္တရပစ္စည်းအရ စုတိ-ပဋိသန္ဓေ တဆက်တည်း အခြားမရှိ ဖြစ်လာပါတယ်။

ဒါကြောင့်မို့ ဘဝရဲ့ ပထမဦးဆုံးစိတ်က ပဋိသန္ဓေစိတ်၊ ဒါပေမဲ့ စိတ္တနိယာမအရ စိတ်တစ်ခုဖြစ်ပြီးတာနဲ့ ချုပ်သွားတော့ သူနဲ့

အလားတူ ဘဝဆက်လက်ရှင်သန်ဖို့ ဘဝင်စိတ်လေးတွေ ဖြစ်လာပါတယ်။ သူတို့ဟာ ကံရဲ့အရှိန်ကြောင့် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေပြီး နောက်ဆုံးဘဝတစ်ခု နိဂုံးချုပ်တော့မယ်ဆိုရင် စုတိစိတ်လေး ဖြစ်လာတယ်။

'ဒီနေရာမှာ မှတ်စေချင်တာက ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တွေဟာ နက်ရှိုင်းတဲ့ ပင်လယ်သမုဒ္ဒရာက ရေမျက်နှာပြင်လို အလွန်အေးဆေး ငြိမ်သက်ပါတယ်၊ ဒါကြောင့်မို့ ပဋိသန္ဓေစိတ်ဖြစ်နေတဲ့အခါ၊ အိပ်ပျော်နေခိုက် ဘဝင်စိတ်တွေဖြစ်တဲ့အခါ နောက်ဆုံး ဘဝတစ်ခုအဆုံးသတ်ခါနီး စုတိစိတ်ဖြစ်နေတဲ့အခါ ငြိမ်သက်လွန်းလို့ သူတို့ဖြစ်နေတာကို သိဖို့မလွယ်ပါဘူး'

မသင်းက 'ဘယ်လိုအခါမျိုးမှာ သိနိုင်သလဲ အစ်ကို'

'တရားထိုင်ရင်း သမာဓိအားကောင်းလာတဲ့ ယောဂီတစ်ချို့ကတော့ တစ်ခါတရံ ရင်ထဲမှာဟာတာတာ ဖြစ်သွားတာမျိုးကို ခံစားရတယ်၊ အဲဒီအခါမျိုးမှာ ဘဝင်စိတ်ဖြစ်နေမယ်လို့ ခန့်မှန်းပြီး သိနိုင်ပါတယ်'

'အဘိဓမ္မာပို့ချတဲ့အခါ မှတ်ရလွယ်အောင် ဒီလိုငြိမ်သက်နေတဲ့ ဝီထိမုတ်စိတ် *Process-freed consciousness* တွေကို အပြာရောင်လိုင်း *blue line* အနေနဲ့ ပြထားလေ့ရှိတယ်၊ ဝီထိစိတ်တွေကနှိုးကြားတက်ကြွတော့ *contrast* ဖြစ်အောင် အနီလိုင်း *Red line* အနေနဲ့ ပြကြတယ်'

မသင်းက 'ပဋိသန္ဓေ၊ ဘဝင်စိတ်နဲ့ စုတိစိတ်တွေမှာ ဝီထိစိတ်တွေလို အာရုံတစ်ခုခု ရှိသေးလား အစ်ကို'

'စိတ်ဆိုတာ အာရုံနဲ့ကင်းပြီး ဖြစ်ရိုးထုံးစံမရှိလို့ သူမှာလည်း ဝီထိစိတ်တွေလို အာရုံရှိပါတယ် ညီမရယ်၊ ဒါပေမဲ့ ဒီအာရုံက လက်ရှိ ပစ္စုပ္ပန်မှာ ရှိတဲ့အာရုံမဟုတ်ဘဲ အတိတ်က ကိုယ်အမှတ်ရဆုံးနဲ့ စိတ်ထဲမှာ အစွဲလန်းဆုံး ဖြစ်ရပ်လေးတွေကို ပြန်လည်မြင်လာတာပါ၊ စာလိုတော့ ကံအာရုံ၊ ကမ္မနိမိတ်အာရုံ၊ ဂတိနိမိတ်အာရုံဆိုပြီး နာမည်ပေးထားတယ်၊ အစ်ကိုရှေ့ဆက်ပြောမယ့် ဘဝတစ်ခု ရွေ့လျားခြင်းအပိုင်းမှာ ထပ်ပြီးရှင်းပြပေးပါ့မယ်'

'ညီမ နောက်ထပ် သိချင်တာက လူနဲ့ နတ်တွေရဲ့ ပဋိသန္ဓေစိတ်က အတူတူပဲလားအစ်ကို'

'နတ်တွေရဲ့ ပဋိသန္ဓေစိတ်က လူတွေလို မဟာဝိပါက်စိတ် ၈-ခုပါပဲ၊ ဒါပေမဲ့ နတ်ပြည်ခြောက်ထပ်မှာ ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်တော့ မပါတော့ပါဘူး၊ ဒါကလည်း နတ်ဖြစ်ရင် သူ့ရဲ့ကံကုသိုလ်အလိုက် အနိမ့်ဆုံး စတုမဟာရာဇ်ဘုံမှာတောင် နတ်စည်းစိမ်ချမ်းသာကိုပဲ ခံစားဖို့ ရှိတော့တယ်၊ လူ့ဘဝမှာလို မကောင်းတာတွေ မြင်ရ၊ ကြားရ၊ ရနံ့ရ၊ ထိတွေ့ ရတာတွေမျိုး မရှိတော့လို့ပါ...'

'ကံရဲ့ အကျိုးပေးက အတော်ဆန်းတာပဲနော်'

'မှန်ပါတယ်၊ လူချင်းတူပေမယ့်လို့ ကံကိုလိုက်ပြီး တစ်ချို့က

ချမ်းချမ်းသာသာ ခြံမြေတိုက်ပိုင်ပြီး နေနိုင်ကြတယ်၊ အလှူဒါနလည်း မပြတ်လုပ်နိုင်တယ်၊ တစ်ချို့ကတော့ ထမင်းတစ်နပ်အတွက် ရုန်းကန်ပြေးလွှား ရှာဖွေရပြီး နေ့စာနဲ့ ညစာပေါင်းစားရနေတဲ့ ဘဝတွေလည်း အများကြီးပါပဲ၊ ဒီမှာ တစ်ခုရှိတာက ဘဝမှာ အောင်မြင်တိုးတက်ဖို့ ကံက အဓိကဆိုပေမယ့် ဉာဏ်၊ ဝီရိယ ဆိုတဲ့ အကြောင်းတရားတွေလည်း အများကြီးရှိပါတယ် ညီမရယ်'

'တစ်ခါတလေ မမြင်နိုင် မခန့်မှန်းနိုင်တဲ့ အကြောင်းတွေလဲ ရှိတယ်နော်'

'ဘဝမှာ အဲဒီလိုမမျှော်မှန်းနိုင်တဲ့ *Unexpected things* တွေလည်း အများကြီးရှိတယ်၊ ဒါကြောင့်မို့ အစ်ကိုတို့ ငယ်ငယ်က စာသင်သလို တစ်နဲ့တစ်ပေါင်း နှစ်မဖြစ်တာကိုလည်း အသက်အရွယ်ရလာမှ ပိုသိလာတယ်၊ မမြင်နိုင်တဲ့ အတိတ်ကံစွမ်းအားတွေပဲပေါ့'

ဆရာဖေသိန်းက 'ဆရာပြောတာကို လက်ခံပါတယ်၊ ဒါနဲ့ ဗြဟ္မာတွေရဲ့ ပဋိသန္ဓေစိတ်ကရော လူ နတ်တွေနဲ့ အတူတူပဲလား'

'ဗြဟ္မာတွေရဲ့ ပဋိသန္ဓေစိတ်က လူ၊ နတ်တွေနဲ့ မတူပါဘူး၊ ရူပဗြဟ္မာတွေမှာ ပဋိသန္ဓေစိတ်က ရူပဈာန် ဝိပါက်စိတ် ၅-ပါးပါ၊ ရူပ ဗြဟ္မာဘုံက ၁၆-ဘုံရှိပြီး ဈာန်အဆင့်ကိုလိုက်ပြီး ဘုံတွေလည်း ကွာခြားသွားတယ်၊ နားလည်လွယ်အောင် ပြောရရင် ရူပပထမဈာန် ဝိပါက်စိတ်က ပထမဈာန် ၃-ဘုံ၊ ဒုတိယနဲ့

တတိယစျာန် ဝိပါက်စိတ်က ဒုတိယစျာန် ၃-ဘုံဆိုပြီး စျာန်အဆင့်လိုက် တက်သွားပါတယ်'

'ဒါဆို အရူပဗြဟ္မာတွေမှာ ပဋိသန္ဓေစိတ်က အရူပဝိပါက်စိတ် ၄-ပါးပဲပေါ့'

'မှန်ပါတယ်၊ ဆိုင်ရာ အရူပဝိပါက်စိတ်အလိုက် အရူပဗြဟ္မာဘုံ အသီးသီးမှာ ပဋိသန္ဓေနေကြပါတယ်၊ အရူပဗြဟ္မာတွေဟာ ဘာဝနာ အစွမ်းနဲ့ ရုပ်ခန္ဓာကို ပယ်ရှားထားလို့ နာမ်ခန္ဓာ ၄-ပါးပဲရှိတယ်'

မစန္ဒာက 'အရူပဘုံက အလွန် ထူးဆန်းတာပဲနော်'

'သမီးပြောသလို ရုပ်မရှိဘဲ ဝိညာဏ်သဘောနဲ့ အထက် ကောင်းကင်ပြင်မှာရှိနေလို့ စိတ်ကူးနဲ့တောင် တော်တော်လေး ပုံဖော်ရခက်တဲ့ နေရာပါ'

ဆရာကံမြင့်က 'ဘဝဂ်ဆိုတာ ဘယ်နေရာကို ပြောတာလဲ ဆရာ'

'ဗြဟ္မာဘုံအားလုံးမှာ အထက်ဆုံးဖြစ်တဲ့ နေဝသညာ နာသညာ ယတနဘုံ *The realm of neither perception nor non-perception* ကတော့ ဘုံတကာတို့ရဲ့ ထိပ်ဖျားမှာရှိလို့ ဘဝဂ် *The highest point of existence* ဆိုပြီး အမည်ပေး ထားတယ်'

မစန္ဒာက 'နတ်တွေ ပဋိသန္ဓေကြတော့ လူတွေလို ကိုယ် ဝန်ဆောင်ရတာနဲ့ နို့တိုက်ရတာမျိုးရှိလား ဆရာ'

'နတ်တွေမှာတော့ လူတွေလို ကိုယ်ဝန်ဆောင်ရတာမျိုး မရှိပါဘူး၊ မိခင်ရဲ့ ရင်ခွင်ထဲမှာ ဒါမှမဟုတ် အိပ်ရာထဲမှာ ၁၆-နှစ် အရွယ်အစားနဲ့ ဘွားကနဲ အထင်အရှား ပေါ်လာတာပါ၊ ပါဠိလို ဥပပတ် ပဋိသန္ဓေ *Rebirth in the form of a fully grown up person about 16 years of age* လို့ခေါ်တယ်၊ ငရဲပြည် ရောက်တဲ့သူတွေ၊ ပြိတ္တာ၊ အသူရကာယ်၊ တချို့သော တိရစ္ဆာန် တွေနဲ့ အထက်ဗြဟ္မာတွေဟာ နတ်တွေလို ဥပပတ် ပဋိသန္ဓေနဲ့ ဖြစ်ပေါ်ပါတယ်'

'လူတွေရဲ့ ပဋိသန္ဓေကျတော့ ဘယ်လိုခေါ်လဲ ဆရာ'

'လူတွေကတော့ မိခင်ရဲ့ သားအိမ်ထဲမှာ အဖရဲ့သုတ်ကောင် နဲ့ အမိရဲ့သားဥတို့ ပေါင်းစပ်ပြီးတည်တာဖြစ်လို့ ဇလာဗုဇ ပဋိသန္ဓေ *Conceiving in the womb* ဆိုပြီးခေါ်တယ်၊ တချို့ ပြိတ္တာ၊ အသူရကာယ်၊ ဘုတ်၊ မှင်စာ၊ တစ္ဆေ၊ ဘီလူးနဲ့ တိရိစ္ဆာန်တွေဟာ လူတွေလို သားအိမ်ထဲမှာပဲ ပဋိသန္ဓေ နေကြပါတယ်'

တချို့ တိရိစ္ဆာန်တွေက ဥခွံထဲမှာ ပဋိသန္ဓေ တည်ပြီး ပေါက်ဖွား ကြတယ်ရှိတယ်။ အနီးနားမှာတွေရတဲ့ ကြက်၊ ငှက်၊ ဘဲ၊ ငန်း၊ လိပ်၊ မိချောင်းလို သတ္တဝါမျိုးတွေပေါ့၊ အဲဒါကိုတော့ အဏ္ဍဇ ပဋိသန္ဓေ *Conceiving in egg shell* လို့ ခေါ်တယ်။

'စတုတ္ထအမျိုးအစားက သံသေဒဇ ပဋိသန္ဓေ။ ဒီမှာတော့ သစ်ခေါင်း၊ သစ်သီး၊ ပန်းပွင့်၊ ရွှံ့နွံတို့မှာ ပဋိသန္ဓေ တည်တာပါ၊

တချို့သော ပိုးကောင်လေးတွေ၊ ရေသတ္တဝါလေးတွေဟာ သံသေဒဇ နဲ့ပဲ ပဋိသန္ဓေ တည်ကြပါတယ်'

မစန္ဒာက 'သံသေဒဇ ပဋိသန္ဓေကို ဘယ်လိုပြန်လဲ ဆရာ'

'သူ့ကိုတော့ *Conceiving in the hollow of a tree-trunk, in the fruit, in the flower or in marsh* လို့ပြန်တယ်'

ညနေ ငါးနာရီထိုးပြီမို့ သင်တန်းကို ခဏနားလိုက်ပါတယ်။

'ဘုံပိုင်းက ကျွန်တော်ပြောခဲ့သလို အဘိဓမ္မာမှာ အကျယ်ပြန့်ဆုံးနဲ့ စိတ်ဝင်စားဖို့လည်း အလွန်ကောင်းပါတယ်၊ ရှေ့သောကြာနေ့မှာတော့ ကံအကြောင်းများနဲ့ ပတ်သက်ပြီး ပို့ချပေးပါ့မယ်'

ညနေမှာ ကျွန်တော် စစ်တွေမြို့ဘက်ကို လမ်းလျှောက်ဖြစ်ပါတယ်။ ဒီနေ့တော့ ကျွန်တော်နဲ့အတူ မသင်းလည်း လိုက်ခဲ့ပါတယ်။ မသင်းက ချည်သား ရင်ဖုံးအင်္ကျီအဖြူနဲ့ ခရမ်းရောင် လုံချည်လေး ဝတ်ထားပါတယ်။

ညနေခင်းနေခြည်ဟာ ဝင်းပစွာ ဖြာကျနေသလို ကောင်းကင်ယံမှာလည်း ရွေလျားနေတဲ့ ရောင်စုံတိမ်တိုက်လေးတွေရှိနေပါတယ်။ လမ်းဘေးဝဲယာက သဘာဝရှုခင်းတွေကလည်း ဆေးရေးပန်းချီကားချပ်သဖွယ် ဖြစ်နေပါတယ်။

စိမ်းစိုနေသော ပျိုးခင်းများ, ပွင့်ဖူး ဝေဆာနေသော ပန်းခင်း

များ၊ အုပ်စုဖွဲ့ ပျံသန်းနေသော အိပ်တန်းပြန် ငှက်လေးများနဲ့ ရေတသွင်သွင် စီးဆင်းနေတဲ့ စမ်းချောင်းငယ်လေးများကို လမ်းတလျှောက်မှာ တွေ့နေရပါတယ်။

'သဘာဝရဲ့အလှတွေဟာ စိတ်ကိုကြည်နူးအေးချမ်းမှု ဖြစ်စေတယ်နော်'

'ဒီလို မိခင်မြေရဲ့အလှဟာ တန်ဖိုး မဖြတ်နိုင်ပါဘူး ညီမရယ်'

'အစ်ကိုက ဘယ်လို တန်ဖိုးထားတာလဲ'

'တန်ဖိုးဆိုတာက အမျိုးမျိုးရှိတယ်၊ တစ်ခုက ငွေကြေးနဲ့ ဖလှယ်လို့ရတဲ့ တန်ဖိုး၊ နောက် အိမ် ခြံမြေ ကား စိန် ရွှေရတနာ ဆိုတဲ့ အသုံးချတန်ဖိုး၊ တစ်ခါ နှလုံးသားထဲက ခံစားပြီး ဖြစ်လာတဲ့ သိမ်မွေ့နက်နဲတဲ့ မြတ်နိုးမှုတန်ဖိုး *Sentimental value* ဆိုတာ ရှိတယ်၊ အဲဒီမှာ အစ်ကိုပြောချင်တာက နှလုံးသားထဲက မြတ်နိုး ခံစားပြီးမှ ဖြစ်လာတဲ့တန်ဖိုးပါ'

'အစ်ကိုပြောတာကို ညီမလက်ခံပါတယ်၊ လောကမှာ ငွေနဲ့ လဲလှယ်လို့မရတဲ့ မိဘဆရာတွေရဲ့ မေတ္တာနဲ့ကျေးဇူး၊ သစ္စာတရား၊ စိမ်းလန်းစိုပြေတဲ့ သဘာဝပတ်ဝန်းကျင်တွေဟာ အမြင့်မြတ်ဆုံးနဲ့ တန်ဖိုးအရှိဆုံးပါ'

'ညီမ ဘယ်တော့ ရန်ကုန်ပြန်ဖြစ်မလဲ'

'ရှေ့လထဲမှာ ခဏပြန်လိုက်မယ်၊ အမေ့ကိုလည်း မကန်တော့ရတာကြာပြီ၊ နောက်ဖတ်ချင်တဲ့ စာအုပ်လေးတွေလည်း ရန်ကုန်မှာ

ရှာချင်လို့၊ အစ်ကို မှာချင်တာရှိလည်းမှာပါ၊ ညီမ ယူခဲ့ပေးပါမယ်'

'မှာချင်တာက စာအုပ်နှစ်အုပ်လောက်ပါပဲ၊ ညီမ ဝမ်းသွားတိုင်း သွေးနဲ့ အချွဲပါနေတော့ ရန်ကုန်ရောက်ရင် သေသေချာချာ စစ်စေချင်တယ်၊ *Colonoscope* နဲ့ *CT Scan* ပါ ရိုက်ခဲ့ပါ'

'အခုတော့ အစ်ကိုပေးထားတဲ့ ဆေးနဲ့ သက်သာနေပါတယ်၊ ညီမကို သတိပေးလို့ ကျေးဇူးတင်ပါတယ်၊ ရန်ကုန်သွားဖြစ်ရင် အရေးကြီးတဲ့ပစ္စည်းတွေကို အစ်ကိုအခန်းမှာ ထားခဲ့လိုက်မယ်'

'ရပါတယ် ညီမရယ်'

ကျွန်တော်တို့ စကားတပြောပြောနဲ့ လမ်းလျှောက်လာလိုက်တာ ပုဇွန်ဆီရောင်သမ်းနေတဲ့ တိမ်တိုက်တွေလည်း တဖြည်းဖြည်း ညိုပြာမှိုင်းလာပါတယ်၊ နေမင်းရဲ့အလင်းရောင်ကလည်း ကွယ်ပျောက်တော့မှာမို့ ဆေးရုံဘက်ကို လှည့်ပြန်ခဲ့ပါတယ်။

ကျွန်တော်တို့ ဆေးရုံအဝရောက်တော့ တပည့်လေး မောင်အေးမြင့်က 'ဆေးရုံအုပ်ကြီးက ဒီည ဆရာတို့ကို အိမ်မှာ ညစာဖိတ်ထားတယ်၊ ပြင်ပလူနာတော့ ထပ်မရောက်ပါဘူး'

ည ၈ နာရီလောက်မှာ ကျွန်တော်တို့ ဆေးရုံအုပ်ကြီး အိမ်ကို စုပြီး သွားကြပါတယ်။ ညစာကို ငါးသလောက်ပေါင်း၊ ကြက်သားကာလသားချက်၊ ရခိုင်ရိုးရာ အစားအသောက်များနဲ့ ကျွေးမွေးပါတယ်။

စားသောက်နေစဉ်မှာ စစ်တွေမြို့မှ အရာရှိကြီး တစ်ဦးရဲ့

ဇနီး အူအတက်ရောင်ပြီး ရောက်ရှိ လာတယ်လို့ တပည့်လေးမှ လာရောက် သတင်းပို့ပါတယ်။ ဒါ့ကြောင့်မို့ ကျွန်တော်နဲ့ မသင်း လည်း ဆေးရုံအုပ်ကြီးကို နှုတ်ဆက်ပြီး ပြန်ခဲ့ပါတယ်။ ကျန်တဲ့ အဖွဲ့တွေကတော့ ကာရာအိုကေ ဆက်ဆိုပြီး နေခဲ့ကြပါတယ်။

ကျွန်တော်တို့ ခွဲစိတ်တဲ့အခါမှာ အူအတက်ရောင်နေတာ သုံးရက်ရှိပြီမို့ ဘေးပတ်ဝန်းကျင်က အမြှေးပါးတွေ လာရောက် ကပ်ငြိနေတာကို တွေ့ရပါတယ်။ အူအတက်ကလည်း အူမကြီးရဲ့ နောက်မှာရှိတဲ့ အမျိုးအစားဖြစ်နေပြီး ဘေးပတ်ပတ်လည်မှာ ပြည်တည်နေတဲ့ အခြေအနေရှိလို့ သတိထားပြီး တဖြည်းဖြည်း ခြင်း ခွဲစိတ် ပေးလိုက်ရပါတယ်။

ညပိုင်းမှာ ကျွန်တော့်အခန်းကို ပြန်ရောက်တော့ ည ၁၁-နာရီကျော်နေပါပြီ။ မအိပ်ချင်သေးတာနဲ့ ကော်ဖီတစ်ခွက်ဖျော်ပြီး ဆရာကြီး ဦးရွှေအောင် ရေးသားသော 'ဗုဒ္ဓ-လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်' စာအုပ်ကို ဖတ်ဖြစ်ပါတယ်။

ဆောင်းညရဲ့ အေးမြတဲ့လေ၊ သင်းပျံ့တဲ့ သဇင်ပန်းရနံ့တွေနဲ့ အတူ ညတစ်ညဟာ ဖျတ်ကနဲ ကုန်ဆုံးသွားပြီး နေ့သစ်ကို မကြာခင် ချည်းနှင်းဝင်ရောက် လာပါတော့တယ်။

## (၃)
## အကြောင်းကံများကရယ်

၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် သောကြာနေ့။

*Time goes by so fast.*

အချိန်ရထား ခုတ်မောင်းတာ မြန်လွန်းလှပါတယ်။ လွန်ခဲ့တဲ့ ၁၀-နှစ်ကျော်က ရန်ကုန်မြို့၊ ပညာရိပ်သာအိမ်မှာ ဖေဖေ၊ မေမေနှင့် ကျွန်တော်တို့ မောင်နှမများ ချစ်ချစ်ခင်ခင် စုစုဝေးဝေး နေခဲ့စဉ်အခါက ကြာရှည်တယ်လို့ ထင်ရပါတယ်၊ အခုအခါမှာ အိပ်မက်သဖွယ် ခဏလေးလိုပါပဲ။

ယခုလည်း စစ်တွေကိုရောက်တာ ခြောက်လရှိသွားပေမယ့် နေ့ရက်လေးများဟာ အမှောင်ထုထဲမှာ ပိုးစုန်းကြူးလေးများ လင်းလက်သွားသလို ဖျတ်ကနဲဖျတ်ကနဲ ရွေ့လျားလို့နေပါတယ်။ မကြာခင်မှာ ၁၉၉၉ခုနှစ် ကုန်ဆုံးချုပ်ငြိမ်းလို့ နှစ်သစ်ကို ရောက်ပါတော့မယ်။

နံနက်ပိုင်း ခွဲစိတ်ကုသဆောင်မှာ လူနာများကို ကြည့်ရှုအားပေးပြီး အဆောင်သန့်ရှင်းရေးလုပ်ဖို့ မှာလိုက်ပါတယ်။ အချိန်ရတာနဲ့ ရုံးခန်းမှာ ဆရာမ သက်သက်ခိုင်၊ မစန္ဒာနဲ့ သူနာပြုများကို ရုတ်တရက်နှလုံးခုန် ရပ်သွားပါက အရေးပေါ် ဆောင်ရွက်ရမယ့် အသက်ကယ် ပြုစုနည်းများကို ပို့ချပေးလိုက်ပါတယ်။

ကျွန်တော် သင်တန်းပို့ချလို့အပြီး ရုံးခန်းထဲ ကော်ဖီသောက်နေ

စဉ်မှာ မသင်း အပြေးလေးဝင်လာပြီး-

'အစ်ကိုရေ၊ ဘူးသီးတောင်က ဘကြီးတစ်ယောက် ညာဖက်လျှာအရင်း အနာကနေ သွေးတွေ ဒလဟောစီးကျနေလို့ ရောက်လာတယ်၊ သွေးပေါင်ချိန်က အပေါ်သွေး-၆၀ပဲ စမ်းလို့ရတယ်၊ ညီမတော့ အခု *Normal Saline* ကို အကြောဆေးကထည့်ပြီး သွေးသွင်းဖို့ စီစဉ်ထားတယ်၊ အစ်ကို လိုက်ကြည့်ပေးပါဦး'

ကျွန်တော်လည်း မသင်းနဲ့အတူ အထူးကြပ်မတ်ကုသခန်း ရောက်တော့ အသက်-၆၀ အရွယ် ဘကြီးတစ်ယောက် ပါးစပ်နဲ့ လည်ပင်းတစ်ဝိုက်မှာ သွေးခဲများပေကျန်နေသလို မျက်နှာမှာလည်း သွေးအားအလွန်နည်းလို့ ဖြူဖတ်ဖြူရော်ဖြစ်နေပြီး အသက်ရှူကြပ်နေတာကို တွေ့ရပါတယ်။

ကျွန်တော် စမ်းသပ်ကြည့်တော့ ညာဖက်လျှာအရင်းမှာ ကင်ဆာကြောင့်ဖြစ်တဲ့ အနာအကျိတ်ကနေ သွေးများထွက်နေတာကို တွေ့ရပါတယ်။ သွေးအမြန်ဆုံးသွင်းပြီး လျှာကို *Supply* လုပ်တဲ့ သွေးလွှတ်ကြောကို ချည်နိုင်မှဖြစ်မှာမို့ အရေးပေါ် ခွဲခန်းဝင်ဖို့ပြင်ရပါတယ်။

ကျွန်တော်နဲ့ မသင်းလည်း သွေးရတာနဲ့ အချိန်မဆိုင်းတော့ဘဲ ခွဲခန်းသို့လူနာကိုသွင်းပြီး အခြေအနေအရ ထုံဆေးနဲ့ပဲ အရေးပေါ် ခွဲစိတ်ရပါတယ်။ ညာဖက်လည်ပင်းမှာ *incision* ပေးပြီး လျှာကို သွားတဲ့ သွေးလွှတ်ကြောကို ရှာရပါတယ်။ စိတ်အေးအေးထားပြီး

ရာနိုင်လို့ ကျွန်တော်တို့ သွေးလွှတ်ကြောကို ကောင်းစွာတွေ့ပြီး ချည်နိုင်ခဲ့ပါတယ်။ ဆေးပညာအရ *Emergency ligation of lingual artery* လို့ခေါ်ပါတယ်။

ဆရာမ မစန္ဒာနဲ့ ခွဲစိတ် ခန်းလက်ထောက် ဆရာဖေသိန်းတို့ကလည်း အတွေ့အကြုံများနေသူများဖြစ်လို့ များစွာ အထောက်အကူရပါတယ်။ ခွဲစိတ်ပြီး မကြာမီ သွေးထွက်တာ တဖြည်းဖြည်း ရပ်သွားပြီး သွေးပေါင်လည်း ပြန်တက်လာပါတယ်။

မသင်းက 'အချိန်မီလေးပဲနော်၊ ဒီ့ထက်နောက်ကျရင် *Shock* ဝင်ပြီး အသက်ကို မနည်းပြန်လုရမှာ'

'ညီမပြောတာ မှန်တယ်၊ ဒီလူနာ အသက်ရှင်သွားတာက ဆရာဝန်၊ သူနာပြုတွေရဲ့ ပြုစုကုသမှုသာမက မမြင်နိုင်တဲ့ ကံအကြောင်းတရားတွေလည်း အများကြီးပါနေတယ်'

'အတိတ်ကံတွေကလည်း အရမ်းဆန်းကြယ်တာပဲနော်'

'မှန်ပါတယ် ညီမရယ်၊ ဒီနေ့ တိုက်တိုက်ဆိုင်ဆိုင် ကံအကြောင်း ပို့ချပေးဖို့ ပြင်ထားတယ်'

ညနေပိုင်းမှာ အရေးပေါ်လူနာ ထပ်မရောက်တာနဲ့ သင်တန်းကို ညနေလေးနာရီမှာ ပုံမှန်စနိုင်ခဲ့ပါတယ်။

ဒီနေ့ ဘုံပိုင်းမှာ အရေးပါတဲ့ 'ကံ' ဆိုတာကို ပြောပြပါမယ်။

'မြန်မာစကားမှာလည်း ကံနဲ့ပတ်သက်လို့ ပြောကြတာတွေ

အများကြီးပါ၊ မစန္ဒာလည်း သိသလောက် ပြောပြပါလား…'

'သမီး မှတ်မိသလောက် လုံထမ်းလာတာကိုတော့ မြင်ရတယ်၊ ကံထမ်းလာတာကို မမြင်နိုင်ဘူး၊ နောက် ကံကိုယုံပြီး ဆူးပုံမနင်းပါနဲ့၊ ဖြစ်သမျှအကြောင်းဟာ ကံစီမံရာပါပဲလို့ အပြောများကြတယ်'

'မှန်ပါတယ်၊ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ အလျူဒါနပြုတိုင်း သံဃာတော်အရှင်မြတ်တွေ ဟောပြောဆုံးမနေလို့ ကံဆိုတဲ့စကားလေးကို ရင်းနှီးနေကြပါတယ်'

အဘိဓမ္မာ ၇-ကျမ်းက သတ္တမမြောက်နဲ့ အနက်နဲဆုံး ပဋ္ဌာန်းကျမ်းမှာလည်း ကမ္မပစ္စည်း *Kamma Condition* ဆိုပြီး အသေးစိတ် ဟောထားပါတယ်။ ရှေးအဋ္ဌကထာ ဆရာတော်များက မျိုးစေ့အလား ကမ္မတရား *Kamma is like a fertile seed* ဆိုပြီး ဥပမာပြဆိုကြပါတယ်။

မန်ကျည်းပင်တစ်ပင် ရှင်သန်ကြီးထွားဖို့ မန်ကျည်းစေ့ *Tamarind seed* ကအရင်းအမြစ်ဖြစ်သလို ခန္ဓာကိုယ် သစ်ပင်ကြီးမှာလည်း ကံက မူလအကြောင်းတရားပါ။

ဒါပေမဲ့ မြေဩဇာရှိတဲ့ မြေကောင်းမြေသန့်ဖြစ်မှ၊ ရေမှန်မှန်လောင်းမှ၊မိုးရေလည်းရမှ၊ ပေါင်းမြက် သုတ်သင်ပေးပြီး ဘေးကအနှောင့်အယှက်တွေလည်းမရှိမှ သစ်ပင်တစ်ပင်ဟာ ငွားငွားစွင့်စွင့် ရှင်သန် ကြီးထွားရတာပါ။

အလားတူ ကံမျိုးစေ့ကြောင့် ဖြစ်လာရတဲ့ ခန္ဓာကိုယ်ကြီးမှာလည်း ဘေးအန္တရာယ်အယှက်၊ ပယောဂတွေက အချိန်မရွေးရှိနိုင်ပါတယ်။ ဒါ့ကြောင့်မို့ ရှေးကံကိုပဲပုံချပြီး ဉာဏ်၊ ဝီရိယ၊ သတိ၊ ပညာမရှိရင် ဘဝတစ်ခုဟာ သက်တမ်းမစေ့မီ အကြောင်းအမျိုးမျိုးကြောင့် ဖျက်ခနဲ ဆုံးရှုံးသွားနိုင်ပါတယ်။

ဒါ့ကြောင့်မို့ ဘဝမှာ ဉာဏ်၊ ဝီရိယ၊ သတိ၊ ပညာတွေ ပြည့်စုံမယ်ဆိုရင် ကုသိုလ်ကံ အကျိုးပေး အလွန်ကောင်းပါတယ်။ မပြည့်စုံရင်လည်း မပြည့်စုံသလို အကုသိုလ်ကံတွေ အကျိုးပေးသွား တတ်ပါတယ်။

မသင်းက 'ဒါဆို အနောက်တိုင်းသားတွေပြောတဲ့ ဘဝမှာ ကြုံတွေ့နေရတာ အားလုံးဟာ ဘုရားသခင်အလိုတော်အတိုင်း ဘယ်နေ့ဘယ်ရက်မှာ အိမ်ထောင်ကျမယ်၊ ရာထူးတိုးမယ်၊ စီးပွားရေးကောင်းမယ်၊ သေဆုံးမယ် ဒီလို အရာရာဟာ သတ်မှတ်ပြဋ္ဌာန်းပြီးသားပါ *Everything is already written* ဆိုတဲ့ အယူအဆနဲ့ မတူဘူးပေါ့နော်'

'မှန်ပါတယ်၊ ထေရဝါဒ ဗုဒ္ဓဒေသနာမှာ ကံက မူလအရင်းအမြစ်ဆိုပေမယ့် အတိတ်ကံတစ်ခုတည်းကိုပဲ အားကိုးပြီး ဉာဏ်၊ ဝီရိယ၊ သတိ၊ ပညာတို့ကို ပစ်ပယ်ထားတာမျိုး မဟုတ်ပါဘူး'

ဒါကြောင့်မို့ *မာဃဒေဝ* လင်္ကာသစ်မှာ မန်လည်ဆရာတော်ကြီးက -

'ကံကိုမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဉာဏ်၊ ဝီရိယ၊ ပယောဂတည်း…'

ဆိုတဲ့အတိုင်း လူဟာ နတ်၊ ငရဲ၊ ပြိတ္တာဘဝတွေနဲ့ မတူပါဘူး။ နတ်ပြည်ဆိုလည်း ရှေးကုသိုလ်ကံတွေက အကျိုးပေးလို့ ဉာဏ်၊ ဝီရိယမလိုသလို ငရဲ၊ ပြိတ္တာ ဘဝတွေမှာလည်း သူ့ အကုသိုလ်ကံ အကျိုးပေးအတိုင်း ခံရတာဖြစ်ပါတယ်။ လူ့ဘဝမှာတော့ ဉာဏ်၊ ဝီရိယ၊ ပယောဂတွေကရှိရင် ရှိသလောက် အများကြီး အပြောင်းအလဲတွေ ဖြစ်စေနိုင်ပါတယ်။

'ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မရှိးကောင်းဟု၊ သူကောင်းရှေ့က၊ ဆိုကြကုန်၏··'

ဆရာတော် မိန့်မှာသလို 'ငါ့ရဲ့ကံက အရမ်းကောင်းနေတာ၊ ဘာပဲလုပ်လုပ် အဆင်ပြေမှာပါ' ဆိုပြီး လူကြီးသူမ ဆုံးမတာကို မနာယူဘဲ ကျားရှိတဲ့တောထဲသွားတဲ့သူလို အန္တရာယ်ရှိတဲ့နေရာ သွားရင်တော့ အသက်ဆုံးရှုံးရမှာပါ၊ တစ်ခါ ဆရာတော်က ဆက်ပြီး···

'လုံ့လမတူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံ တစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရှု

၍၊ ရှိအပ်စွတည်း…'

ဆရာတော်ကြီးမှ အတိတ်ကံ *'Past Kamma'* တွေဟာ အရင်းအမြစ် တစ်ခုသာဖြစ်လို့ လက်ရှိဘဝမှာ အောင်မြင်တိုးတက်ပြီး ကုသိုလ်ကံတွေ အကျိုးပေးခွင့်ရအောင် ဉာဏ်၊ ဝီရိယနဲ့ ပြည့်စုံပြီး ပညာနဲ့ အရာရာကို ချင့်ချိန် ဆုံးဖြတ်ရမှာပါ။

'တံငါလက်တွင်း၊ ရောက်လျှင်းတုံငြား၊ သုံးကောင်ငါးကို၊ မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော့၊ ကံမွဲဉာဏ်နှံ့၊ မလုံ့မလ၊ နတ်မ, မဘူး…'

ဆိုတဲ့အတိုင်း တံငါလက်ထဲရောက်သွားတဲ့ ငါးသုံးကောင် ပမာလို ပါပဲ။

ကံကိုပဲ ယုံကြည်တဲ့ ပထမငါးက လှေဝမ်းထဲရောက်တော့ ကံရှိရင် လွတ်မှာပေါ့ဆိုပြီး ဘာမှမကြိုးစားဘဲ နေပါတယ်။

ဝီရိယက အရေးကြီးတယ်ဆိုတဲ့ ဒုတိယငါးက လှေဝမ်းထဲ ရောက်တာနဲ့ စွပ်ခနဲစွပ်ခနဲ ခုန်ပါတော့တယ်။ ဒီအခါမှာ တံငါသည်က အလွန်ဆော့တဲ့ ငါးပဲဆိုပြီး တက်နဲ့ရိုက်ချလိုက်တော့ သေသွားပါတယ်။

တတိယငါးက ဉာဏ်ပညာရှိတော့ အခွင့်အခါကို စောင့်ပြီး ကြည့်ပါတယ်။ ကမ်းနားကိုအကပ် လှေကလေး တစ်ချက်စောင်းသွားတော့ ဝီရိယစိုက်ထုတ်ပြီး ခုန်လိုက်တာ လွတ်သွားပါတယ်။ ဒီနေရာမှာ ဉာဏ်လည်းရှိတယ်၊ ဝီရိယ လည်းရှိတယ်၊ လွတ်လောက်တဲ့

ကံလည်းရှိလို့ အသက်ဘေး မှလွတ်သွားတာပါ။ ကံကိုယုံတဲ့ ပထမငါးကတော့ ကုန်းပေါ်ရောက်တဲ့အခါ ချက်စားခံလိုက် ရပါတယ်။

ဒါ့ကြောင့်မို့ အရာရာကို လုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာနဲ့ ချင့်ချိန်ပြီး ဆုံးဖြတ်ရမှာပါ။

'ကံကလည်း မွဲ၊ ဉာဏ်က လည်းမရှိ၊ လုံ့လ စိုက်ထုတ်မှု လည်း မရှိရင် ဘယ်နတ် မှလည်း လာမ, မှာ မဟုတ်ပါဘူး။ နတ်က မ,ချင်ပေမယ့် ကံ၊ ဉာဏ်၊ ဝီရိယ မရှိရင် နာမည်ပျက်ရုံ သာ ရှိမှာမို့ မ,မှာ မဟုတ်ပါဘူး…'

မသင်းက 'ကံ, ဉာဏ်, ဝီရိယပြည့်စုံမှုဆိုတာ မေမေလည်း ပြောဘူးတယ်၊ နောက်သိချင်တာတစ်ခုက စေတနာနဲ့ ကံက အတူတူပဲလား အစ်ကို'

'မြန်မာစကားမှာ စေတနာကောင်းရင် ကံကောင်းတယ်လို့ အသုံးများကြပါတယ်၊ ဒါကလည်း ဘယ်လုပ်ငန်းကိုမဆို ဦးစီး ခေါင်းဆောင်ကသာ အများဆုံး လုံ့လစိုက်ပြီး စီမံကွပ်ကဲရသလို စိတ်ဓာတ်တွေမှာလည်း စေတနာ *Volition* ဟာ ကြောင့်ကြမှု *Worry* အများဆုံးဖြစ်လို့ စေတနာကို ကံလို့ ခေါ်တာပါ'

မြတ်စွာဘုရားကလည်း 'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ' ရဟန်းတို့… စေတနာဟာ ကံပါပဲဆိုပြီး ဟောထားပါတယ်။

စေတနာနဲ့ကံဟာ အတူတူဆိုပေမယ့် နည်းနည်းကလေး

တော့ကွဲပါတယ်၊ ဘယ်အလုပ်မဆို စေတနာ အရင်ဖြစ်ပြီးမှ ကံက နောက်မှ ဖြစ်ပါတယ်၊ စေတနာရှိပြီး တကယ်လုပ်ဖြစ်မှပဲ ကံ အထမြောက်ပါတယ်။

မနက်ဖြန် ဒံပေါက်ဆွမ်းလှူချင်တယ်၊ ဘိုးဘွားရိပ်သာမှာ အလှူငွေ သွားထည့်မယ်၊ ကျောင်းတော်ရာ ဘုရားသွားပြီး ငါးကြီး တွေ အစာသွားကျွေးမယ် ဆိုရာမှာ တကယ်လှူဒါန်းဖြစ်မှ၊ ကျွေး ဖြစ်မှ ကုသိုလ်ကံ မြောက်ပါတယ်။

အကုသိုလ်ဘက်မှာလည်း ဈေးကွက် လုကြတဲ့အခါ 'ငါသူ့ စီးပွားရေး ပျက်စီးအောင် ချောက်တွန်းလိုက်ဦးမယ်' ဝင်ငွေမရှိတဲ့ အခါ 'ငါစတိုးဆိုင်မှာ ပစ္စည်းတွေ အလစ်သုတ် လိုက်ဦးမယ်..' ဆိုလည်း တကယ်လုပ်ဖြစ်မှ အကုသိုလ်ကံ မြောက်တာပါ၊ မလုပ်ဖြစ်ခဲ့ရင် ကံ မမြောက်ပါဘူး။

ဒီအကြောင်းကလေးနဲ့ပတ်သက်လို့ ဘုရားလက်ထက်တော် အခါက စက္ခုပါလမထေရ်ရဲ့ ဖြစ်စဉ်လေးကို တင်ပြလိုပါတယ်။

အတိတ်ဘဝက အကုသိုလ်ကံတစ်ခုကြောင့် မျက်စိကွယ် သွားတဲ့ စက္ခုပါလမထေရ်ဟာ စင်္ကြံလျှောက်တဲ့အခါ ပိုးကောင် လေးတွေ၊ သတ္တဝါငယ်လေးတွေကို တက်နင်းမိပါတယ်။ ဒါကို မြင်တွေ့ကြတဲ့ ရဟန်းတချို့က စက္ခုပါလမထေရ်မှာ အပြစ်ရှိ တယ်လို့ စွပ်စွဲပြီး ဘုရားရှင်ထံ လျှောက်ထားတဲ့အခါ မြတ်ဗုဒ္ဓ မှ 'သေစေလိုတဲ့ စေတနာမရှိ၍ အကုသိုလ်ကံ မမြောက်ပါ..'

ဆိုပြီး ဖြေကြားခဲ့ပါတယ်။

'ဒါကြောင့်မို့ ကမ္မကို မြန်မာလို အကောင်းဆုံး ပြန်ဆိုရရင် ကာယကံ၊ ဝစီကံ၊ မနောကံ ပြီးမြောက်တဲ့ ကုသိုလ် အကုသိုလ်တွေ တစ်နည်းအားဖြင့် ပြုလုပ်မှုတွေပါ'

*'Kamma means action and refers to actions that we do with our body, speech and mind.'*

'ကျွန်တော် စေတနာကို စေတသိက်ပိုင်းမှာ ပြောခဲ့ပါတယ်၊ ဆရာကံလည်း မှတ်မိသလောက် ပြောပြကြည့်ပါလား'

'စေတနာဟာ စိတ်ဖြစ်တိုင်း ယှဉ်တဲ့ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါးမှာပါတယ်၊ ဒီစေတသိက်တွေက ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေနဲ့ မနသိကာရ'

'ဆရာကံ မှတ်မိနေတာပဲ၊ စေတနာဟာ စိတ်ဖြစ်တိုင်းယှဉ်တဲ့ စေတသိက်ဖြစ်ပေမယ့် သူဟာ တခြားစေတသိက်တွေ အားလုံးထက် ထူးခြားပါတယ်၊ တခြားစေတသိက်တွေက ဖြစ်ပြီးရင် ပျက်ရမယ်ဆိုတဲ့ တရားသဘောအရ ဖြစ်ပြီးတာနဲ့ ဘာမှ မကျန်တော့ဘဲ ချုပ်ပျောက်သွားကြပါတယ်၊ စေတနာက ချုပ်ပျောက်သွားပေမယ့် သူရဲ့အကျိုးပေးနိုင်တဲ့ ကမ္မသတ္တိ *Kammic property or Seeds of action* ကို သတ္တဝါတွေရဲ့ သန္တာန်နဲ့ ခန္ဓာအစဉ်မှာ မြုပ်နှံချန်ထားခဲ့ပြီးမှ ချုပ်ပျောက်သွားပါတယ်'

ပမာဆိုရရင် သတ္တိအရှိန်ရှိတဲ့မိဘနဲ့ မရှိတဲ့မိဘတွေ လိုပါပဲ။ တချို့မိဘတွေဟာ သေသာသွားတယ်၊ သားသမီးတွေ အပေါ်

အရိုန်အဝါ မကျန်ခဲ့ပါဘူး။ တချို့မိဘတွေကတော့ ကွယ်လွန်သွားပေမယ့် 'သူက ဘုရားဒကာ ဆရာဝန်ကြီး ဦးစိုးလှိုင်ရဲ့သား..' 'ဒီကလေးမလေးက ဦးကျော်ဝင်း နှင့် ဒေါ်ခင်ဆွေဝင်းတို့သမီး...' စသလို အရှိန်တွေ ကျန်ခဲ့ပါတယ်။

အလားတူ စေတနာဟာ ချုပ်ပျောက်သွားတယ် ဆိုပေမယ့် သူ့ရဲ့သတ္တိဟာက ကျန်ခဲ့ပြီး နောင်ဘဝတွေအထိ ဆက်ပြီးအကျိုးပေးပါတယ်-

*'The seeds of our actions continue with us from one lifetime to next and do not get lost'*

စေတနာရဲ့ သတ္တိတွေဟာ ကမ္ဘာပေါင်း ထောင်သောင်းမကကြာပေမယ့်လည်း အကျိုးပေးတဲ့အတွက် ကံရဲ့အကျိုးပေးဟာ အလွန် ထူးဆန်းပါတယ်။ ဘဝမှာ မမျှော်လင့်ဘဲ ကုဋေသန်းပေါင်းများစွာ အမွေရတယ်၊ ဝန်ကြီး, ဝန်ကြီးချုပ်, သမ္မတ ဖြစ်တယ်၊ ရဟန္တာဖြစ်တယ်ဆိုတာ စေတနာရဲ့သတ္တိက အကျိုးပေးလို့ပါ။

ဒီလို စေတနာရဲ့သတ္တိတွေကြောင့် ဖြစ်ရာဘဝတွေမှာ မိမိပြုခဲ့တဲ့ ကုသိုလ်, အကုသိုလ်အလိုက် ဆင်းရဲတယ်, ချမ်းသာတယ်၊ အနာရောဂါ ထူပြောတယ်, ကျန်းမာတယ်၊ ရုပ်အဆင်းအကျည်းတန်တယ်, ရုပ်ရည်ချောမောလှပတာတွေ ဖြစ်စေပါတယ်။

ဆက်ပြီးတော့ အဘိဓမ္မာဒေသနာအရ ကံအမျိုးအစားလေးမျိုးခွဲထားတာကိုဆက်ပြီး ပြောပြပါ့မယ်၊ ဒီကံလေးမျိုးကို ဇနကကံ, ဥပတ္ထမ္ဘကကံ, ဥပပီဠကကံနဲ့ ဥပဃာတကကံများလို့

ခေါ်တယ်။

'ပထမဆုံးက ဇနကကံ ဇနကဆိုတာ ဖြစ်စေတတ်တာ၊ ဘာကိုဖြစ်စေတာလဲဆိုတော့ ပဋိသန္ဓေနဲ့ ပဝတ္တိအခါတို့မှာ ဝိပါက် စိတ်နဲ့ယှဉ်တဲ့ စေတသိက်တွေရယ်၊ ကံကြောင့်ဖြစ်တဲ့ ကမ္မရုပ်နဲ့ အဲဒီကဆက်ပြီးဖြစ်တဲ့ ဥတုဇရုပ်တွေကို ဖြစ်စေတာ၊ မိမိပြုခဲ့တဲ့ ကုသိုလ်, အကုသိုလ်ကံအလိုက် အပါယ်လေးဘုံ, လူ့ဘုံ ဒါမှမဟုတ် နတ်ပြည်, ဗြဟ္မာပြည်မှာ သွားဖြစ်စေတာပါ'

မစန္ဒာက 'ပဋိသန္ဓေအခါက *At the moment of conception* ဆိုတာ သမီးနားလည်တယ်၊ ပဝတ္တိအခါက ဘာကို ပြောတာလဲ ဆရာ'

'ပဝတ္တိက ပဋိသန္ဓေအပြီး ဘဝတစ်လျှောက်လုံးကို ပြောတာ *throughout the life-time'*

'ဇနကကံကို ဘယ်လိုပြန်လဲ ဆရာ'

'ဇနကကို ပဋိသန္ဓေနဲ့ ဘဝတစ်လျှောက်လုံးမှာ အကျိုးဝိပါက် တွေကို ဖြစ်စေလို့ *Reproductive Kamma* ဆိုပြီးခေါ်တယ်'

ဒုတိယကံ အမျိုးအစားကို ဥပတ္ထမ္ဘကကံ လို့ ခေါ်တယ်၊ မြန်မာလို အထောက်ပံ့ပေးတဲ့ ကံမျိုးပါ၊ ဇနကကံလို မိမိကိုယ်တိုင် က အကျိုးမပေးနိုင်ပေမယ့် တခြားသောကံတွေ အကျိုးပေးခွင့် ရအောင်၊ အကျိုးပေးခွင့်ရတဲ့ အခါမှာလည်း ပိုပြီးထက်သန်အောင်၊ ကြာရှည်ဖွံ့ဖြိုးအောင် အကူအညီပေးတယ်။

'ဘဝမှာ ကိုယ်တိုင်ကြိုးစား ရှန်းကန်ရပေမယ့် ဘယ်နေရာ

မဆို အမိုရှိမှ အထောက်အပံ့ကောင်းတွေရှိမှ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတွေမှာ ဖွံ့ဖြိုးတိုးတက် အောင်မြင်ကြတာပါ၊ အလားတူ ဘဝမှာအောင်မြင်ဖို့ ဆိုတာကလည်း ဥပတ္ထမ္ဘကကံရဲ့ ထောက်ပံ့မှုတွေ အများကြီး ပါပါတယ်၊ ဒါကြောင့်မို့ သူကလည်း အရေးပါတဲ့ ကံပါပဲ'

ဆရာကံမြင့်က 'ဘုရားတောင် အမိုရှိမှ ပွင့်တာမျိုးလိုပေါ့နော်'

'မှန်ပါတယ်'

'ဥပတ္ထမ္ဘကကံကို ဘယ်လိုပြန်လဲ ဆရာ'

'*Supportive Kamma* ဆိုပြီး ပြန်တယ်'

တတိယအမျိုးအစားက ဥပပီဠကကံ၊ ဥပပီဠကဆိုတာ တစ်ပါးသောကံတွေ အကျိုးပေးခွင့်မရအောင် သူကကပ်ပြီး နှိပ်စက်တာ၊ ဝင်ရောက်နှောက်ယှက်တားဆီးတာ၊ ရှိပြီးသား အကျိုးတွေကိုလည်း မဖွံ့ဖြိုးအောင်၊ အကျိုးပေး မထက်သန်အောင်၊ ပြည့်ပြည့်ဝဝ အကျိုးမပေးအောင် တားဆီးနှိပ်စက်ပါတယ်။

ကုသိုလ်ဆိုလည်း ကုသိုလ်အကျိုး ပေးခွင့်မရအောင်၊ အကုသိုလ်ဆိုလည်း အကုသိုလ်အကျိုး မပေးနိုင်အောင် တားဆီးတတ်တဲ့ကံမို့ *Obstructive Kamma* ဆိုပြီး ပြန်တယ်။

စတုတ္ထကံကိုတော့ ဥပဃာတကကံ လို့ခေါ်တယ်၊ သူက နှိပ်စက်ဖြတ်ပစ်တဲ့ သဘောရှိလို့ တစ်ပါးသောကံတွေ လုံးဝ အကျိုးမပေးနိုင်အောင်၊ ပေးထားတဲ့အကျိုးဆိုလည်း ပြတ်သွားအောင် သတ်ဖြတ်ပစ်တဲ့ကံမျိုးပါ၊ အားလုံးကို *Cut off* လုပ်လိုက်

တဲ့ သဘောမျိုးပေါ့၊ ဒါကြောင့်မို့ *Destructive Kamma* ဆိုပြီး ပြန်တယ်။

ဆရာဖေသိန်းက 'တစ်ချို့လူတွေ အရွယ်ကောင်းတုန်းမှာ *Car accident* ကြောင့်ဖြစ်ဖြစ်၊ ရောဂါတစ်ခုခုဝင်ပြီး သေသွားတာ ဒီကံကြောင့်ပဲလား ဆရာ'

'မှန်ပါတယ်၊ အချိန်မတိုင်မီ ရုတ်တရက် သေဆုံးရတာတွေဟာ ဒီကံကြောင့်ပါပဲ၊ ဒါမျိုးကို ဥပစ္ဆေဒက မရဏ *Untimely death* လို့ခေါ်တယ်'

သင်တန်းပို့ချနေတုန်း မောင်အေးမြင့်နဲ့ ဆရာမ ဒေါ်ချယ်ရီမှ ရခိုင်မုန့်တီ လာရောက်ပြင်ဆင်နေတာမို့ သင်တန်းကို ခဏနားပြီး အားလုံး ဝိုင်းဖွဲ့ စားသောက်ဖြစ်ပါတယ်။

ငါးမျိုးစုံ ထွက်ရှိရာဒေသဖြစ်လို့ ဟင်းရည်အရသာကလည်း လေးလေးပင်ပင်နဲ့ စားလို့ကောင်းပါတယ်၊ ရခိုင် ငါးပိထောင်းကလည်း အေးချမ်းလှတဲ့ ဆောင်းအခါနဲ့ လိုက်ဖက်လှပါတယ်၊ ဒီနေ့ အစားအသောက်ကို ဆရာဖေသိန်းမှ ကုသိုလ်ပြုပါတယ်။

ဆရာကျော်မြင့်က 'ဒီမှာက ရန်ကုန်လို အာရုံသိပ်မများတော့ ကုသိုလ်အလုပ်တွေ ပိုလုပ်နိုင်တယ်၊ အဘိဓမ္မာသင်တန်းတက်လိုက်ရတာ ကျွန်တော့်ဘဝမှာ တန်ဖိုးရှိပါတယ်၊ နောင်နှစ်နှစ်ဆိုရင် ကျွန်တော်က ပင်စင်ယူရတော့မှာ'

'ဘဝဆိုတာ ပင်လယ်ရေမျက်နှာပြင်ထက်က ရေစက်လေးလိုခဏလေးပါ ဆရာကျော်ရယ်၊ ရခဲတဲ့ လူ့ဘဝမှာ ကုသိုလ်ကောင်းမှု

များများလုပ်သွားနိုင်ဖို့က အရေးကြီးတယ်'

'ဆရာ အမြဲသတိပေးနေလို့ အခုဆိုရင် နေ့တိုင်း နာရီဝက်လောက် တရားထိုင်ဖြစ်တယ်'

'စွဲစွဲမြဲမြဲ ဆက်လုပ်ပါ ဆရာကျော်ရယ်၊ ဆက်ပြီး အကျိုးပေးတဲ့ အလှည့်အကြိမ်အားဖြင့် ကံလေးမျိုး ခွဲထားတာကို ပြောပြပါ့မယ်၊ ဒီလေးမျိုးကို ဂရုကကံ, အာသန္နကံ, အာစိဏ္ဏကံနဲ့ ကဋတ္တာကံ ဆိုပြီးခေါ်တယ်'

'ပထမကံက ဂရုကကံ, ခေါ်နေကျဖြစ်သွားရင် အတိုကောက် ဂရုကံလို့ပဲ အပြောများတယ်၊ ဂရုက မြန်မာလို အလွန်ကြီးလေးတယ်လို့ အနက်ရတယ်၊ ဒါကြောင့် ဂရုကံဆိုတာ ကုသိုလ်ဘက်မှာဖြစ်ဖြစ်, အကုသိုလ်ဘက်မှာဖြစ်ဖြစ် အလွန် ကြီးလေးတဲ့ ကံမျိုးပါ၊ ကြီးလေးတဲ့ကံဖြစ်လို့ သူတို့ကို ဘယ်ကံကမှ တားမြစ်လို့ မရဘဲ မဖြစ်မနေ အကျိုးပေးပါတယ်'

ကုသိုလ်ဘက်မှာဆိုလည်း အထက်တန်းကျတဲ့ မဟဂ္ဂုတ်ကံတွေဟာ ဂရုကံတွေပါပဲ၊ မဟဂ္ဂုတ်ဈာန် ကုသိုလ်ကံတွေသာရှိရင် ဒီဘဝမှာ သေဆုံးသွားတာနဲ့ အဲဒီပုဂ္ဂိုလ်ဟာ ဗြဟ္မာပြည်ကိုပဲ ရောက်သွားပါမယ်၊ သူရဲ့ကံကို တခြားဘယ်ကံကမှ လာရောက်နှောက်ယှက်ပြီး မတားမြစ်နိုင်ပါဘူး။

အကုသိုလ်ဘက်မှာ အလွန်ကြီးလေးတဲ့ကံကို ပဉ္စာနန္တရိယကံ *'The five Kamma that give immediate retribution'* လို့ ခေါ်တယ်။

'ပဥ္စဆိုတာငါး, အနန္တရဆိုတာ စုတိရဲ့ အခြားမဲ့မှာ, နိယတ္တက ယှဉ်တာဖြစ်လို့ သေဆုံးခြင်းရဲ့ အခြားမဲ့မှာ အဝီစိငရဲကို ဧကန်မုချ သွားရမယ့် ကံငါးမျိုးပါ၊ ဒါတွေကတော့ သံဃာကို အသင်းခွဲတာ၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်လုပ်တာ၊ ရဟန္တာကို သတ်တာနဲ့ အမိ,အဖကို သတ်တာတို့ပါ'

မသင်းက 'အဲဒီကံငါးမျိုးထဲမှာ ဘယ်ဟာက အပြစ်အကြီးဆုံး လဲ အစ်ကို'

'သံဃာကို အသင်းခွဲတာက အပြစ်အကြီးဆုံးပဲ ညီမရယ်၊ သိမ်တစ်ခုထဲမှာ သံဃာတော်တွေ အတူတကွ ကံမပြုနိုင်အောင် ကွဲပြားအောင် အားထုတ်မယ်ဆိုရင် သံဃာဘေဒကကံထိုက်တယ်၊ ဒီကံဟာ သံဃာတော်များနဲ့သာ သက်ဆိုင်ပေမယ့် မိမိရပ်ရွာ နယ်ပယ်မှာ သံဃာတော်အချင်းချင်း စိတ်ဝမ်းကွဲအောင် အားထုတ်တဲ့ လူပုဂ္ဂိုလ်ဆိုလည်း ဒီကံနီးပါးလောက် အပြစ်ကြီးတယ်'

'သံဃာကို အသင်းခွဲတာ ဘယ်လိုပြန်လဲ အစ်ကို'

'*The creating a schasm in the Sangha* လို့ ပြန်တယ်'

'သူ့နောက်မှာ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်လုပ်တာ က အပြစ်ကြီးတယ်၊ အရှင်ဒေဝဒတ် ဆိုလည်း မြတ်စွာဘုရားကို ကျောက်တုန်းနဲ့ တောင်ပေါ်ကလှိမ့်ပြီး သွေးစိမ်းတည်အောင် လုပ်မိလို့ ပါဏာတိပါတကံ မမြောက်ပေမယ့် ကံကြီးထိုက်လို့ အရှင်လတ်လတ် မြေမျိုခံရပြီး အဝီစိငရဲကို ကျသွားပါတယ်'

ဆရာကံမြင့်က 'ဘုရားစေတီ ပုထိုးကို ဖျက်ဆီးတာ၊ ဗောဓိ ညောင်ပင်ကို ခုတ်တာတွေကျတော့ ဘယ်ထဲမှာပါလဲ ဆရာ'

'ဘုရားစေတီနဲ့ ဗောဓိညောင်ကိုဖျက်ဆီးတာက ဘုရားရှင် ကို သွေးစိမ်းတည်အောင် လုပ်တဲ့ကံနဲ့မခြား အပြစ်ကြီးပါတယ်'

'ဘုရားရှင်ကို သွေးစိမ်းတည်စေတာကို ဘယ်လိုပြန်လဲ ဆရာ'

'*The wounding of a Buddha* လို့ ပြန်တယ်'

အဲဒီနောက်မှာ ရဟန္တာကိုသတ်တာ၊ အမိနဲ့ အဖကိုသတ်တာ၊ *The murder of an Arahat, matricide and patricide* က အစဉ်အတိုင်း အပြစ်ကြီးသွားတယ်'

မသင်းက 'အမိနဲ့ အဖကို သတ်တာမှာ ဘယ်ဟာပိုအပြစ် ကြီးသလဲ အစ်ကို'

'အမိရော အဖရော သိက္ခာသီလချင်းညီနေရင် အမိသတ် တာက ပိုအပြစ်ကြီးတယ်၊ ဒါကလည်း အမေက ကိုးလလွယ် ဆယ်လဖွား ဆိုသလို အမေ့ကျေးဇူးက ပိုများလို့ပါ၊ ဒါပေမဲ့ အဖေက အမေ့ထက် သီလအရာမှာ အများကြီးသာနေရင် အဖ သတ်တာက ပိုအပြစ်ကြီးတယ်'

'ဂရုကံကို ဘယ်လိုပြန်လဲ အစ်ကို'

'အလွန်ကြီးလေးတဲ့ကံမို့ *Weighty or Heavy Kamma* လို့ ပြန်တယ်'

လူတစ်ဦးရဲ့ဘဝ အဲဒီလို ကြီးလေးတဲ့ ဂရုကကံမျိုး မရှိခဲ့

ရင် နောက်ထပ် သေဆုံးခါနီးအချိန်လေးမှာ လောလောဆယ် အမှတ်ရပြီး ပြုလုပ်လိုက်တဲ့ကံမျိုးက အကျိုးပေးပါတယ်။ ဒီကံကိုတော့ ပါဠိလို အာသန္နကံ, မြန်မာလို နီးသောလို့ အဓိပ္ပါယ်ရတယ်။

ဆေးရုံမှာလည်း ဒီလိုတွေ့ကြုံနေတော့ သတိထားမိမှာပါ၊ တချို့က ဘဝတစ်လျှောက်လုံးမှာ ကုသိုလ်ကောင်းမှုတွေပဲ မပြတ်လုပ်ခဲ့တယ်။ ဒါပေမဲ့ သေခါနီးအချိန်လေးမှာ ဇနီး, ခင်ပွန်း, သားသမီးတွေ ဒါမှမဟုတ် ကိုယ်ပိုင်ထားတဲ့ စိန်ရွှေ ရတနာ၊ အိမ်၊ ခြံမြေတွေကို စွဲလန်းတပ်မက်ပြီးသေသွားရင် လောဘစိတ်နဲ့ဆိုတော့ ပြိတ္တာဘဝကို ရောက်သွားတတ်ပါတယ်။

တစ်ခါ နာကျင်မှု ဝေဒနာကြောင့်ဖြစ်ဖြစ်၊ ကိုယ်ဘာမှ မိသားစုအတွက် မလုပ်ပေးနိုင်တာကို မကျေမချမ်းနဲ့ စိတ်ထဲမှာ ဒေါမနဿတွေဖြစ်ပြီး သေသွားရင် ငရဲဘဝ, သရဲ, တစ္ဆေဘဝတွေ ရောက်သွားနိုင်ပါတယ်။ လူနာဆောင်တွေမှာလည်း ဒီလို အောင်ဟာစ်ဆူညံပြီး ဆုံးသွားတဲ့သူမျိုးကို တွေ့ဖူးကြမှာပါ။

တချို့လည်း သေခါနီးမှာ သတိကောင်းကောင်း မထားနိုင်တော့ဘဲ ရောဂါဝေဒနာကြောင့်ဖြစ်ဖြစ်၊ ဆေးကြောင့် မိန်းမောတွေဝေပြီးသေသွားရင် မောဟကြောင့် တိရစ္ဆာန်ဘဝကို ရောက်သွားနိုင်ပါတယ်။

ဒါကြောင့်မို့ သေခါနီး အချိန်လေးမှာ စိတ်ထားတတ်ဖို့က အလွန်အရေးကြီးပါတယ်၊ ဒီအခါမျိုးမှာ နားလည်တဲ့ လူကြီးမိဘ၊

ဆွေမျိုးမိတ်ဆွေ ဆရာသမားများက တရားခွေ ဖွင့်ပေးတယ်၊ သံဃာတော်တွေပင့်ပြီး လှူဖွယ်ပစ္စည်းတွေ ကပ်နိုင်အောင် စီစဉ်ပေးတယ်၊ အနားကနေပြီး ဘုရားစာရွတ်ပေးပြီး ဘဝတစ်လျှောက် ကိုယ်ပြုထားတဲ့ ကောင်းမှုတွေကို ပြောပြပေးနေဖို့ လိုပါတယ်။

သေခါနီးမှာ ဘယ်လိုပဲ အကုသိုလ်ကံတွေ ရှိနေပေမယ့် စိတ်က အနှောင့်အယှက်မရှိဘဲ ရတနာသုံးပါးကို ကြည်ညိုပြီး အေးအေးချမ်းချမ်း သေသွားရင် ကောင်းမွန်တဲ့ သုဂတိဘဝကို ရောက်သွားမှာပါ။ ဒါကြောင့်မို့ ဒီအချိန်လေးမှာ နားလည်တတ်ကျွမ်းတဲ့ မိတ်ကောင်းဆွေကောင်းရှိဖို့က အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ ဆရာဝန်၊ သူနာပြုတွေလည်း သေခါနီးဆဲဆဲ လူနာတွေကို ဆေးကုသရုံသာမကဘူး၊ ဘဝကူးကောင်းအောင်လည်း လုပ်ပေးဖို့ လိုပါတယ်။

ဒီလို သေခါနီးကာလလေးမှာ ကပ်ပြီးပြုလုပ်တဲ့ ကံမို့လို့ *Death-proximate Kamma* လို့ ပြန်တယ်။

အာသန္နကံ မရှိဘူးဆိုရင် နောင်ဘဝမှာ အကျိုးပေးတဲ့ ကံကို အာစိဏ္ဏကံလို့ ခေါ်တယ်၊ သူက နေ့စဉ်အမြဲမပြတ် စွဲစွဲမြဲမြဲ ပြုလုပ်တဲ့ကံကို ပြောတာပါ။

အကုသိုလ်ဘက်မှာလည်း တံငါသည်တွေနဲ့ ငါးသည်တွေဆို နေ့စဉ် ငါးတွေသတ်ပြီး ရောင်းတယ်၊ မုဆိုးဘဝနဲ့ အသက်မွေးသူဆိုလည်း ကျီ, ချေ, ဆတ်, တောဝက်စတဲ့ သတ္တဝါတွေကို သတ်ဖြတ်တယ်၊ ဒါမှမဟုတ် သူများပစ္စည်း ခိုးတယ်, အလေးခိုးပြီး

ဈေးရောင်းတယ်, ကိုယ်အမြတ်အစွန်းရဖို့ မုသားစကားတွေ ပြောပြီး အရောင်းအဝယ်လုပ်တာမျိုး၊ သေရည်သေရက် သောက်စားပြီး နေ့စဉ် မူးယစ်ပျော်ပါးတာမျိုးပါ၊ ဒါမှမဟုတ် ငယ်ငယ်တုန်းက အကုသိုလ်တွေ တောက်လျှောက်လုပ်ခဲ့ပြီး အသက်ကြီးရင့်မှ စိတ်ထဲ နေ့စဉ်သတိရပြီး စိတ်နှလုံး မသာမယာနဲ့ နောင်တရ ပူပန်နေတာဆိုလည်း အာစိဏ္ဏကံပါပဲ။

ကုသိုလ်ဘက်မှာလည်း နေ့စဉ် ဘုရားနဲ့ သံဃာတော်တွေကို ဆွမ်းမှန်မှန်လောင်းတယ်၊ ဥပုတ်သီလ စောင့်တည်တယ်၊ အဘိဓမ္မာ, ဝိသုဒ္ဓိမဂ်, ပဋ္ဌာန်းစတဲ့ တရားဓမ္မတွေ လေ့လာတယ်၊ အများအကျိုးကို အမြဲဆောင်ရွက်ပေးတယ်ဆိုရင် အာစိဏ္ဏကံပါပဲ။

မသင်းက 'ညီမတို့ ဆရာဝန်,သူနာပြုတွေဆိုလည်း နေ့တိုင်း လူနာတွေကို မေတ္တာ၊ စေတနာထားပြီး ဆောင်ရွက် ပေးနေတော့ အာစိဏ္ဏကံပဲ ဖြစ်မှာပေါ့နော်'

'ညီမယူဆတာ မှန်ပါတယ်'

'အာစိဏ္ဏကံကို ဘယ်လိုပြန်လဲ အစ်ကို'

'နေ့စဉ် အလေ့အထလိုဖြစ်နေပြီး အမြဲအောက်မေ့သတိရနေတဲ့ကံမျိုးမို့ *Habitual Kamma* လို့ခေါ်တယ်'

'အာသန္နကံနဲ့ အာစိဏ္ဏကံက ထူးခြားတယ်နော်၊ လူတစ်ယောက်ဟာ တစ်ဘဝလုံး ကောင်းတာတွေတောက်လျှောက် လုပ်ခဲ့ပေမယ့် သေခါနီးဆဲဆဲမှာ နှလုံးသွင်းမမှန်ဘဲ ဆုံးသွားရင်

ငရဲ၊ ပြိတ္တာ၊ သရဲ၊ တစ္ဆေဘဝ ရောက်သွားတယ်ဆိုတော့ ကြောက်စရာ လည်းကောင်းတယ်'

'ဒီကံနှစ်မျိုးကို ကျမ်းဂန်တွေထဲမှာ နွားခြံကြီးထဲက နွားတွေ *Cattle in the Cattle-shed* နဲ့ ဥပမာ ပေးကြတယ်၊ ညနေခင်းမှာ နွားကျောင်းသားတွေဟာ သူတို့ကျောင်းလာတဲ့ နွားတွေကို ခြံထဲသွင်းကြတယ်၊ ဒီအခါမှာ ထုံစံအတိုင်း နွားပျိုတွေနဲ့ သန်မာသေးတဲ့ နွားတွေက နေရာကောင်းရအောင် အရင်ဝင်သွားကြတယ်၊ မသန်မစွမ်းတဲ့ နွားအိုကြီးကတော့ နောက်ဆုံးမှ ဝင်ရတော့ တံခါးနားမှာပဲ နေရာရတော့တယ်'

'မစန္ဒာလည်း ဖြေကြည့်ပါလား၊ မနက်ဖြန်နံနက် တံခါးဖွင့်တဲ့အခါ ဘယ်နွားကအရင်ဆုံး ထွက်ရမယ်လို့ ထင်သလဲ'

'နွားအိုကြီးက တံခါးနဲ့ အနီးဆုံးမှာဆိုတော့ သူပဲ အရင်ဆုံး ထွက်ရမှာပါ ဆရာ'

'မှန်ပါတယ်၊ အလားတူ အာသန္နကံကလည်း သေခါနီး အချိန်လေးမှာကပ်ပြီး လုပ်လိုက်ပေမယ့် သူကအရင်ဆုံး အကျိုးပေးသွားတာ'

'ဒါပေမဲ့ သမီးစိတ်ထဲမှာ သိပ်မရှင်းတာက တသက်လုံး ကောင်းတာတွေလုပ်ခဲ့ပြီးမှ သေခါနီး တစ်ခုခုကို စိတ်ဓွဲလို့ အပယ်ဘုံကို ကျသွားပြီဆိုရင် အဲဒီလို လုပ်ခဲ့တာတွေဟာ အချည်းနှီး မဖြစ်ဘူးလား ဆရာ'

'ကိုယ်လုပ်ခဲ့တဲ့ တသက်တာနေ့စဉ် ကောင်းမှုတွေက အချည်း

နီး မဖြစ်ပါဘူး သမီးရယ်၊ သေခါနီး သားသမီးနဲ့မိသားစု တွေကို စွဲလန်းလို့ဖြစ်ဖြစ်၊ အယူမှားလို့ဖြစ်ဖြစ် အာသန္နကံကြောင့် မကောင်းတဲ့ ဘုံဘဝကို ရောက်ပေမယ့် အဲဒီမှာ အကြာကြီး မနေရပါဘူး၊ အမြဲမပြတ်လုပ်ခဲ့တဲ့ အာစိဏ္ဏကံကြောင့် ခဏနေပြီးတာနဲ့ ကောင်းရာ ဘဝတွေကို ရောက်သွားပါတယ်'

'အကုသိုလ်ဖက်မှာလည်း တစ်သက်လုံး မကောင်းတာတွေ ချည်း လုပ်ခဲ့တယ်၊ သေခါနီးအချိန်ကျမှ သံဃာတော်တွေပင့်ပြီး သင်္ကန်းလှူရတဲ့ အာသန္နကံကြောင့် သုဂတိဘုံ ရောက်ပေမယ့် ခဏပါပဲ၊ ကိုယ်ပြုထားတဲ့ အကုသိုလ် အာစိဏ္ဏကံတွေကြောင့် မကောင်းတဲ့အကျိုးပေးကို ခံရဦးမှာပါ'

ဆရာကံမြင့် 'သိပ်အားနည်းတဲ့ အာသန္နကံကျတော့ အကျိုး ပေးသေးလား ဆရာ'

'ဒီလို အားနည်းတဲ့ အာသန္နကံကို အင်အားအရမ်း ချို့တဲ့ နေတဲ့ နွားအိုကြီးနဲ့ ဥပမာပေးကြတယ်၊ ကျန်းမာရေး မကောင်း တော့ ဘေးကဝိုင်းထူပေးလည်း ထွက်နိုင်ဖို့ မလွယ်တော့ဘူး၊ အလားတူ သေခါနီးလေးမှာ ဘေးကဆွေမျိုးမိတ်ဆွေတွေက ဘယ်လောက် ကူပေးပေး သူကိုယ်တိုင်က အားလျော့နေလို့ ရည်စူးတဲ့ ကုသိုလ် ကိုမယူနိုင်ရင် အကျိုးပေးခွင့်မရပါဘူး၊ ဒီအခါ မျိုးမှာ လုံးဝ အကျိုးမပေးတော့တဲ့ အဟောသိကံ *Profitless deed or Defunct Kamma* ပဲ ဖြစ်သွားပါတယ်'

နောက်ဆုံးတစ်ခုကို ကဋတ္တာကံလို့ခေါ်တယ်၊ ရှေးရှေးဘဝ

များစွာနဲ့ ယခုဘဝမှာ သာမန်ပြုထားတဲ့ ဒါမှမဟုတ် အမှတ်တမဲ့ ပြုထားတဲ့ကံတွေကို ပြောတာပါ။

ဘယ်သူမဆို ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာပဲဖြစ်ဖြစ် အမှတ်တမဲ့ ပြုထားတာ အများကြီးရှိပါတယ်၊ ဥပမာ ကားမောင်းရင်း အမှတ်တမဲ့ ခွေးလေးတစ်ကောင်ကို ဖြတ်ကြိတ်သွားတာ၊ လမ်းသွားရင်း ဘုန်းကြီး၊ အဖိုးအို၊ အဖွားအိုတွေ့ရင် ကိုယ့်ကားနဲ့တင်ပြီး လိုရာကိုပို့ပေးတာမျိုး၊ ကိုင်းကျနေတဲ့ ညောင်ပင်ကို ညောင်ထောက်တာမျိုး၊ ဆာလောင်နေတဲ့ ငှက်လေးတွေ၊ ခွေးလေးတွေ၊ ကြောင်လေးတွေကို အစာကျွေးခဲ့တာတွေပါ။

'ဒီကံမျိုးက သာမန်လုပ်လိုက်တာမျိုးဖြစ်လို့ ဂရုကကံ၊ အာသန္န၊ အာစိဏ္ဏကံတို့လို အစွမ်း သိပ်မထက်ဘူးပေါ့၊ ဒါပေမဲ့ စုတေခါနီး အစွမ်းရှိတဲ့၊ သိပ်အားကောင်းတဲ့ ကံတစ်ခုမှ မရှိရင် သူကဝင်ပြီး အကျိုးပေးပါတယ်'

'ကဋတ္တာကံကို ဘယ်လိုပြန်လဲ ဆရာ'

'*Unspecified or Reserve Kamma*'

'ဆရာဖေသိန်းလည်း နားလည်သလို ကံတွေ အစဉ်အတိုင်း အကျိုးပေးတာကို ပြောကြည့်ပါလား'

'ကံလေးမျိုးမှာ အလွန်ကြီးလေးတဲ့ အကုသိုလ် ဂရုကံပြုထားရင် ဒုတိယဘဝမှာ အဝီစိငရဲကို ရောက်မယ့်အကျိုးမှချပေးတယ်၊ ဒါမှမဟုတ် အလွန်ကြီးမားတဲ့ မဟဂ္ဂုတ်ကုသိုလ်ကံတွေ ဆိုရင် ဗြဟ္မာဘုံကို မုချရောက်စေပါတယ်၊ ဂရုကံမရှိခဲ့ရင် နီးမှ

ပြုလုပ်တဲ့ အာသန္နကံ၊ နောက် အာသန္နကံမရှိရင် အာစိဏ္ဏကံ ဒါပေမဲ့ ဒီလိုအစွမ်းရှိတဲ့ ကံသုံးမျိုးလုံး မရှိရင်တော့ ကဋတ္တာကံ ကပဲ ဒုတိယဘဝရဲ့ ပဋိသန္ဓေအကျိုးကို ပေးပါမယ်'

'ဆရာဖေ ပြောတာ မှန်ပါတယ်၊ ကံပိုင်းမှာ ကျွန်တော် ဆက်ပြီး ပြောချင်တာက ကံတရားတို့ရဲ့ အကျိုးဖြစ်ထွန်းတဲ့အချိန် *Time of ripening of Kamma* ပါ၊ ကမ္မနိယာမအရ ကံရဲ့ အကျိုးပေး ဝိပါက် *'Result'* တွေဟာ သူ့အလိုလို အစီအစဉ်မဲ့ ဖြစ်ချင်ရာ ဖြစ်လာတာမျိုး မဟုတ်ပါဘူး။ မိမိပြုခဲ့တဲ့ ကံတွေရဲ့ စွမ်းအားနဲ့ ဇောတွေအပေါ် မူတည်ပြီး အကျိုးပေးတဲ့အချိန်က လည်း ကွဲပြားခြားနားပါတယ်'

ဝီထိပိုင်းမှာ ပြောခဲ့သလို စိတ်အစဉ်တစ်ခုမှာ ဇော၇-ကြိမ် စောပါတယ်၊ အဲဒီမှာ ပထမဇော *First mental impulsion* က အလွန်အားကောင်းရင် ယခုဘဝမှာပဲ ဒိဋ္ဌဓမ္မ ဝေဒနီယကံနဲ့ လက်ငင်း အကျိုးပေးပါတယ်။

*'Kamma that cause an immediate result in the present life'*

အားနည်းတဲ့ ပထမဇောတွေက ဘယ်သောအခါမှာမှ အကျိုး မပေးတော့တဲ့ အဟောသိကံ *A profitless deed* ဖြစ်သွား ပါတယ်။ အရှင်းဆုံးဆိုရရင် ကုသိုလ်ဆိုလည်း အကျိုးမပေး တော့တဲ့ နမြောစရာ ကုသိုလ်ကံတွေပါ။

မစန္ဒာက 'အဟောသိကံကို သမီး သိပ်သဘောမပေါက်လို့'

'အဟောသိကံဆိုတာ လုံးလုံးကို အကျိုးမပေးတော့တဲ့ ကံတွေကိုပြောတာပါ၊ အားလုံးလည်း ကြုံခဲ့ဘူးမှာပါ၊ ဘဝမှာ တစ်ခါတရံ ကိုယ်ဘယ်လောက်ပဲ ကြိုးစားပေမယ့် ဖြစ်ချင်မှ ဖြစ်လာတာပါ၊ ရာထူးတက်ခါနီး, နိုင်ငံခြားသွားခါနီး ဒါမှမဟုတ် စာမေးပွဲဖြေခါနီးကျမှ ကျန်းမာရေးကြောင့်, အရေးပေါ်အခြေအနေကြောင့်, ဘေးပယောဂ တစ်ခုခုကြောင့် ကြိုးစားခဲ့တာတွေ အားလုံး အချည်းနှီး ဖြစ်သွားတာမျိုးပါ၊ ဒါကြောင့်မို့ *Defunct Kamma* လို့လည်းခေါ်တယ်'

'ဒါဆို ကုသိုလ်ကံတွေရှိတိုင်း အကျိုးပေးချင်မှ ပေးတာပေါ့နော်'

'သိပ်အားကြီးတဲ့ ကုသိုလ်ကံတွေက မဖြစ်မနေ အကျိုးပေးပါတယ်၊ ဒါပေမဲ့ သာမန်ကုသိုလ်ကံတွေ ဒါမှမဟုတ် အားနည်းတဲ့ကုသိုလ်တွေကျတော့ မြေကောင်းရေကောင်းမှ မျိုးစေ့တွေကနေ အပင်ပေါက်နိုင်သလို အထောက်အပံ့ပေးနိုင်တဲ့ အခြေအနေကောင်း *Favourable Conditions* တွေရှိဖို့ လိုပါတယ်'

'ဘယ်လို အခြေအနေမျိုးတွေလဲ ဆရာ'

'ကောင်းတဲ့ဘဝပေးအနေအထား, ကောင်းမွန်တဲ့ ဥပဓိရုပ်နဲ့ ကိုယ်ရည်ကိုယ်သွေး, ခေတ်ကောင်းအချိန်ကောင်းနဲ့ ကောင်းစွာ လုံ့လပြုမှုတို့ပါပဲ၊ ကိုယ်ကဘယ်လောက်ပဲ ကြိုးစားအားထုတ်ပေမယ့် ဥပဓိရုပ်ကချို့တဲ့ပြီး ခေတ်ကာလမကောင်းရင်လည်း

အကျိုးပေးနိုင်ဖို့ နည်းတာပေါ့ သမီးရယ်'

ဆရာဖေသိန်းက 'ကျွန်တော်ငယ်ငယ်က ဘုန်းကြီးကျောင်းမှာ ဂတိ သမ္ပတ္တိ၊ ဥပဓိ သမ္ပတ္တိ၊ ကာလ သမ္ပတ္တိနဲ့ ပယောဂ သမ္ပတ္တိ ဆိုပြီး ခေါ်တာကိုမှတ်မိတယ်'

'မှန်ပါတယ်၊ ဒီလေးမျိုးကို *Successful attainment of resting place, body and personality, right time and deligence* လို့ ပြန်တယ်'

'ကျွန်တော်ဆက်ပြီး ဒိဋ္ဌဓမ္မ ဝေဒနီယကံကို ပြောပြပါ့မယ်၊ ဘုရားရှင် လက်ထက်က မဟာဒုက်တို့ ကာက တို့လို ချက်ချင်းလူ ချက်ချင်း အကျိုးပေးဖို့က အလွန်စင်ကြယ်သော အလှူပစ္စည်း၊ ထက်သန်ပြင်းပြသော စေတနာ သဒ္ဓါ၊ မြင့်မြတ်သော ဘုရား၊ ရဟန္တာကဲ့သို့ အလှူခံပုဂ္ဂိုလ် ဒါမှမဟုတ် သမာပတ်မှထပြီး အလွန် စင်ကြယ်သော အခါဖြစ်မှ အကျိုးပေးတာပါ'

ဒီလို အင်္ဂါလေးတန်နဲ့ ပြည့်စုံတဲ့ အခွင့်အရေးမျိုးကတော့ ဘဝမှာကြုံတွေ့ဖို့ အလွန်နည်းလှပါတယ်။

ဒါပေမဲ့ ပထမအောကုသိုလ်ဟာ လုံးလုံးမပေးဘူးလား ဆိုတော့ အကျိုးပေးပါတယ်။ လက်ရှိဘဝမှာ ကုသိုလ် ကောင်းမှုတွေ ပြုမယ်၊ ပရိတ်ပဋ္ဌာန်းပူဇော်မယ်၊ အလှူဒါနတွေ ပြုမယ်ဆိုရင် အန္တရာယ်များမှကင်းဝေးပြီး ကြံတိုင်းအောင် ဆောင်တိုင်းမြောက် လို့ စီးပွားဥစ္စာတွေလည်း တိုးတက်စေပါတယ်။

တစ်ခါ အားနည်းတဲ့ ပထမ ကုသိုလ်ဇော *'First moral impulsion'* တွေဟာ သူ့ချည်း မတတ်နိုင်ရင်တောင် ရှေးက ပြုခဲ့တဲ့ ကုသိုလ်တွေနဲ့ပေါင်းပြီး အကျိုးပေးပါတယ်။ ချောင်းငယ်ကလေး သက်သက်ဟာ သူ့အတိုင်းဆိုရင် ရေအားမသန်ပေမယ့် မိုးဖြိုင်ဖြိုင် ရွာသွန်းတဲ့အခါတွေမှာ အထက်ကစီးလာတဲ့ တောင်ကျရေနဲ့ပေါင်းပြီး ရေအားကောင်းကောင်းနဲ့ ချောင်းတစ်လျှောက် စီးဆင်း သွားတာမျိုးနဲ့အလားတူပါတယ်။

ယခုဘဝမှာ ကုသိုလ် ကောင်းမှုတွေလည်း မပြတ် ပြုမယ်၊ ရှေးကုသိုလ်ကံတွေလည်း အခန့်သင့်လို့ မိုးရွာသလို ရွာချမယ်ဆိုရင် ပထမဇော ကုသိုလ်က လက်ရှိဘဝမှာပဲ အကျိုးပေးပါတယ်။ သိပ်ကိုအားနည်းတဲ့ ပထမဇော ကုသိုလ်တွေကတော့ နမြောစရာ အဟောသိကံပဲ ဖြစ်သွားပါတယ်။ ဒါကြောင့်မို့ လက်ရှိဘဝမှာ ရှေးကံတွေအကျိုး ပေးခွင့်ရဖို့ ဖြူစင်တဲ့စေတနာနဲ့ ကုသိုလ်ကောင်းမှုတွေကို မပြတ်ပြုလုပ်နေဖို့ လိုပါတယ်။

ကုသိုလ်လို ပထမဇော အကုသိုလ် *'First immoral impulsion'* တွေဟာ လက်ရှိဘဝမှာ ဒိဋ္ဌဓမ္မဝေဒနီယကံနဲ့ အကျိုးပေးပါတယ်။ အကုသိုလ် လုပ်တယ်ဆိုရင် လက်ငင်း အကျိုးပေးတာက နာမည်ပျက်တယ်၊ စီးပွားရေး ကျဆင်းတယ်၊ အမှုအခင်းတွေ ကြုံတွေ့ရပါတယ်။

တစ်ခါ ကျေးဇူးရှင် မိဘ၊ ဆရာတွေကို စော်ကားတယ် ဆိုရင်

လည်း ချက်ချင်းအကုသိုလ် အကျိုးပေးတာတွေကို တွေ့ရမှာပါ။ တချို့က လူတွေမသိအောင် အကုသိုလ်လုပ်ရင် အကျိုးမပေးဘူး လို့တောင် ထင်ကြပါတယ်။ လူတွေမသိလို့ နာမည်မပျက်ဘူး ဆိုပေမယ့် ကိုယ့်ကိုကိုယ် မကြည်ညိုနိုင်တော့ဘဲ အကုသိုလ် လုပ်ခဲ့ တာတွေတွေးတိုင်း စိတ်ဆင်းရဲရတော့ ဘာလုပ်လုပ် အဆင်မပြေ တာတွေကိုပဲ ကြုံတွေ့နေရမှာပါ။

ဒုတိယအကျိုးပေးတဲ့ ကံမျိုးကို အပရာပရိယ ဝေဒနီယကံ လို့ ခေါ်တယ်။ ဒီကံမျိုးကို ဖြစ်စေတာက အလယ်ဇော ငါးချက် *'Five middle impulsion'* ပါ။ ဒီဇောတွေဟာ အာသေဝန ပစ္စည်းဆက်တိုက်ရလို့ အလွန်အားကောင်းပြီး တတိယဘဝက စလို့ ဘဝထောင်သောင်းများစွာ နိဗ္ဗာန်မရောက်မချင်း အခွင့်သာရင် သာသလို အကျိုးပေးပါတယ်။

· *Kamma that ripens from the third life and successive life until Nibbana.*

ကုသိုလ်ဘက်မှာ အကြောင်းဆုံလို့ အကျိုးပေးခွင့်ရရင် ဆင်းရဲသားဘဝကနေ ဖြုန်းခနဲ သန်းဆုကြီးတွေ ထပေါက်တာ၊ အမွေမြောက်မြားစွာရလို့ သူဌေးကြီးဖြစ်သွားတာနဲ့ သာမန် မင်းမှုထမ်းကနေ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီး၊ သမ္မတတွေအထိ ဖြစ်စေပါတယ်။ တစ်ခါ မမျှော်လင့်ဘဲ ဘာသာရေး လိုက်စား မိပြီး တရားအားထုတ်ထဲ့အခါ ရဟန္တာအထိ ဖြစ်နိုင်ပါတယ်။

စွန်းလွန်းဆရာတော်ရဲ့ ဘဝကို ကြည့်ရင်လည်း အလယ်ဇောငါးချက် အကျိုးပေးတာကို တွေ့နိုင်ပါတယ်။ ဆရာတော်ဟာ လူ့ဘဝက ကျေးလက်တောရွာလေးမှာ မောင်ကျော်ဒင် ဆိုတဲ့ အမည်နဲ့ စာပေလည်း မသင်ကြားနိုင်ဘဲ ဆင်းဆင်းရဲရဲ ကြီးပြင်းခဲ့ရပါတယ်။ အရွယ်ရောက်တော့ ဒေါ်ရွှေရည်နဲ့ အကြောင်းပါပြီး ယာသမားဘဝနဲ့ ပင်ပန်းဆင်းရဲစွာ အသက်မွေးခဲ့ရပါတယ်။ ဒါပေမဲ့ သူဟာ ဟိုးရှေးဘဝများစွာက ကဿပဘုရားရှင် လက်ထက်မှာ ကြက်တူရွေး ဖြစ်ခဲ့ပါတယ်။ အဲဒီအခါက ဘုရားရှင်ကို ကြည်ညို သဒ္ဓါစိတ်ပြင်းစွာနဲ့ သစ်သီးဆွမ်းကပ်လှူ ပူဇော်ခဲ့ဖူးပါတယ်။

အကြောင်းဆုံဆည်းလို့ ယခုဘဝမှာ ကဿပဘုရား လက်ထက်က ကုသိုလ်ကံတွေ အကျိုးပေးခွင့်ရပြီး ပဌာန်းဆက်ရှိတဲ့ ဆန်စက်စာရေးကြီး ဦးဘစံနဲ့ ဆုံမိပါတယ်။ သူ့ရဲ့လမ်းညွှန် ပြသမှုကြောင့် ရှုမှတ်အားထုတ်လိုက်တာ တရားထူး ရရှိသွားပါတယ်။

နောင်သာသနာ့ဘောင် ဝင်ရောက်ပြီး စွန်းလွန်းဆရာတော်လို့ တိုင်းသိပြည်သိ ထင်ပေါ်ကျော်ကြားခဲ့ပါတယ်။ ဒါဟာ အပရာပရိယ ဝေဒနီယကံ *Kamma that ripens in successive life* အကျိုးပေးလို့ပါ။

အကုသိုလ် အလယ်ဇောငါးချက်ဟာလည်း ကုသိုလ်နည်းတူ တတိယဘဝကစပြီး ဘဝပေါင်း ထောင်သောင်းများစွာအထိ

အခွင့်သာရင်သာသလို အကျိုးပေးပါတယ်။

ယခုဘဝ ငယ်ငယ်ရွယ်ရွယ်နဲ့ အချိန်မတိုင်မီ အကြောင်း အမျိုးမျိုးကြောင့် အသက်ဆုံးရှုံးရတာတွေမှာလည်း ဒီအပရာပရိယ ဝေဒနီယကံတွေ အများကြီးပါဝင်တယ်။ ဒါကြောင့်မို့ ရှားရှား ပါးပါး ရခဲလှတဲ့လူ့ဘဝမှာ ကုသိုလ်ကောင်းမှုတွေကို မပြတ်ပြုနေမှပဲ အရိပ်လိုလိုက်ပါနေတဲ့ အကုသိုလ်ကံတွေကို ဖယ်ရှားနိုင်မှာပါ။

'ကံမြောက်သွားတဲ့ အကုသိုလ်တွေဟာ သံသရာ အဆက်ဆက် အစဉ်လိုက်ပါနေတာကို ဓမ္မပဒမှာ ဒီလိုဟောထားပါတယ်'

*'နာမ်ခန္ဓာလေးပါးတို့တွင် စိတ်သာလျှင် ရှေ့သွားရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူး ဖြစ်သလို စိတ်ဖြင့်သာပြီးကုန်၏။ မကောင်းသော စိတ်ထားဖြင့် ပြောဆိုပြုလုပ်ပါက လှည်းဘီးသည် ဝန်ဆောင်နွားး၏ ခြေရာနောက်ကို အစဉ် လိုက်နေသကဲ့သို့ ဆင်းရဲသည်လည်း ထိုမကောင်းမှု ပြုသူနောက်သို့ အစဉ်လိုက်၏..'*

*'Mind is the forerunner of all mental states; mind is their chief and they are mind-made. If, with a pure mind, one speaks or acts, then suffering follows one even the wheel follows the hoof of the ox that draws a cart.'*

ဆရာကျော်မြင့်က 'ဝန်ဆောင်နွားရဲ့ ခြေရာနောက်သို့ဆိုတဲ့

စကားလေးက အလွန်လှတာပဲ'

'မှန်ပါတယ်၊ ဒါကြောင့်မို့ နေ့စဉ်သတိထားနိုင်မှ အကုသိုလ်စိတ် ဖြစ်တာတွေ နည်းသွားမှာပါ'

'တတိယအကျိုးပေးတဲ့ ကံအမျိုးအစားကို ဥပပဇ္ဇ ဝေဒနီယကံလို့ ခေါ်ပြီး ဒုတိယဘဝရဲ့ ပဋိသန္ဓေအကျိုးကို ပေးပါတယ်'

'ဥပပဇ္ဇ ဝေဒနီယကံကို ဘယ်ဇောက ဖြစ်စေတာလဲ ဆရာ'

'ဒီကံက အဆုံးဇောဖြစ်တဲ့ သတ္တမဇောစေတနာကြောင့်ပါ'

*'Seventh mental impulsion either evil or good deed which cause re-birth in next life'*

ကုသိုလ်ဘက်မှာ နောင်ဘဝ လူဖြစ်လည်း လူချမ်းသာ၊ နတ်ဖြစ်လည်း နတ်ချမ်းသာဆိုသလို ပြည့်စုံအေးချမ်းတဲ့ ဘဝသစ်တစ်ခုကို ပေးပါတယ်။ လက်ရှိဘဝမှာ ပြည့်စုံတဲ့မိဘ နှစ်ပါးထံမှာ သားသမီးတွေဖြစ်ပြီး ချမ်းချမ်းသာသာနဲ့ ပညာသင်ကြားရတာ၊ ဥပမိရုပ်ကောင်းပြီး ကျန်းမာရေး ကောင်းမွန်တာတွေဟာ သတ္တမဇော ကုသိုလ်တွေကြောင့်ပါ။

အကုသိုလ်မှာလည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်ဘုံ *'Rebirth in the plane of misery'* သို့ ရောက်စေပါတယ်။ လူပြန်ဖြစ်ရင်လည်း ရုပ်အဆင်း ဆိုးဝါးတာတို့၊ အင်္ဂါကြီးငယ် မပြည့်မစုံဖြစ်တာတို့နဲ့ ဉာဏ်ရည်ထိုင်းမှိုင်းတာတို့ကို ဖြစ်စေပါတယ်။

မြတ်စွာဘုရားရှင် လက်ထက်က အရှင်သာရိပုတ္တရာဟာ ဆံတော်ရိတ်အပြီး ခေါင်းပြောင်ပြောင်နဲ့ ဖြစ်နေတဲ့အခါမှာ နန္ဒ ဘီလူးဟာ အရှင်မြတ်ရဲ့ ဦးခေါင်းကိုခေါက်ပြီး ပြစ်မှားလိုက် ပါတယ်။

'ရဟန္တာကို ကိုယ်ထိလက်ရောက် ကျူးလွန်မိတဲ့ ပထမဇော အကုသိုလ်ကြောင့် နန္ဒဘီလူး ချက်ချင်းသေဆုံး သွားသလို သတ္တမ ဇော အကုသိုလ်အကျိုးပေးလို့ ဒုတိယဘဝမှာ အဝီစိငရဲကို *The lowest hell* ရောက်သွားပါတယ်'

မစန္ဒာက 'မိမိပြုထားတဲ့ ကုသိုလ်၊ အကုသိုလ်အလိုက် ကံအကျိုးပေးတဲ့ အချိန်ကလည်း အတိအကျပဲနော်'

'ဒါကြောင့်မို့ ကုသိုလ်ကောင်းမှုတွေကို စဉ်ဆက်မပြတ် လုပ်နိုင်ဖို့က အရေးကြီးတာပေါ့ သမီးရယ်'

စတုတ္ထအမျိုးအစား အဟောသိကံကိုတော့ ရှင်းပြပြီးဖြစ်လို့ အားလုံးနားလည်မယ်လို့ ယူဆပါတယ်၊ သိချင်တာ ရှိရင်လည်း မေးလို့ရပါတယ်'

ဆရာဖေသိန်းက 'အရက်သောက်တာဟာ ဒုစရိုက်ကျူးလွန် တယ်လို့ ပြောနိုင်လား ဆရာ'

'ဆရာဖေ မေးတာလေးက တော်တော်လေးကောင်းတယ်၊ ကျမ်းဂန်အလိုအရ အကုသိုလ်ကံဆယ်ပါး ဒါမှမဟုတ် ဒုစရိုက် ဆယ်ပါးမှာ အရက်သောက်တာတော့ မပါဘူး၊ ဒါပေမဲ့ ကိုယ်ကျင့်

သီလရှုထောင့်ကကြည့်ရင် အရက်သောက်တာဟာ မကောင်းမှုတွေရဲ့ အခြေခံအကြောင်းရင်း ဖြစ်သလို မေ့လျော့တွေဝေစေတတ်ပါတယ်၊ ဒါကြောင့်မို့ အရက်သောက်တာဟာ ဒုစရိုက် ကျူးလွန်တာ မဟုတ်ပေမယ့် အကုသိုလ်တွေ လုပ်မိဖို့ ရေခံမြေခံသဖွယ် ဖြစ်နေပါတယ်၊ တတ်နိုင်ရင် မသောက်တာတော့ အကောင်းဆုံးပါပဲ ဆရာဖေရယ်'

'ဆရာ့အမြင်ကိုလည်း ကျွန်တော်သိချင်တယ်'

ကျွန်တော့်အနေနဲ့ ယဉ်ကျေးမှုအရ ဧည့်ခံတဲ့ *Social* ကိစ္စတွေ၊ ကျန်းမာရေးအတွက်နဲ့ ဆေးဝါးအဖြစ် မှီဝဲတယ် ဆိုရင်တော့ သိပ်အပြစ်ကြီးမယ်လို့ မထင်မိပါဘူး၊ ဒါပေမဲ့ အရက်စွဲသွားလို့ နေ့စဉ်သောက်သုံးတဲ့ ပမာဏကများလာရင် အစာအိမ်နဲ့ အူသိမ်မှာ အနာဖြစ်မယ်၊ နောက်အသည်းအဆီဖုံးပြီး အသည်းကျုံ့တာနဲ့ အသည်းကင်ဆာအထိ ဖြစ်သွားနိုင်တယ်၊ ဆင်ဆင်ခြင်ခြင် သောက်ရင်တော့ ဖြစ်နိုင်ခြေ နည်းတာပေါ့'

မစန္ဒာက 'ဒုစရိုက်ဆယ်ပါးကို ရှင်းပြပေးပါလား ဆရာ'

'ဒုစရိုက်ဆယ်ပါး *Ten unwholesome actions* ဆိုတာ ကိုယ်နဲ့ပြုလုပ်တဲ့ ကာယကံသုံးပါး၊ နှုတ်နဲ့ကျူးလွန်တဲ့ ဝစီကံလေးပါးနဲ့ စိတ်နဲ့ကျူးလွန်တဲ့ မနောကံသုံးပါးကို ပြောတာပါ'

'ကာယကံသုံးပါးက သူများအသက်ကို သတ်တာ၊ သူများပစ္စည်း ခိုးတာနဲ့ ကာမအရာမှာ မှားယွင်းစွာကျင့်ကြံတာ၊ ဒါတွေ

ကို *Killing , stealing, and sexual misconduct* လို့ ပြန်တယ်'

'ဝစီကံလေးပါးက မုသားစကားပြောတာ၊ ပိသုဏာဝါစာ ဆိုတဲ့ ချောပစ်ကုန်းတိုက်တာ၊ ဖရုသဝါစာဆိုတဲ့ ကြမ်းတမ်းစွာ ဆဲရေးပြောဆိုတာ၊ သမ္ဖပ္ပလာပဆိုတဲ့ အနှစ်ကင်းသော အတင်း အဖျင်းပြောတာတို့ပါ၊ ဒီလေးမျိုးကို *Lying, Slandering, Rude or Harsh speech and Vain talk* ဆိုပြီး ပြန်တယ်'

'မနောကံသုံးပါးက အဘိဇ္ဈာဆိုတဲ့ သူတစ်ပါး ပစ္စည်းဥစ္စာ ကို မတရား လှည့်ပတ်ရယူလိုတာ၊ ဗျာပါဒဆိုတဲ့ သူတစ်ပါး ပျက်စီး,သေကြေ, ဆင်းရဲဒုက္ခရောက်အောင် ကြံစည်စိတ်ကူးတာ, မိစ္ဆာဒိဋ္ဌိဆိုတဲ့ ကံ ကံရဲ့အကျိုးကို ပစ်ပယ်ပြီး လွဲမှားစွာ ယုံကြည် တာတို့ပါ၊ တရားကိုယ်ကတော့ လောဘ,ဒေါသ,မောဟတို့ ပါပဲ၊ ဒီသုံးမျိုးကို *Covetousness, Evil desire or Ill will and False belief or wrong view* လို့ပြန်တယ်'

မသင်းက 'ညီမ စာအုပ်တွေထဲမှာ ပုညကြိယဝတ္ထု ဆယ်ပါး ဆိုပြီး ခဏခဏတွေ့ရတယ်၊ အဲဒါ ဘာကိုဆိုလိုတာလဲ အစ်ကို'

'ပုညဆိုတာ ကုသိုလ်ကောင်းမှု၊ ကြိယဆိုတာ ပြုသင့်ပြု ထိုက်သော လုပ်ဆောင်မှု၊ ဝတ္ထုဆိုတာ အကျိုးရဲ့ တည်ရာကို ပြောတာပါ၊ ဒါကြောင့်မို့ ပုညကြိယဝတ္ထု ဆယ်ပါးဆိုတာ ပြုသင့် ပြုထိုက်သော ကောင်းမှုကုသိုလ်ဆယ်ပါးရဲ့ တည်ရာ *Bases*

*of Meritorious Action* ကို ဆိုလိုပါတယ်'

'ဒီဝတ္ထုဆယ်ပါးမှာ ဒါန, သီလ, ဘာဝနာအားဖြင့် တူရာ ပေါင်းပြီး ကြည့်မယ်ဆိုရင် အုပ်စုသုံးခုပဲ ရှိပါတယ်'

ဒါနအုပ်စုမှာ ဒါနဆိုတဲ့ လှူဒါန်းမှု, ပတ္တိဒါနဆိုတဲ့ မိမိပြုသော ကုသိုလ်ကို သူတစ်ပါးတို့အား အမျှပေးဝေမှုနဲ့ ပတ္တာနုမောဒန ဆိုတဲ့ ကောင်းမှုရှင်တို့က ပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်မှု တို့ပါဝင်တယ်၊ သူတို့သုံးမျိုးကို *Charity, Transference of merit and Rejoicing in other's merit* ဆိုပြီး ပြန်တယ်။

သီလအုပ်စုမှာ သီလ၊ အပစာယနဆိုတဲ့ မိမိထက် အသက် သိက္ခာ ဂုဏ်ကြီးမြင့်သူအား အရိုအသေပေးမှုနဲ့ ဝေယျာဝစ္စ ဆိုတဲ့ ကုသိုလ်ရေးကိစ္စများမှာ ပါဝင်ဆောင်ရွက်မှုတို့ ပါဝင်တယ်။ ဒီသုံးမျိုး ကို *Morality, Reverence to elders and holy persons and Service in wholesome deeds* လို့ ပြန်တယ်။

ဘာဝနာအုပ်စုမှာ ဘာဝနာဆိုတဲ့ ကမ္မဋ္ဌာန်းစီးဖြန်းမှု၊ ဓမ္မ သဝနဆိုတဲ့ တရားတော်ကို ရိုသေစွာနာကြားမှု၊ ဓမ္မဒေသနာ ဆိုတဲ့ တရားဟောပြောမှုနဲ့ ဒိဋ္ဌိဇုကမ္မဆိုတဲ့ ဖြောင့်မတ်သောအယူ ရှိမှုတို့ ပါဝင်တယ်။ ဒီလေးမျိုးကို *Meditation, Listening to the Doctrine, Expounding the Doctrine and Forming correct view* ဆိုပြီး ပြန်တယ်။

'ဒီနေ့ပို့ချတာ အပြန်အလှန် ဆွေးနွေးကြလို့ ကျွန်တော် အားရပါတယ်၊ ညနေ ငါးနာရီလည်းကျော်ပြီမို့ ခဏနားကြ တာပေါ့'

ညနေပိုင်းမှာ နေခြည်ဖြာနေသေးတာမို့ ဆေးရုံ အနောက်ဖက် တံငါရွာတွေဘက်ကို လမ်းလျှောက်ဖြစ်ပါတယ်။ ဒီနေ့တော့ ကျွန်တော်နှင့်အတူ မသင်းလည်း လိုက်ခဲ့ပါတယ်။ မသင်းက အပြာနုရောင် ချည်သားအင်္ကျီနဲ့ လုံချည်ကို အထက်အောက် ဆင်တူ ဝတ်ထားပါတယ်။

ကျွန်တော်တို့ လယ်ကွင်းများ၊ စိမ်းစိုနေတဲ့ ပျိုးခင်းဘောင် များနဲ့ ရေတသွင်သွင်စီးနေတဲ့ မြောင်းလေးများကိုဖြတ်ပြီး လျှောက် ကြပါတယ်။ လမ်းတစ်လျှောက်မှာ ကျွန်တော်တို့ကို လယ်ပုဇွန် လုံးလေးများကလည်း ခေါင်းပြူပြီး ကြည့်နေပါတယ်။

ပင်လယ်ကမ်းစပ်နဲ့နီးတာမို့ တိုက်ခတ်လာတဲ့လေမှာလည်း ဆားငန်ဓါတ်ပါတာကို တွေ့ထိခံစားလို့ ရနေပါတယ်။ သဘာဝ ရှုခင်းက ပန်းချီကားတစ်ချပ်သဖွယ် လှပနေလို့ စိတ်မှာလည်း ကြည်နူး လန်းဆန်းသွားပါတယ်။

'အဘိဓမ္မာ သင်လိုက်ရတော့ ကိုယ့်မှာ ဒေါသ, လောဘ ဖြစ်နေတဲ့အခါဆို ဒီစိတ်တွေဟာ မကောင်းပါလားဆိုပြီး ပြန်ထိန်း လို့ရသွားတယ်၊ မနေ့က အစ်ကိုပေးတဲ့ ဆရာတော် အရှင်ဇနကာ ဘိဝံသရဲ့ အခြေပြုပဋ္ဌာန်းတရားတော် ဖတ်တော့လည်း တချို့ပါဠိ

ဝေါဟာရတွေကို သိနေတော့ ဖတ်လို့လည်းကောင်းတယ်၊ အဓိပ္ပါယ်ကိုလည်း နားလည်တယ်'

'ဒီလိုကြားရတာ ဝမ်းသာပါတယ်၊ အဘိဓမ္မာဆိုတာ သဘာဝမှာရှိတဲ့ ပရမတ်တရားတွေကို အသေးစိတ် လေ့လာတာ ဆိုတော့ စဉ်းစားနိုင်တဲ့ ဉာဏ်ရည်လည်း ပိုပြီးထက်မြက်လာတယ်၊ နောက် အဘိဓမ္မာကို ထိုးထွင်းသိသွားရင် အရာရာကို ခွဲခြမ်းစိတ်ဖြာနိုင်တဲ့ *Analytical Knowledge* ရှိလာတော့ ဘယ်အရာမဆို အမှားနဲ့အမှန်၊ ကုသိုလ်နဲ့ အကုသိုလ် ခွဲခြားသိသွားတာပေါ့ ညီမရယ်'

'ညီမ ဇန်နဝါရီ ပထမအပါတ်လောက် ရန်ကုန်ခဏပြန်လိုက်မယ်၊ အမေနဲ့ မတွေ့ရတာကြာပြီ'

'မိဘကျေးဇူးက အလွန်ကြီးမားပါတယ်၊ အခုလည်း ညီမလစာထဲက ပုံမှန်ထောက်ပံ့နေသလို ရန်ကုန်မှာလည်း ကျန်းမာရေးစစ်ဆေးပေးတာကအစ လိုတာတွေ ပြည့်စုံအောင်လုပ်ခဲ့ပါ၊ ရန်ကုန်တစ်ခေါက် ပြန်ရတာ မလွယ်လှဘူး'

မသင်းက လေအဟုန်မှာ လှုပ်ရမ်းသွားတဲ့ ဆံနွယ်လေးများကို သပ်ရင်း-

'ညီမ ရန်ကုန်ရောက်ပေမယ့် စိတ်က ဒီမှာ ရှိနေမှာပါ'

မသင်းမျက်နှာလေးက အရင်နဲ့မတူဘဲ နူးညံ့သိမ်မွေ့နေသလို မျက်ဝန်းထဲမှာလည်း ထူးဆန်းတဲ့ အရောင်လဲ့လဲ့လေး ဝင်းပနေတာကို တွေ့ရပါတယ်။

လမ်းလျှောက်နေစဉ်မှာ နေမင်းက အနောက်ကမ်းသို့ တဖြည်းဖြည်း ဝင်စပြုပြီမို့ အလင်းရောင်လည်း တဖြည်းဖြည်း နည်းလာတာမို့ တံငါရွာလေးအထိ မလျှောက်တော့ဘဲ ကျွန်တော်တို့လှည့်ပြန်လာခဲ့ပါတယ်၊ အပြန်မှာ မသင်းက လက်ကမ်းပေးလို့ လက်ချင်းတွဲပြီး အတူလျှောက်ဖြစ်ပါတယ်၊ ဆေးရုံပြန်ရောက်တော့ တော်တော် မှောင်စပြုနေပါပြီ။

မသင်းက 'ဒီနေ့ ညီမတို့နဲ့ပဲ လာစားလိုက်ပါလား၊ ဟင်းကတော့ သိပ်အကောင်းကြီးမဟုတ်ဘူး၊ *Pot-luck* ပေါ့'

'လာခဲ့ပါ့မယ် ညီမရယ်'

ကျွန်တော်အခန်း ပြန်ရောက်တော့ ရေချိုးပြီး မြတ်စွာဘုရားကို မေတ္တာသုတ်၊ မဟာပဋ္ဌာန်းတို့နဲ့ ရွတ်ဆိုပူဇော်လိုက်ပါတယ်။

ညစာကို မသင်း၊ မစန္ဒာ၊ ကိုသိန်းတို့နဲ့အတူ စားဖြစ်ပါတယ်။ ဟင်းကတော့ ကန်စွန်းရွက်ချဉ်ရည်ဟင်းနဲ့ မယ်ဇလီဖူးသုတ်တို့ ဖြစ်ပါတယ်။

အရေးပေါ်လူနာ မရှိတာနဲ့ ရေးလက်စ သစ္စာကို ဆက်ရေးဖြစ်ပါတယ်။ ညပိုင်းမှာ ဆေးရုံတစ်ခုလုံး တိတ်ဆိတ်နေတော့ ပင်လယ်ကမ်းစပ်က ဒီရေ တက်သံနဲ့ လှိုင်းပုတ်သံလေးကိုလည်း စာရေးရင်း ကြားနေရပါတယ်။

## (၄)
## ဘဝတစ်ခု ရွှေ့လျောခြင်း

၁၉၉၉ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် သောကြာနေ့။

နံနက်စောစော လေးနာရီမှာ တပည့်လေး မောင်အေးမြင့် ရောက်လာပြီး-

'အမျိုးသားဆောင်က လူနာတစ်ယောက် ရေချိုးခန်းထဲမှာ လည်ပင်းဒဏ်ရာနဲ့ လဲနေလို့ ဆရာမက သတင်းပို့ခိုင်းလို့ပါ'

ကျွန်တော် မျက်နှာသစ်ပြီး ချက်ခြင်းလိုက်သွားတော့ ရေချိုးခန်းထဲမှာ လဲနေတဲ့ အသက် ၃၀အရွယ် အမျိုးသားတစ်ဦးကို တွေ့လိုက်ရပါတယ်၊ လည်ပင်းမှာ ပြတ်ရှဒဏ်ရာနဲ့အတူ သွေးများလည်း အိုင်ထွန်းလို့နေပါတယ်။

ဆရာမ သက်သက်ခိုင်မှ 'ဒီလူနာက ဝမ်းပျက်ဝမ်းလျော ဖြစ်လို့ ဆေးရုံတက်တာ သုံးရက်ရှိပြီ၊ လူကပိန်ချုံးနေပြီး ပါးစပ်မှာလည်း *Oral Thrush* တွေ့လို့ ခုခံအားကျဆင်းမှု *HIV test* လုပ်ကြည့်တော့ *Positive* ဖြစ်နေတယ်၊ မသင်းလည်း *Counselling* လုပ်ဖို့ စီစဉ်ထားပါတယ်၊ ဒီနေ့နံနက်တော့ ကိုယ့်ဟာကိုယ် လည်ပင်းကိုဓါးနဲ့လှီးပြီး ရေချိုးခန်းအဝမှာ လဲနေတာ'

ကျွန်တော် စမ်းသပ်ကြည့်တော့ သွေးလွှတ်ကြောကို အမြန်

ဆုံးချည်ပြီး အရေးပေါ်ခွဲစိတ်ဖို့ လိုတာမို့ *OT* ကို အမြန်ဆုံး အသင့် ပြင်ခိုင်းရပါတယ်။ မသင်းလည်း ရောက်လာပြီး ကူညီ လုပ်ပေးပါတယ်။

ခုခံအားကျဆင်းမှု ရောဂါရှင်ဖြစ်နေလို့ လက်အိတ်ကို နှစ်ထပ်သုံးရပြီး တစ်ခါသုံး ခွဲစိတ်ခန်းဝတ်စုံများ ဝတ်ရပါတယ်။ လူနာရဲ့သွေးနဲ့ထိရင် မိမိတို့ပါ ကူးစက်နိုင်မှန်းသိပေမယ့် အသက် တစ်ချောင်းအတွက် ကျွန်တော်တို့အားလုံး သတိထားပြီး ခွဲစိတ် ကုသမှုကို စလိုက်ပါတယ်။

လည်ပင်းမှာရှိတဲ့ ပန်းထွက်နေတဲ့ သွေးကြောများကို ချည်ပြီး တဲ့အခါမှာတော့ သွေးလည်းတဖြည်းဖြည်း တိတ်သွားပါတယ်။ တချိန်တည်းမှာ သွေးကြောထဲမှ *Normal saline* နဲ့ သွေးပါ သွင်းပေးလိုက်လို့ သွေးပေါင်ချိန်လည်း မကြာခင်မှာ ပုံမှန်ပြန် ရောက် သွားပါတယ်။

တကယ်တော့ ခုခံအား ကျဆင်းမှုရောဂါ *HIV Human Immuno-Deficiency viral infection* ဟာ အခုအခါ အစွမ်းထက်တဲ့ ဆေးဝါးများကြောင့် အမြစ်ဖြတ်မကုသနိုင်ပေမယ့် ထိန်းထားလို့ ရနေပါပြီ။ လူနာရှင်မှ သေသေချာချာ ကုသမှု ခံယူလိုက်ရင် သက်တမ်းစေ့နေသွားနိုင်ပါတယ်။

ကျွန်တော်နဲ့ မသင်းလည်း ညနေမှာ လူနာကို စိတ်ရှည်ရှည် နဲ့ ရှင်းပြတော့ နားလည်လက်ခံသွားပါတယ်။ တကယ်တော့

လူနာဟာ အိမ်ထောင်နဲ့ကလေး သုံးဦးရှိပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်က ရန်ကုန်သို့သွားရင်း အပျော်အပါးလိုက်စားမိတယ်လို့ ပြော ပါတယ်။ ကျန်းမာရေး ဗဟုသုတနည်းလို့ *HIV* က ကုသလို့ မရတဲ့ ရောဂါမှတ်ပြီး မိသားစုရဲ့ရှေ့ရေးနဲ့ သိက္ခာကိုငဲ့ပြီး မိမိကိုယ် ကို သတ်သေဖို့ ကြံလိုက်တာပါ။ တဒင်္ဂအတွင်းမှာ ဖြစ်လိုက်တဲ့ အကုသိုလ် ဒေါသစိတ်လေးဟာ အလွန်ကြောက်ဖို့ကောင်းတာကို ကျွန်တော် တွေးကြည့်မိပါတယ်။

မသင်းက 'ညီမတို့ ရှေ့လ ကျန်းမာရေးဟောပြောပွဲမှာ *HIV* ကိုပဲ အဓိကပြောကြတာပေါ့၊ ဒီတစ်ခါ အစ်ကိုလည်း ဝင်ပြောပေးပါ'

'ကောင်းပါပြီ ညီမရယ်'

'နေ့ခင်း ညီမနဲ့မစန္ဒာ ငါးထမင်းချဉ် လုပ်စားမလို့၊ အစ်ကို့ ဆီ ပို့ပေးလိုက်မယ်၊ အခု အဆောင်ခဏပြန်ပြီး နားလိုက်မယ်နော်၊ ညဥ့်နက်အထိ စာဖတ်နေလို့ မေးကနဲ အိပ်ပျော်စရှိသေးတယ် ဒီလူနာရောက်လို့ နိုးလာတာ'

'ညီမ အဆောင်ပြန်ပြီး နားလိုက်ပါ၊ အစ်ကို ဆက်ကြည့် ထားပေးမယ်'

ကျွန်တော်လည်း လူနာအခြေအနေစိတ်ချရမှ အခန်းကိုပြန်ပြီး ရေချိုးလိုက်ပါတယ်။ နာရီကြည့်လိုက်တော့ နံနက် ၇-နာရီရှိ နေပါပြီ။ ဒါကြောင့်မို့ မြတ်စွာဘုရား ရုပ်ပွားတော်ကို ဆီမီး၊

သောက်တော်ရေများ ကပ်လှူပြီး မေတ္တာသုတ်နဲ့ မဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်လိုက်ပါတယ်။

နံနက်စာအတွက် ဆရာကံမြင့်အိမ်က ပို့ပေးတဲ့ မုန့်ဟင်းခါး ရှိလို့ အဆင်ပြေသွားပါတယ်။ တနင်္ဂနွေမို့ အရေးကြီးလူနာများကို ပဲ ကြည့်ရှုအားပေးပြီး အခန်းမှာ 'သစ္စာ' ကို ဆက်ရေးဖြစ်ပါ တယ်။

နေ့လည်စာကို မသင်းရုံးခန်းမှာ စားဖြစ်ပါတယ်။ နေ့လည် စာအပြီးမှာ ကျွန်တော်တို့ ရင်သားကင်ဆာ ကုထုံးအမျိုးမျိုးကို ဆွေးနွေးဖြစ်ပါတယ်။

ညနေ လေးနာရီမှာ လူစုံတာနဲ့ သင်တန်းစဖြစ်ပါတယ်။

ဒီနေ့ စုတေခြင်းဆိုတဲ့ ဘဝတစ်ခုရွှေ့လျားခြင်း ဒါမှမဟုတ် ဘဝတစ်ခု နိဂုံးချုပ်သွားတာကို ပို့ချပေးပါ့မယ်။ အစရှိရင် အဆုံး ရှိစမြဲမို့ မွေးဖွားပြီးရင်လည်း သေဆုံးခြင်းကို ဘယ်သူမဆို တစ်နေ့နေ့မှာ ရှောင်လွှဲလို့မရဘဲ ကြုံတွေ့ကြရမှာပါ။ ဘဝတစ်ခု မှာ ချစ်ခင်သူတွေနဲ့လည်း မခွဲချင်ပဲနဲ့လည်း ခွဲခွာကြပါရပါတယ်။

ဒါကြောင့်မို့ ပရိနိဗ္ဗာနသုတ်မှာ မြတ်စွာဘုရားက-

'ချစ်ခင်စုံမက်, နှစ်သက်ဖွယ်ဟူသမျှနဲ့ နောက်ဆုံးမှာ ကွေကွင်း ရမှာပဲလို့ ငါပြောပေါင်းများလှပြီ အာနန္ဒာ, မြဲတယ်ဆိုတာ ဘာ တစ်ခုမှမရှိဘူး···'လို့ ဟောခဲ့တာပါ။

ဘဝတစ်ခု ချုပ်ငြိမ်းသွားရတဲ့အကြောင်း လေးမျိုးရှိပါတယ်။

ဒီသဘောလေးကို တောက်လောင်နေတဲ့ မီးတောက်လေးနဲ့ ပမာပြ လို့ရပါတယ်။ ဘဝနဲ့ပမာတူတဲ့ မီးတောက်လေးငြိမ်းသွားရတာဟာ မီးစာကုန်လို့ဖြစ်နိုင်သလို ဆီခမ်းသွားလို့လည်း ဖြစ်နိုင်ပါတယ်။ တစ်ခါတစ်ရံမှာ မီးစာလည်းကုန် ဆီလည်းခမ်းသွားတာမျိုး ရှိသလို မီးစာနှင့်ဆီမကုန်မီမှာ ပြင်ပပယောဂဖြစ်တဲ့ လေတိုက်လို့ ငြိမ်း သွားတာမျိုးလည်း ရှိတယ်။

*The flame of the oil-lamp may go out when the wick burns out, the oil burns out, both the wick and the oil burn out or the wind blows suddenly even through the wick and the oil still present.*

မီးစာကုန်လို့ မီးငြိမ်းရတာကို အာယုက္ခယ မရဏ *Death due to the expiration of age-limit* လို့ ခေါ်တယ်။ ဒီ နေရာမှာ အာယုဆိုတာ အသက်၊ ခယဆိုတာ ကုန်ခြင်းလို့ အဓိပ္ပါယ် ရပါတယ်။ မြန်မာလို သက်တမ်းကုန်လို့ သေသွားရခြင်းမျိုးပါ။

ဂေါတမ ဘုရားရှင်လက်ထက်က လူတွေရဲ့သက်တမ်းက ၁၀၀၊ ကျွန်တော်တို့လက်ရှိကာလမှာ ၇၅-နှစ်ပဲ ရှိတော့တယ်။ ဒါပေမဲ့ တစ်ချို့လည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတအောင် နေတတ်တော့ သတ်မှတ်ကာလထက် ကျော်ပြီး အသက် ၉၀၊ ၁၀၀ အထိ နေသွားတဲ့သူတွေလည်း ရှိပါတယ်။

မသင်းက 'ညီမတို့ ဆေးကုမ္ပဏီအမျိုးမျိုးကထုတ်တဲ့ ဆေးဝါးတွေနဲ့ တူတာပေါ့နော်၊ ဆေးတွေမှာ သူတို့ရဲ့ ထုတ်ဝေတဲ့ နေ့ရက်၊ သက်တမ်းကုန်ဆုံးတဲ့ နေ့ရက်ဆိုပြီး တိတိကျကျ ရေးထားတယ်'

'မှန်ပါတယ်၊ ဆေးတွေမှာ *Manufactured and Expired date* တွေ ရေးထားသလို၊ အာယုက္ခယ က သတ်မှတ်သက်တမ်း *Life-span* ကုန်သွားလို့ပါ၊ ဒီလို သက်တမ်းစေ့နေနိုင်တာလည်း ရှေးကပြုခဲ့တဲ့ ကုသိုလ်က အလွန်ကြီးမားလို့ပါ'

ဆရာဖေသိန်းက 'အခု ကမ္ဘာမှာ အသက် ၈၀ ကျော်တဲ့ သက်ကြီးရွယ်အိုတွေလည်း များလာတယ်နော်'

'ဒါကလည်း မြတ်စွာဘုရား ဟောခဲ့တဲ့အတိုင်း ရေလှူတာ, ဆေးလှူတာ, တံတားနဲ့ ကျောင်းဆောက်လှူတာစတဲ့ အများအတွက် ကုသိုလ်ကောင်းမှု မပြတ်ပြုပြီး သီလမြဲတဲ့သူတွေဟာ သတ်မှတ်သက်တမ်းထက် ကျော်လွန်ပြီး နေနိုင်ကြပါတယ်၊ ကျန်းမာရေး ရှုထောင့်ကဆိုလည်း အစားအသောက်ကို ချင့်ချင့်ချိန်ချိန် စားပြီး အားကစားပုံမှန်လုပ်တယ်၊ ကျန်းမာရေးကို ဂရုစိုက်တယ် ဆိုရင် သူများထက်ပိုပြီး အသက်ရှည်ရှည်နေနိုင်ဖို့ အခွင့်အရေး များပါတယ်'

'ကျွန်တော်ဆက်ပြီး ကံအစွမ်းကုန်လို့ သေရတဲ့ ကမ္မက္ခယ မရဏ ကို ပြောပြပါ့မယ်။ ဒီလို ကံကုန်လို့သေရတာက ဆီးခမ်းပြီး မီးငြိမ်းသွားတာမျိုးနဲ့တူပါတယ်'

'မီးစာရှိနေပေမယ့် ဆီကုန်သွားလို့ မီးတောက်လေးငြိမ်းသွားသလို အသက် ၇၅-နှစ် သက်တမ်းရှိပေမယ့် နေရမယ့်ကံက အသက် ၂၅-နှစ် အထိပဲ ရှိမယ်ဆိုရင် ကံရှိသလောက်ပဲ နေရတာမျိုးပါ'

'ကမ္မက္ခယ မရဏကို ဘယ်လိုပြန်လဲ ဆရာ'

'*Death due to expiration of the Kamma force* ဆိုပြီးပြန်တယ်'

'တတိယအမျိုးအစားကို ဥဘယက္ခမရဏလို့ ခေါ်တယ်၊ ဥဘယဆိုတာ သက်တမ်း *Life-span* နဲ့ ကံ *Kamma* နှစ်ခုပေါင်းကို ပြောတာပါ၊ ဒါကြောင့်မို့ သက်တမ်းနဲ့ကံ နှစ်ပါးလုံးကုန်လို့ သေဆုံးရတာမျိုးပါ'

ဆရာကံမြင့်က 'မီးစာကုန် ဆီခမ်းသဘောမျိုးပေါ့ ဆရာ'

'မှန်ပါတယ်၊ သက်တမ်းကလည်း ၇၅ ဆိုရင် ကံကလည်း ၇၅ အထိပဲ ပါလာတာမျိုးပါ'

ကျွန်တော် အခုပြောခဲ့တဲ့ အာယုက္ခယ၊ ကမ္မက္ခယနဲ့ ဥဘယက္ခယတို့ဟာ အချိန်ကျလို့ သေရတာမျိုးဆိုတော့ ကာလမရဏ *Timely Death* ဆိုပြီး ခေါ်တယ်။

'အခုဆက်ပြောမယ့် စတုတ္ထမြောက် ဥပစ္ဆေဒကံက သက်တမ်းနဲ့ ကံစွမ်း မကုန်ပေမယ့် ဟိုးရှေးရှေးကပြုခဲ့တဲ့ အကုသိုလ်ကံကြောင့် အချိန်မတိုင်မီ သေရတာမျိုးပါ'

ဆရာကံမြင့်က 'အကာလမရဏလို့ ခေါ်နိုင်တာပေါ့နော်'

'မှန်ပါတယ်၊ အချိန်မတိုင်မီ ရောဂါအမျိုးမျိုးကြောင့် သေဆုံးရတာတွေနဲ့ *Accident* ဒါမှမဟုတ် သူတစ်ပါးရဲ့ အသတ်ခံရပြီး ဆုံးရတာတွေအားလုံးဟာ ဥပစ္ဆေဒကံကြောင့်ပါပဲ'

မသင်းက 'ဒီလို ဥပစ္ဆေဒကံတွေကို တားလို့ရလား အစ်ကို'

'အင်အားနည်းတဲ့ ဥပစ္ဆေဒကံတွေဟာ အစား၊ အသောက်၊ အနေအထိုင်ဆင်ခြင်ပြီး လောဘ၊ ဒေါသ၊ မာနကို သတိနဲ့ထိန်းထားနိုင်ရင် အကျိုးမပေးတော့တဲ့ အဟောသိကံပဲ ဖြစ်သွားပါတယ်၊ အညီရှိတဲ့နေရာကို ယင်ကောင်လာပြီးအုံသလို ရှေးအကုသိုလ်တွေဟာ အခွင့်သာမှ အကျိုးပေးတာပါ၊ အခွင့်မသာအောင် အမှုမဖြစ်အောင် နေတတ်ရင် ရှေးကံဟောင်းတွေက အကျိုးမပေးတော့ပါဘူး'

'ဇနကကံနဲ့ အင်အားချင်းတူတဲ့ ဥပစ္ဆေဒကံတွေ ဆိုရင်ကော'

'ဒီလိုအခါမျိုးမှာ ရတနာသုံးပါးကို ဦးထိပ်ထားပြီး နေ့စဉ် ပရိတ်၊ ပဋ္ဌာန်း၊ ရွတ်မယ်၊ ကုသိုလ်ကောင်းမှုတွေ စဉ်ဆက်မပြတ် လုပ်နေရင် တားမြစ်နိုင်ပါတယ်၊ အရှင်အနုရုဒ္ဓါရဲ့ နှမ ရောဟနီ မင်းသမီးဟာ အနာကြီးရောဂါနဲ့ သေရမယ့် ဥပစ္ဆေဒကံပါပေမယ့် ကျောင်းဆောက်လှူလိုက်တဲ့ ကုသိုလ်ကြောင့် တားဆီးနိုင်ခဲ့ပါတယ်'

'သိပ်အားကြီးတဲ့ ဥပစ္ဆေဒကံ ဆိုရင်ကော'

'အလွန်အားကြီးတဲ့ အကုသိုလ်ကံတွေကိုတော့ မပယ်နိုင်ဘူးပေါ့ ညီမရယ်၊ အရှင်မောဂ္ဂလန်ဆိုလည်း ဟိုးရှေးဘဝက မိဘ

နှစ်ပါးကို သတ်ဖြတ်ခဲ့တဲ့ အကုသိုလ်ကံကြောင့် အခုဘဝမှာ လက်ဝဲတော်ရဲ့ မဟာသာဝကကြီး ဖြစ်ပေမယ့် ခိုးသားတွေရဲ့ ရိုက်နှက်မှုကြောင့် ပရိနိဗ္ဗာန်စံခဲ့ရတာကိုလည်း တွေ့ရမှာပါ'

'ဥပစ္ဆေဒကံကို ဘယ်လိုပြန်လဲ ဆရာ'

*'Death due to the intervention of a Destructive Kamma* ဆိုပြီး ပြန်တယ်'

'သတ္တဝါတစ်ဦးဦး သေခါနီးမှာ ရှေးရှေးကံရဲ့အစွမ်းကြောင့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဆိုပြီး အာရုံတစ်ခုခု ထင်လာပါတယ်'

ဆရာဖေသိန်းက 'မရဏာသန္နနိမိတ် ဆိုတာလား ဆရာ'

'မှန်ပါတယ်၊ အဲဒီနိမိတ်ကို *The object of an action reappears to the doer, at the moment of death* လို့ ပြန်တယ်'

ဆရာကံမြင့်က 'ဘယ်သူမဆို ထင်တာပဲလား ဆရာ'

'မှန်ပါတယ်၊ နောက်ဘဝ ဆက်ဖြစ်ဖို့မရှိတော့တဲ့ ဘုရား, ရဟန္တာကလွဲလို့ ဘယ်သူမဆို နိမိတ်သုံးပါးအနက် တစ်ပါးပါးကို ထင်မြင်ပြီး စုတေကြရပါတယ်'

သေဆုံးခါနီးအခါမှာ စိတ်ရဲ့မှီရာဖြစ်တဲ့ ဟဒယဝတ္ထုဟာ အလွန် အားနည်းနေလို့ ပေါ်လာတဲ့ နိမိတ်အာရုံပေါ်ကခွာဖို့ အလွန် ခက်ခဲပါတယ်၊ ကောင်းတဲ့နိမိတ်ဆိုလည်း ကိုင်းညွှတ်သွားသလို မကောင်းတဲ့နိမိတ်ဆိုလည်း အဲဒီအာရုံပေါ်မှာ ငြိတွယ်သွားတတ်

ပါတယ်၊ ဒါကြောင့်မို့ သေခါနီးလေးမှာ မိမိပြုထားတဲ့ ကုသိုလ်ကောင်းမှုတွေကို အောက်မေ့ဖို့၊ ရတနာသုံးပါးကို အာရုံယူဖို့ သတိပေးမယ့် မိတ်ကောင်းဆွေကောင်းရှိဖို့က အလွန် အရေးကြီးပါတယ်။

ဆရာဖေသိန်းက 'ကံအာရုံဆိုတာ ဘယ်လိုမျိုးလဲ ဆရာ'

'ကံအာရုံ *Object of Volition* ဆိုတာ ကုသိုလ် ကောင်းမှုပြုခဲ့စဉ်က ကြင်သူသက်ထားနဲ့ လက်ချင်းအတူတွဲလို့ ရေစက်ချအမျှဝေခဲ့ကြတာ၊ ဘုရားသွားကျောင်းတက် အတူတူသွားခဲ့ကြတာ၊ တတ်နိုင်သမျှ လှူဒါန်းလို့ အများအကျိုး သယ်ပိုးခဲ့တာ ဒါမှမဟုတ် သူများအသက်ကို သတ်ခဲ့တယ်ဆိုလည်း အဲဒီအချိန်က ကိုယ်ပြုခဲ့တဲ့ ဖြစ်ရပ်ကလေးတွေကို အမှတ်ပြန်ရ လာတာပါ၊ အဲဒီတုန်းကပြုခဲ့သလို စိတ်မှာ ထင်လာတာဟာ ကံအာရုံပါ'

အရှင်းဆုံး ပြောရမယ်ဆိုရင် ဘဝရဲ့ ရက်စွဲများစွာထဲက လက်တွဲအတူ သွားလာလှုပ်ရှားခဲ့ကြတဲ့ ဒါမှမဟုတ် အမှတ်အရဆုံး ဖြစ်ရပ်ကလေးတွေကို ပြန်မြင်ယောင် သတိရနေတာပါ။

တစ်ခါ ကမ္မနိမိတ် *'Sign of kamma'* ဆိုတာ မိမိပြုလုပ်ခဲ့တဲ့ အခြင်းအရာတွေကို အာရုံထဲမှာစွဲနေအောင် ထင်လာတာပါ။ ပမာပြရရင် ကျောင်းကြီး ဆောက်လှူထားတယ် ဆိုရင်လည်း ကျောင်းကြီးကို အာရုံထဲမှာစွဲနေအောင် ထင်လာသလို သူများအသက်ကို သတ်ခဲ့တယ်ဆိုလည်း အသုံးပြုခဲ့တဲ့ ဓား၊ လှံ၊ သေနတ်

တွေကို အာရုံထင်လာတာဟာ ကမ္မနိမိတ်ပါ။

ဂတိနိမိတ် *'Sign of Destiny'* ဆိုတာ မိမိနောက်ရောက်ရမယ့် ဘဝတွေအပေါ်မူတည်ပြီး ထင်မြင်လာတာပါ။ ဒေါသကြောင့် ငရဲရောက်မယ့်သူဆိုလည်း ယမမင်း၊ ငရဲအိုး၊ ငရဲမီးလျှံတွေ ထင်လာပါတယ်။ လောဘကြောင့် ပြိတ္တာဘဝရောက်မယ့်သူဆိုလည်း တောကြီးတွေ၊ အင်းအိုင်ကြီးတွေ၊ ကျွန်းကြီးတွေ ထင်လာပါတယ်။နတ်ပြည် ရောက်မယ့်သူဆိုလည်း ဘုံဗိမာန်တွေ၊ နတ်ရထားတွေ၊ နတ်သမီးတွေ အာရုံထဲပေါ်လာသလို လူ့ဘဝ ပြန်ရောက်မယ့်သူတွေဆိုလည်း အမိဝမ်းရေနီရဲရဲနဲ့ မိဘဆွေမျိုး၊ မောင်နှမတွေကို ထင်လာပါတယ်။ အဲဒီလို ထင်လာတဲ့ အခိုက်အတန့်လေးဟာ ဂတိနိမိတ်ပါ။

'စုတိ-ပဋိသန္ဓေနဲ့ ဘဝခရီးဟာ ရှည်လျားလွန်းလို့ ဆရာဦးသုခက ဘဝသံသရာ ရုပ်ရှင်ကားမှာ တင်ပြဘူးပါတယ်'

ဆရာဖေသိန်းက 'အဲဒီကားထဲက ဘဝသံသရာ ××× ရှည်လျားထွေပြား ××× မနေမနား ××× တစ်သွားတည်းသွားကြတာ ဆိုတဲ့ ဇာတ်ဝင်တေးလေးကို ကျွန်တော်လည်း မှတ်မိတယ်၊ ရုပ်ရှင်ထဲက အတက်အဆင်းများတဲ့ ရွှေညောင်-ဟဲဟိုး မီးရထားတံတားလေးဟာလည်း နောင်ဘဝသံသရာတံတားဆိုပြီး အမည်တွင်သွားတယ်'

'ဆရာဖေ မှတ်မိသားပဲ၊ သေသေချာချာ တွေးကြည့်ရင် ဘဝသံသရာမှာ ကျင်လည်နေကြရတာဟာ သမုဒယဆိုတဲ့ သံယောဇဉ်

ဆွဲအား *The force of attachment* တွေကြောင့်ပါ'

ဆရာကံမြင့်က 'ကျွန်တော်ယူဆတာက အများစုဟာ မသိလို့ မဟုတ်ဘူး ဆရာရဲ့၊ သိလျက်နဲ့ ဝိပါက်ကြမ္မာငင်သလို အတွယ်အတာတွေဆိုတာ ပူလောင်မှန်းသိပေမယ့် နှောင်ကြိုးတွေက ခိုင်မာတော့ ရုန်းမထွက်နိုင်အောင် ဖြစ်နေရတာပါ၊ သံယောဇဉ်များများတွယ်တာ ရတာနဲ့အမျှ ဆွဲအားက များလေလေ ပါပဲ ဆရာရယ်'

'မှန်ပါတယ်၊ သေသေချာချာ တွေးကြည့်လိုက်ရင် အပြစ်ဆိုလို့ မရနိုင်တာက ကျွန်တော်တို့အားလုံးရဲ့ ဘဝတွေဟာ အချစ်နဲ့စခဲ့တယ်လို့လည်း ပြောနိုင်ပါတယ်၊ ဘဝတစ်ခုမှာ သန္ဓေတည်တယ်ဆိုတာကလည်း ဘဝနိကန္တိကဆိုတဲ့ ဘဝကို ချစ်ခင်နှစ်သက်တွယ်တာတဲ့ လောဘစိတ်ကလေး *'Attachment for Life'* ကြောင့်ပါ'

ဆရာကျော်မြင့်က 'အသက်အရွယ်ရလာတာနဲ့အမျှ သားသမီးနဲ့ မြေးတွေကလည်း များလာတယ်၊ ဒါပေမဲ့ သူတို့ရှိလို့လည်း ဘဝဟာ ရှင်သန်စိုပြေနေတာပါ'

ဆရာ ဖေသိန်းက 'အဲဒီလို ရှင်သန်စိုပြေရသလို သားသမီးလေးယောက်ရှိတော့ သူတို့ရှေ့ရေးအတွက်လည်း အမြဲပူပန် နေရတယ် ဆရာကျော်ရဲ့'

'မှန်ပါတယ်၊ ဒါပေမဲ့ အများစုကတော့ ဒီလို သိမြင်နိုင်ဖို့ မလွယ်တော့ သံယောဇဉ်တစ်ခု တိုးတယ်ဆိုရင် သုခတွေ ထပ်ထပ်

ရတယ်လို့ မြင်ကြပါတယ်၊ သားသမီးအတွယ်အတာတွေ၊ ဇနီးခင်ပွန်း သံယောဇဉ်တွေနဲ့ ပျော်စရာလို့ပဲ ထင်ကြတဲ့အတွက် သံယောဇဉ်တွေ၊ ချစ်စရာတွေကိုသာ တိုးတိုးပြီး ရှာနေကြတာပါ’

သံယောဇဉ်၊ အချစ်တွေ ဆိုတာလည်း ပင်ကိုအရ သမုဒယသစ္စာသာဖြစ်လို့ ဘယ်လိုမှ သုခသစ္စာကို မဖြစ်စေဘဲ ဒုက္ခသစ္စာကိုသာ ဖြစ်စေပါတယ်၊ သံယောဇဉ်တွေ နှောင်ဖွဲ့မိလို့ ဖြစ်လာတဲ့ ရလဒ်ကတော့ အမျိုးမျိုးသော ဆင်းရဲ ဒုက္ခတွေပါ၊ ဒါ့ကြောင့်မို့ သုခလို့ မှတ်ယူနေကြတဲ့ ပုထုဇဉ် လူသားတွေအတွက် ထွဋ်ခေါင်ဆရာတော်ဘုရားကြီးက ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲ့လှုပြီလို့ သံဝေဂလင်္ကာလေး စပ်ဆိုခဲ့ပါတယ်။

တိုတောင်းလှတဲ့ အသက်ရှင်နေချိန်ကာလလေးမှာ သေခြင်းဟာအစဉ်စောင့်ဆိုင်းနေပြီး ဒုက္ခဆင်းရဲတွေနဲ့ ပြည့်နှက်နေတာကို စာရေးဆရာ *လီယိုတော်လ်စတွိုင်း Leo Tolstoy* ကလည်း ဒီလိုတင်စားပြီး ပြောပြထားပါတယ် ...

‘တစ်ခါက ခရီးသွား အမျိုးသားတစ်ဦးဟာ တောအုပ်ထဲသို့ ဖြတ်အသွား ကျားကြီးတစ်ကောင်နဲ့တွေလို့ အသက်ဘေးမှ လွတ်အောင်ပြေးလွှားရင်း ရေတွင်းပျက်တစ်ခုထဲကို ချော်ကျသွားပါတယ်၊ ဒါပေမဲ့ သတိရှိတဲ့အတွက် တွင်းလယ်က ထိုးထွက်နေတဲ့ သစ်ကိုင်းငယ်လေးကိုဆွဲပြီး တွဲလောင်းခိုထားမိလိုက်ပါတယ်၊ တွင်းအောက်ခြေကို ကြည့်လိုက်တော့ မိချောင်းကြီးတစ်ကောင်က ရေစပ်စပ်မှာ ပါးစပ်ကြီးဟပြီး စောင့်နေသလို

တွင်းထိပ်မှာလည်း ကျားကြီးက ဝါးမျိုဖို့ အသင့်စောင့်နေတာကို မြင်တွေ့လိုက်ရပါတယ်'

'တစ်ချိန်တည်းမှာ သူတွဲခိုထားတဲ့ သစ်ကိုင်းလေးကို ကြွက်ဖြူ တစ်ကောင်နဲ့ ကြွက်မဲတစ်ကောင်ဟာ ကိုက်ဖြတ်နေပါတယ်၊ သစ်ကိုင်း ပေါ်ကပျားအုံမှလည်း ချိုမြိန်လှတဲ့ ပျားရည်စက်တွေဟာ တစ်စက်ချင်းကျနေသလို ပျားတွေကလည်း ပျံဝဲရင်း သူ့ကို ထိုးတုတ် နေပါတယ်၊ မကြာမီသူလည်း သစ်ကိုင်းကျိုးလို့ မိချောင်း ပါးစပ်ထဲ ကျရောက်တော့မှာ သိပေမယ့် ခရီးသည်ဟာ ပျားရည် စက်လေးကို လျှာနဲ့လှမ်းလို့ လျက်လိုက်ပါသေးတယ်...'

'ဒီဝတ္ထုလေးဟာ ဒဏ္ဍာရီ *'a legend'* မဟုတ်ဘဲ လူတိုင်း ကြုံတွေ့နေရတဲ့ ဘဝရဲ့သရုပ်မှန်ကို ဖော်ပြထားတာပါ'

မသင်းက 'အစ်ကိုပြောတဲ့သဘောကို ညီမ နားလည်သွားပြီ၊ ကြွက်ဖြူနဲ့ ကြွက်မဲလေးနှစ်ကောင်က နေ့နှင့်ညဆိုတဲ့ အချိန်ကို ရည်ညွှန်းထားတာ၊ မိချောင်းနဲ့ကျားကြီးက သေခြင်းတရားကို ဆိုလို တာ၊ နောက်ထိုးတုတ်နေတဲ့ပျားတွေက ဘဝမှာကြုံတွေ့ရတဲ့ ဆင်းရဲ ဒုက္ခတွေကို ဖော်ပြချင်တာဖြစ်မယ်'

'မှန်ပါတယ်၊ ဒါ့ကြောင့်မို့ လူ့ဘဝဆိုတာ ဓားသွားပေါ်က ပျားရည်စက် *'Drops of honey over the sword'* တွေကို လျက်နေတာနဲ့ အလားတူပါတယ်။ ဓားသွားနဲ့တူတဲ့ ဒုက္ခတွေ အများကြီးပေါ်က ချိုမြိန်တဲ့ ပျားရည်စက်နဲ့တူတဲ့ ဘဝရဲ့သာယာမှု

တွေကို လူတွေက တပ်မက်ပြီး မခွဲနိုင်မခွာရက် ဖြစ်နေကြတာပါ'

'လူရယ်လို့ ဖြစ်လာတယ်ဆိုကတည်းက အကောင်းအဆိုးလောကဓံအမျိုးမျိုးကို ခံစားရင်း သေခြင်းတရားဆီကို တဖြည်းဖြည်းချဉ်းကပ်သွားနေကြတာကို နားလည်သွားရင် သံယောဇဉ်ဆွဲအားတွေကနေ ရုန်းထွက်သွားနိုင်မယ်လို့ ကျွန်တော်ယူဆပါတယ်'

ကျွန်တော်လည်း ပို့ချတာအရှိန်ရနေလို့ အချိန်ကို သတိမထားမိလိုက်ပါဘူး။ ပြူတင်းဝမှာ မှောင်စသန်းနေတာတွေ့လို့ နာရီကြည့်လိုက်တော့ ညနေ ၆-နာရီ ကျော်စပြုနေပါပြီ။

'ဒီနေ့တော့ ဝီထိမုတ်ပိုင်းခေါ်တဲ့ ဘုံပိုင်းကို ပို့ချလို့ ပြီးသွားပါပြီ၊ အခုသင်တန်းမှာ အဘိဓမ္မာအခြေခံနဲ့ အနှစ်သာရကိုပဲ အလေးထားပြီး ပို့ချပေးသွားတာပါ၊ နောင်အချိန်ရရင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပေးပါ့မယ်၊ ကျွန်တော် ရှေ့အပတ်မှာ ရုပ်ပိုင်းကို စပြီး ပို့ချပေးပါ့မယ်'

ဟောမာန်အခါတွင်းမို့ နေ့တာတိုတောင်းလှပါတယ်။ ကျွန်တော်လည်း လမ်းမလျှောက်ဖြစ်တော့ဘဲ မြတ်စွာဘုရား ရုပ်ပွားတော်ကို ဆီမီးနဲ့ သောက်တော်ရေ ပူဇော်လိုက်ပါတယ်။ ညနေစာကို ဆရာကံမြင့်အိမ်ကပို့ပေးတဲ့ လက်ဖက်သုတ်နဲ့ စားဖြစ်ပါတယ်။

ညပိုင်းမှာ ကျီးသဲလေးထပ် ဆရာတော်ကြီးရဲ့ ဗွယ်စုံကျော်ထင်ကျမ်းကိုဖတ်ပြီး 'သစ္စာ'ကို ဆက်ရေးဖြစ်ပါတယ်။ ည

၁၂-နာရီထိုးခါနီးမှာ စာရေးတာကို ခဏနားပြီး မြတ်စွာဘုရားကို ဝမ္မစကြာ, ပဋ္ဌာန်းနဲ့ ရွတ်ဖတ်ပူဇော်လိုက်ပါတယ်။ တိတ်ဆိတ်တဲ့ညမို့ ရွတ်ဆိုပူဇော်တဲ့ တရားစာသားတွေမှာ စိတ်နဲ့အာရုံဟာ တစ်ထပ်တည်းကျနေပါတယ်။

## ရုပ် ၂၈ ပါး *'28 Matter'*

ခန္ဓာငါးပါးအစုကို ပေါင်းခြုံလိုက်သော် နာမရူပ နှစ်ပါးသာရှိပါတယ်။ ရုပ်ခန္ဓာကို ရုပ်အစု၊ နာမ်ခန္ဓာလေးပါးကို နာမ်အစုလို့ မှတ်သား ထားနိုင်ပါတယ်။

ဗုဒ္ဓအဘိဓမ္မာမှာ 'ရုပ်'ကို ၂၈-မျိုး ပြဆိုထားပါတယ်၊ အဲဒီမှာ ထင်ရှားကြီးကျယ်သော မဟာဘူတရုပ် ၄-ပါးနှင့် မဟာဘုတ်ကို မှီတွယ်ထားသော ဥပါဒါရုပ် ၂၄-ပါး ရှိပါတယ်။

*မဟာဘုတ်* ဆိုတာ ကြီးကျယ်သော အခြေခံရုပ်များလို့ အဓိပ္ပါယ်ရပါတယ်။ *ဥပါဒါ*ရုပ် ဆိုတာက မဟာဘုတ်ကိုမှီတဲ့ရုပ် *'dependent or derivative material'* များဖြစ်ပါတယ်။

ရုပ်(၂၈)ပါးကို အဘိဓမ္မာမှာ *နိပ္ဖန္နရုပ်* ဆိုတဲ့ ကံ၊ စိတ်၊

ဥတု၊ အဟာရဆိုသော အကြောင်းတရား လေးပါးကြောင့်ဖြစ်တဲ့ သဘာဝရုပ်(၁၈)ပါးနှင့် *အနိပ္ဖန္နရုပ်ဆိုတဲ့* အသဘာဝရုပ် (၁၀)ပါး လို့ ခွဲခြားထားပါသေးတယ်။

**နိပ္ဖန္နရုပ်-၁၈ ပါး**

***'18 kinds of produced matter'***

***မဟာဘုတ်လေးပါး '4 Essential elements'***

၁။ *ပထဝီဓာတ် 'Element of hardness'*

၂။ *အာပေါဓာတ် 'Element of cohesion'*

၃။ *တေဇောဓာတ် 'Element of heat'*

၄။ *ဝါယောဓာတ် 'Element of Motion'*

**ပသာဒရုပ်ငါးပါး** ***'5 Sensitive material'***

၅။ *စက္ခုပသာဒ 'Sensitive eye'*

၆။ *သောတပသာဒ 'Sensitive ear'*

၇။ *ဃာနပသာဒ 'Sensitive nose'*

၈။ *ဇိဝှါပသာဒ 'Sensitive tongue'*

၉။ *ကာယပသာဒ 'Sensitive body'*

**ဂေါစရရုပ်(၇)ပါး**

*'7 Sense-fields material objects'*

စိတ်၊ စေတသိက်တို့ရဲ့ ကျက်စားရာနယ်ပယ် သို့မဟုတ် စိတ်၊ စေတသိက်တို့ရဲ့ အာရုံဖြစ်သောကြောင့် ဂေါစရရုပ်လို့ ခေါ်ပါတယ်။

၁၀။ *ရူပါရုံ* *'Visible object'*

၁၁။ *သဒ္ဒါရုံ* *'Sound'*

၁၂။ *ဂန္ဓာရုံ* *'Odour'*

၁၃။ *ရသာရုံ* *'Taste'*

အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ *'Tangible object'* ·ပထဝီ၊ တေဇော၊ ဝါယော· *'hardness, heat,motion'*

— အာပေါလေ့၊ လွန်သိမ်မွေ့,ထိတွေ့စမ်းသပ်မရ၍ ဖောဋ္ဌဗ္ဗမည်ထိုက်။

ဘာဝရုပ်(၂)ပါး *'2 Sex'*

အဖိုအမဖြစ်ဖို့ အကြောင်းခံဖြစ်သောရုပ်ကို ဘာဝရုပ်လို့ ခေါ်ပါတယ်။

၁၄။ *ဣတ္ထိဘာဝရုပ်* *'Femininity'*

၁၅။ *ပုမ္ဘာဝရုပ်* *'Masculinity'*

**သီးခြားရုပ်များ**

၁၆။ *ဟဒယရုပ်* *'Heart-base'*

၁၇။ *ဇီဝိတရုပ် 'Physical life'*

၁၈။ *အာဟာရရုပ် 'Nutritive essence'*

## အနိပ္ဖန္နရုပ်(၁၀)ပါး

## *'10 kinds of non-produced matter'*

၁၉။ *အာကာသရုပ် 'Element of space'*

ရုပ်ကလာပ်တစ်ခုနှင့်တစ်ခု မရောယှက်လေအောင် ပိုင်းခြားထားသော သဘာဝကို အာကာသ သို့မဟုတ် ပရိစ္ဆေဒရုပ်လို့ခေါ်ပါတယ်။

**ဝိညတ်ရုပ်(၂)ပါး *'2 Communicating'***

မိမိအလိုဆန္ဒကို သူတစ်ပါးအား အလိုအလျှောက် သိစေနိုင်သော အမူအယာအထူးကို ဝိညတ်ရုပ်လို့ ခေါ်ပါတယ်။

၂၀။ *ကာယဝိညတ် 'Bodily intimation'*

၂၁။ *ဝစီဝိညတ် 'Vocal intimation'*

**ဝိကာရရုပ်(၅)ပါး**

*'5 Distinctive conditions of matter'*

ထူးထွေခြားနားသော အမူအရာရှိလို့ ဝိကာရရုပ်ဆိုပြီး ခေါ်ပါတယ်။

၂၂။ *ကာယဿ လဟုတာ 'Lightness'*

၂၃။ *ကာယဿ မုဒုတာ 'Pliancy'*

၂၄။ *ကာယဿ ကမ္မညတာ 'Wieldiness'*

- *ကာယဝိညတ် 'Bodily intimation'*
- *ဝစီဝိညတ် 'Vocal intimation'*

**လက္ခဏရုပ်(၄)ပါး *'4 Salient marks of matter'***

သဘာဝရုပ်တို့၏ ဖြစ်,တည်,ပျက် အမှတ်အသားများကို ပြဆိုခြင်းဖြစ်၍ လက္ခဏရုပ်လို့ ခေါ်ပါတယ်။

၂၅။ *ဥပစယ 'Integration'*

၂၆။ *သန္တတိ 'Continuation'*

၂၇။ *ဇရတာ 'Decay'*

၂၈။ *အနိစ္စတာ 'Impermanence'*

ရုပ်-၂၈ပါးမှာ ၁ မှ ၁၈-အထိရုပ်များကို သဘာဝရုပ်၊ သလက္ခဏရုပ်၊ နိပ္ဖန္နရုပ်၊ ရူပရုပ်၊ သမ္မသနရုပ်များလို့လည်း ခေါ်ပါတယ်။

ဘူ, ပသာဒ၊ ဂေါစရ၊ ဘာဝ, ဟဒယာ၊ ဇီ,အာ ဆိုသော ရုပ် ၁၈-ပါးတို့သည်-

သဘောသဘာဝအားဖြင့် ထင်ရှားရှိသောကြောင့် သဘာဝ ရုပ်လို့ ခေါ်ပါတယ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာအားဖြင့် ထင်ရှားရှိသောကြောင့် သလက္ခဏရုပ်လို့လည်း ခေါ်ပါတယ်။

ကံ,စိတ်,ဥတု,အာဟာရ ဆိုသောအကြောင်းတရားလေးပါးကြောင့် ဖြစ်ခြင်း ထင်ရှားသဖြင့် နိပ္ဖန္နရုပ်လို့လည်း ခေါ်ပါတယ်။

အပူ,အအေး စသော ဆန့်ကျင်ဘက်အကြောင်းများကြောင့် ဖေါက်ပြန်မှုသဘာဝ ထင်ရှား၍ ရူပရုပ်လို့လည်း ခေါ်ပါတယ်။

တစ်ဖန် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတင်ပြီး သုံးသပ်စီးဖြန်း၍ ရသောကြောင့် သမ္မသနရုပ်များလို့လည်း ခေါ်ပါတယ်။

## အသဘာဝရုပ်များ

ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ် နှစ်ပါး၊ ဝိကာယရုပ် သုံးပါး၊ လက္ခဏရုပ် လေးပါးတို့သည် မိမိသဘောအားဖြင့် ထင်ရှားမရှိကြပါ။ ထင်ရှားရှိသောရုပ်တို့၏ အမှတ်အသား အမူအယာမျှသာဖြစ်၍ အသဘာဝရုပ်၊ အလက္ခဏရုပ်၊ အနိပ္ဖန္နရုပ်၊ အရူပရုပ် အသမ္မသနရုပ်များလို့လည်း ခေါ်ပါတယ်။

# ဂျပ်ပိုင်း

# (၁)

## ရုပ်ဆိုတာ

၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ သောကြာနေ့။

ခရစ္စမတ်အကြိုနေ့မို့ ညပိုင်းမှာ သာယာချိုမြတဲ့ ခရစ်ယာန် ဓမ္မတေးများကို ကြားရပါတယ်၊ စစ်တွေမြို့ထဲက အဖွဲ့လိုက် *Carolsinging* လာဆိုကြတာတွေလည်း ရှိပါတယ်။

ခရစ္စမတ် တေးသံများဟာ နှစ်တစ်နှစ်ကူးပြောင်းတော့မယ့် သင်္ကေတလည်း ဖြစ်ပါတယ်၊ ကျွန်တော်အမှတ်ရနေတဲ့ သီချင်း လေးက တိတ်ဆိတ်သောည *Silent Night* ပါ။

ဒီဇင်ဘာရဲ့ ဆောင်းရက်တွေဟာ အေးမြလှသလို သဇင်နဲ့ ခွာညိုပန်းရနံ့တွေကလည်း သင်းပျံ့လို့နေပါတယ်။

နံနက်စောစော ၆-နာရီလောက်မှာ စစ်တွေမြို့ထဲမှ အမျိုးသမီး တစ်ဦး ဗိုက်ခွဲမွေးထားသောနေရာမှ အူကျွံပြီး မခံမရပ်နိုင်လောက် အောင်နာလို့ လာပြပါတယ်။ ကျွန်တော် စမ်းသပ်ကြည့်တော့ အူကျွံတာ တစ်နှစ်ခန့် ရှိပေမယ့် ဝင်လိုက်ထွက်လိုက်နဲ့ ဒုက္ခသိပ်မပေး လို့ ဆေးရုံမှာ လာရောက်ပြသခြင်း မရှိပါဘူး။ ဗိုက်စည်းလေးနဲ့ အလုပ်အကိုင်မပျက် ဆက်လုပ်နေပါတယ်။

မနေ့ညနေက ဆန်အိတ်မရင်း အပြင်ထွက်ကျနေတဲ့အူတွေ ဗိုက်ထဲသို့ ပြန်မဝင်တော့ဘဲ ဗိုက်အရမ်းအောင့်လာတာနဲ့ အရေးပေါ်

လာရောက်ပြသတာပါ။ ဆေးပညာအရ *Obstructed Incisional Hernia* လို့ခေါ်ပါတယ်။

ကျွန်တော်နဲ့ မသင်းလည်း သူမကို နေ့လည် တစ်နာရီမှာ အရေးပေါ် ခွဲစိတ်ပေးလိုက်ပါတယ်။ အပြင်ဘက်သို့ ထွက်ကျနေတဲ့ အူတွေက အရောင်လည်း ညိုမဲနေပြီး ပြန်မကောင်းနိုင်တော့ တာမို့ ဖြတ်ထုတ်ပြီး ကောင်းတဲ့အပိုင်းနှစ်ခုကို ပြန်ဆက်ပေးလိုက် ပါတယ်။ နေ့လည် နှစ်နာရီခွဲမှာခွဲစိတ်ကုသမှု ပြီးစီးခဲ့ပါတယ်။

ခွဲခန်းအပြီး ကျွန်တော်တို့ ကော်ဖီသောက်နေစဉ်မှာ ဆရာမ မစန္ဒာရဲ့မျက်နှာ နီမြန်းနေလို့-

'သမီး နေမကောင်းဘူးလား'

'နံနက်စောစော ခေါင်းလျှော်လိုက်တာ အအေးမိသွားတယ် ထင်တယ်'

မသင်းမှ စမ်းသပ်ပေးပြီး ကိုယ်တိုင်ဆေးထိုး ဆေးတိုက် လိုက်ပါတယ်။ အဖျားက ၁၀၀ ဒီဂရီဖါရင်ဟိုက် ရှိနေပါတယ်။

'ဒီနေ့ ဖျားနေလည်း သင်တန်းမတက်ဘဲ နားနေလိုက်ပါ'

'သမီး ဆေးသောက်ပြီး ခဏနားလိုက်ပါ့မယ်၊ ချွေးထွက် သွားရင် သက်သာသွားမှာပါ'

ကျွန်တော်နဲ့မသင်းလည်း မစန္ဒာကို အားပေးပြီး ပြင်ပလူနာ များကို ဆက်ကြည့်ပေးလိုက်ပါတယ်။

ညနေလေးနာရီခွဲမှာ မစန္ဒာကလွဲလို့ လူစုံရောက်လာပါတယ်၊

ခဏာနေတော့ မစန္ဒာက လက်ထဲမှာ နှင်းဆီပန်းတွေနဲ့ ရောက်လာပါတယ်၊ မသင်းကယူပြီး မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ရှေ့က ကျောက်စိမ်းရောင်ပန်းအိုးထဲမှာ ပန်းများကပ်လှူပူဇော်လိုက်ပါတယ်၊ မစန္ဒာရဲ့ မျက်နှာကလည်း နေ့လည်ကလို မညှိုးနွမ်းတော့ဘဲ လန်းလန်းဆန်းဆန်းရှိနေလို့-

'သမီး သက်သာသွားပြီလား'

'ဆေးသောက်ပြီး နားလိုက်တော့ နေလို့ကောင်းသွားပါပြီ၊ သမီးတို့ ခန္ဓာကိုယ်ကလည်း ပြောင်းလွဲ ဖေါက်ပြန်နေတာပဲနော်'

'ဒီလို အချိန်နဲ့အမျှ ပြောင်းလွဲနေတတ်တဲ့ သဘောကိုပဲ ရုပ်လို့ခေါ်တာပါ၊ အားလုံးစိတ်ထဲမှာ ရုပ်ဆိုတာနဲ့ ကျောင်းကြီးတွေ, အဆောက်အဦကြီးတွေ,လူခန္ဓာ,တိရစ္ဆာန် ခန္ဓာကိုယ်ကြီးတွေကိုပဲ မျက်စိထဲမှာ မြင်တတ်ကြတယ်၊ တကယ်တော့ အပူအအေးစတဲ့ ဆန့်ကျင်ဘက် အကြောင်းတရားတွေကြောင့် အမြဲပြောင်းလွဲနေတဲ့ သဘောသဘာဝလေးဟာ ရုပ်ပါပဲ၊ မြန်မာစကားမှာ ဖေါက်ပြန်တယ်ဆိုရင် တစ်မျိုးမြင်သွားကြလို့ ဆရာက အစဉ်ပြောင်းလဲနေတယ် *Always changeable* လို့ သုံးလိုက်တာပါ'

'သေက္ခတောင်ဆရာတော် ဦးတိလောကရဲ့ အဘိဓမ္မတ္ထသရူပ ဒီပနီကျမ်းမှာ ဖောက်ပြန်ခြင်း သဘောရှိသောကြောင့် ရုပ်လို့ခေါ်တယ်ဆိုပြီး ပြဆိုထားတယ်'

'ဆရာတော် အရှင်နန္ဒမာလာဘိဝံသရဲ့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ

မှာ ဖောက်ပြန်ခြင်း လက္ခဏာရှိသော သဘောတရား အားလုံးကို ဉာဏ်ဖြင့် တစ်စုတစ်ပေါင်းတည်းပြု၍ ရုပ်အစု ရူပက္ခန္ဓာဟု သိအပ်၏။ ထိုရူပက္ခန္ဓာသည် ဖောက်ပြန်တတ်သော လက္ခဏာ အားဖြင့် တစ်ပါးတည်းသာ ရှိသော်လည်း ဘူတရုပ်နှင့် ဥပါဒါရုပ် အားဖြင့် နှစ်ပါးရှိ၏လို့ ဆိုထားပါတယ်'

မသင်းက 'စိတ်ကလည်း ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ ဖေါက်ပြန်နေတော့ ရုပ်နဲ့မတူဘူးလား အစ်ကို'

'ညီမ မေးတာလေးက ကောင်းတယ်၊ ဒီမှာတော့ မျက်စိနဲ့ မြင်ရတဲ့ ထင်ရှားတဲ့ ဖေါက်ပြန်မှုမျိုးကိုပဲ ဆိုလိုတာပါ၊ ကိုယ်တိုင် လည်း ဖျားနေတဲ့အခါ, ဗိုက်ဆာတဲ့အခါ, ရေချိုးပြီးတဲ့အခါ, ဝမ်းနည်းဝမ်းသာ ဖြစ်နေတဲ့အခါ မျက်နှာနဲ့ ခန္ဓာကိုယ်မှာ သိသာ တဲ့ ဖေါက်ပြန်မှုမျိုးရှိတာ သတိထားမိပါလိမ့်မယ်'

'ရုပ်ဆိုတာ မြန်မာစကားပဲလား အစ်ကို'

'မြန်မာဝေါဟာရတော့ မဟုတ်ဘူး၊ ရုပ်ဆိုတာ ပါဠိ ဝေါဟာရ ရူပက ဆင်းသက်လာတာပါ၊ အဘိဓာန်မှာ ရူပကို အဆင်း သဏ္ဌာန်, သရုပ်သဘောလို့ ဖွင့်ဆိုထားတယ်'

အနောက်နိုင်ငံမှ ပညာရှင်များက ရူပကို *Form* လို့ ပြန်ဆို ပေမယ့် ဗုဒ္ဓကျမ်းတတ်ပညာရှင်များက နှစ်သက်လက်ခံခြင်း မရှိ ပါဘူး။

ဂျာမန်ဘုန်းတော်ကြီး အရှင်ဉာဏတိလောကရဲ့ ဗုဒ္ဓအဘိဓါန်

ကျမ်းမှာ နာမရူပကို အမည်နှင့် သဏ္ဌာန် *Name and Form* လို့ ပြန်ဆိုထားတာဟာ မှားယွင်းတယ်လို့ အတိအလင်း ဆိုထားပါတယ်။

ပညာရှင် အများစုက ရုပ်ကို *Matter* လို့သာ ပြန်ဆိုကြသလို အချို့ကလည်း ဖြစ်တည်နေသော အမျိုးမျိုးသော ဝတ္ထုပစ္စည်းအားလုံး၏ အခြေခံအရှိတရား *Substance* လို့ ဆိုတယ်။

အဘိဓမ္မာအရ ပြောင်းလဲတတ်တဲ့ ရုပ်အမျိုးပေါင်း ၂၈-ပါး ရှိတယ်၊ အဲဒီရုပ်များ ပေါင်းစုပြီး လူ, သတ္တဝါတွေရဲ့ ခန္ဓာနဲ့ သစ်ပင်တောတောင်တွေ ဖြစ်နေတာပါ။

အဲဒီမှာ အခြေခံအကျဆုံးက မဟာဘုတ်လေးပါးပါ၊ မဟာဆိုတာ ကြီးကျယ်ခမ်းနားတာ, ဘူတက ထင်ရှားသောလို့ အဓိပ္ပါယ်ရတယ်၊ ကျွန်တော်မြင်နေရတဲ့ လူ,တိရစ္ဆာန်တွေရဲ့ ခန္ဓာကိုယ်တွေ, ရေ,မြေ,တော,တောင်တွေအားလုံးဟာ မဟာဘုတ်တွေ ပေါင်းစည်းမိလို့ပါ၊ ဒါကြောင့်မို့ *Four Great Essentials* လို့ခေါ်တယ်။

မဟာဘုတ် ဒါမှမဟုတ် ဓါတ်ကြီးလေးပါးကို ပါဠိလို ပထဝီ, အာပေါ,တေဇော,ဝါယောဆိုပြီးခေါ်တယ်၊ မြန်မာလို မြေ,ရေ, မီး,လေပေါ့။

သာမန်အားဖြင့် မြေကြီးက ပထဝီဆိုပေမယ့် အဘိဓမ္မာသဘောအရ မာမှု, ပျော့မှု သဘောလေးကိုပဲ ပြောတာပါ။

ဒဿနအမြင်နဲ့ သိပ္ပံပညာရှုထောင့်အရ ပထဝီဆိုတာ တည်ရှိ

စေခြင်း, နေရာယူခြင်း *Element of extension* ပါ။

ကမ္ဘာ့သာသနာပြု ဆရာတော် အရှင်သေဋ္ဌိလမှ ရန်ကုန် တက္ကသိုလ်တွင် ပို့ချသော အတ္တနှင့်အနတ္တ *Discourse on Self and SelfLess* မှာ-

'ရုပ်တရားတို့ရဲ့ အရင်းမူလဟာ ပမာဏသဘော ပထဝီ ဓါတ်ပင် ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ထိုဓါတ်သည် အရာဝတ္ထု များကို အာကာသ ဟင်းလင်းပြင်အတွင်း တည်စေ၍ နေရာ ရစေ နိုင်သောကြောင့် ဖြစ်သည်...' လို့ ဟောခဲ့ပါတယ်။

*The element of extension is the fundamental principle of matter. It is this element which enables objects to occupy space.*

အာပေါဟာ ရေဓါတ်ဖြစ်လို့ စေးကပ်ခြင်းသဘောရှိပြီး တကွဲ တပြား ပြန့်ကျဲနေသော ရုပ်အမှုန် အဏုမြူ အက်တမ်များကို အစုအခဲဖြစ်အောင် ပေါင်းစည်းပေးထားပါတယ်။

တေဇောဟာ အပူဓါတ်ဖြစ်လို့ ရုပ်ကိုရင့်ကျက်စေသော သဘောရှိပါတယ်၊ ဝါယောဟာ လေဓါတ်ဖြစ်ပြီးလှုပ်ရှား၊ တွန်းထိုး၊ ထောက်ကန် ချီပင့်သော သဘောရှိတယ်လို့ ဆရာတော်မှ ဖွင့်ဆို ရှင်းပြထားပါတယ်။

'ကျွန်တော်ဆက်ပြီး မဟာဘုတ်လေးပါးကို စိတ်ထဲမှာစွဲထင် သွားအောင် ပြောပါ့မယ်၊ ပထဝီ,အာပေါ,တေဇော,ဝါယောလို့ အမည်ပေးထားပေမယ့် တစ်ခုရှိရင် ကျန်တဲ့သုံးခုကလည်း အမြဲ

တွဲပြီးရှိနေပါတယ်၊ အတိုင်းအဆပမာဏ *quantity* ချင်း တူချင်မှတော့ တူမှာပါ၊ ဘယ်နေရာမဆို ဒီလေးခုက ခွဲလို့မရဘဲ တစ်ခုတည်းရှိနေပါတယ်၊ ဒါကြောင့်မို့ လူ,တိရိစ္ဆာန်,သစ်ပင်,ရေ,မြေ,တောတောင် အဆောက်အဦအားလုံးမှာ သူတို့တွဲပြီး အမြဲရှိပါတယ်'

'အခု အခန်းပြူတင်းဝကကြည့်ရင် နှင်းဆီပန်းလေးတွေ ဝေဝေဆာဆာဖူးပွင့်နေတာ မြင်ရပါမယ်၊ သူတို့ရဲ့ ပန်းပွင့်ပုံစံလေးနဲ့ နေရာယူပြီး တည်နေတာက ပထဝီရဲ့သဘော၊ ကျွန်တော်တို့ အားလုံးနဲ့ သစ်ပင်, အဆောက်အဦအားလုံးဟာ မြေကြီးမရှိရင် ရပ်တည်လို့မရသလို ရုပ်အားလုံးဟာ ပထဝီပေါ်မှာပဲတည်နေပါတယ်၊ ဒီမှာလည်း မြေကြီးကို ပထဝီလို့ တင်စားပြောပေမယ့် အမှန်က တည်ရှိနေတဲ့ သဘောသဘာဝလေးကို ဆိုလိုတာပါ'

'နောက် ပန်းပွင့်ပုံလေးပေါ်အောင် အမှုန်လေးတွေကို ရေဓာတ်ဆိုတဲ့ အာပေါက စုစည်းပေးပါတယ်၊ ဥပမာ ပေါက်စီ, အီကြာကွေး, နံပြားတို့လုပ်မယ်ဆိုရင် ဂျုံမှုန့်လေးတွေ ပေါင်းစည်းသွားအောင် ရေစွတ်ပြီး နယ်ရသလိုပေါ့'

ဒီလို စုစည်းထားတဲ့ အမှုန်လေးတွေ ရင့်ကျက်သွားအောင်၊ ပန်းငုံလေးကနေ ဝေဝေဆာဆာ ဖူးပွင့်တဲ့ ပန်းပွင့်ဖြစ်လာဖို့ တေဇောက လုပ်ပေးပါတယ်။

တစ်ခါ အပင်မှာ ငွါးငွါးစွင့်စွင့်နဲ့ ဖူးပွင့်နေအောင် ဝါယောဆိုတဲ့လေက ထောက်ကန်ပေးထားတာပါ။

မသင်းက 'ညီမ နားလည်သွားပြီ၊ ပန်းပွင့်လေးတွေကအစ မျက်စိနဲ့ မြင်ရတဲ့အရာအားလုံး တစ်စုတဝေးတည်း တည်နေအောင် သူတို့လေးပါးက ပထမဦးဆုံး စုစုစည်းစည်းနဲ့ လုပ်ပေးထားတာ၊ ဒါကြောင့်မို့ အခြေခံရုပ်လေးပါးလို့ ခေါ်တာ'

'မှန်ပါတယ်၊ ဒီလို တောတောင်တွေ၊ အဆောက်အဦတွေ၊ မြစ်ချောင်းအင်းအိုင်တွေ၊ အမျိုးသား အမျိုးသမီးစတဲ့ ရှုချင်ဖွယ် အဆင်းသဏ္ဌာန်ရှိလို့ သူတို့ကို *Four great appearance* လို့လည်း ခေါ်တယ်'

ပဋ္ဌာန်းဒေသနာအရ မဟာဘုတ် ဓာတ်ကြီးလေးပါးဟာ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်း များနဲ့ ကျေးဇူးပြုပါတယ်။

သူတို့လေးပါးဟာ အတူတကွဖြစ်ပြီး အတူတကွပျက်လို့ သဟဇာတ *Co-nascence,* အပြန်အလှန် ကျေးဇူးပြုလို့ အညမည *Mutuality,* တစ်ပါးနဲ့တစ်ပါး မှီတွယ်ပြီးနေလို့ နိဿယ *Dependence,* ရှိဆဲခဏ မှာကျေးဇူးပြုလို့ အတ္ထိ *Presence,* မကင်းမကွာဘဲ ကျေးဇူးပြုလို့ အဝိဂတ *Non-disappearance* ဆိုပြီး ပစ္စည်းငါးပါးပြိုင် ကျေးဇူးပြုတာကို တွေ့ရပါမယ်၊ ပဋ္ဌာန်းဒေသနာကို ပစ္စည်းပိုင်းရောက်မှ အကျယ်ပို့ချပေးပါ့မယ်။

'ဆက်ပြီး မဟာဘုတ်လေးပါးကို အမှီပြုပြီး ဖြစ်လာတဲ့ ဥပါဒါရုပ် ၂၄-ပါးကို ဆက်ပြောပါ့မယ်'

ဆရာကံမြင့်က 'ကျွန်တော်တစ်ခု မရှင်းလို့၊ မဟာဘုတ်ရုပ်

တွေကနေ ဥပါဒါရုပ်ဖြစ်လာတာလား ဆရာ'

'အဲဒီလိုတော့ မဟုတ်ဘူး၊ မဟာဘုတ်တွေက ဥပါဒါရုပ်တွေကို ထုတ်လုပ်လိုက်တာ မဟုတ်ဘဲ မြေကြီးရှိမှ အိမ်ဆောက်လို့ရသလို မဟာဘုတ်ရှိမှပဲ ဥပါဒါရုပ်တွေက အမှီပြုပြီး ဖြစ်လာတဲ့သဘောပါ'

မစန္ဒာက 'ဥပါဒါရုပ်ကို ဘယ်လိုပြန်လဲ ဆရာ'

'အများအားဖြင့် *Derived or Secondary matter* လို့ပြန်ကြတယ်၊ ဒါပေမဲ့ သူတို့က မဟာဘုတ်ရုပ်က ဆင်းသက်လာတာမဟုတ်ဘဲ သီးခြားရုပ်တွေပါ၊ စိတ်နဲ့ စေတသိက်လိုပေါ့၊ စိတ်ရှိမှ စေတသိက်ဖြစ်လာသလို သူတို့လည်း မဟာဘုတ်ရှိမှ အမှီပြုပြီး ဖြစ်လာလို့ *dependent matter* လို့ပြန်တာက ပိုပြီးသင့်တော်မယ်လို့ ဆရာ ယူဆတယ်'

မသင်းက 'ညီမ တစ်ခုသိချင်လို့၊ မဟာဘုတ်ရုပ်တွေဟာ အချင်းချင်းလည်း တစ်ခုက ကျန်သုံးခုကို မှီနေရတယ်ဆိုတော့ မဟာဘုတ်ကိုလည်း ဥပါဒါရုပ်လို့ ခေါ်လို့မရဘူးလား'

'ညီမ သိချင်တာလေးကို အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသက ဘာသာဋီကာကျမ်းမှာ ရှင်းပြထားတာရှိတယ်၊ ဆရာတော်က မဟာဘုတ်ရုပ်ကို ဥပါဒါရုပ်လို့ မခေါ်ဆိုနိုင်ကြောင်း, ဒါကလည်း ဥပါဒါရုပ်ဟာ မှီရုံသာမှီတတ်ပြီး တစ်ပါးသော ရုပ်တို့၏ အမှီမခံရပါဘူး၊ မဟာဘုတ်ရုပ်များကတော့ အချင်းချင်း မှီတတ်သလို တခြားသောရုပ်များ၏ မှီခြင်းကိုပါ

ခံရတဲ့ အတွက်ဆိုပြီး ရှင်းပြထားတယ်'

ပဋ္ဌာန်း ဒေသနာအခရလည်း သစ်ပင်နှင့်သူ၏အရိပ် *'A tree and its shadow'* ဥပမာနဲ့ ရှင်းပြလို့ရတယ်။ သစ်ပင်နှင့် တူတဲ့ မဟာဘုတ်ရုပ်များဟာ အရိပ်ကို ပေးစွမ်းခြင်းအားဖြင့် ကျေးဇူးပြုပေမယ့် အရိပ်နှင့်တူတဲ့ ဥပါဒါရုပ်များကတော့ သစ်ပင်ကို ပြန်လည်ပြီး ကျေးဇူးမပြုနိုင်ပါဘူး။

ဒါကြောင့်မို့ မဟာဘုတ် ရုပ်အချင်းချင်းသာ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုလို့ အညမညပစ္စည်းရပြီး ဥပါဒါရုပ် များကတော့ အညမညပစ္စည်း မရရှိတာပါ။

မစန္ဒာက 'ဥပါဒါရုပ် ဘယ်နှစ်ပါးရှိသလဲ ဆရာ'

'အားလုံး ၂၄-ပါးရှိတယ်၊ ဒါတွေကတော့ ပသာဒရုပ်-၅, ဂေါစရရုပ်-၄, ဘာဝရုပ်-၂, ဟဒယဝတ္ထု-၁, ဇီဝိတရုပ်-၁, အာဟာရ ရုပ်-၁, ပရိစ္ဆေဒရုပ်-၁, ဝိညတ်ရုပ်-၂, ဝိကာရရုပ်-၃ပါးနဲ့ လက္ခဏာရုပ်-၄ပါးတို့ပါ'

ပထမဆုံး ပသာဒရုပ်ငါးပါးကို ပြောပြပါ့မယ်။

မသင်းက 'ပသာဒဆိုတာ ညီမကြားဖူးနေတယ်၊ လှပတဲ့ရှုခင်း လေးကိုတွေ့ရင် မျက်စိပသာဒ ရှိလိုက်တာလို့ ပြောကြတယ်'

'မှန်ပါတယ်၊ မြင်ရတဲ့အရာတစ်ခုဟာ လှပတင့်တယ်နေရင် ပသာဒရှိတယ်လို့ သုံးပါတယ်၊ အဘိဓမ္မာအရ ပသာဒဆိုတာ ကြည်လင်တာပါ, *Clear* ဖြစ်တယ်ပေါ့၊ ဒါကြောင့်မို့ စက္ခုပသာဒ ဆို မျက်စိအကြည်, သောတပသာဒက နားအကြည်, ဃာနပသာဒက

နှာခေါင်းအကြည်ကို ဆိုလိုပါတယ်'

'စက္ခုပသာဒက မျက်စိတစ်ခုလုံးကို ပြောတာလား အစ်ကို'

'အဲဒီလိုတော့ မဟုတ်ဘူး၊ မျက်နက်ဝန်းအလယ်က ပုံရိပ်ထင်တဲ့နေရာ၊ *sensitive* အဖြစ်ဆုံးနေရာကို ပြောတာပါ၊ ဆေးပညာအရ *Retina* လို့ခေါ်တယ်၊ အလားတူ သောတပသာဒက နားတစ်ခုလုံးမဟုတ်ဘဲ အတွင်းနားထဲက အသံလှိုင်းကို လက်ခံတုန့်ပြန်တဲ့ *Cochlear* လေးပါ၊ ဃာနပသာဒက နှာခေါင်းအတွင်းက အနံ့ကို တုန့်ပြန်တဲ့ *sensitive cells* လေးတွေရှိတဲ့နေရာ၊ ဇိဝှါပသာဒက လျှာမှာရှိတဲ့ အရသာကိုအသိဆုံး *Taste buds* လေးတွေပါ'

'ကာယပသာဒကျတော့ ဘယ်မှာရှိလဲ အစ်ကို'

'ကိုယ်အကြည်ဓါတ် *sensitive body* က တခြားပသာဒတွေနဲ့မတူဘဲ တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးရှိတယ်၊ ဒါကလည်း ခန္ဓာကိုယ်အနှံ့ ခေါင်းကနေ ခြေအထိ အတွေ့အထိကို ခံစားနိုင်လို့ပါ'

နောက်သိစေချင်တာက အရင်ကပြောခဲ့တဲ့ စက္ခုဝတ္ထု၊ စက္ခုဒွါရနဲ့ အခု စက္ခုပသာဒက အတူတူပါပဲ။ စက္ခုဝတ္ထုကျတော့ မြင်စိတ်ရဲ့တည်ရာဖြစ်လို့၊ စက္ခုဒွါရကျတော့ မြင်စိတ်ရဲ့ ဝင်ထွက်ရာဖြစ်လို့ ပြောင်းလဲပြီး ခေါ်လိုက်တာပါ။

ဆက်ပြီး ဂေါစရရုပ် ၇-ပါးကို ပြောပြပါ့မယ်။ ဂေါစရက အာရုံကို ပြောတာပါ။ ပထမက ရူပါရုံ၊ ဒုတိယက သဒ္ဒါရုံ၊ တတိယက ဂန္ဓာရုံ၊ စတုတ္ထ ရသာရုံ၊ ပဉ္စမ ဆဋ္ဌမနဲ့ သတ္တမက

ဖောဋ္ဌဗ္ဗာရုံ။

မြင်နိုင်တဲ့ မြင်အပ်တဲ့ရုပ်က ရူပါရုံပါ၊ ရုပ် ၂၈-ပါးမှာ မြင်နိုင်တာ ဒီတစ်ခုပဲ ရှိပါတယ်၊ သဒ္ဒါရုံဆိုတာ ကြားနိုင်တာ, ဂန္ဓာရုံဆိုတာ အနံ့ခံနိုင်တာ, ရသာရုံက အရသာခံနိုင်တာ, ဖောဋ္ဌဗ္ဗာရုံက တွေ့ထိနိုင်တာပါ။

ဒီမှာထူးခြားတာက ဖောဋ္ဌဗ္ဗာရုံ၊ သူက ပထဝီ,တေဇော, ဝါယော သုံးမျိုးပေါင်းထားတာကို ခေါ်တာ၊ ဒါကြောင့်မို့ ဂေါစရ ရုပ်က ၅-ပါးဆိုလည်း ဟုတ်တယ်၊ ၇-ပါးဆိုလည်း ဟုတ်တယ်။

ဆရာကျော်မြင့်က 'အာပေါကျတော့ ဖောဋ္ဌဗ္ဗာရုံမှာ ဘာလို့ မထည့်ထားလဲ ဆရာ'

'အဘိဓမ္မာအရ အာပေါဓာတ်ကို တွေ့ထိလို့ မရနိုင်ပါဘူး၊ နံနက်ခင်း မျက်နှာသစ်ဖို့ ရေလောင်းလိုက်တော့ အေးမြသွားတာက တေဇောကို သွားတွေ့တာပါ၊ အာပေါဆိုတဲ့ ယိုစီးမှု, စေးကပ်မှုကို မတွေ့ထိနိုင်လို့ ဖောဋ္ဌဗ္ဗာရုံမှာ မထည့်ထားတာပါ'

အခုပြောတဲ့ ဂေါစရရုပ်တွေကို ပသာဒရုပ်တွေနဲ့ ထင်ဟပ် ကြည့်လိုက်ရင် ရူပါရုံနဲ့, စက္ခုပသာဒ, သဒ္ဒါရုံနဲ့ သောတပသာဒ, ဂန္ဓာရုံနဲ့ ဃာနပသာဒ, ရသာရုံနဲ့ ဇိဝှါပသာဒ, ဖောဋ္ဌဗ္ဗာရုံနဲ့ ကာယပသာဒတို့ကို တွေ့ရပါလိမ့်မယ်။

ဒီနေရာမှာ ကျွန်တော်ပြောချင်တာတစ်ခုက မြင်စိတ်, ကြားစိတ်, တွေ့ထိစိတ်လေးတွေဟာ စက္ခု,သောတ,ကာယပသာဒမှာ ရှိတာ မဟုတ်ပါဘူး။

ဆိုပါတော့ ကျွန်တော်တို့ နှင်းဆီပန်းလေးရဲ့ မွှေးပျံ့တဲ့ရနံ့ကို ရတာဟာ အကြောင်းတရားတွေ ပေါင်းဆုံလို့ ဖြစ်လာတာပါ။

နှင်းဆီပန်းရနံ့ဆိုတဲ့ ဂန္ဓာရုံ၊ ရနံ့ကိုသိတဲ့ ဃာနပသာဒ၊ ရနံ့ကို သယ်တဲ့လေနဲ့ နှလုံးသွင်းမှုတို့ ပေါင်းဆုံမှ ရနံ့သိတဲ့စိတ်လေး ဖြစ်လာတာပါ။ ဒါကြောင့် ရနံ့သိတဲ့စိတ် 'ဃာနဝိညာဉ်'ဟာ နှင်းဆီပန်းထဲမှာ ရှိတာလည်းမဟုတ်၊ ဃာနပသာဒမှာ ရှိတာလည်း မဟုတ်ဘဲ သူတို့ပေါင်းဆုံမှသာ ဖြစ်လာတာပါ။

ဆက်ပြီး ဘာဝရုပ်နှစ်ပါးကို ပြောပြပါ့မယ်၊ အမျိုးသမီး ဖြစ်ကြောင်းသိစေတာကို ဣတ္ထိဘာဝရုပ် *Feminity* , အမျိုးသား ဖြစ်ကြောင်း သိစေတာကို ပုမ္ဘာဝရုပ် *Musculinity* လို့ခေါ်တယ်၊ ဆေးပညာအရ ဘာဝရုပ်က *Sex* ကိုပြောတာပါ။

မသင်းက 'ဣတ္ထိဘာဝရုပ်က ဘယ်မှာတည်လဲ အစ်ကို'

'ဆေးပညာအရ အမျိုးသမီးဘာဝကို အမျိုးသမီးဟော်မုန်း တွေဖြစ်တဲ့ *Oestrogen* နဲ့ *Progesterone* ကထိန်းချုပ်ထား တာပါ၊ ဒီဟော်မုန်းတွေ ထွက်ရှိဖို့ ဦးခေါင်းက ပစ်ကျူထရီ *Pituitary* , လည်ပင်းက *Thyroid Gland,* ကျောက်ကပ် အထက်နားက *Adrenal Gland,* နောက်သားအိမ်နဲ့ တွဲနေတဲ့ ဥအိမ် *Ovary* က ဆောင်ရွက်ပေးတယ်'

ဒါပေမဲ့ အဘိဓမ္မာအရ အမျိုးသမီးဘာဝရုပ်၊ အမျိုးသမီး ဖြစ်ကြောင်းသိစေတဲ့ သွင်ပြင်ဟန်အမူအယာတွေဟာ အမျိုးသမီးနဲ့ ဆိုင်တဲ့ *Organs* တွေမှာသာမက တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီး

ရှိနေတယ်။

အမျိုးသမီးဆိုရင် လမ်းလျှောက်တာကို ကြည့်တာနဲ့ သိသာပါတယ်၊ ခန္ဓာဗေဒအရလည်း လည်ဇလုပ် *Adam's apple* မရှိသလို လက်ဟန်ခြေဟန်ကလည်း နွဲ့နွဲ့နှောင်းနှောင်း ရှိတယ်၊ ပုခုံးကကျဉ်းပြီး တင်ပါးဆုံရိုးက ကျယ်သလို ရှက်ကြောက်တတ်တယ်, အလှအပကို မြတ်နိုးတယ်, ကြင်နာတတ်တယ်, မိခင်စိတ်ဆိုတဲ့ သဘာဝတွေနဲ့ တွဲနေပါတယ်၊ ဒါကြောင့်မို့ ဣတ္ထိဘာဝရုပ်က *Sex organs* တွေကိုပဲ ဆိုလိုတာမဟုတ်ပါဘူး၊ တစ်ကိုယ်လုံးမှာ ပျံ့နှံ့နေတဲ့သဘော ရှိပါတယ်။

အလားတူ အမျိုးသားဘာဝရုပ်ကလည်း တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီး တည်နေပါတယ်။

ဟဒယဝတ္ထု *Heart base* ကိုတော့ ရှေ့ပိုင်းမှာ အကျယ်ချဲ့ ပြောထားလို့ မှတ်မိကြမှာပါ။

ဆက်ပြီး ဘဝအသက်ရှင်သန်ဖို့မှာ အရေးပါတဲ့ ဇီဝိတရုပ်ကို ပြောပြပါ့မယ်၊ ကျွန်တော်တို့ ခန္ဓာကိုယ်ကြီး မပုပ်သိုး မဆွေးမြေ့ အောင်, အမြဲရှင်သန်နေအောင် စောင့်ရှောက်တဲ့သဘောတရားကို ဇီဝိတရုပ်လို့ ခေါ်တယ်။

နာမ်ဇီဝိတ *Psychic life* က စိတ်, စေတသိက်တွေကို စောင့်ရှောက်သလို ရုပ်ဇီဝိတ *Vitality of matter* က ရုပ်တရားတွေကို စောင့်ရှောက်ပေးပါတယ်။ ရုပ်ဇီဝိတနဲ့ နာမ်ဇီဝိတက နှစ်ခုပေါင်းကို အာယု 'အသက်' ဆိုပြီး ခေါ်တယ်။

မစန္ဒာက 'အခု လူတွေမှာ အသက်ရှိသလို သစ်ပင်တွေမှာလည်း အသက်ရှိတယ်လို့ ပြောလာကြတယ်၊ အဲဒါ အဘိဓမ္မာအရ မှန်သလား ဆရာ'

'အချို့သိပ္ပံပညာရှင်တွေက လူတွေလို သစ်ပင်တွေဟာ ရေဓာတ်၊ မြေဓာတ်ဆိုတဲ့ အာဟာရတွေကို စုပ်ယူပြီးကြီးထွားလာလို့ သစ်ပင်တွေမှာ အသက်ရှိတယ်လို့ ယူဆကြတယ်၊ နောက်ကိုယ့်အခန်းထဲမှာ စိုက်ထားတဲ့ ပန်းပင်တွေဟာ ကိုယ်ဝမ်းသာရင် အပွင့်လေးတွေပွင့်ပြီး သူတို့ကို ခူးဆွတ်တဲ့အခါ ညှိုးနွမ်းတဲ့အသွင်အပြင်ရှိတယ်လို့ ပြောလာတာတွေ တွေ့ရတယ်၊ ဒီလိုယူဆတာလည်း အခုခေတ်မှ မဟုတ်ပါဘူး၊ ဘုရားလက်ထက်ကလည်း သစ်ပင်မှာ အသက်ရှိတယ်လို့ ယူဆတဲ့သူတွေက ရဟန်းတော်တွေ ခရီးသွားရင်း သစ်ပင်ခုတ်တာ၊ ဖြတ်တာ၊ သစ်ရွက်သစ်သီးခူးတာကို ကဲ့ရဲ့ကြလို့ ရဟန်းများ သစ်ပင်များကို မခူးရ၊ မခုတ်ရ၊ မဖြတ်ရလို့ သိက္ခာပုဒ် ပညတ်ထားခဲ့ပါတယ်၊ အဘိဓမ္မာအရ သစ်ပင်မှာ အသက်မရှိပါဘူး၊ ဒါကလည်း လူတွေမှာလို အစိုးရတဲ့ ဇီဝိတရုပ်နဲ့ ကမ္မဇရုပ် မရှိလို့ပါ'

ဆရာဖေသိန်းက 'အသညသတ်ဗြဟ္မာဆိုပြီး ရုပ်ချည်းသက်သက်နဲ့ ရုပ်တော်မူ ကိုယ်တော်ကြီးလိုနေကြတဲ့ ဗြဟ္မာဘုံရှိတယ်လို့ကြားဖူးတယ်၊ သူတို့ကော အသက်ရှိသလား ဆရာ'

'ဒီဗြဟ္မာကြီးတွေဟာ ရုပ်ချည်းသက်သက်ဆိုပေမယ့် ဇီဝိတရုပ်နဲ့ ကမ္မဇရုပ်ရှိတယ်၊ ဒါကြောင့်မို့ သက်ရှိသတ္တဝါတွေ ပါဝင်တဲ့

၃၁-ဘုံထဲမှာ ထည့်ထားတာပါ'

အားလုံးသိကြတဲ့အတိုင်း ရုပ်တွေဟာ ကံ,စိတ်,ဥတု, အာဟာရဆိုတဲ့ အကြောင်းလေးခုကြောင့် ဖြစ်လာတာပါ။

ကံကြောင့် ဖြစ်တဲ့ရုပ်ကို ကမ္မဇရုပ် *Kamma-produced matter,* စိတ်ကြောင့်ဖြစ်တဲ့ရုပ်ကို စိတ္တဇရုပ် *Mind-produced matter,* ဥတုကြောင့်ဖြစ်တဲ့ရုပ်ကို ဥတုဇရုပ် *Temperature-produced matter* နဲ့ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်ကို အာဟာရဇရုပ်လို့ ခေါ်တယ်။

ဒီနေရာမှာ စိတ္တဇရုပ်, ဥတုဇရုပ်နဲ့ အာဟာရဇရုပ်တို့ကို ဆိုင်ရာ စိတ်, ဥတု, အာဟာရတို့က စောင့်ရှောက်ပေးထားပါတယ်။

ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်ကတော့ ထူးဆန်းပါတယ်၊ သူ့ကိုဖြစ်စေတဲ့ အတိတ်ကံက အတိတ်ဘဝမှာပဲ ချုပ်ခဲ့ပြီးဖြစ်လို့ ကမ္မဇရုပ်တွေဟာ လက်ရှိဘဝမှာ အမိမဲ့သားနှင့်တူပါတယ်၊ ဒီအခါမှာ ကံရဲ့ကိုယ်စား ဇီဝိတရုပ်ဟာ မွေးစားမိခင် *Stepmother* သဖွယ် ကမ္မဇရုပ်တွေကို မညှိုးနွမ်း, မပုပ်သိုး, မပျက်စီးဖို့ ဆက်ပြီးစောင့်ရှောက်ပါတယ်၊ *Preserve* လုပ်ပေးပါတယ် ပမာဆိုရရင် ကြာနွယ် ကြာရိုးတွေမှာ စိမ့်ဝင်နေတဲ့ရေဟာ ကြာပန်းလေးတွေကို မနွမ်းရအောင် စောင့်ရှောက်သလိုပါပဲ။

နောက်တစ်ခုက အာဟာရရုပ်၊ ဒီမှာလည်း အာဟာရက နေ့စဉ်စားသောက်နေတဲ့ ထမင်း, ဟင်း, ခေါက်ဆွဲ, ဂျုံနဲ့ပြုလုပ်ထားတဲ့ အစားအစာတွေကို ဆိုလိုတာမဟုတ်ဘဲ သူတို့ထဲမှာပါတဲ့

အနှစ်သြဇာ *Nutritive essence* ကိုပြောတာပါ။

အခုထိ ပြောခဲ့တဲ့ မဟာဘုတ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဂေါစရရုပ် ၇-ပါး၊ ဘာဝရုပ် ၂-ပါးနဲ့ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ် ပေါင်း ၁၈-ပါးကို သဘာဝရုပ်၊ နိပ္ဖန္နရုပ်၊ ရူပရုပ်၊ သမ္မသနရုပ်တွေလို့ ခေါ်တယ်။

သဘာဝရုပ် *Natural matter* ဆိုတာက သူတို့မှာကိုယ်ပိုင် ထူးခြားတဲ့ သဘောလက္ခဏာ *Own peculiar characteristics* တွေရှိလို့ပါ။

တစ်ခါ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားများကြောင့် ထင်ရှားဖြစ်ပေါ်လာလို့ နိပ္ဖန္နရုပ် *Produced matter* လို့လည်းခေါ်တယ်။

တစ်ခါ အပူ၊ အအေးစတဲ့ ဆန့်ကျင်ဘက်တရားတွေကြောင့် ရှေးအစဉ်နဲ့ နောက်အစဉ်မတူဘဲ အစဉ်ပြောင်းလဲ *Always Changeable* နေလို့ ရူပရုပ်။

နောက် အနိစ္စ၊ ဒုက္ခ၊ အနတ္တစတဲ့ လက္ခဏာရေးသုံးပါးနဲ့ သုံးသပ်နိုင်လို့ သမ္မသနရုပ် *Matter which should be contemplated insight* လို့လည်း ခေါ်တယ်။

ကျွန်တော်ဆက်ပြီးပြောမယ့် ပရိစ္ဆေဒ၊ ဝိညတ်၊ ဝိကာရနဲ့ လက္ခဏာရုပ်တွေကတော့ ဒီလိုသဘောသဘာဝတွေ မရှိလို့ အသဘာဝ၊ အနိပ္ဖန္န၊ အရူပ ဒါမှမဟုတ် ရုပ်အတု ၁၀-ပါးလို့ ခေါ်တယ်။

သင်တန်းပို့ချလို့ ကောင်းနေဆဲ တပည့်လေး မောင်အေးမြင့်နဲ့ ဆရာမ ဒေါ်ချယ်ရီက လက်ဖက်ရည်နဲ့ စမူဆာသုတ်လာချ ပေးပါတယ်။ ဒီနေ့ အစားအသောက်ကို ဆရာဖေသိန်းက ကျွေးမွေးပါတယ်။

ဆရာကံမြင့်က 'ရာသီဥတုအေးနေတော့ စမူဆာသုတ်ကို ငရုပ်သီးစပ်စပ်နဲ့ စားလိုက်မှ အခိုးပွင့်သွားမှာ'

'ရုပ်တရားက ဖောက်ပြန်တယ်ဆိုတာ အမှန်ပဲ၊ ဗိုက်ဆာတဲ့ အခါ ခန္ဓာကိုယ်ကို နွမ်းသွားပြီး ဗိုက်လည်းပြည့်ရော တစ်ခါတည်း မျက်နှာရောလူပါ ရွှင်ရွှင်လန်းလန်း ဖြစ်သွားတာ' လို့ ဆရာကျော်က ထောက်ခံပြီး ပြောပါတယ်။

စမူဆာသုတ်က စားကောင်းသလို လဖက်ခြောက်ကိုနှပ်ပြီး ဖျော်ထားတဲ့ လဖက်ရည်ကလည်း သောက်လို့ကောင်းပါတယ်။

စားသောက်ပြီးတာနဲ့ သင်တန်းကို ဆက်လိုက်ပါတယ်။

ကျွန်တော်ဆက်ပြီး ပရိစ္ဆေဒရုပ်ကို ပြောပြပါ့မယ်။ ပရိစ္ဆေဒ ဆိုတဲ့ အသုံးအနှုန်းကိုလည်း ရင်းနှီးပြီး ဖြစ်မှာပါ။

မသင်းက 'နှစ်ပရိစ္ဆေဒ ကြာညောင်းပေမယ့် ××× ဘယ်လို မှ မေ့မရဘူးဆိုတဲ့ သီချင်းလေးတောင်ရှိတယ်၊ မြန်မာလို နှစ်ကာလ အပိုင်းအခြားကို ဆိုလိုတာပေါ့နော်'

'မှန်ပါတယ်၊ ပရိစ္ဆေဒက အပိုင်းအခြား *Limitation* ကိုပြောတာပါ၊ ရုပ်ကလာပ် တစ်ခုနဲ့တစ်ခုအကြား မရောယှက် ရအောင် ပိုင်းခြားပေးထားတဲ့ အာကာသအကြား *Space* ကိုပဲ

ဆိုလိုတာပါ၊ ဒါကြောင့်မို့ ရုပ်အစစ်လို သဘောလက္ခဏာမရှိဘဲ ရုပ်ကလာပ်နှစ်ခုကြားမှာ အလိုလိုရှိနေတဲ့ အာကာသသဘောလေး ပါပဲ'

အာကာသရုပ်ပြီးတော့ ဝိညတ်ရုပ် ၂-ပါး *Two communicating,* ဝိညတ်ဆိုတာ သိစေအပ်တာလို့ အဓိပ္ပါယ် ရတယ်။

ကာယဝိညတ် *Bodily intimation* က ကိုယ်ဟန်အမူ အရာနဲ့ သိစေတဲ့ လှုပ်ရှားမှုသဘောမျိုး၊ ဥပမာ မိမိအနားကိုလာဖို့ လက်ယပ်ခေါ်တာ, သူငယ်ချင်းမိတ်ဆွေတွေလို့ လက်ပြနှုတ်ဆက် တာ, ငြိမ်းချမ်းတယ်ဆိုရင် လက်နှစ်ချောင်း ထောင်ပြတာ သံဃာတော်တွေနဲ့ လူကြီးသူမတွေ့ရင် လက်အုပ်ချီပြီး အရိုအသေ ပေးတာတွေအားလုံး ပါဝင်ပါတယ်။

စိတ်ထဲမှာ ပျော်ရွှင်ကြည်နူးတဲ့အခါ မျက်နှာမှာ အပြုံးပန်း တွေ ဝေဆာပွင့်ဖူးနေတာ၊ သဘောတူရင် ခေါင်းညိတ်ပြီး မျက်စိ မှိတ်ပြတာ၊ မကျေနပ်တဲ့အခါ လက်သီးဆုတ်ပြ, လက်ခါပြ, မျက်လုံး ပြူးပြ, နှုတ်ခမ်းစူပြတာတွေ အားလုံးဟာ ကာယဝိညတ် သဘော ပါပဲ။

ဝစီဝိညတ် *Vocal intimation* ကတော့ မိမိရဲ့အလိုဆန္ဒ ကို သိစေတတ်တဲ့အမူအရာ၊ စကားသံရဲ့ ထူးခြားတဲ့အခြင်းအရာ မျိုးပါ၊ စကားသံပါမှ သိသာလို့ သဒ္ဒရုပ်နဲ့ အမြဲတွဲနေပါတယ်။

စကားမပြောနိုင်တဲ့သူမှာတော့ ဝစီဝိညတ်နဲ့ ကိုယ့်ခံစားချက်

ကို မဖော်ပြနိုင်ဘူးပေါ့, အင်္ဂလိပ်လိုပြန်တာကျတော့ ပိုရှင်းတယ်,

*'Sound of speech to let others understand one's intention.'*

သတိထားမိရင် သာမန်ပြောတဲ့ စကားသံနဲ့ ကရုဏာသံပါတဲ့ စကားသံက အလွန်ခြားနားပါတယ်၊ ရင်ထဲက စေတနာအပြည့်နဲ့ လူနာတွေကို ကောင်းစေချင်လို့ 'အဖွား… မကြာခင်သက်သာသွားမှာပါ၊ ဘကြီး…ဒီနေ့ကစပြီး ဆန်ပြုတ်လေး စ, စားလို့ရပါပြီ' နောက် လက်ကလေးကို ယုယုယယကိုင်ပြီး သွေးခုန်နှုန်းလေး စမ်းတာ, ကိုယ်အပူချိန်ကို သိချင်လို့ နဖူးလေးကို ညင်သာစွာ ထိတွေ့တာ, ချိုသာစွာပြုံးပြီး ပခုံးလေးပုတ် အားပေးတာတွေဟာ သိသာတဲ့ ဝစီဝိညတ်နဲ့ ကာယဝိညတ်ပါ။

ဆက်ပြီး ဝိကာရရုပ် ၅-ပါး *Five distinctive conditions of matter* ကို ပို့ချပေးပါ့မယ်။ ဒီငါးပါးက လဟုတာ, မုဒုတာ, ကမ္မညတာနဲ့ အခုပို့ချခဲ့တဲ့ ဝိညတ်ရုပ် ၂-ပါးပါပဲ။

မြန်မာလိုတိုက်ရိုက် ပြန်တော့ ပြောင်းလွဲတယ်, ဖေါက်ပြန်တယ်လို့ အဓိပ္ပါယ်ရတယ်၊ တကယ်တော့ရုပ်ရဲ့ သိသာထင်ရှားတဲ့ ထူးခြားတဲ့အမူအရာလေးတွေပါ။

လူမှာ စိတ်ချမ်းသာတဲ့အခါ, အာဟာရမျှတတဲ့အခါ, ရာသီဥတုသာယာပြီး ကျန်းမာရေးကောင်းနေရင် နေထိုင်ရတာ ပေါ့ပေါ့ပါးပါးရှိပါတယ်၊ ပေါ့ပါးသွက်လက်လို့ နေပါတယ်၊ အဲဒါကို ကာယလဟုတာ *Lightness of body* လို့ခေါ်တယ်။

တစ်ခါစိတ်မှာ *Tension* မရှိဘူး၊ စိတ်အေးချမ်းသာနေတော့ ခန္ဓာကိုယ်ဟာလည်း အကြောအခြင်တွေကအစ နူးညံ့ပျော့ပျောင်းပြီး သာမန်ထက်ကြည့်ရတာ လန်းလန်းဆန်းဆန်းဖြစ်နေတာကို မုဒုတာရုပ် *Pliancy of body* လို့ခေါ်တယ်။

နောက် စိတ်ချမ်းသာပြီး အာဟာရနဲ့ ရာသီဥတုမျှတနေရင် မျက်နှာသွင်ပြင်ကအစ ခန္ဓာကိုယ်ဟာ ခန့်ညားမှုရှိတယ်၊ တင့်တယ်တယ်၊ ဘယ်လိုအလုပ်မျိုးမဆို လုပ်ဖို့အဆင့်သင့်ဖြစ်နေတာကို ကမ္မညတာရုပ် *Adaptability of body* ဆိုပြီးခေါ်တယ်။

နောက်ဆုံးရုပ်လေးမျိုးကို လက္ခဏာရုပ်လို့ ခေါ်တယ်။ လက္ခဏာဆိုတာ အမှတ်အသား *Salient mark, symbol or sign,* ဒီမှာတော့ သင်္ခါရသဘောအရ ဖြစ်ခြင်း, ထပ်ကာထပ်ကာဖြစ်ခြင်း, ရင့်ရော်ခြင်း, မမြဲဘဲ ပျက်စီးခြင်းဆိုတဲ့ ထင်ရှားတဲ့အမှတ်အသားတွေကို ပြောတာပါ။

လက္ခဏာရုပ်က လေးပါးရှိတယ်၊ သူတို့ကို ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ ဆိုပြီးခေါ်တယ်။

ဥပစယမှာ ဥပက အစ, ပထမဦးဆုံး၊ စယက ဖြစ်ခြင်းဆိုတော့ အစဦးဆုံး ပဋိသန္ဓေတည်စမှာ ဖြစ်ပွားခြင်း *Initial productivity or integration* လို့ အဓိပ္ပါယ်ရတယ်၊ နောက် ပဋိသန္ဓေတည်ပြီး ဘဝတစ်ခုမှာ ရထိုက်တဲ့ရုပ်တွေ ပြည့်စုံစွာဖြစ်နေတာကို ဥပစာယ လို့ခေါ်တယ်။

သန္တတိက အဲဒီပြည့်စုံတဲ့အခါကစပြီး ဘဝမှာဆက်လက်

ရှင်သန်ဖို့ ရုပ်တွေအစဉ်မပြတ် ထပ်ကာထပ်ကာ ဖြစ်နေတာကို ခေါ်တာ *Continuation of material process*,

တကယ်တော့ ဥပစာယ, သန္တတိက ဖြစ်ပေါ်မှုဆိုတဲ့ ဇာတိ ပါပဲ။ ဒါပေမဲ့ မြတ်စွာဘုရားက တရားနာဝေနေယျတို့ရဲ့ အလိုကို ကြည့်ပြီး ခွဲခြားဟောထားတာပါ။

သန္တတိဆိုလို့ အဖေပြောခဲ့တာလေးကို အမှတ်ရတယ်၊ ကျွန်တော် ၁၉၇၉ ခုနှစ်က အဖေနဲ့ အောင်လံတစ်ဖက်ကမ်း သရက်မြို့အနီးက ဇာလီတောင် ဆရာတော်ဘုရားကြီးကို သွားရောက်ဖူးခဲ့စဉ်ကပါ။ အဲဒီမှာ စက်လှေကိုစောင့်ရင်း မြစ်ကမ်းစပ်မှာ-

'ဧရာဝတီမြစ်က စီးဆင်းနေတဲ့ ရေတွေကို ကမ်းစပ်က ကြည့်နေသူအတွက်တော့ မြစ်ရေဟာ တစ်ဆက်တည်းလို မြင်တွေ့နေရတယ်၊ ဒါပေမဲ့ သားရယ် နောက်တစ်မိနစ်မှာ တွေ့ရတဲ့ ရေတွေဟာ အရင်တွေ့ရတဲ့ ရေတွေ မဟုတ်တော့ဘူး၊ နောက်က အဆက်မပြတ် စီးဆင်းလာတဲ့ ရေအသစ်တွေပါပဲ'

'တရားအသိဉာဏ် မပွင့်လင်းတဲ့ လူအများစုအတွက် ဒီလို ဖြစ်ပျက်နေတဲ့အစဉ်ကို တစ်ဆက်တည်းလို့ ထင်အောင် ဖုံးကွယ်ထားတာကို 'သန္တတိ'လို့ ခေါ်တယ်...' ဆိုပြီး အဖေပြောခဲ့တာ မှတ်မိနေတယ်။

တတိယက ဇရတာ, အားလုံးလည်း အိုမင်းရင့်ရော်ခြင်းကို ဇရာဆိုတာ သိကြပါတယ်၊ ဇရတာကလည်း ဖြစ်ပေါ်ပြီးရုပ်များရဲ့ ရင့်ရော်ခြင်း, အိုမင်းခြင်း, ဆွေးမြေ့ခြင်း *Material De-*

*cay* ကို ဆိုလိုတာပါ။

မစန္ဒာက ‘ဇရာကို ကဗျာဆန်ဆန် ဘယ်လိုပြောလို့ ရနိုင်လဲ ဆရာ’

‘ရင့်ကျက်တည်ငြိမ်လာခြင်း ဒါမှမဟုတ် အချိန်ကာလရဲ့ တိုက်စားခြင်းလို့လည်း ပြောနိုင်ပါတယ်’

စတုတ္ထက အနိစ္စတာ၊ ရုပ်တို့ရဲ့ မမြဲတဲ့သဘော *Impermance* နဲ့ ချုပ်ငြိမ်းသွားတာကို ပြောတာ။

အားလုံးလည်း စိတ်တစ်ခုရဲ့ ခဏငယ် ၃-ခုကို မှတ်မိပါ၊ ဥပါဒ်၊ ဋ္ဌီ နဲ့ ဘင်၊ အင်္ဂလိပ်လိုပြန်တော့ *Arising, Static and dissolution.*

ဒီမှာလည်း ဥပစယနဲ့ သန္တတိက ဥပါဒ်၊ ဇရတာက ဋ္ဌီ၊ အနိစ္စက ဘင်ဆိုတော့ ဖြစ်၊ တည်၊ ပျက်ပါပဲ။

မစန္ဒာက ‘ဒါဆိုရင် လက္ခဏရုပ်တွေက ရုပ်အစစ်မဟုတ်ဘူးပေါ့နော်’

‘မှန်ပါတယ်၊ သူတို့က သီးခြားရုပ်တွေမဟုတ်ဘဲ တကယ်ရှိတဲ့ ရုပ်တွေရဲ့ အခိုက်အတန့်ကာလလေးပါ၊ ဖြစ်တဲ့အခိုက်မှာ ဥပစယနဲ့ သန္တတိ၊ ရင့်ရော်တဲ့အခါမှာ ဇရတာ ချုပ်ငြိမ်းသွားတော့ အနိစ္စတာ’

ရုပ်တွေဟာ မွေးဖွားပြီးတာနဲ့ တစတစကြီးထွားလာတယ်၊ နောက်ရင့်ရော်ဆွေးမြေ့သွားတယ်၊ အဆုံးမှာ ချုပ်ငြိမ်းသွားတဲ့ အမှတ်အသားတွေသာရှိလို့ လက္ခဏရုပ်လို့ ခေါ်လိုက်တာပါ’

‘ဒီနေ့တော့ ရုပ် ၂၈-ပါးပြီးသွားပါပြီ၊ ရေ့သင်တန်းမှာ

ဗုဒ္ဓရဲ့ထူးခြားလေးနက်တဲ့ ရုပ်အမြင်ကို ဆက်ပြောပြပါ့မယ်၊ ရုပ်ပိုင်းနဲ့ပတ်သက်လို့ သိချင်တာရှိရင် ဆွေးနွေးလို့ရပါတယ်'

ဆရာကံမြင့်က 'ရုပ်ကို ဖြစ်စေတဲ့ အကြောင်းရင်းတွေ သိချင်တယ် ဆရာ'

'ရုပ်အမျိုးမျိုးကို ဖြစ်စေတဲ့ အကြောင်းအရင်းက ကံ၊ စိတ်၊ ဥတု၊ အာဟာရပါပဲ ဆရာကံရယ်၊ ပါဠိလို ရူပသမုဋ္ဌာန, သူ့ကို *The Causes of Material Phenomena* လို့ ပြန်နိုင်ပါတယ်'

'ရုပ်ကိုဖြစ်စေတဲ့ ကံတွေက အကုသိုလ်ကံ ၁၂-ပါး၊ မဟာကုသိုလ်ကံ ၈-ပါးနဲ့ ရူပဝစရကံ ၅-ပါး ပေါင်း ကံ ၂၅-ပါးတို့ ပါပဲ၊ ကံဆိုတာ တကယ်တော့ အကုသိုလ်, မဟာကုသိုလ်, ရူပဝစရကုသိုလ်စိတ်တွေနဲ့ယှဉ်တဲ့ စေတနာစေတသိက်ကိုပဲ ပြောတာပါ၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်တွေက ပဋိသန္ဓေစိတ်တွေရဲ့ ဥပါဒ်ခဏမှစပြီး ခဏတိုင်း ခဏတိုင်းမှာ ဖြစ်နေပါတယ်'

'ဒါဆို အရူပဝစရကံက ရုပ်ကိုမဖြစ်စေဘူးပေါ့ ဆရာ'

'မှန်ပါတယ်၊ ဒါကလည်း ရုပ်ကိုမဖြစ်စေလိုတဲ့ ရူပဝိရာဂဘာဝနာရဲ့ အစွမ်းကြောင့်ပါ'

'ရုပ်ကိုဖြစ်စေတဲ့ စိတ်တွေက ပြန်စဉ်းစားလိုက်ရင် သိသာပါတယ်၊ မစန္ဒာ ဖြေကြည့်ပေးပါလား'

'စိတ် ၈၉ မှာ ဒွေ ပဉ္စဝိညာဏ် တစ်ဆယ်နဲ့ အရူပဝိပါက်စိတ် လေးခုကြဉ်တဲ့ စိတ် ၇၅-ပါး ဖြစ်မှာပေါ့ ဆရာ'

'သမီး မှတ်မိသားပဲ၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေကို စိတ္တဇ

ရုပ်လို့ခေါ်တယ်၊ သူတို့က ပဋိသန္ဓေစိတ် နောက် ပထမဘဝင်စိတ်ရဲ့ ဥပါဒ်ခဏမှစပြီး ဖြစ်ကြပါတယ်'

'စိတ္တဇရုပ်တွေက ဥပါဒ်ခဏမှာပဲ ဘာလို့ ဖြစ်ကြတာလဲ ဆရာ'

'ဒါကလည်း စိတ်သက်က အလွန်တိုတောင်းလို့ ဥပါဒ်ခဏမှာပဲ အားရှိလို့ပါ၊ ဒါကြောင့်မို့ ဥပါဒ်ခဏမှာပဲ စိတ္တဇရုပ်ဖြစ်ပြီး ဋ္ဌီခဏနဲ့ ဘင်ခဏမှာ မဖြစ်တာပါ'

ရုပ်ကိုဖြစ်စေတဲ့ ဥတုက ရုပ်ကလာပ်တိုင်းမှာပါတဲ့ တေဇောဓါတ်ကို ပြောတာပါ၊ ဒီမှာလည်း အအေးဆိုတဲ့ သီတတေဇောနဲ့ အပူဆိုတဲ့ ဥဏှတေဇောဆိုပြီး နှစ်မျိုးရှိတယ်၊ သူတို့က ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏမှာ မဖြစ်သေးဘဲ ဋ္ဌီခဏရောက်မှပဲ နောက်မှ ကျေးဇူးပြုတဲ့ ပစ္ဆာဇာတပစ္စည်း အထောက်အပံ့ကြောင့် ရုပ်ကို ဖြစ်စေပါတယ်၊ ဥတုတေဇောကြောင့် ဖြစ်တဲ့ရုပ်မို့ ဥတုဇရုပ် *Temperature-produced matter* လို့ခေါ်တယ်။

ရုပ်ကိုဖြစ်စေတဲ့ အာဟာရက အဇ္ဈတ္တဆိုတဲ့ အတွင်းဩဇာ *Inner nutriment* နဲ့ ဗဟိဒ္ဓဆိုတဲ့ အပြင်ဩဇာ *Outer nutriment* တို့ ပေါင်းစပ်မှ ဖြစ်ပေါ်လာတာပါ။

'ပဋိသန္ဓေအခါမှစပြီး ဖြစ်ပေါ်လာတဲ့ အတွင်းဩဇာဓာတ်ဟာ အပြင်ဩဇာနှင့် မတွေ့ထိရသေးသမျှ ကာလပတ်လုံး အာဟာရဇရုပ် မဖြစ်သေးပါဘူး၊ ပဋိသန္ဓေတည်ပြီး ရက်သတ္တ တစ်ပတ်နှစ်ပတ်ရောက်မှ အမိမျိုလိုက်သော အစားအစာမှာပါတဲ့ ပြင်ပ

ညြဇာဟာ ဝမ်းအတွင်း၌ရှိသော ပါစကတောဇော်ဓာတ်နှင့် ပေါင်းစပ်ပြီး သွေးနှင့်အတူ ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့သွားပါတယ်၊ ကလေးငယ်ဆီကိုတော့ ချက်ကြိုး *Placenta* မှ တစ်ဆင့် ပျံ့နှံ့ရောက်ရှိသွားပါတယ်၊ ဒီအခါမှာ အပြင်ညြဇာနဲ့ အတွင်းညြဇာတို့ အချင်းချင်း ပေါင်းစည်းမိပြီး ရုပ်ရဲ့ဌီခဏမှစလို့ အာဟာရဇရုပ်တွေ ဖြစ်လာပါတယ်'

ဆရာဖေသိန်းက 'ရုပ်ဖြစ်စေတဲ့ အကြောင်းအရင်းကိုတော့ နားလည်သွားပါပြီ၊ နောက် ဧကန်နဲ့ အနေကန်ရုပ်ဆိုတာ ဘာကို ဆိုလိုတာလဲ ဆရာ'

'ဧကန်ရုပ်ဆိုတာ အကြောင်းတစ်ခုတည်းကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်ပါ၊ ဆိုပါတော့ ကမ္မဇရုပ် ၁၈-ပါးမှာ ပသာဒရုပ် ငါးပါး, ဘာဝရုပ် နှစ်ပါး, ဇီဝိတရုပ် တစ်ပါးလို့ ဆိုအပ်တဲ့ ဣန္ဒြေရုပ် ရှစ်ပါးနဲ့ ဟဒယဝတ္ထုရုပ်တစ်ပါး ပေါင်း ကိုးပါးဟာ ကံအကြောင်း တစ်ခုတည်းကြောင့် ဖြစ်ပေါ်လာတဲ့ ကမ္မဇဧကန်ရုပ်တွေပါ၊ တစ်ခါ စိတ္တဇရုပ် ၁၅-ပါးမှာလည်း ဝိညတ်ရုပ်နှစ်ပါးပဲ စိတ်အကြောင်းတစ်ခုတည်းနဲ့ဖြစ်တဲ့ စိတ္တဇဧကန်ရုပ်တွေပါ၊ ရှင်းအောင် ပြောရရင် *Matter produced by a single cause* ပါ'

'အနေကန်ရုပ်ဆိုတာ အကြောင်းတစ်ခုတည်းသာမဟုတ်ဘဲ အခြားအကြောင်းများကြောင့် ဖြစ်ပေါ်လာတဲ့ရုပ်ကို ပြောတာပါ၊ ဥပမာ ကမ္မဇရုပ် ၁၈-ပါးမှာ အဝိနိဗ္ဘောဂရုပ် ရှစ်ပါးနဲ့ ပရိစ္ဆေဒ ရုပ်တစ်ပါး ပေါင်း ကိုးပါးဟာ ကံအကြောင်းတစ်ခုတည်းသာမက

အခြားအကြောင်းတွေကြောင့်လည်း ဖြစ်ပေါ်လာလို့ ကမ္မဇ အနေကန်ရုပ်လို့ခေါ်တယ်၊ အနေကန်ရုပ်ကို *Matter produced by more than one cause or by many causes* လို့ပြန်တယ်'

ဆရာကံမြင့်က 'နောက် ဩဠာရိကရုပ်ဆိုတာ ဘာကိုဆိုလိုတာလဲ ဆရာ'

'ဩဠာရိကဆိုတာ သိသာထင်ရှားတဲ့, ဉာဏ်နဲ့ထင်လွယ်မြင်လွယ်ရှိတဲ့ ကြမ်းတမ်းတဲ့ရုပ် *Gross or coarse* ဖြစ်တာကိုပြောတာပါ၊ ရုပ် ၂၈-ပါးမှာ ပသာဒရုပ် ငါးပါးနဲ့ ဂေါစရရုပ်ခုနစ်ပါး ပေါင်း ၁၂-ပါးဟာ ဩဠာရိကရုပ်တွေပါပဲ၊ ဆိုပါတော့ရူပါရုံဆိုရင် စက္ခုပသာဒမှာလာပြီး ဆုံတွေ့တယ်၊ ထိခိုက်မိတယ် သဒ္ဒါရုံဆိုလည်း သောတပသာဒမှာ လာပြီးထိခိုက်ပြီးမှ အသံကြားရလို့ ရုပ်ကြမ်းလို့ တင်စားပြောလိုက်တာပါ'

'ရုပ်ကြမ်းဆိုတော့ ရုပ်နု ဆိုတာလည်း ရှိမှာပေါ့'

'မှန်ပါတယ်၊ ကြွင်းတဲ့ရုပ် ၁၆-ပါးကတော့ အလွန်သိမ်မွေ့လို့ ရုပ်နု ဒါမှမဟုတ် သုခုမရုပ် *Subtle or fine material* လို့ ခေါ်တယ်၊ ဒါကြောင့်မို့ ဟဒယဝတ္ထုရုပ်, ဇီဝိတရုပ်, ဘာဝရုပ်, ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ်တွေဟာ သုခုမရုပ်တွေပါ'

အဘိဓမ္မာပို့ချရတာ အပြန်အလှန် ဆွေးနွေးကြလို့ စိုစိုပြေပြေရှိပါတယ်။ အချိန်လည်းစေ့ပြီမို့ သင်တန်းပို့ချတာကို နားလိုက်ပါတယ်။

'ကျွန်တော့်ကို ဆေးရုံအုပ်ကြီးက မှာလိုက်တာ တစ်ခုရှိတယ်၊ အဘိဓမ္မာသင်တန်း တက်တဲ့သူတွေအတွက် ကျောက်တော် မဟာ မြတ်မုနိဘုရားဖူးဖို့ ကားစီစဉ်ပေးထားတယ်၊ တနင်္ဂနွေနံနက် စောစော ထွက်ရင် ညနေသုံးနာရီလောက် ပြန်ရောက်မှာပါ၊ လိုက်ကြမယ် မလား'

အားလုံးက တညီတညွတ်တည်း 'လိုက်မှာပေါ့ ဆရာရယ်, ဖူးချင်တာကြာပြီ၊ အခုမှပဲ အခွင့်ရတော့တယ်'

ညနေမှာ စစ်တွေမြို့ဘက်ကို လမ်းလျှောက်ဖြစ်ပါတယ်၊ သဗ္ဗညုဒွေဂါထာတော် ပုတီးစိပ်ရင်း အေးချမ်းလှပတဲ့ ပတ်ဝန်းကျင် မှာ လမ်းလျှောက်ခဲ့တာကိုလည်း အခုအချိန်မှာ ပြန်လည်အမှတ်ရ နေမိပါတယ်။

ညနေစာကိုတော့ မသင်းက အမျိုးသမီးဆောင်ရုံးခန်းမှာ ကျွေးပါတယ်။ မသင်းလက်ရာဖြစ်တဲ့ ကြက်သား ကာလသားချက်, ငါးပိထောင်း, မုန်လာဥချဉ်ရည်ဟင်း, မြင်းခွါရွက်သုတ်တို့ကလည်း စားလို့ကောင်းပါတယ်။ ညစာစားပြီးတဲ့အခါ မသင်းက ကော်ဖီ ဖျော်တိုက်ပါတယ်။

'အခု တစ်နေ့ကို ကော်ဖီလေးခွက်လောက် သောက်ဖြစ် တယ်၊ တချို့ဆေးပညာရှင်တွေက ကော်ဖီက ကင်ဆာအချို့ကို ကာကွယ်ပေးတယ်၊ တချို့က နှလုံးတုန်တာ ဖြစ်စေတယ်လို့ အမျိုးမျိုး ရေးကြတယ်၊ အစ်ကိုကော ဘယ်လိုမြင်သလဲ'

'မျက်စိအကျင့် ဝမ်းအချင့်ဆိုတဲ့စကားလို ဘယ်အစားအစာ

မဆို မှုမှုတတ စားသောက်တာပဲ ကောင်းပါတယ်၊ သိပ်များလွန်းရင်လည်း မကောင်းဘူး၊ ဒါပေမဲ့ တစ်နေ့ သုံးလေးခွက်ကတော့ သောက်လို့ရပါတယ်’

‘ဒီမှာက ပင်လယ်စာတွေပေါပြီး အသီးအနှံကလည်း လတ်ဆတ်တော့ ညီမနဲ့အစ်ကိုကလွဲရင် အားလုံးပြည့်ပြည့်ဖြိုးဖြိုး ဖြစ်လာကြတယ်’

‘ညီမက အစားကို ဆင်ခြင်ပြီးစားတော့ သိပ်မဝဘူးပေါ့၊ အစာနဲ့ပတ်သက်လို့ အစ်ကို့အဖေပြောဘူးတာလေးကို စိတ်ထဲစွဲနေတယ်၊ အဖေက ဆာမှစား၊ လျော့စား၊ စုံအောင်စားဆိုပြီး အမြဲပြောတယ်၊ ဗိုက်ဆာမှစားတော့ ပိုစားဝင်သလို စားတဲ့အခါမှာလည်း နဲနဲလျော့စားတော့ ဗိုက်ကတောင့်တင်းပြီး မနေတော့ လူကနေရတာ ပေါ့ပေါ့ပါးပါးရှိတယ်၊ နောက်အသား၊ ငါး၊ အသီးအနှံစုံအောင်စားတော့ အာဟာရလည်း ဖြစ်တာပေါ့’

‘အစ်ကိုအဖေပြောတဲ့ ဆာမှစား၊ လျော့စား၊ စုံအောင်စားဆိုတာမှတ်ရလည်းလွယ်တယ်၊ လက်တွေ့မှာလည်း အသုံးဝင်တယ်၊ နောက် ကျန်းမာရေးဟောပြောပွဲမှာ ထည့်ပြောရမယ်’

ကျွန်တော်တို့ စကားကောင်းနေတုန်း မောင်အေးမြင့်က ‘ပြင်ပလူနာဌာနမှာ ရေချမ်းပြင်က ဆရာမတစ်ယောက် ဗိုက်အောင့်ပြီးရောက်လာတယ်၊ ဆရာမ သက်သက်ခိုင်က *inform* လုပ်ပေးပါဆိုလို့’

ကျွန်တော်နဲ့မသင်း သွားရောက်စမ်းသပ်တဲ့အခါ မုန့်ချိုအိတ်

ရောင်လို့ ဗိုက်ကတောင့်တင်းပြီး နာနေတာကိုတွေ့ရပါတယ်။ ဆေးပညာအရ *Acute pancreatitis* လို့ခေါ်ပါတယ်။ အရေးပေါ် ခွဲစိတ်ရန် မလိုတာမို့ အထူးကြပ်မတ်ကုသဆောင်မှာ ထားရှိပြီး *Conservative treatment* ပေးထားလိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ကိုးလသားအရွယ် ကလေးလေး ဝက်သက်ဝမ်းလျှောပြီး ရောက်လာပါတယ်၊ ကလေးငယ်လေးဟာ အာဟာရချို့တဲ့နေပြီး သွေးကြောရှာပြီး ဓါတ်ဆားရည်သွင်းဖို့ ကြိုးစားတာမရလို့ လာပြီး အကြောင်းကြားပါတယ်။ ကျွန်တော်နဲ့ မသင်းလည်း ခြေကျင်းဝတ်နားက သွေးပြန်ကြောကို ခွဲစိတ်ရှာပြီး ပလပ်စတစ်ပိုက် *Cannular* လေးထည့်ပေးလိုက်ပါတယ်။

ညပိုင်းမှာ အရေးပေါ်လူနာမရှိတာနဲ့ မြတ်စွာဘုရားကို မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပြီး ဓမ္မာစရိယ ဆရာဦးဌေးလှိုင် ရေးသားတဲ့ 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ' စာအုပ်ကိုဖတ်ဖြစ်ပါတယ်။

## (၂)
## ဗုဒ္ဓ၏ ရုပ်အမြင်

၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်၊ တနင်္ဂနွေနေ့။

နံနက်စောစော ကျွန်တော်တို့ကျောက်တော်က မဟာမြတ်မုနိဘုရားကို သွားရောက်ဖူးမျှော်ခဲ့ပါတယ်။ လမ်းတစ်ဖက်တစ်ချက်မှာ စိမ်းစိုသော လယ်ယာပျိုးခင်းများရှိပြီး ကားလမ်းနဲ့အပြိုင်လှပစွာစီးဆင်းနေတဲ့ ကစ္ဆပနဒီမြစ်ကို မြင်တွေ့ရပါတယ်။

မသင်းက 'ကစ္ဆပနဒီမြစ်ကို တွေ့ရတော့ အစ်ကိုပြောတဲ့ သန္တတိဆိုတာကို သတိရတယ်'

ဆရာဖေသိန်းက 'အခုသင်တန်းတက်ဖြစ်တော့ ကျွန်တော်တို့လည်း အရာရာကို အဘိဓမ္မာအမြင်နဲ့ ကြည့်တတ်လာပြီ'

ဆရာဖေ့စကားကြောင့် အားလုံးရယ်ရယ်မောမော ဖြစ်သွားကြပါတယ်။

ပုဏ္ဏားကျွန်းနဲ့ ကျောက်တော်အကြားမှာ တောင်ပူစာငယ်လေးများစွာရှိတာကြောင့် လမ်းဟာအနိမ့်အမြင့် အတက်အဆင်းများလှပါတယ်။ နံနက် ၁၀-နာရီမှာ မဟာမြတ်မုနိဘုရားကို ရောက်ပါတယ်။

ကျွန်တော့်အတွက် မဟာမြတ်မုနိဘုရားကို ပထမဦးဆုံးအကြိမ် ဖူးမျှော် ခဲ့ရတာပါ။ ကိလေသာကင်းစင်တဲ့ မြတ်စွာဘုရား

ရဲ့ မျက်နှာတော်ဟာ လာရောက်ဖူးမျှော်သူအားလုံးကို ချမ်းမြေ့ ကြည်နူးမှု ပေးပါတယ်။ ရှိခိုးဦးချပြီးတာနဲ့ ကျွန်တော်၊ ဆရာ ဖေသိန်း၊ ဆရာကံမြင့်နဲ့ ဆရာကျော်မြင့်တို့ ဘုရားကို ရွှေသင်္ကန်း ကပ်လှူ ပူဇော်လိုက်ပါတယ်။

ကျွန်တော်လည်း ဘုရားကို မဟာပဋ္ဌာန်းရွတ်ဆိုပူဇော်ပြီး သဗ္ဗုဒ္ဓေဂါထာတော်ကို ပုတီးစိပ်ဖြစ်ပါတယ်။ ဘုရားရှိခိုးအပြီးမှာ မသင်းက အဖြူရောင် သစ္စာပန်းတွေ လာပေးတာနဲ့ ဘုရားရှေ့က ပန်းအိုးမှာ အတူတူ လှူလိုက်ပါတယ်။ မသင်းက အပေါ်အဖြူနဲ့ ယောဂီရောင် လုံချည်လေး ဝတ်ထားပါတယ်။

'မြောက်ဦးဘက်မှာလည်း ရှေးဟောင်းဘုရားတွေ အများကြီး ရှိတယ်နော်'

'ရခိုင်မင်းတွေ အုပ်စိုးသွားတဲ့မြို့မို့ ရှေးဟောင်းဘုရားတွေ အများကြီးပါပဲ၊ အစ်ကို နောက်တစ်ခေါက်မှ လိုက်ပို့ပေးပါ့မယ်'

'ရန်ကုန်ကနေ စစ်တွေရောက်စက အမေနဲ့ခွဲနေရတော့ အားငယ်မိတယ်၊ နောက်အစ်ကိုရောက်လာပြီး အမြဲအားပေးသလို ဆေးကုသရင်လည်း တိုင်ပင်ပြီးကုသနိုင်တော့ အခုနေရတာ ပျော်လာပါတယ်'

'အစ်ကိုလည်း သတိထားမိပါတယ်၊ ညီမ ရွှင်ရွှင်လန်းလန်း ပဲနေပါ၊ ဒီမှာ အနှစ်နှာခံပြီး နေထားတော့ နောက်တစ်နှစ်လောက် ဆို ရန်ကုန်ပြန်လို့ ရနေပါပြီ'

ကျွန်တော်တို့ စကားပြောရင်း ဘုရားပုရပိုဏ်ကို တစ်ပါတ် ပတ်ကြည့်လိုက်ပါတယ်။ ဘုရားကုန်းမြေက မြင်လိုက်ရတဲ့ သဘာဝရှုခင်းတွေဟာ စိမ်းစိမ်းစိုစိုနဲ့ သာသာယာယာရှိလှ ပါတယ်။ လေအဝှေ့မှာ ကြားလိုက်ရတဲ့ ဆည်းလည်းသံလေး တွေကလည်း တရားဓမ္မကို မမေ့မလျော့ဖို့ သတိပေးနေသလို စိတ်ထဲမှာ ထင်မိပါတယ်။

နံနက် ၁၁-နာရီခွဲမှာ ဘုရားအနောက်က ဆိုင်တန်းတွေမှာ ထမင်းစားဖြစ်ပါတယ်။ ကြက်သားကာလသားချက်၊ ရခိုင် ငါးပိထောင်း၊ ကျောက်ပွင့်သုတ်၊ ငါးဖယ်လုံးဟင်းချို၊ ဒညင်းသီး နို့ဆမ်းတို့နဲ့ ဟင်းတွေလည်း စုံပါတယ်။ ရခိုင်အစားအစာတွေက အနည်းငယ်စပ်ပေမယ့် စားလို့အရသာ ရှိပါတယ်။

နေ့လည်စာစားပြီး ရေနွေးကြမ်းသောက်ရင်း စကားဝိုင်းဖွဲ့ ဖြစ်ပါတယ်-

'ကျွန်တော်တို့ ခဏနားပြီးမှ ပြန်ကြတာပေါ့၊ ညနေတော့ အားလုံး ခရီးပန်းလို့ နားချင်ကြမှာ၊ ဒါကြောင့်မို့ ဒီမှာပဲ နာရီဝက် လောက် ရုပ်ပိုင်းကို ဆက်ပြီးပြောလိုက်ပါ့မယ်'

ဆရာကျော်မြင့်က 'ဘုရားဖူးအပြီး အဘိဓမ္မာနာယူရတာ ကောင်းပါတယ် ဆရာရယ်'

'ရုပ်ပိုင်းမှာ ကျွန်တော်ဆက်ပြောချင်တာက အလွန်ထူးခြား တဲ့ ဗုဒ္ဓရဲ့ ရုပ်အမြင်ပါ၊ ဗုဒ္ဓက ရုပ်လောကကို ရှုမြင်တဲ့အခါ အခြေခံ

ရုပ်ကလာပ်လေးတစ်ခုမှာ ဘယ်လိုမှ ခွဲခြားလို့မရနိုင်တဲ့ ရုပ်လေး ရှစ်ခုရှိတယ်၊ ဒီရုပ်ကလာပ်လေးတွေကို သာမန်မျက်စိနဲ့ မမြင်တွေ့နိုင်ပါဘူး၊ သူတို့ကို ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ မဟာဘူတရုပ် လေးပါးနဲ့ အဆင်း၊ အနံ့၊ ရသ၊ ဩဇာဆိုတဲ့ ဥပါဒါရုပ်လေးပါးနဲ့ ဖွဲ့စည်းထားတယ်'

'တစ်ခုနဲ့တစ်ခု ဘယ်လိုမှ ခွဲခြားလို့ မရနိုင်အောင် တစ်စုတစည်းတည်းရှိလို့ အဝိနိဗ္ဘောဂရုပ် *Non separable or indivisible matter* လို့ ပြောရမှာပါ၊ ရှစ်ခုပေါင်းမှ တစ်ခုဖြစ်တာမို့ *8 in 1* လို့လည်း မှတ်နိုင်ပါတယ်'

မစန္ဒာက 'ဒီ အဝိနိဗ္ဘောဂရုပ်က သက်ရှိရော သက်မဲ့ပါ အတူတူပဲလား ဆရာ'

'သက်မဲ့ အဆောက်အဦတွေ၊ သစ်ပင်ပန်းမန်တွေမှာလည်း အတူတူပါပဲ၊ ဒါပေမဲ့ လူမှာတော့ မိမိနဲ့အတူတကွ ယှဉ်ဖက်ရုပ်တွေ ဆက်လက် ရှင်သန်နေအောင် ထိန်းထားပေးတဲ့ ဇီဝိတရုပ် *vital principle* လေးတစ်ခု ထပ်ရှိတော့ ၉-ခုရှိတယ်၊ ဒါကြောင့်မို့ *9 in 1* ပေါ့'

မသင်းက 'အဝိနိဗ္ဘောဂသဘောကို နဲနဲရှင်းပြပါလား အစ်ကို'

'အဝိနိဗ္ဘောဂမှာ မဟာဘူတရုပ်လေးပါးနဲ့ အဆင်း၊ အနံ့၊ ရသာ၊ ဩဇာဆိုတဲ့ ဥပါဒါရုပ်လေးပါး ပေါင်းထားတာပါ၊ နေ့လည်စာစားတုန်းက ကျောက်တော်က ဒညင်းသီးတို့စရာကို အားလုံး

ကြိုက်ကြမှာပါ၊ ဒညင်းသီးလေးမှာ ပထဝီသဘော ရုပ်မှုန်လေး တွေကို အာပေါဆိုတဲ့ ရေဓါတ်က စုစည်းပေးပြီး တေဇောက ရင့်ကျက်လာအောင်၊ မှည့်လာအောင် လုပ်ပေးတယ်၊ ဝါယောက ထောက်ကန် ဖေးမထားလို့ နလုံးသားပုံလေးလို မြင်ရတယ်၊ ဒီမဟာဘူတလေးပါးကို အမှီပြုပြီး ဝါညိုရောင်အဆင်း၊ စူးရှတဲ့ ရနံ့၊ ဆိမ့်တဲ့အရသာ၊ နောက် *Nutritive essence* ဆိုတဲ့ ဩဇာပါ ပေါင်းလိုက်တော့ အရသာရှိတဲ့ ဒညင်းသီးလေး ဖြစ်လာ တာပါ'

တွေးကြည့်လိုက်ရင် လူတွေဆိုတည်း လောကမှာ တစ်ယောက် တည်းနေလို့မရပါဘူး၊ အလားတူ ရုပ်လေးတွေမှာလည်း တစ်ခု တည်းနဲ့ ရပ်တည်ပြီးမရလို့ ရုပ်လေးရှစ်ခုပေါင်းပြီး ရပ်တည် နေကြပါတယ်။

ဆရာဖေသိန်းက 'ဒါဆို အဝိနိဗ္ဘောဂသဘောကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ထဲက မြတ်စွာဘုရားက ဟောခဲ့တာပေါ့'

'မှန်ပါတယ်၊ ဒါပေမဲ့ ၂၀ရာစုရောက်မှ ဒီလို သဘော သဘာဝရှိတာကို သိပ္ပံပညာရှင်တွေ သိလာကြတာပါ'

ဗုဒ္ဓရဲ့ ရုပ်အမြင်ကို သေကျွတောင် ဆရာတော် ဦးတိလောက မှ ပထဝီ၊ ရူပ ရုပ်ကလာပ်များ ဖွဲ့စည်းပုံ အသေးစိတ်နှင့် တင်ပြထား တာဟာ အလွန်ရင်သပ် ရှုမောဖွယ်ဖြစ်ရပါတယ်-

ဆရာတော်က 'အခြေခံရုပ်ကလာပ်ကို ပရမတ္ထ ရုပ်ကလာပ်

လို့ခေါ်တယ်၊ ဒီရုပ်ကလာပ်လေးမှာ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါနဲ့ အဆင်း၊ ရနံ့၊ အရသာ၊ ဩဇာတို့ပေါင်းပြီး တစ်ပါးနဲ့ တစ်ပါး အမှီပြုပြီး ဘယ်ရုပ်က အောက်၊ ဘယ်ရုပ်က အထက် ဝဲယာ အတွင်းအပြင်ဆိုတာမရှိဘဲ တစ်ခုတည်း ဖြစ်နေကြတယ်၊ ဒီလို တစ်ပါးနှင့်တစ်ပါး ခွဲခြားလို့မရတာကိုပဲ အဝိနိဗ္ဘောဂလို့ ခေါ်တယ်၊ ထူးခြားတာက ပါဝင်နေတဲ့ရုပ်လေးတွေဟာ သဟဇာတ သဘောနဲ့ အတူတကွ တပြိုင်တည်းဖြစ်ပေါ်ပြီး တစ်ပါးပျက်တာ နဲ့ အားလုံးအတူတကွ တစ်ပြိုင်နက်တည်း ပျက်ကြတယ်'

'ဆရာတော်က ပရမတ္ထ ရုပ်ကလာပ်မှာလည်း မြေဓါတ် လွန်ကဲသော ရုပ်ကလာပ်၊ ရေဓါတ်လွန်ကဲသော ရုပ်ကလာပ်၊ မီးဓါတ် လွန်ကဲသော ရုပ်ကလာပ်၊ လေဓါတ်လွန်ကဲသော ရုပ် ကလာပ်ဟု အထင်အရှား လေးမျိုးရှိတယ်လို့ ဆိုပါတယ်'

လောကမှာ လူတွေဟာ တစ်ယောက်တည်းနေလို့မရဘဲ အပေါင်းအဖော်များနှင့် အိမ်များစွာစုပေါင်းပြီး ရွာတွေ၊ မြို့တွေ တည်ထောင်ပြီး နေကြပါတယ်၊ အလားတူ ပရမတ္ထ ရုပ်ကလာပ်လေး တွေများစွာပေါင်းစုပြီး သမူဟကလာပ်အနေနဲ့ နေရပါတယ်။

မြေဓါတ်လွန်ကဲသော ပရမတ္ထ ရုပ်ကလာပ် သိန်းသန်းကုဋေ လောက် သမူဟကလာပ်များအဖြစ် ပေါင်းစုဖွဲ့လိုက်လျှင် ပရမာ ဏုမြူ ဖြစ်လာပါတယ်။

'အလွန်သေးငယ်တဲ့ ပရမာဏုမြူ တစ်ခုရဲ့ ပမာဏကို ဆရာတော်

က လိက္ခာပိုးနဲ့ နှိုင်းယှဉ်ပြီး ရှင်းပြထားတယ်'

'ဆရာတော်က ဦးခေါင်းက သန်းတစ်ကောင်ကို ခုနစ်စိတ် စိတ်မယ်ဆိုရင် တစ်စိတ်စာဟာ လိက္ခာပိုးတစ်ကောင်နဲ့ ညီမျှ တယ်လို့ ဆိုပါတယ်'

မစန္ဒာက 'လိက္ခာပိုးဆိုတာ ဘာကိုပြောတာလဲ ဆရာ'

'လိက္ခာပိုး *'Flea'* ဆိုတာ ဆေးပညာအရ အရေပြားမှာ ဝဲနာ၊ ယားနာကို ဖြစ်စေတဲ့ပိုးကို ပြောတာပါ'

လိက္ခာပိုး တစ်ကောင်ကို ၃၆စိတ် စိတ်မယ်ဆိုရင် တစ်စိတ် စာက ရထရေဏုမြူတစ်ခုနဲ့ ညီတယ်။

ရထရေဏုမြူ တစ်လုံးကိုထပ်ပြီး ၃၆စိတ် စိတ်မယ်ဆိုရင် တစ်စိတ်စာဟာ တဇ္ဇာရီမြူတစ်ခု။

တဇ္ဇာရီမြူ တစ်ခုကို ၃၆ စိတ် ထပ်စိတ်မယ်ဆိုရင် တစ်စိတ် စာဟာ အဏုမြူ *Atom* တစ်ခု။

အဏုမြူတစ်လုံးကို ၃၆ စိတ် ထပ်စိတ်မယ်ဆိုရင် တစ်စိတ် စာဟာ ပရမာဏုမြူ *Particle* တစ်လုံးနှင့် ညီမျှပါတယ်။

ဒါ့ကြောင့်မို့ ဗုဒ္ဓရဲ့ ရုပ်အမြင်ဟာ အဆင့်အတန်း အလွန် မြင့်မားတာကို ဆရာဖေတို့ သတိထားမိမှာပါ၊ ဒါကြောင့်မို့ အက်တမ် တစ်လုံးမှာ ပရမာဏုမြူ ၃၆ ခုနဲ့ ဖွဲ့စည်းထားပါတယ်။

'ဒီနေရာမှာ ချူကလီးယား သိပ္ပံပညာရှုထောင့်က ရုပ်အမြင်

ကို နည်းနည်း ဆွေးနွေးပေးပါ့မယ်၊ ခေတ်သစ် သိပ္ပံပညာနယ်ပယ် ကိုကြည့်လိုက်ရင် ဂါလီလီယို *Galileo* ၁၅၆၄-၁၆၄၂ လက်ထက်မှ ပွင့်လင်း ထွန်းကားလာခဲ့တာပါ၊ ရုပ်တွေရဲ့ ရွေ့လျားမှုနဲ့ အတိုင်းအဆပမာဏ လေ့လာတာကို ရူပဗေဒလို့ ခေါ်တယ်'

'ဂါလီလီယိုဟာ ဘုရားရှိခိုးကျောင်းအတွင်းရှိ မီးဆိုင်းကြီးရဲ့လွှဲချိန်ကို လက်ကောက်ဝတ်က သွေးခုန်နှုန်းနဲ့တိုင်းပြီး မှတ်သားတဲ့အခါ တစ်ဖက်မှတစ်ဖက်သို့ နည်းနည်းပဲလွှဲလွှဲ အဝေးကြီးပဲလွှဲလွှဲ တစ်ပါတ်လွှဲဖို့ ကြာမြင့်ချိန်ဟာ အတူတူ ဖြစ်နေတာကို သတိထားမိပါတယ်'

မသင်းက 'ဒါဆို လွှဲချိန် *Period of one turn* က လွှဲတဲ့ခွင်နဲ့မဆိုင်ဘဲ နီးနီးဝေးဝေး အတူတူပဲပေါ့'

'မှန်ပါတယ်၊ သူ့ရဲ့တွေ့ရှိမှုကနေ ရူပဗေဒမှာ အရေးပါတဲ့ အရှိန်ရဲ့နိယာမ *Law of acceleration* နဲ့ ခေးအောစ်ဆိုတဲ့ သိပ္ပံပညာရပ် ပေါ်ပေါက်ခဲ့ပါတယ်'

မသင်းက 'ခေးအောစ်ဆိုတာ ဘာလဲအစ်ကို'

'ခေးအောစ်ဆိုတာ ပရမ်းပတာ၊ ကသောင်း ကနင်း၊ ဖရိုဖရဲ ကျပန်းဖြစ်စဉ်တွေကို ဆိုလိုတာပါ၊ ဒါပေမဲ့ ဒီကျပန်းဖြစ်စဉ်တွေဟာ အစီအစဉ်မဲ့ ရှိနေတာမဟုတ်ဘဲ သူတို့မှာ စည်းနဲ့ကမ်းနဲ့ရှိတယ်၊ ဒါကို *Order inside chaos; chaos inside order* လို့ခေါ်တယ်၊ ညီမ စိတ်ဝင်စားရင် နောက်မှ အေးအေး

ဆေးဆေး ရှင်းပြပါ့မယ်'

ဒီလို တိုးတက်ပြောင်းလဲမှုများဟာ လူတွေယုံကြည်ထားတဲ့ ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခြင်းအမြင်များ *Creator and creation* နဲ့ လုံးဝခြားနားလာပါတယ်၊ ရှေးရိုးအစဉ်အလာ ယုတ္တိမဲ့တဲ့ အတွေးအခေါ်များအပေါ် သက်သေပြနိုင်သော သိပ္ပံပညာက လွှမ်းမိုးလာခဲ့သလို လူအများစုကလည်း ဘာသာရေး အယူသီးမှုများကို ဝေဖန် ပြောဆိုကြပါတယ်။

ဒီအခါမှာ ထာဝရဘုရားက အရာရာကို ဖန်တီးပါတယ် *Everything is already determined* လို့ အယူ ရှိသူများအတွက် စိတ်အနှောက်အယှက် ဖြစ်လာပါတယ်၊ ဒါကြောင့်မို့ အာဏာပိုင် ဘာသာရေးခေါင်းဆောင်များမှ ဂါလီလီယိုကို မိစ္ဆာဒိဋ္ဌိ ရှိတယ်ဆိုပြီး သေဒဏ်ပေးခဲ့ပါတယ်။

'ဒါပေမဲ့ နတ်ဘုရားများက လောကကို ပြုပြင်ဖန်တီး နေသော အတွေးအမြင်များဟာ ဂါလီလီယို သေဆုံးတဲ့နှစ်တွင် မွေးဖွားလာသော ဆာအိုင်ဆက်နယူတန် *Sir Issac Newton* ကြောင့် အားလုံးပျက်စီး အရေးနိမ့်သွားခဲ့ပါတယ်၊ နယူတန်ဟာ ရွေ့လျားမှုဆိုင်ရာနိယာမ *The law of motion* များဖြင့် သူ့အတွေးအမြင်များကို စတင်ခဲ့ပါတယ်'

မသင်းက 'နယူတန်ရဲ့နိယာမတွေကို အခုထိ မှတ်မိနေတုန်းပဲ၊ သက်ရောက်မှုတိုင်းမှာ ညီမျှတဲ့ တန်ပြန်သက်ရောက်မှုရှိတယ် ဆိုတဲ့

စာသားလေးဟာ ဗုဒ္ဓဘာသာက ကံအကျိုးပေးတာနဲ့ တူတယ်နော်'

'မှန်ပါတယ်၊ နယူတန်ဟာ တစ်ခေတ်မှာတစ်ယောက်လို့ ဆိုနိုင်တဲ့ ပါရမီရှင် *Genius* တစ်ဦးပါ၊ သူ့ရဲ့ သိပ္ပံဒဿနကျမ်း *Principla* မှာ ဟေလီကြယ်တံခွန်ပတ်လမ်း *The Pathway of Hale* ကိုတွက်ချက် ပြသပြီး နက္ခတ်များ လှည့်လည်သွားလာတာကို ဒြပ်ဆွဲနိယာမများနဲ့ အတိအကျ ရှင်းပြနိုင်ခဲ့ပါတယ်၊ ဒါကြောင့်မို့ လူတွေရဲ့ အသိဉာဏ်မှာ သဘာဝတရားရဲ့ ဖြစ်ပျက်ပြောင်းလဲမှု မှန်သမျှဟာ ပရမ်းပတာမဟုတ်ဘဲ နိယာမများနှင့် စည်းများ ရှိတယ်ဆိုတဲ့ အတွေးအမြင်များ ပေါ်ပေါက်လာခဲ့ပါတယ်'

'ကမ္ဘာကျော် ရူပဗေဒပညာရှင် အဲဘတ်အိုင်းစတိုင်းက နိုင်းရှ သီအိုရီ *Relativity theory* နဲ့ အလွန်ထင်ရှားတဲ့ $E = MC^2$ ရူပဗေဒညီမျှခြင်းကို ဖော်ထုတ်ခဲ့ပါတယ်'

ဆရာကံမြင့်က အဲဒီညီမျှခြင်းက ဘာကိုဆိုလိုတာလဲ ဆရာ'

'*E* ဆိုတာက စွမ်းအင်၊ *M* က ဒြပ်ထု *Mass* နဲ့ *C* က အလျင်ကို ဆိုလိုပါတယ်၊ ဒါကြောင့်မို့ စွမ်းအင်ဆိုတာ ဒြပ်ထုနဲ့ အရှိန်ကို မြှောက်ခြင်းဖြင့် ဖြစ်ပေါ်လာတဲ့ ရလာဒ်ပါ၊ အရာဝတ္ထုတစ်ခုကနေ နောက်တစ်ခုကို အရှိန်များစွာနဲ့ ထုတ်လွှတ်နိုင်ခဲ့မယ်ဆိုရင် အလွန်ကြီးမားတဲ့ စွမ်းအင်တွေ ဖြစ်ပေါ်လာပါတယ်၊ ဒီညီမျှခြင်းကိုအသုံးချပြီး အဏုမြူဗုံး ထုတ်နိုင်ခဲ့လို့ နျူကလီးယားသိပ္ပံပညာဟာ ၂၀-ရာစုမှာ အထွတ်အထိပ်သို့ ရောက်ခဲ့ပါတယ်'

၁၉၁၁ ခုနှစ်မှာ သိပ္ပံပညာရှင် ရသာဖို့ဒ် *'Rutherford'* ဟာ ရုပ်တွေရဲ့အခြေခံ အဏုမြူသီအိုရီ *'Atomic Theory'* ကိုဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒီသီအိုရီအရ အဏုမြူအက်တမ်တစ်ခု အတွင်းမှာ လျှပ်စစ်ဓါတ် ၉၉ ရာခိုင်နှုန်း ကျော်ကို ထုတ်ပေးနိုင်တဲ့ နျူကလိယဝတ်ဆံ *Nucleus* ရှိပြီး ယင်းဝတ်ဆံကို ဆန့်ကျင်ဘက် အမှုန်များက ဝိုင်းရံရစ်ပတ်လျှက် ရှိတယ်လို့ ဆိုပါတယ်။

'ဒိန်းမတ်နိုင်ငံသား ရူပဗေဒပညာရှင် နီးဘိုးလ်ကလည်း အလွန်ထင်ရှားလှတဲ့ အက်တမ် သီအိုရီကို ၁၉၁၃ ခုနှစ်မှာ တင်ပြခဲ့ပါတယ်'

မစန္ဒာက 'သမီး တက္ကသိုလ်မှာ သင်ခဲ့ရတော့ မှတ်မိနေတယ်၊ အဲဒီသီအိုရီအရ အက်တမ်တစ်လုံးမှာ လျှပ်စစ်အဖို ဆောင်တဲ့ *Nucleus* ကို အမ အီလက်ထရွန် *Electron* တွေဟာ စက်ဝိုင်းပတ်လမ်းသာမက ဘဲဥပုံ ပတ်လမ်းနဲ့လည်း လှည့်ပတ်နေတယ်၊ နောက်အက်တမ်ရဲ့ နျူကလိယမှာ လျှပ်စစ်အဖို ပရိုတွန် *Proton* နဲ့ အဖိုအမ မဟုတ်တဲ့ နျူထရွန် *Neutron* တွေရှိတယ်'

'သမီး မှတ်မိနေသားပဲ၊ နောက် အီလက်ထရွန်တွေ ပတ်လမ်းအတွင်းမှ လွတ်ထွက်မသွားဖို့ နေက ကမ္ဘာနှင့်ဂြိုလ်များကို ဆွဲထားတဲ့ အတိုင်း နျူကလိယက ဒြပ်ဆွဲအားနဲ့ ထိန်းထားပါတယ်'

ရသာဖို့ဒ်နှင့် နီးလ်ဘိုးတို့ရဲ့ တင်ပြချက်အရ အဏုမြူ *'atom'* တစ်ခုဟာ ပရိုတွန်၊ နျူထရွန်၊ အီလက်ထရွန် ရုပ်ကလေး

များနဲ့ အဝိနိဗ္ဘောဂသဘောအရ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ရုပ်စည်း *Physical bond* သာ ဖြစ်နေပါတယ်။

'ဒါကြောင့်မို့ ဗုဒ္ဓဟောခဲ့သလို သူတို့ဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် တည်မှီပြီး သဟဇာတသဘောနဲ့ အတူတူဖြစ်လာသလို တစ်ပါးပျက်ရင်လည်း အတူတကွ တစ်ပြိုင်နက်တည်း ပျက်ကြပါတယ်'

မစန္ဒာက 'ဒါဆိုရင် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က *Microscope* မရှိဘဲ ဗုဒ္ဓရှုမြင် သုံးသပ်နိုင်ခဲ့တာကို ယခုမှ နျူကလီးယား ပညာရှင်တွေ တွေ့ရှိခဲ့တာပေါ့နော်'

'မှန်ပါတယ်၊ ဒါကြောင့်မို့ ဗုဒ္ဓရဲ့ရုပ်အမြင်ဟာ သိပ္ပံပညာရှင်တွေထက် အများကြီးစောသလို အလွန်ခေတ်မီ ဆန်းသစ်ပါတယ်'

ကျွန်တော်ဆက်ပြီး တင်ပြချင်တာက ရုပ်နဲ့ပတ်သက်လို့ ဗုဒ္ဓရဲ့ ဒဿနအမြင်ဟာ အိန္ဒိယပြည်မှာ အစဉ်အဆက် လက်ခံထားတဲ့ အတ္တဝါဒအမြင်များနဲ့ မတူပါဘူး၊ ပိုပြီးနားလည်လွယ်အောင် နောက်ခံသမိုင်းကြောင်းနဲ့ ဆက်စပ်ပြီး ရှင်းပြပေးပါ့မယ်'

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ သိဒ္ဓတ္ထမင်းသားဟာ တရားအသိဉာဏ် နိုးကြားပွင့်လင်းပြီး ဂေါတမ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိခဲ့ပါတယ်၊ ဗုဒ္ဓဆိုတာ အလုံးစုံသော တရားမွေအား အနှိုင်းမဲ့သိသူ *The Enlightened One* လို့ အနက်

ရပါတယ်။

ပဉ္စဝဂ္ဂီငါးဦးတို့ကို ဝါဆိုလပြည့် ညဥ့်ဦးယံအခါ မိဂဒါဝုန်တောမှာ ဓမ္မစကြာ ဟောကြားခြင်းဖြင့် ရှေးဘုရားရှင်တို့ရဲ့ သာသနာကွယ်ပြီးနောက် ပထမဦးဆုံးသော ဂေါတမဗုဒ္ဓရဲ့ သာသနာ စတင်ခဲ့ပါတယ်။

ဓမ္မစကြာနဲ့ မိမိအယူဝါဒဟာ အစဥ်အမြဲ တည်နေတဲ့ သဿတဒိဋ္ဌိမဟုတ်သလို ဘဝပြတ်စဲတယ်ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိလည်း မဟုတ်ဘဲ အစွန်းမရောက်တဲ့ မဇ္ဈိမ ပဋိပဒါလမ်းစဥ် သမ္မာဒိဋ္ဌိ *Right View* အယူဖြစ်ကြောင်းကို ဟောပြောခဲ့ပါတယ်။

'ဗုဒ္ဓရဲ့အလိုအရ အစွန်းနှစ်ဘက်ကို ရှောင်ပြီး မတင်းလွန်း မလျှော့လွန်းတဲ့ မဇ္ဈိမပဋိပဒါလမ်းကို လျှောက်မှသာ လမ်းမှန်ပါ'

မသင်းက 'မဇ္ဈိမပဋိပဒါဆိုတာ ခြံစည်းရိုးမှာ ခွထိုင်တာပဲ *Sitting on the fence* လို့ အနောက်တိုင်းစာအုပ်တွေမှာ ရေးထားတာ ဖတ်ဖူးတယ်'

'အဲဒီလို ခွထိုင်တာမျိုး မဟုတ်ပါဘူး၊ တကယ်တော့ မဇ္ဈိမ ပဋိပဒါဆိုတာ အစွန်းမရောက်ဘဲ မိမိဦးတည်ရာ လမ်းမှန်ကို ယုံကြည်ချက်အပြည့်နဲ့ လျှောက်လှမ်းတဲ့ကျင့်စဥ်ပါ၊ ဒါကြောင့်မို့ အလယ်အလတ်လမ်း *The middle way* ဆိုတာထက် လမ်းမှန် *The Right way* လို့ ပြန်ဆိုတာကပိုပြီး သင့်တော်မယ်လို့ အစ်ကို ထင်ပါတယ်'

သစ္စာစက်ဝန်းကို ပထမဦးဆုံး ဟောကြားတဲ့ လပြည့်နေ့မှာ အရှင်ကောဏ္ဍည တစ်ပါးပဲ သောတာပန်အဖြစ်သို့ ရောက်ပါတယ်၊ လပြည့်ကျော် တစ်ရက်နေ့မှာမှ အရှင်ဝပ္ပ၊ နှစ်ရက်နေ့မှာ အရှင်ဘဒ္ဒိယ၊ သုံးရက်နေ့မှာ အရှင်မဟာနာမ်၊ လေးရက်နေ့မှာ အရှင်အဿဇိမထေရ်တို့ အစဉ်အတိုင်း သောတာပန် ပထမမဂ် ရရှိသွားပါတယ်။

ဝါဆိုလပြည့်ကျော်ငါးရက်နေ့ ပဥ္စဝဂ္ဂီငါးဦးစလုံး သောတာပန်ဖြစ်ပြီးသောအခါမှာ မြတ်ဗုဒ္ဓက–

ရူပံဘိက္ခဝေ အနတ္တာ *'Matter, Binkkhus, is not the self'* အစချီတဲ့ အနတ္တလက္ခဏာသုတ်ကို ဟောကြားခဲ့ပါတယ်။

သစ္စာစက်ဝန်းကို ဟောကြားခဲ့ခြင်းဖြင့် ဗုဒ္ဓဒေသနာဟာ ဘဝအဆက်ဆက် တည်ရှိတယ်ဆိုသော သဿတဒိဋ္ဌိ *Eternalism* အယူရှိတဲ့ ဂိုဏ်းဝါဒနှင့် ဘဝပြတ်စဲတယ်ဆိုသော ဥစ္ဆေဒဒိဋ္ဌိ *View of nihilism* အယူရှိတဲ့ စာဝကဝါဒများနှင့် ကွဲပြားခြားနားတယ်ဆိုတာ အထင်အရှား ပြနိုင်ခဲ့ပါတယ်။

ဒါပေမဲ့လည်း အိန္ဒိယပြည်မှာ ဟိန္ဒူအတွေးအမြင်များနှင့် အတ္တဝါဒကိုလက်ခံတဲ့ သင်္ချာ, ဉာယ, မီမံသ, ယောဂစသော ဒဿနဂိုဏ်းများလည်းရှိနေလို့ ဗုဒ္ဓရဲ့ ဒဿနအမြင်များဟာ အတ္တဝါဒအမြင်များနှင့် တူလေမလားဆိုပြီး ပဥ္စဝဂ္ဂီတွေမှာ ယုံမှားသံသယဝင်လာဖို့ ရှိပါတယ်။

ဒါကြောင့်မို့ ဗုဒ္ဓဟာ အိန္ဒိယပြည်မှာ ထွန်းကားနေသော မည်သည့် အတွေးအခေါ် အယူအဆနှင့်မျှ မတူတဲ့ အနတ္တလက္ခဏာသုတ်ကို ဟောကြားခဲ့ပါတယ်။

ရုပ် ဘိက္ခဝေ အနတ္တာဆိုသော ပါဠိကို 'ရဟန်းတို့ ရုပ်တရား အပေါင်းတို့သည် အစိုးမရ၊ မိမိအလို၊ သို့မဟုတ် မိမိဖြစ်ချင်တိုင်းမဖြစ်သော အနတ္တ အမှန်ပင်တည်း' လို့ ရှေးပညာရှင်များက ပြန်ဆိုထားပါတယ်။

ဗုဒ္ဓရဲ့ စကြာဝဠာအမြင်အရ အရာရာမှန်သမျှမှာ အစစ်အမှန်တရား *Reality* ဟာ တစ်ခုတည်းပဲရှိလို့ ကောဓမ္မော *Only one* ဆိုပြီး ရှုမြင်ပါတယ်။

'သဘာဝ ဒါမှမဟုတ် အစစ်အမှန်တရားဟာ တစ်ခုတည်းဖြစ်ပေမယ့် ရှုမြင်ချဉ်းကပ်ပုံနှင့် ဘာသာစကား ကွဲပြားမှုကြောင့် သဘောချင်းမတူတာလို့ ယူဆကြတာပါ'

မသင်းက 'ညီမ နားလည်သွားပါပြီ၊ ဒါဆို ရှေးကလီးယား သိပ္ပံရဲ့ ဒြပ် *Mass* ဆိုတာနဲ့ ဗုဒ္ဓဒဿနက ပထဝီ *Element of hardness* ဆိုတာ အတူတူပဲ ဖြစ်မှာပေါ့'

'မှန်ပါတယ်၊ နောက်သိပ္ပံပညာရှင်တွေဟာ ရုပ် *matter* ကို အထပ်ထပ် ခွဲစိတ်ရှာဖွေကြည့်တဲ့အခါ သူတို့ ယူဆထားတဲ့ အနှစ်အဆံ *Essence* နဲ့ ထာဝရ အတ္တသဘော *Eternal soul* ကို ရှာလို့မတွေ့ပါဘူး၊ ဒီအခါမှ အစက ရုပ်မှာ ဒြပ်ထုရှိတယ်၊ အလေးချိန်

ရှိတယ်လို့ ထင်ခဲ့တာတွေဟာ ဘာတစ်ခုမှ မဟုတ်ပါလားလို့ သိလာကြတယ်'

'ယခုအခါမှာ ရုပ်ကို စွမ်းအင် *Energy* အဖြစ်သာ ရှုမြင်လာပါတယ်၊ ဒါပေမဲ့ စွမ်းအင်မှာ ဒြပ်ထုသဘော *mass,'* အလေးချိန် *Weight,* လားရာ *Dimension* နဲ့ အဆင်းသဏ္ဍာန် *Form* တစ်ခုမှမရှိလို့ ရူပဗေဒပညာရှင်တွေဟာ ရုပ်သည် ဖြစ်တည်ခြင်းမရှိ *Matter does not exist* လို့ ဝမ်းနည်းဖွယ် ဆိုလာကြပါတယ်'

ရုပ်နှင့်ဆက်စပ်တဲ့ ရှေးအယူအဆ အားလုံးဟာလည်း မဒမ်ကျူရီ၊ ရသာဖို့ဒ်နဲ့ အိုင်းစတိုင်းတို့ရဲ့ ရေဒီယိုခါတ်သတ္တိကြွမှု၊ အက်တမ်ဖွဲ့စည်းမှုနဲ့ နိူင်းရသီအိုရီများကြောင့် လုံးဝပြောင်းလဲသွားပြီး သိပ္ပံနယ်ပယ်မှာ အတ္တထာဝရ အထည်ဒြပ်ဆိုတဲ့ အယူအဆဟာ လုံးဝကွယ်ပျောက် သွားပါတယ်။

*'In the scientific world, the concept of substance is wholly lacking'*

ရုပ် ဘိက္ခဝေ အနတ္တာ လို့ ဗုဒ္ဓဟောကြားခဲ့တာကို နှစ်ပေါင်း ၂၅၀၀ ကျော်မှ သိပ္ပံပညာရှင်များက အစိတ်စိတ် အမွှာမွှာ စူးစမ်းရှာဖွေပြီး 'ရုပ်ဆိုသည်မှာ အနှစ်အဆံမရှိ၊ မြဲသောအရာမဟုတ်' လို့ သိရှိခဲ့တာပါ၊ ဗုဒ္ဓဟောကြားခဲ့သော စကားတွေဟာ မျက်မှောက်တွေ့ရှိတာတွေနဲ့လည်း ကိုက်ညီမှုရှိပါတယ်။

ဗုဒ္ဓဟာ သိပ္ပံပညာရှင်များ မသိရှိမီကတည်းက ခန္ဓာငါးပါးကို စွမ်းအင် *Energy* အဖြစ် သတ်မှတ်ထားပါတယ်၊ ရုပ် *matter* ကိုသာမက ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဉ် တို့ကိုလည်း စွမ်းအင်များအဖြစ် ရှုမြင်ထားပါတယ်။

'ဆရာဖေသိန်းက နံနက်တိုင်း ပရိတ်ကြီး ၁၁-သုတ်၊ ပဋ္ဌာန်း ဒေသနာ ရွတ်ဖတ်နေတော့ ခန္ဓာငါးပါးကို စွမ်းအင်အနေနဲ့ ဘယ်နေရာမှာ ဟောခဲ့တာကို တွေ့မိပါသလဲ'

'ကျွန်တော် ပဋ္ဌာန်းဒေသနာတော်မှာ သတိထားမိတယ်၊ စက္ခု ဝိညာဏဓါတု၊ မနောဓာတု၊ မနောဝိညာဏဓာတု ဆိုပြီး အနန္တရ ပစ္စည်းမှာ -

စက္ခု ဝိညာဏဓါတု တံသမ္ပယုတ္တကာစ ဓမ္မာ မနောဓါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော

မနောဓါတု တံသမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏ ဓါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော လို့ ဟောထားပါတယ်'

'မှန်ပါတယ်၊ စက္ခုဝိညာဏဓါတု *Eye-consciousness element,* မနောဓာတု *Mind-element,* မနော ဝိညာဏဓာတု *Mind-consciousness element* ဆိုတဲ့ အတွက် ခန္ဓာငါးပါးကို ဓါတ် သို့မဟုတ် စွမ်းအင်အဖြစ် ရှုမြင် ထားပါတယ်'

စွမ်းအင်ဟာ ဖျက်ဆီးလို့ ပျောက်ဖျက်လို့မရတဲ့ ပရမတ် သစ္စာလို့ သိပ္ပံပညာရှင်များက လက်ခံထားပါတယ်၊ ဒါကြောင့်မို့ သံသရာဝဲဂယက်မှာ သံယောဇဉ်နွယ်တွေနဲ့ နှောင်ဖွဲ့နေတဲ့သူတွေ အားလုံး တဏှာချုပ်ငြိမ်းရာ နိဗ္ဗာန် မရောက်မချင်း ခန္ဓာအစဉ် မပြတ်ဘဲ ရှိနေတာဟာ စွမ်းအင်တည်မြဲမှု နိယာမ *Law of Energy Conservation* အရလို့လည်း ပြောနိုင်ပါတယ်။

အားလုံးလည်း စိတ်ဝင်တစားနဲ့ နားထောင်ကြလို့ တစ်နာရီ လောက်ကြာသွားပါတယ်။ နေ့လည်တစ်နာရီ ထိုးတော့မှာမို့ ကျွန်တော် လည်း သင်တန်းပို့ချတာကို ရပ်လိုက်ပြီး ကျောက်တော်ကနေ ပြန်ထွက်ခဲ့ကြပါတယ်။

ကျွန်တော်တို့ ကျောက်တော်က မပြန်ခင်မှာ ဒညင်းသီးများ နဲ့ ရခိုင်ရိုးရာအစားအစာများကို ဆေးရုံအုပ်ကြီးနဲ့ ဆရာဝန်၊ သူနာပြုများအတွက် ဝယ်ယူခဲ့ကြပါတယ်။

ပုဏ္ဏားကျွန်းမှာ ခဏနားပြီး လက်ဖက်ရည်ဝင်သောက်ပါ တယ်။ ရွာထိပ်က လက်ဖက်ရည်ဆိုင်လေးက အေးဆေးဆိတ်ငြိမ် လှသလို စမူဆာ နဲ့ ဗူးသီးကြော်ကလည်း စားလို့ကောင်းပါတယ်။ အပြန် မိုးချုပ်မှာမို့ တောက်လျှောက်မောင်းလာလိုက်တာ ဆေးရုံကို ညနေလေးနာရီမှာ ပြန်ရောက်ပါတယ်။

ညပိုင်းမှာ ဆေးရုံအုပ်ကြီးက ခရစ္စမတ်အထိမ်းအမှတ် ကြက်ဆင် သားဟင်းနဲ့ ညစာကျွေးပါတယ်။ ထမင်းစားအပြီး ထုံးစံအတိုင်း

ကာရာအိုကေ ဆိုကြပါတယ်။

ကျွန်တော် နားထောင်ချင်တယ်ဆိုလို့ မသင်းက 'သံသရာ တစ်ကွေ့ဝယ်'နဲ့ 'မပြီးသေးသော ပန်းချီကား' သီချင်းဆိုပြပါ တယ်။ မသင်းအသံက အေးမြပြီး ကရုဏာသံပါလို့ နားထောင် လို့ကောင်းပါတယ်။ အားလုံး သီဆိုလို့အပြီးမှာ ဆေးရုံအုပ်ကြီးက မမေ့ပါနဲ့ နှင်းနွယ်ရယ် သီချင်းနဲ့ ဖျော်ဖြေပါတယ်။

ကျွန်တော်တို့ ည ၁၁-နာရီကျော်မှ ဆေးရုံအုပ်ကြီးအိမ်က ပြန်ခဲ့ပါတယ်။ ဆေးရုံဝင်းထဲမှာတော့ မြူနှင်းလေးတွေ ကျနေ နေပါတယ်။

အရေးပေါ်လူနာ မရှိတာနဲ့ ကော်ဖီကျကျတစ်ခွက် ဖျော်ပြီး 'သစ္စာ'ကို ဆက်ရေးဖြစ်ပါတယ်။ သစ္စာကို ရေးနေရင်း သီချင်း စာသားလေးတစ်ခုက ရင်ထဲကို အလိုလို တိုးဝင်လာပါတယ်-

'မပြီးသေးသော ပန်းချီကား…မှုန်ဝါးဝါး အရိပ်ထင်… ညစဉ်ပင် ညစဉ်ပင်… မျက်စိမှိတ်လည်း စိတ်ထဲ စွဲကာထင်'

# (၃)
# နိဗ္ဗာန်

၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ သောကြာနေ့။

နှစ်တစ်နှစ် ပြောင်းရွှေ့တော့မယ့် နောက်ဆုံးရက်လေးပါ။ နံနက်စောစော မြတ်စွာဘုရားကို ပဌာန်းရွတ်ဆိုပူဇော်ပြီး ပြူတင်းဝက နေ ကြည့်လိုက်တော့ မြူနှင်းလေးတွေ တဖွဲဖွဲ ကျနေပါတယ်။ မပြဲတဲ့ သဘာဝအရ အေးမြတဲ့ဆောင်းရက်လေးတွေ ကုန်ဆုံး သွားရင် ပူပြင်းခြောက်သွေ့တဲ့ နွေရာသီကို ရောက်လာဦးမှာပါ။

တစ်ကယ်တော့ ဘဝတစ်ခုဟာ အလွန်တိုတောင်းလှပါတယ်။ စကြာဝဠာရဲ့ ရွှေ့လျားမှုနဲ့ နှိုင်းယှဉ်လိုက်ရင် မိုးမှောင်ကျနေတဲ့ မဟူရာညမှာ လျှပ်စီးဝင်းကနဲလက်သွားတဲ့ ခဏတာအချိန်လေး ပါပဲ။

ငယ်ငယ်က ဖတ်ခဲ့ဖူးတဲ့စာအုပ်ထဲက အချိန်နဲ့ပတ်သက်လို့ 'အကောင်းဆုံးစာအုပ်ကို အရင်ဖတ်ပါ၊ ဒါမှမဟုတ်ရင် နောက်တစ် ကြိမ်ဖတ်ဖို့ အခွင့်အရေးဆိုတာ မသေချာတော့ဘူး' ဆိုတာကို သတိရမိပါတယ်။

*'Read the best book first or you are not sure to have another chance to read it at all'*

ဒါကြောင့်မို့ ဘဝတိုတိုအတွင်းမှာ ဒါန, သီလ, ဘာဝနာ

ကို တတ်နိုင်သမျှ ဖြည့်ဆည်းပြီး တစ်ဖက်ကလည်း မိဘဆွေမျိုး သင်္ဂဟတွေနဲ့ အများအကျိုးကို တတ်နိုင်သမျှ သယ်ပိုးပေးရမှာ ဆိုတဲ့ အတွေးတွေလည်း ဝင်လာပါတယ်။

ကျွန်တော် အတွေးအိမ်ထဲမှာ ရှိနေတုန်း တပည့်လေးမောင် အေးမြင့်မှ 'ဆရာ အရေးပေါ်လူနာရောက်နေလို့' ဆိုတဲ့အသံ ကြောင့် ပစ္စုပ္ပန်တည့်တည့်ကို စိတ်ကပြန်ရောက်သွားပါတယ်။

ကျွန်တော် ခွဲစိတ်ဆောင်ကိုရောက်တော့ အသက် ၂၅–နှစ် အရွယ် အမျိုးသားတစ်ဦးကို ဗိုက်မှာဓားတန်းလန်းနဲ့ တွေ့ရ ပါတယ်။

မသင်းက 'အခုနံနက် ၈–နာရီက ညီအစ်ကိုနှစ်ယောက် စကားများရင်း အစ်ကိုက ဓားမြှောင်နဲ့ထိုးလိုက်လို့ ရောက်လာတာ၊ ညီမ စမ်းကြည့်တော့ သွေးခုန်နှုန်းက ၁၁၀၊ သွေးပေါင်က အပေါ် သွေး ၉၀ ပဲစမ်းလို့ရတယ်၊ ညာဘက်ရင်အုံအောက် အသည်း နေရာမှာ ဓားကစိုက်နေပြီး အသက်ရှူတိုင်းလည်း လှုပ်နေတယ်'

ကျွန်တော်စမ်းကြည့်တော့ မသင်းယူဆသလို ဓားက အသည်း ထဲကို စိုက်ဝင်နေတဲ့ အနေအထားမျိုးပါ၊ မေ့ဆေးပေးပြီး သွေးထွက် တဲ့နေရာကို အမြန်ရှာပြီးထိန်းမှ ဖြစ်မှာမို့ အရေးပေါ်ခွဲစိတ်ဖို့ ပြင်ကြရပါတယ်၊ ဒါးကို ဆွဲနုတ်လိုက်ရင် အန္တရာယ်ရှိတာမို့ ဆရာမ သက်သက်ခိုင်နဲ့ သူနာပြုများကို သေသေချာချာ မှာရပါတယ်။

သွေးအမျိုးအစားက ရှားပါးတဲ့အောဘီ ဖြစ်နေလို့ ကျွန်တော် တို့ သူနာပြုတွေထဲကပဲ သွေးပေးလှူကြပါတယ်။

နံနက် ၁၁-နာရီ ခွဲခန်းထဲမှာ မေ့ဆေးပေးပြီး ကြည့်လိုက်တော့ သည်းခြေအိတ်ကိုဖေါက်ပြီး ခါးကအသည်းထဲမှာ နစ်လက်မခန့် စိုက်နေတာကို တွေ့ရပါတယ်။

ကျွန်တော်တို့ သည်းခြေအိတ်ကို အရင်ဖြတ်ထုတ်လိုက်ပါတယ်၊ ပြီးမှ ခါးကိုတဖြည်းဖြည်း ဆွဲထုတ်ပြီး စိုက်ဝင်ထားတဲ့ အသည်းဒဏ်ရာကို ဝမ်မိုက်အမြှေးပါးလေးသုံးပြီး ပြန်ချုပ်ရပါတယ်။ ပြတ်ရှသွားတဲ့ အသည်းနေရာကို ချုပ်ပြီးတာနဲ့ သွေးပေါင်လည်း တဖြည်းဖြည်း ပြန်တက်လာပါတယ်။

မသင်းက 'ခဏလေးအတွင်းမှာ ဖြစ်လိုက်တဲ့ ဒေါသစိတ်လေးဟာ အရမ်းကြောက်ဖို့ကောင်းတယ်နော်'

'သတိနဲ့နေတဲ့ အလေ့အကျင့်လေးရှိမှ ထိန်းနိုင်မှာ၊ ဒါကြောင့်မို့ ရတဲ့အချိန်လေးမှာ တရားအမှတ်လေးနဲ့နေနိုင်ရင် အကောင်းဆုံး ပါပဲ'

'ညီမ မေးကြည့်တော့ မိဘသေသွားလို့ အမွေလုရင်း ညီအစ်ကိုနှစ်ယောက် စကားများကြတာ၊ လောဘ, ဒေါသဆိုတဲ့ ကိလေသာတွေဟာ အလွန်ဆိုးတာပဲ'

'သတိနဲ့ယှဉ်သလို အသိနဲ့ဆင်ခြင်မှုလည်းဖြစ်မှာ၊ ဒီကိလေသာတွေကတော့ နိဗ္ဗာန်မျက်မှောက်ပြုနိုင်မှပဲ ချုပ်ငြိမ်း သွားမှာပါ'

ဆရာဖေသိန်းက 'နိဗ္ဗာန်ရောက်ဖို့ မလွယ်သေးပါဘူး ဆရာရယ်၊ ပါရမီတွေ အများကြီး ဖြည့်ရဦးမှာ'

မစန္ဒာက 'ဒီနေ့ နှစ်တစ်နှစ်ရဲ့ နောက်ဆုံးရက်မှာ ခွဲစိတ်ခန်းဝင်ရတော့ ရှေ့နှစ်မှာလည်း ပင်ပန်းမယ့် သဘောရှိတယ်'

ကျွန်တော်တို့ စကားပြောဆိုရင်း အသည်းကဒဏ်ရာကို သေသေသပ်သပ် ချုပ်ပေးနိုင်ခဲ့ပါတယ်၊ ဒဏ်ရာက သည်းခြေအိတ်နဲ့ အသည်းမှာသာရှိပြီး ကျန်အစာအိမ်နဲ့ အူလမ်းကြောင်းကို ထိခိုက်မှုမရှိလို့ နေ့လည်တစ်နာရီထိုးခါနီးမှာ ခွဲစိတ်ကုသမှုဟာ အောင်မြင်စွာနဲ့ ပြီးဆုံးသွားပါတယ်။

နေ့လည်စာကိုတော့ ခွဲစိတ်ခန်းက ရုံးခန်းမှာပဲ မသင်း, မစန္ဒာ, ဆရာဖေတို့နဲ့ စားလိုက်ပါတယ်၊ ဟင်းက ဆရာဖေ့လက်ရာ ပဲကုလားဟင်းနဲ့ မသင်း အရေးပေါ်စီစဉ်လိုက်တဲ့ လက်ဖက်သုတ်ပါ။

နေ့လည်မှာ မနားနိုင်သေးဘဲ ပြင်ပလူနာများကို ဆက်လက်ကြည့်ရှုပေးလိုက်တာ ညနေသုံးနာခွဲမှာ ပြီးသွားပါတယ်။ လူနာကြည့်ပြီးတော့ မသင်းက ကျွန်တော့်အခန်းမှာ ကော်ဖီလာသောက်ပြီး နာနို ဆေးပညာ *Nano medicine* အကြောင်း ဆွေးနွေးပါတယ်။

ညနေ လေးနာရီမှာ လူစုံရောက်လာတာနဲ့ သင်တန်းကို စလိုက်ပါတယ်။

'ဒီနေ့ ရုပ်ပိုင်းမှာ ကျန်နေသေးတဲ့ နိဗ္ဗာန်ကို ပြောပြပါ့မယ်၊ နိဗ္ဗာန်ဟာ နက်နဲသိမ်မွေ့လွန်းလို့ အားလုံး နားလည်လွယ်အောင် အပြန်အလှန်ဆွေးနွေးရင်း ပို့ချပေးပါ့မယ်၊ ပထမဆုံး မိမိနားလည် သဘောပေါက်သလို ပြောပြပေးစေချင်ပါတယ်'

ဆရာဖေသိန်းက 'ကျွန်တော်ငယ်ငယ် ဘုန်းကြီးကျောင်းသားဘဝထဲက နိဗ္ဗာန်ကို ရက်တိုတိုနဲ့ ရောက်ရပါစေ၊ တချို့ထင်ရှားတဲ့ ဆရာတော်ဘုရားကြီးတွေ ပျံလွန်တော်မူသွားရင် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်ဆိုပြီး ပြောတာတွေကို ကြားဖူးနေတယ်၊ ကျွန်တော့်အမြင်အရ နိဗ္ဗာန်ဆိုတာ ကောင်းကင်အမြင့်ဆုံးမှာရှိတဲ့ ထာဝရအေးချမ်းတဲ့ နေရာတစ်ခုပါပဲ'

'ဆရာဖေ ပြောသလို တစ်ချို့စာတွေထဲမှာလည်း နိဗ္ဗာန်ရွှေပြည်နန်း *Golden palace,* နိဗ္ဗာန်သို့ဝင်ရောက်သွားပြီ *Enter into the Nibbana* လို့ သုံးကြတော့ နေရာဌာနတစ်ခုလို့ပဲ အများအားဖြင့် ထင်ကြတယ်၊ တကယ်တော့ နိဗ္ဗာန်ဟာ ကိလေသာအားလုံး ချုပ်ငြိမ်းသွားလို့ ငြိမ်းအေးသွားတဲ့ သဘောတရားတစ်ခုပါပဲ၊ ကျွန်တော် နောက်မှဆက်ပြီး ရှင်းပြပါ့မယ်'

မစန္ဒာက 'သမီးတော့ အမှန်ပြောရရင် နိဗ္ဗာန်ရဲ့ သဘောသဘာဝကို ဉာဏ်မမှီပါဘူး ဆရာရယ်၊ ဒါပေမဲ့ နိဗ္ဗာန်နဲ့ ပတ်သက်ရင် ဟိုး… ငယ်စဉ်ကလေးဘဝကိုပဲ ပြန်ပြီးသတိရမိတယ်၊ သမီးတို့က ညီအစ်မ နှစ်ယောက်ပဲရှိတာ၊ သမီးအသက် ၇-နှစ်မှာ ဖေဖေဆုံးသွားတယ်၊ ဖေဖေ မဆုံးခင်အထိ မအူပင်မှာ မိသားစုအားလုံး စည်းစည်းလုံးလုံးနဲ့ အတူနေခဲ့ရတဲ့ ကာလလေးဟာ ဘဝမှာပျော်စရာ အကောင်းဆုံးအချိန်တွေပါ၊ တကယ့်ကို အပြစ်ကင်းစွာ ပျော်ခဲ့ရလို့ သမီးအတွက် နိဗ္ဗာန်ပါပဲ၊ ဘဝကို

နောက်ကြောင်းပြန်ပြီး ခရီးနှင်လို့ရရင် အဲဒီကာလလေးကိုပဲ ပြန်လိုချင်ပါတယ်၊ တေးရေးဆရာ စိုင်းခမ်းလိတ် ရေးဖွဲ့ ထားတဲ့ ပျောက်ဆုံးသွားသော နိဗ္ဗာန်ဘုံ *The lost paradise* သီချင်း လေးဟာ သမီး ယူဆထားတဲ့ နိဗ္ဗာန်နဲ့ ထပ်တူထပ်မျှပါပဲ ဆရာ'

မသင်းကလည်း 'ညီမလည်း မစန္ဒာနဲ့တူတယ်၊ နိဗ္ဗာန်နဲ့ ပတ်သက်တဲ့စာအုပ်တွေ ဖတ်ကြည့်ပေမယ့် စိတ်ထဲမှာ သိပ် သဘောမပေါက်လှဘူး၊ အမှန်ပြောရရင် အရမ်းရောက်ချင်တဲ့စိတ် လည်း မရှိသေးဘူး၊ သေသေချာချာ မသိလို့လည်း ဖြစ်ပါလိမ့်မယ်၊ ညီမတော့ ပစ္စုပ္ပန် ဘဝမှာ စိတ်ကောင်း စေတနာကောင်းထားပြီး လူနာတွေကို ကုသပေးတယ်, အများအတွက် လုပ်ပေးနိုင်တယ်, လက်ရှိဘဝလေးဟာ ကိုယ့်အတွက် ကျေနပ်နှစ်သက် ပျော်ဖို့ကောင်း တယ်ဆိုလည်း နိဗ္ဗာန်လို့ပဲ ယူဆပါတယ်'

ဆရာကျော်မြင့်က 'ကျွန်တော်တော့ နိဗ္ဗာန်ဆိုတာ အနောက် တိုင်းက ပညာရှင်တွေယူဆတဲ့ ထာဝရငြိမ်းချမ်းသော အလင်း ရောင်တွင် နေထိုင်ခြင်း *Living in the Light of Eternity* ဆိုတာလေးကို သဘောကျတယ်'

'ဆရာကံမြင့်လည်း ပြောပြပေးပါဦး'

'ကျွန်တော့်အနေနဲ့ နိဗ္ဗာန်ဆိုတာ အချိန်နဲ့အတိတ်, ပစ္စုပ္ပန်, အနာဂတ်တွေကနေ ကင်းလွတ်နေတော့ ကာလဝိမုတ် *Beyond time and space* တရားပါ၊ ဒါပေမဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြု

နိုင်ဖို့ လှေလှော်သင်ယူလို့ မရသလို ဝေဖန် ပိုင်းခြားဆင်ခြင်လို့လည်း မရောက်နိုင်ဘူးလို့ထင်ပါတယ်၊ အဓိကက ဝိပဿနာအားထုတ်မှပဲ ဉာဏ်စဉ်တက်ပြီး ရောက်နိုင်မယ်လို့ ယူဆပါတယ်'

'ဆရာကံပြောသလို ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်မှုကို ဉာဏ်နဲ့ ထိုးထွင်း သိမြင်သွားမှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာပါ၊ စာအရဆိုရင် ဘာဝနာမယပညာ *Knowledge gained through meditation and repeated contemplation* လို့ ခေါ်တယ်'

မစန္ဒာက 'နိဗ္ဗာန်ရဲ့ တကယ့် ဆိုလိုရင်းကို သိချင်ပါတယ် ဆရာ'

'နိဗ္ဗာန် ဆိုတာ နိဗ္ဗာနဆိုတဲ့ ပါဠိဝေါဟာရက ဆင်းသက်လာတာပါ၊ နိ ကလွတ်မြောက်တယ် *To be free from or liberation,* ဝါနက တဏှာ *Attachment* လို့ အဓိပ္ပါယ်ရတယ်၊ ဒါကြောင့်မို့ တဏှာဆိုတဲ့ သံယောဇဉ် အနှောင်အဖွဲ့များမှ လွတ်မြောက် သွားတာ *Liberation from attachment* ဟာ နိဗ္ဗာန်ပါပဲ'

နောက်ဝါနဆိုတာ ဆက်စပ်ပေးတဲ့ သဘောဆိုပြီး အဓိပ္ပါယ်ရတယ်၊ ဘဝတစ်ခုနဲ့တစ်ခုကို ဆက်စပ်ပေးတတ်လို့ တဏှာကို ဝါနလို့လည်း ခေါ်တယ်။

နိဗ္ဗာန်ဆိုတာ သဘောတရား တခုပဲဖြစ်ပြီး ဘုံ၊ ဌာနအနေနဲ့ မရှိပါဘူး။ ဒါပေမယ့် ပရိနိဗ္ဗာန်စံတယ် ဒါမှမဟုတ် နိဗ္ဗာန်သို့ ဝင်ရောက်သွားတယ် *Enter into Nibbana* ဆိုပြီး တင်စားခေါ်ဝေါ် တာမို့ အဆောက်အဦတစ်ခုထဲ၊ ဘုံတစ်ခုထဲ ရောက်သွားတယ်လို့ ထင်နေကြတာပါ။

အမှန်က ရုပ်နာမ်ချုပ်သွားလို့ ကိလေသာတွေ ချုပ်ငြိမ်း သွားပြီး ခံစားမှုမရှိတဲ့ ချမ်းသာကို ရရှိသွားတာဟာ နိဗ္ဗာန်ပါ။

နိဗ္ဗာန် အသုံးအနှုန်းကို ပထမဦးဆုံး မှတ်မိနေတာက ကျွန်တော် အသက်ခုနစ်နှစ်သား အရွယ်မှာပါ၊ တနင်္ဂနွေနေ့တိုင်း ဘုန်းကြီး ကျောင်းကို ယွန်းအုပ်နီနီနဲ့ ကျွန်တော်တို့မိသားစု ဆွမ်းပို့ကြပါ တယ်။

ဆွမ်းစားပြီးလို့ သီလပေး ရေစက်ချ ပြီးရင် ဆရာတော်ကြီး က နိဗ္ဗာန်ကို အမြန်မျက်မှောက် ပြုနိုင်ကြပါစေ…' လို့ ဆုပေး တာကို အမြဲကြားနေရတယ်။

ကျွန်တော်က 'နိဗ္ဗာန်ဆိုတာ ဘယ်မှာရှိတာပါလဲ' လို့ မိဘ တွေကို မေးတဲ့အခါ ကောင်းကင်ပြာကြီးကို လက်ညှိုးထိုးပြီး –

'သားရယ် နိဗ္ဗာန်ဆိုတာ ဟိုး…ပြာလဲ့လဲ့ မိုးကောင်းကင် ကြီးပေါ်မှာ ရှိတာပေါ့။ မိဘတွေကို ရိုသေလုပ်ကျွေးပြီး ရတနာ သုံးပါး ကိုင်းရှိုင်းရင် နိဗ္ဗာန်ကို ရောက်မှာပေါ့။ အဲဒီနေရာမှာ အလွန်သာယာတဲ့ ဥယျာဉ်ကြီးနဲ့ ဝင်းလက်တောက်ပနေတဲ့ ရွှေစင် နန်းတော်ကြီးလည်းရှိတယ်…' လို့ ပြန်ဖြေပါတယ်။

မစန္ဒာက 'ဆရာ့မိဘတွေက ကုသိုလ်ကောင်းမှုတွေ လုပ်ချင်အောင် ပြောတာဖြစ်မှာပေါ့နော်'

'မှန်ပါတယ်၊ ဆရာ့ကို လိမ္မာအောင်၊ ဘာသာရေး ဘက်မှာ လိုက်စားချင်စိတ်ရှိအောင် ပြောခဲ့တာပါ'

အသက်အရွယ်ရလာမှ နိဗ္ဗာန်ဆိုတာ ကျွန်တော်ကလေးဘဝကသိခဲ့သလို ခမ်းနားကြီးကျယ်တဲ့ နန်းတော်ကြီးတွေ၊ သာယာလှပတဲ့ အဆောက်အဦကြီးတွေ၊ ပန်းရောင်စုံ ဖူးပွင့်နေတဲ့ ဥယျာဉ်ကြီးတွေရှိတဲ့ နေရာသဘောမျိုး မဟုတ်တာကို သိလာတာပါ။

ဆရာကျော်မြင့်က 'ဒါဆို နိဗ္ဗာန်ရဲ့ တည်ရာအရပ်ဆိုတာ မရှိဘူးပေါ့နော်'

'မှန်ပါတယ်၊ ဒီနေရာမှာ နိဗ္ဗာန်ရဲ့တည်ရာအရပ်နဲ့ ပတ်သက်လို့ မိလိန္ဒပဥှာမှာ ရှင်နာဂသိန် ရှင်းပြထားတာကို ကိုးကားပြီးပြောပြပါ့မယ်'

ရှင်နာဂသိန်က နိဗ္ဗာန်ရဲ့တည်ရာအရပ်ကို ပြောပြလို့မရပေမယ့် နိဗ္ဗာန် ရှိနေတာကို မီးနဲ့ ဥပမာပေးပါတယ်…

မီးကို လိုချင်တဲ့သူဟာ သစ်သားနှစ်ခုကို ပွတ်တိုက်ရပါတယ်၊ ဒါပေမဲ့ ဖြစ်ပေါ်လာတဲ့မီးရဲ့ တည်ရှိနေနိုင်သောအရပ် ဆိုတာ မရှိပါဘူး၊ ဒီလို တည်ရာအရပ် မရှိပေမယ့် နိဗ္ဗာန် ရှိနေတာကို ငြိမ်းသွားတဲ့ဆီမီး *Absence of candle light* နဲ့ ထပ်ပြီး ဥပမာပေးထားပါတယ်။

မီးတောက်ဖြစ်ပြီး အချိန်တန်လို့ ငြိမ်းသွားတဲ့ဆီမီးဟာ ပထဝီမြေကြီးသို့လည်း ရောက်မသွား၊ အရပ်ရှစ်မျက်နှာသို့လည်း ရောက်မသွားဘဲ မီးစာကုန်ခန်းသွားလို့သာ ငြိမ်းသွားတာပါ၊ အလားတူ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရှိသွားတဲ့ ပုဂ္ဂိုလ်ဟာ ပထဝီမြေကြီးသို့လည်း ရောက်မသွား၊ ကောင်းကင်သို့လည်း ရောက်မသွား၊ မည်သည့် အရပ်မျက်နှာကိုမှ ရောက်မသွားဘဲ ကိလေသာတွေ ကုန်ခန်းသွားလို့ ငြိမ်းအေးမှု ရရှိသွားတာပါ။

ဆရာကံမြင့်က ကွမ်းတမြုံ့မြုံ့ဝါးရင်းနဲ့ 'ဒါဆို နိဗ္ဗာန်မှာ ပုဂ္ဂိုလ်ဆိုတာလည်း မရှိတော့ဘူးပေါ့'

'မှန်ပါတယ်၊ ရှင်နာဂသိန်ရဲ့ စကားအရ နိဗ္ဗာန်ကိုမျက်မှောက်ပြုသွားတဲ့အခါ ပုဂ္ဂိုလ်သဘော *Personal character* ဆိုတာလုံးဝ မရှိတော့ပါဘူး၊ တောက်နေတဲ့မီးငြိမ်းသွားရင် ဘာမှမမြင်တွေ့ရတော့သလို နိဗ္ဗာန်ကို ရရှိသွားပြီးနောက်မှာ ဒီပုဂ္ဂိုလ်ကို ဆက်ပြီး မမြင်ရတော့ပါဘူး'

ဒီနေရာမှာလည်း ပုဂ္ဂိုလ်သဘောဆောင်တဲ့ ရုပ်နာမ်တွေလုံးဝ ချုပ်ငြိမ်းသွားပေမယ့် ထေရဝါဒရှုထောင့်မှ နိဗ္ဗာန်ရဲ့ တည်ရှိမှုကို ဘာမှုမရှိမှု အဘာဝ *Nothingness* အနေနဲ့တော့ မယူဆထားပါဘူး။

လယ်တီ ဆရာတော်ကြီးကလည်း 'ကိလေသာခန္ဓာတို့၏ မရှိမှုကို ရည်၍ အဘာဝလို့ ဆိုရသော်လည်း အသင်္ခတ ပရမတ္ထအနေအားဖြင့် ထင်ရှားကေန် ရှိရိုးမှန်သော ဘာဝ *Existence*

ပင် ဖြစ်ပါတယ်၊ အကယ်၍ ထိုဘာဝ မရှိခဲ့ပါက လောကသုံးပါးမှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာဆိုပြီး ရှိတော့မည် မဟုတ်ပါ' လို့ နိဗ္ဗာနဒီပနီကျမ်းမှာ ရေးသားထားပါတယ်။

ဒါကြောင့်မို့ နိဗ္ဗာန်မှာ ဘာမျှ မရှိဘူးဆိုတာထက် မည်သည့် ဒုက္ခမှ မရှိ၊ လောကခံ မရှိ၊ ရုပ်နာမ် မရှိ၊ ကိလေသာ မရှိ၊ အို နာ သေ မရှိဘဲ ငြိမ်းအေး ချမ်းသာမှုအတိနဲ့ လွတ်မြောက်မှု ရှိတယ်ဆိုတာကို ပြောပြချင်ပါတယ်။

ပိဋကတ်တော်ထဲမှာ ကွယ်လွန်ပြီးနောက် နိဗ္ဗာန်သို့ ဝင်ရောက်သွားတယ်ဆိုတဲ့ အသုံးမရှိဘဲ ဘုရား၊ ရဟန္တာတို့ ပရိနိဗ္ဗုတော 'ချုပ်ငြိမ်းသွားပြီ' လို့ပဲ ဆိုထားပါတယ်။

ဒီလိုဆိုထားလို့ အရာခပ်သိမ်း အလုံးစုံချုပ်ပျောက် သွားတာမျိုး မဟုတ်ဘဲ ဘဝသံသရာမှာ အဖန်ဖန်တလဲလဲ မွေးဖွားခြင်းကို ဖြစ်စေတဲ့ ကိလေသာ *Defilement* တွေပဲ ချုပ်ငြိမ်းသွားတာပါ။

မသင်းက 'ကိလေသာတွေ ချုပ်ငြိမ်းသွားလို့ အေးမြသွားတာဟာ နိဗ္ဗာန်ပဲပေါ့'

'မှန်ပါတယ်၊ နိဗ္ဗာန်ဆိုတာ ကိလေသာတွေ ကုန်ခမ်းသွားလို့ အလွန်အေးမြတဲ့ ငြိမ်းချမ်းမှု *State of extreme peacefulness* သဘောပါ'

ကျွန်တော်တို့ ဂေါတမမြတ်စွာဘုရားဟာ အဖန်တလဲလဲ မွေးဖွားရခြင်း၊ အိုမင်းရင့်ရော်ခြင်း၊ နာမကျန်းဖြစ်ရခြင်း၊ သေခြင်း

တို့မှ ကင်းလွတ်ဝေးတဲ့ လွတ်ငြိမ်းမှုကို ရယူချင်လို့ သိဒ္ဓတ္ထ မင်းသားဘဝမှာ ဇနီး ယသော်ဓရာ၊ သားရာဟုလာနဲ့ မင်းစည်းစိမ်များကို စွန့်ပြီး တောထဲမှာ တရားရှာဖွေ ကျင့်ကြံ အားထုတ်ခဲ့ပါတယ်။

ကဆုန်လပြည့်နေ့ သဗ္ဗညုတဉာဏ် ရရှိပြီး မြတ်ဗုဒ္ဓ အဖြစ်သို့ ရောက်ရှိသွားတဲ့အခါ ဒီလွတ်ငြိမ်းမှု *'Liberation'* ကို နိဗ္ဗာန် အဖြစ် တွေ့ရှိသွားပါတယ်။

ဗုဒ္ဓမြတ်စွာက ကမ္ဘာလောကမှာ ရှိရှိသမျှ အကုသိုလ်တွေရဲ့ မူလအရင်းအမြစ်ဟာ ရာဂ၊ ဒေါသ၊ မောဟ ဖြစ်ပါတယ်လို့ဆိုပါတယ်၊ ဒီကိလေသာများ ရှိနေရင် ချမ်းမြေ့စွာ မနေနိုင်လို့ ယင်းတရားများမှ လွတ်ငြိမ်းသွားတာဟာ အမြိုက်နိဗ္ဗာန်ပါ။

အရှင်သာရိပုတ္တရာမှ မိမိ၏အဖော်ရဟန်းများကို 'ငါ့ရှင်တို့၊ ရာဂ၏ ကုန်ခန်းခြင်း၊ ဒေါသ၏ ကုန်ခန်းခြင်း၊ မောဟ၏ ကုန်ခန်းခြင်းကို နိဗ္ဗာန်လို့ခေါ်တယ်...' ဆိုတဲ့ ဟောကြားမှုဟာလည်း နိဗ္ဗာန်ရဲ့ အကောင်းဆုံး အဓိပ္ပါယ် ဖွင့်ဆိုမှုလို့ ပြောလို့ရပါတယ်။

တကယ်တော့ နိဗ္ဗာန်သို့ရောက်သွားတယ် နိဗ္ဗာန်ကိုရတယ် ဆိုတာမှာ လက်ရှိ ရုပ်နာမ်ခန္ဓာမှာ တဏှာ၊ ကိလေသာ ချုပ်ငြိမ်းသွားတဲ့ သဘာဝ နိရောဓသစ္စာကို စိတ်မှ 'မဂ္ဂသစ္စာ' နဲ့ထိုးထွင်း သိမြင်သွားတာပါ။

ဆရာဖေသိန်းက ' နိဗ္ဗာန်ကို အတိအကျ ဘယ်လိုပြောနိုင်လဲ ဆရာ'

'နိဗ္ဗာန်ဟာ လောကုတ္တရာနယ် *Supramundane* ထဲမှာ ရှိလို့ လောကီနယ်ထဲကစကားနဲ့ ဘဝင် ကျသွားလောက်အောင် အတိအကျဖြေလို့ မရနိုင်ပါဘူး ဆရာဖေရယ်'

ကျွန်တော်တို့ အားလုံးဟာ တကယ်တော့ ဘဝနဲ့ပတ်ဝန်းကျင် လောကကြီးကနေ သိရှိထားတဲ့ ဗဟုသုတတွေနဲ့ပဲ နိဗ္ဗာန်ကို မှန်းဆပြီး ပြောနေကြတာပါ၊ ဒါပေမဲ့ တရားအသိဉာဏ် ပွင့်လင်းသွားတဲ့ ဘုရား၊ ရဟန္တာတွေ တွေ့ကြုံသိသွားတဲ့ လောကုတ္တရာအသိမျိုး မဟုတ်တော့ လောကီနယ်ထဲမှာ ဒီအတွေ့အကြုံကို ထုတ်ဖော် ပြောဖို့ စကားလုံးမရှိ ဖြစ်နေပါတယ်။

ဒီနေရာမှာ အလွန်ထင်ရှားတဲ့ 'ငါးနဲ့မိကျောင်း အခြေအတင် စကားပြောဆိုတဲ့' *Fish and Crocodile Dialogue* ဥပမာ လေးက အလွန်ကောင်းပါတယ်။

လူသူအလွန်ဝေးတဲ့ ရေကန်တစ်ခုမှာ ငါးကြီးတစ်ကောင်နဲ့ မိကျောင်းဟာ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတွေပါ၊ တစ်နေ့မှာ…

မိကျောင်းက သူ့ရဲ့မိတ်ဆွေငါးကို 'မိတ်ဆွေ ငါးကြီးရေ… ငါ ဒီနေ့ ကုန်းမြေပေါ်မှာ လျှောက်သွားပြီးမှ ရေကန်ကိုပြန်လာ ခဲ့တာ'လို့ ပြောတဲ့အခါ ငါးက 'သင်-ကုန်းပေါ်မှာ ရေကူးခဲ့ သေးလား'လို့ ပြန်မေးပါတယ်။

ဒီအခါ မိကျောင်းက 'ကုန်းဆိုတာ ရေကူးလို့မရဘဲ မာသော မြေမျက်နှာပြင်သာရှိတယ်'လို့ ကြိုးစား ရှင်းပြပါတယ်။

ဒါပေမဲ့ ငါးက 'သင်ပြောသလို မဖြစ်နိုင်ပါဘူး၊ ကုန်းမြေမှာ ရေငုပ်လို့၊ ရေကူးလို့ရမှာ…'လို့ ဖွတ်အတင်း ပြောပါတယ်၊

ဒါကြောင့်မို့ နိဗ္ဗာန်ရဲ့ သဘာဝဟာလည်း လူ့လောက အတွေ့အကြုံ နဲ့ဆိုရင် နားလည်အောင်ပြောဖို့က တော်တော်ခက်ပါလိမ့်မယ်။

ဒါကြောင့်မို့ နိဗ္ဗာန်ဟာ ပါဠိလို အတက္ကာဝစရ *Inaccessible to discursive thought* လို့ခေါ်တယ်၊ တွေးခေါ် ကြံဆပြီး သိနိုင်တဲ့အရာမျိုးမဟုတ်ဘူးလို့ အဓိပ္ပါယ်ရတယ်။

တကယ်တော့ နိဗ္ဗာန်ဆိုတာ စိတ်အတွေး စိတ်အသိတစ်ခုရဲ့ တစ်ခုသောအဆင့်၊ တစ်ခုသော အခြေအနေရဲ့ အမည်နာမပါ၊ စိတ်ရဲ့ ထူးခြားသောအခြေအနေ တစ်ခုလို့လည်း ဆိုနိုင်ပါတယ်၊ ဗုဒ္ဓမြတ်စွာကလည်း တရား ဘာဝနာအားထုတ်ပြီး မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရရှိမယ်ဆိုရင် ယခုဘဝမှာပဲ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပါတယ်လို့ ဟောခဲ့ပါတယ်။

ဆရာဖေသိန်းက 'ဒီလိုဆို နိဗ္ဗာန်ဟာ ဘဝထဲမှာပဲ ရှိတာပေါ့'

'အဲဒီလိုလည်း ဆိုနိုင်ပါတယ်၊ နိဗ္ဗာန်ဟာ တကယ့် အရှိတရား အမှန်တရား တစ်ခုဖြစ်လို့ မျက်မှောက်ပြုနိုင် မြင်နိုင်တဲ့ ဒိဋ္ဌဓမ္မတရား *Objective reality* ပါ၊ ဒါကြောင့်မို့ လောဘ, ဒေါသ, မောဟများ မရှိတော့ဘူးဆိုရင် ဘဝရဲ့စင်ကြယ်မှုဟာ လွတ်မြောက်ငြိမ်းချမ်းမှုအနေနဲ့ ပေါ်ပေါက်လာပါတယ်၊ ဝိသုဒ္ဓိမဂ်မှာလည်း

နိဗ္ဗာန်ကို အဆုံးစွန်သော စင်ကြယ်မှု *Absolute Purity* လို့ ဆိုထားပါတယ်'

'တကယ်တော့ နိဗ္ဗာန်ရဲ့သဘော နိဗ္ဗာန်ရဲ့အရသာဟာ ပြောပြဖို့ အလွန် ခက်ခဲလှပါတယ်။ အသိပညာနဲ့ တွေးခေါ်သိလို့ ရတာမျိုး မဟုတ်ဘဲ လက်တွေ့ ဘာဝနာတရားကို ကျင့်ကြံအားထုတ်မှ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ အာလောကော ဥဒပါဒိ ဆိုတဲ့အတိုင်း တရားဉာဏ်အလင်း *Enlightenment* ပွင့်လင်းသွားပြီး မျက်မှောက် ပြုနိုင်မှာပါ'

မသင်းက 'ညီမတို့ ဩကာသရွတ်ဆိုပူဇော်တိုင်း နိဗ္ဗာန်ချမ်းသာ ရရပါလို၏ ဆိုပြီး ဆုတောင်းနေကြ၊ အဲဒီချမ်းသာကိုလည်း သိချင်ပါတယ်'

'နိဗ္ဗာန်ဟာ ဒုက္ခအပေါင်းမှ လွတ်ငြိမ်းခြင်းဖြစ်လို့ အမြင့်မြတ်ဆုံးသော ချမ်းမြေ့မှုပါ၊ အာရုံ ခံစားမှုများမှကင်းတဲ့၊ အစားအစာ စားသောက်မှုကင်းတဲ့၊ အထောက်အပံ့ အမှီအခိုကင်းတဲ့ ရှင်လန်းချမ်းမြေ့မှုဆိုတော့ လူ့ဘဝမှာ တွေ့ကြုံနေရတဲ့ ချမ်းသာတာမျိုးနဲ့ မတူပါဘူး'

လူ့ဘဝ ချမ်းသာဆိုတာ ရာဂ၊ ဒေါသ၊ မောဟ တွေရှိနေလို့ ခံစားမှုဝေဒနာရှိတဲ့ ဝေဒယိတသုခ *Happiness with feeling* ပါ။

မစန္ဒာက 'နိဗ္ဗာန်ချမ်းသာနဲ့ ဘယ်လိုကွာလဲ ဆရာ'

'နိဗ္ဗာန်ချမ်းသာဆိုတဲ့ သင်္ကေတခမှာ ခံစားမှု လုံးဝမရှိ ပါဘူး၊ ဒါကြောင့်မို့ *Happiness without feeling* လို့ ပြန်တယ်'

မစန္ဒာက 'ခံစားမှုမရှိတဲ့ နိဗ္ဗာန်ဟာ ဘယ်လိုချမ်းသာတာလဲ ဆရာ'

'သမီးမေးတာလေးက ကောင်းတယ်၊ သမီးမှ မဟုတ်ဘူး၊ ဒီနေရာမှာ ခံစားမှု မရှိတဲ့ နိဗ္ဗာန်မှာ ချမ်းသာတယ်ဆိုတာ အလွန် နားလည်ရ ခက်ခဲလို့ အရှင်ဥဒါယီမထေရ်ကြီးတောင် တော်တော် နဲ့ သဘောမပေါက်နိုင်ဘူး'

တစ်ခါက ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတိုက်ကြီး မှာပါ၊ အရှင်သာရိပုတ္တရာက ရဟန်းတော်များကို -

'နိဗ္ဗာန်ဟာ ချမ်းမြေ့မှု ရှိတယ်၊ နိဗ္ဗာန်ဟာ ချမ်းသာတယ်' လို့ ထပ်တလဲလဲ မိန့်ဆိုပါတယ်'

ဒီအခါ နိဗ္ဗာန်မှာ ခံစားမှု မရှိတာကို မကျေနပ်နိုင်တဲ့ အရှင် ဥဒါယီက -

'ငါ့ရှင် သာရိပုတ္တရာ၊ ခံစားမှု မရှိသော နိဗ္ဗာန်မှာ ဘယ်လို ချမ်းသာ ဖြစ်နိုင်မှာလဲ...' လို့ မေးပါတယ်။

'ငါ့ရှင် ခံစားမှုဝေဒနာ မရှိခြင်းသည်ပင်လျှင် ချမ်းသာ ဖြစ်၏...' လို့ ဖြေလိုက်ပါတယ်။

အရှင်သာရိပုတ္တရာရဲ့ အဖြေဟာ အဘိဓမ္မာသဘောဆန် သလို ရိုးရိုး တွေးခေါ်ကြည့်လိုက်ရင် သဘောပေါက်ဖို့လည်း ခဲယဉ်းလှပါတယ်။

နှစ်သက်ဖွယ် အာရုံများမရှိဘဲ နိဗ္ဗာန်မှာ ချမ်းမြေ့မှု ရှိတယ် ဆိုတာကိုထောက်ခံတဲ့ သာဓကကတော့ နိရောဓ သမာပတ် *'Attainment of Cessation of Consciousness'* ဝင်စား နေတဲ့အခါပါ။

ခုနစ်ရက်တာ သမာပတ်ဝင်စားနေတဲ့ အရိယာ ပုဂ္ဂိုလ်ဟာ ဘာတစ်ခုမျှ မစားသောက်ဘဲ ငြိမ်းချမ်းစွာ နေနိုင်လို့ နိဗ္ဗာန်ရဲ့ ရှင်လန်း ချမ်းမြေ့မှုကိုလည်း နိရောဓ သမာပတ် ဝင်စားတာနဲ့ လောကီလွန် အခိုက်အတန့်မှာ ယှဉ်ပြထားပါတယ်။

ဝေဒယိတသုခနှင့် သန္တိသုခတို့ရဲ့ မတူညီမှုကို ဝိပဿနာ ကျင့်ကြံ အားထုတ်မှုဖြင့်သာ သိရှိနိုင်မှာပါ။

ကျွန်တော်တို့ လောကီနယ်ထဲက လူပုဂ္ဂိုလ်တွေကတော့ ကြွယ်ဝချမ်းသာမှု၊ အောင်မြင်မှု၊ အာဏာ၊ ကြီးစွာသော စည်းစိမ် တို့ကိုပဲ ချမ်းသာတယ်လို့ ယူဆနေကြမှာပါ။

ဆရာဖေသိန်းက 'ဆရာတော် အရှင်ဇနကာဘိဝံသရဲ့ စာအုပ်ထဲမှာ လူ့ဘဝချမ်းသာကို ခံစားနေတယ်ဆိုတာ ယားနာ ဖျောက်နေရတာ နဲ့တူတယ်ဆိုပြီး ရေးထားတယ်၊ ယားနာစွဲကပ် လာရင် အတွင်းက ပိုးထိုးတိုင်း အယားဖျောက်ပေး နေရပါတယ်၊ ဖျောက်လို့ မကြာခင်မှာ ယားလာပြန်တော့ ယားနာဖျောက်လို့ မအားရအောင်ပင် ဖြစ်နေရတာပေါ့'

'မှန်ပါတယ်၊ ဆရာတော်က ရှင်းရှင်းလင်းလင်း မြင်အောင် ပြောပြထားတယ်၊ လူ့ဘဝချမ်းသာ ဆိုတာကလည်း ဒီအတိုင်း

ပါပဲ၊ အတွင်းက ကိလေသာတွေ ရှုပိုးထိုးတိုင်း ကာမဂုဏ်တွေကို ရှာဖွေနေရလေ ဆိုတော့ ဘဝခရီးမှာ မနားရအောင် လှုပ်ရှားပြီး ခံစားမှုဝေဒနာတွေနဲ့ နေနေရတာပါ'

နိဗ္ဗာန်မှာ ဒီလိုခံစားမှု ဝေဒနာကင်းခြင်း သဘောရှိလို့ အလွန် ငြိမ်းချမ်းတဲ့ 'သန္တိသုခ' လို့ ခေါ်တာပါ။

ဆရာကျော်မြင့်က 'နိဗ္ဗာန်မျက်မှောက် ပြုပြီးသွားရင် ဘာ ဆက်ဖြစ်ဖို့ ရှိသေးလဲ ဆရာ'

'နိဗ္ဗာန်ဟာ အဆုံးစွန်သော သစ္စာတရားဖြစ်လို့ သူ့နောက်မှာ ဘာမှဆက်ဖြစ်စရာ မရှိတော့ပါဘူး ဆရာကျော်ရယ်'

မိုးကုတ်ဆရာတော်ကြီးကလည်း ဒီအမေးကို သဘာဝ ဓမ္မနဲ့ ဆက်စပ်ပြီး နားလည်လွယ်အောင် ရှင်းပြထား ပါတယ်။ သဘာဝ တရားအရ အမှောင်ရှိရင် အလင်း၊ အပူရှိရင် အအေး၊ အတက် ရှိရင် အကျဆိုတာ ရှိသလို၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုတာ ရှိရင် မအိုရာ၊ မနာရာ၊ မသေရာ ဆိုတဲ့ နေရာလည်း သဘာဝ နိယာမအရ ရှိပါတယ်။

'နိဗ္ဗာန်ဆိုတာ သဘာဝနိယာမနဲ့ ပရမတ်သဘောအရ အဆုံး စွန်သောသစ္စာ *Ultimate truth* အဖြစ်ရှိနေလို့ နိဗ္ဗာန်ကို သစ္စာတရားလို့လည်း ပြောနိုင်ပါတယ်၊ ဗုဒ္ဓမြတ်စွာ ကလည်း သစ္စာသို့ ရောက်စေတတ်သော လမ်းစဉ်ကို ငါ ဟောကြားမည် လို့ ဆိုထားပါတယ်'

ဒီနေရာမှာ ဓမ္မာစရိယ ဦးဌေးလှိုင်ရေးသားတဲ့ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်ထဲက သထုံဇေတဝန် ဆရာတော်ကြီး တရားအလင်းရရှိတာနဲ့ ဆက်စပ်ပြီး ရှင်းပြပေးပါ့မယ်။

ဆရာတော် ငယ်စဉ် နာမည်မကျော်ကြားခင်က စစ်ကိုင်း အလယ်တောရဆရာတော်ကြီးရဲ့ ခြေတော်ရင်းမှာ သီတင်းသုံး ခဲ့ပါတယ်။ အဲဒီအခါက ဆရာတော်ဟာ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ဖို့ ကြိုးပမ်းအားထုတ်ပေမယ့် ဘယ်နည်းနဲ့ အားထုတ်ရမှာကို မသိသေးလို့ ကျမ်းစာတွေကိုပဲ အချိန်ရှိသရွေ့ ရွတ်ဖတ်ရှာဖွေ နေပါတယ်။

တစ်နေ့ ကိုယ်ရထားတဲ့ စာတွေကို ရွတ်ဆို နေခိုက်မှာ အလယ်တောရ ဆရာတော်ဘုရားကြီး တွေ့ရှိသွားပြီး-

'မောင်ပဥ္စင်း၊ ဘယ်အတွက် စာတွေကို ကြိုးစားရွတ်ဖတ် နေသလဲ' လို့ မေးပါတယ်-

'နိဗ္ဗာန် လိုချင်လို့ပါဘုရား' ဆိုတော့

အလယ်တောရ ဆရာတော်ကြီးက-

'မောင်ပဥ္စင်း ... နိဗ္ဗာန်ကို လိုချင်ရင် ဘူတံ ဘူတတော ပဿတိ လောက်နဲ့ ရနိုင်ပါတယ်ဗျာ'လို့ မိန့်ကြားလိုက်ပါတယ်။ ဇေတဝန် ဆရာတော်လောင်းလျာလည်း ဒီစကားရဲ့အဓိပ္ပါယ်ကို အထပ်ထပ် ရွတ်ဆိုစဉ်းစားပြီးတော့-

'အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း သိမြင်ရင် နိဗ္ဗာန် ရတာပါပဲ' လို့ သဘောပေါက်သွားပါတယ်။

တကယ်တော့ တစ်လောကလုံးမှာရှိတဲ့ သတ္တဝါအားလုံးကို အရှိကို အရှိအတိုင်း မြင်ကြည့်လိုက်ရင် ရုပ်နဲ့နာမ်သာ ရှိပါတယ်။ ရုပ်နာမ်ရဲ့ အစိုးမရ မမြဲတဲ့ သဘောသဘာဝကို သိမြင်သွားရင် ဖြစ်ပျက်ခြင်းရှိတဲ့ သင်္ခါရနယ်ထဲကနေ ဖြစ်ခြင်းပျက်ခြင်း ကင်းတဲ့ အသင်္ခါရ နိဗ္ဗာန်ကို မျက်မှောက် ပြုသွားနိုင်မှာပါ။

နိဗ္ဗာန်ဟာ လှိုင်းလေထန်တဲ့ ဘဝပင်လယ်အတွင်းက လုံခြုံ စိတ်ချရသော ကျွန်းသဖွယ်လည်းဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာ ကလည်း-

'ကြောင့်ကြမှုကင်းသော၊ တဏှာဒိဋ္ဌိကင်းသော ဤ နေရာ ကား မြတ်သောကျွန်းဖြစ်၏။ ဇရာ၊ မရဏချုပ်ငြိမ်းရာ ဖြစ်သော ယင်းကျွန်းကို နိဗ္ဗာန်ဟု ငါဆို၏' လို့ ဟောကြားခဲ့ပါတယ်။

နိဗ္ဗာန်ဆိုတာ ဒုက္ခများစွာမှ ချုပ်ငြိမ်းသွားတာပါ၊ ကြွေးတင် နေသူတစ်ယောက်ဟာ ကြွေးဆပ်လိုက်ရတဲ့အခါမှာ, ရောဂါ ဝေဒနာ ခံစားနေရသူဟာ ဝေဒနာ လုံးဝပျောက်ကင်းသွားတဲ့ အခါ, ကျေးကျွန်တစ်ဦးဟာ ကျေးကျွန်ဘဝမှ လွတ်မြောက်သွားတဲ့ အခါ ရွှင်လန်းဝမ်းမြောက် ရသလို တဏှာကင်းတဲ့ပုဂ္ဂိုလ်မှာလည်း ရွှင်လန်းချမ်းမြေ့မှု ဖြစ်ပေါ်လာပါတယ်။ ဒီရွှင်လန်း ချမ်းမြေ့မှုဟာ နိဗ္ဗာန်ရဲ့ရသလို့လည်း ပြောနိုင်ပါတယ်။

နိဗ္ဗာန်ဟာ ဒုက္ခအပေါင်းမှ ချုပ်ငြိမ်းတယ်လို့ ဆိုထားတဲ့ အတွက် မိလိန္ဒပဉှာမှာ မိလိန္ဒမင်းကြီး ယူဆထားတာကို တင်ပြ လိုပါတယ်။

မင်းကြီးက 'နိဗ္ဗာန်ကိုရဖို့ ကြိုးစားနေသူ တစ်ယောက်ဟာ မိမိရဲ့ ကိုယ်၊ စိတ်၊ နှလုံး၊ ဆန္ဒနဲ့ ကိလေသာ တွေကို ချုံးနှိမ်ထားရလို့ နိဗ္ဗာန်မှာ ဆင်းရဲဒုက္ခ အနည်းနဲ့ အများဆိုသလို ရှိနေမယ်လို့ ယူဆပါတယ်ဘုရား…'

ရှင်နာဂသိန်က 'မင်းကြီး နိဗ္ဗာန်မှာ ဒုက္ခဆိုတာ စိုးစဉ်းမျှ မရှိဘဲ သုခအတိသာ ဖြစ်တယ်၊ ဒါကလည်း မင်း ဖြစ်ဖို့ ဒုက္ခအမျိုးမျိုးခံပြီး ကြိုးစားရပေမယ့် မင်းစည်းစိမ် ရရှိခြင်းကတော့ ဆင်းရဲဒုက္ခ မဟုတ်ပါဘူး၊ အလားတူ နိဗ္ဗာန်ကလည်း ဒီသဘောနဲ့ ထပ်တူပါပဲ' လို့ ဖြေကြားခဲ့ပါတယ်။

နိဗ္ဗာန်ကို ပင်လယ်သမုဒ္ဒရာနဲ့ ကြာပွင့် *The Ocean and the lotus* ဥပမာနဲ့လည်း နှိုင်းယှဉ် ပြနိုင်ပါတယ်။ ပင်လယ်သမုဒ္ဒရာမှာ ကြာပွင့်တွေ မပေါက်ရောက်သလို နိဗ္ဗာန်မှာလည်း ကိလေသာ အညစ်အကြေးတွေ ကပ်ငြိတွယ်ထားတာ မရှိလို့ အလွန် သန့်ရှင်းစင်ကြယ်ပါတယ်။

မစန္ဒာက 'ဒါဆို နိဗ္ဗာန်ဟာ ကြာပွင့်တွေမရှိတဲ့ သမုဒ္ဒရာကြီးနဲ့ တူတာပေါ့'

'အဲဒီလို တင်စားပြီး ပြောနိုင်ပါတယ်၊ နောက် နိဗ္ဗာန်ကို တာဝတိံသာ နတ်သိကြားတို့နေရာ သုဒဿနမြို့နဲ့လည်း ဥပမာ ပေးကြပါတယ်၊ အသုရာနဲ့ နတ်သိကြားတွေဟာ ဝဿာန်အခါမှာ စစ်တိုက်လေ့ ရှိကြပါတယ်'

ဆရာဖေသိန်းက 'ဆရာမြို့မငြိမ်း ရေးဖွဲ့ပြီး ကိုအံ့ကြီး ဆိုထားတဲ့ သခွတ်ပန်း *The trumpet flower* သီချင်းကို

သတိရတယ်၊ အဲဒီမှာ သားမက်ဖြစ်သူ သိကြားမင်းနဲ့ ယောက္ခမ အသူရာမင်းတို့ ဘောက်ကျပြီး စစ်တိုက်ကြလို့ မိုးတွေကလည်း မစဲတော့ဘဲ ထစ်ချုန်းရွာနေတာကို ရေးဖွဲ့ထားတယ်'

'မှန်ပါတယ်၊ နတ်သိကြားနဲ့ အသူရာတို့က အပြန်အလှန် သူနိုင်ကိုယ်နိုင်ပါပဲ၊ တစ်ခါတရံ နတ်သိကြားတွေ ရှုံးနိမ့်တဲ့အခါ မှာတာဝတိံသာက သူတို့နေတဲ့ သုဒဿနမြို့ထဲသို့ ပြေးဝင်ဆုတ်ခွာ ကြပါတယ်၊ မြို့တွင်းရောက်တဲ့အခါမှ စိတ်ချလက်ချနေလို့ ရသွား ပါတယ်၊ ဒါကလည်း အသုရာနတ်တွေဟာ သုဒဿနမြို့ရိုး အတွင်း သို့ ခုန်ကျော် ဖောက်ဝင်ဖို့ မစွမ်းလို့ပါ'

'အသူရာတို့ မအောင်နိုင်သော နေရာဖြစ်လို့ သုဒဿနမြို့ကြီး ကို အယုဇ္ဈာဘူမိ *Unconquerable City* လို့လည်း ခေါ်တယ်'

အလားတူ အသူရာတို့နဲ့တူတဲ့ ဒေဝပုတ္တမာရ်၊ ကိလေသာ မာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်ဆိုတဲ့ မာရ်ငါးပါးဟာ နိဗ္ဗာန်ရောက်ရှိသွားသောသူကို ဖျက်ဆီးလို့ မရနိုင်တော့ပါဘူး၊ ဒါကြောင့်မို့ နိဗ္ဗာန်ကို ဘဝပင်လယ်အတွင်းက လုံခြုံစိတ်ချ ရတဲ့ကျွန်း *The Safest Island* ဒါမှမဟုတ် နန်းမြို့တော်လို့ တင်စားခေါ်ပါတယ်။

မသင်းက 'မာရ်ဆိုတာကို နည်းနည်း ရှင်းပြပေးပါလား'

'မာရ်ဆိုတာ မာရဆိုတဲ့ ပါဠိစကားကနေ ဆင်းသက်လာတဲ့ မြန်မာဝေါဟာရ တစ်ခုပါ၊ မာရ *Mara* ကို အင်္ဂလိပ်လို *Death, Killing, The Temper, The Evil Principle* လို့ ခေါ်တယ်၊

မြန်မာလို သေခြင်း၊ သတ်ခြင်း၊ သွေးဆောင်ဖွဲ့သူ၊ အယုတ်တရား အစုလို့ အဓိပ္ပါယ်ရတယ်'

ဒေဝပုတ္တမာရ် *The death-dealing deva* ဆိုတာ အများသိကြတဲ့ မာရ်နတ်မင်းကို ပြောတာပါ။

'မာရ်နတ်မင်းက ဘယ်ဘုံမှာ နေတာလဲ ဆရာ'

'သူက နတ်ပြည်ခြောက်ထပ်မှာ အပေါ်ဆုံးက ပရနိမ္မိတ ဝသဝတ္တိနတ်ဘုံမှာ နေတယ်'

ကိလေသာမာရ် *The defilements* ဆိုတာ တစ်ထောင့်ငါးရာ ကိလေသာတွေကို ပြောတာပါ။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယဆိုတဲ့ ကိလေသာတွေဟာ သူတို့ကို လက်ခံထားတဲ့သူကို ပူလောင်အောင်၊ ညစ်နွမ်းအောင်၊ ပင်ပန်းဆင်းရဲအောင် ပြုလုပ်နှိပ်စက်တတ်လို့ 'မာရ်'လို့ ခေါ်တာပါ။

အဘိသင်္ခါရမာရ် *Volitional actions, both good and evil, that tend to rebirth* ဆိုတာ မိမိပြုလုပ်ထားတဲ့ ကုသိုလ်၊ အကုသိုလ်ကံတွေပါ။

မည်သူမပြု၊ မိမိမှုဆိုတဲ့အတိုင်း ကောင်းမှုကုသိုလ်ကံတွေကြောင့် နောင်ဘဝတွေမှာ ကောင်းတဲ့ သုဂတိဘဝတွေကို ရောက်ကြရသလို အကုသိုလ်တွေကြောင့်လည်း ယုတ်ညံ့တဲ့ ဒုဂ္ဂတိဘဝတွေကို ရောက်ကြရပါတယ်။ ဒါပေမဲ့ ဘယ်လိုဘဝတွေပဲ ရောက်ရောက် ဖြစ်ရာဘဝတွေမှာ မွေးဖွားခြင်းရှိတဲ့အတွက် အဖန်တလဲလဲ သေရဦးမှာပါ။ ဒီလိုဘဝ အသစ်သစ်တွေကို ဖြစ်စေ

တတ်လို့ ကုသိုလ် အကုသိုလ်ကံအားလုံးကို သင်္ခါရမာရ် လို့ ခေါ်တာပါ။

ခန္ဓမာရ် *The five aggregates of existence* ဆိုတာ မိမိရရှိထားတဲ့ ခန္ဓာငါးပါး အစုအဝေးကြီးကို ဆိုလိုတာပါ။ ဘယ်ရုပ် ခန္ဓာပဲဖြစ်ဖြစ် နောက်ဆုံးတော့ ခန္ဓာပိုင်ရှင်ကို ဒုက္ခမျိုးစုံနဲ့ ညှဉ်းပန်း နှိပ်စက်ပြီး သေခြင်းနဲ့ အဆုံးသတ်ပေးလို့ ခန္ဓာကိုယ်ကြီး ကိုလည်း မာရ်လို့ ခေါ်ပါတယ်။

မစ္စုမာရ် *Death* ဆိုတာကတော့ သေခြင်းတရားပါ။ 'ဤအရာကား တားဆီးလို့မရပါ' ဆိုသလို သေခြင်းကိုလည်း ဘယ်သူမှ တားဆီးလို့မရပါဘူး။ ဘုရားရှင် ကိုယ်တော်မြတ်ကြီး တောင်မှ နောက်ဆုံးဘဝမှာ သေခြင်းတရားနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

သေခြင်းဟာ မသေမီမှာ သတ္တဝါတွေကို ရောဂါ ဝေဒနာ မျိုးစုံနဲ့ နှိပ်စက်၊ မိမိ သံယောဇဉ် တွယ်တာရသူတွေနဲ့ ခွဲခွာရမယ့် အရေးအတွက်တွေးပြီး ပူဆွေးရတဲ့ စိတ်ဆင်းရဲမှုဒဏ်နဲ့လည်း နှိပ်စက်၊ လားရာဂတိကိုတွေးပြီး ကြောက်ရွံ့ရတဲ့ ဒဏ်တွေနဲ့လည်း နှိပ်စက်တတ်လို့ သေခြင်းကို မာရ်လို့ ခေါ်ပါတယ်။

ကျွန်တော်တို့ ဂေါတမ မြတ်စွာဘုရားရှင်ဟာ ကောဇာ သက္ကရာဇ် ၁၀၃ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ဗောဓိညောင်ပင် ရင်းက အပရာဇိတပလ္လင်ထက်မှာ မာရ်ငါးပါးကို အောင်မြင်ခဲ့ပြီး သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်ခဲ့ပါတယ်။

'အဲဒီမှာ ဒေဝပုတ္တမာရ်ကို ဖြည့်ဆည်းထားတဲ့ ပါရမီတွေနဲ့ သစ္စာစွမ်းအား၊ မေတ္တာတန်ခိုး အာနိသင်တွေကြောင့် အောင်မြင်ခဲ့ပါတယ်၊ ကိလေသာမာရ်နဲ့ အဘိသင်္ခါရမာရ်ကို အရဟတ္တမဂ်တန်ခိုးနဲ့ အောင်မြင်ခဲ့ပြီး ခန္ဓမာရ်နဲ့ မစ္စုမာရ်ကိုတော့ အကြောင်းဖြစ်တဲ့ အဝိဇ္ဇာနဲ့တဏှာ ချုပ်ငြိမ်းသွားလို့ အောင်မြင်ခဲ့ပါတယ်'

မစန္ဒာက 'မာရ်ငါးပါးမှာ ဘယ်မာရ်က အဓိကအကျဆုံးလဲ ဆရာ'

'မာရ်ငါးပါးမှာ ကိလေသာမာရ်က အခက်ခဲဆုံးနဲ့ အဓိကအကျဆုံးပါ၊ ကိလေသာကင်းနေရင် မာရ်နတ်ကိုလည်း ကြောက်စရာမလိုတော့သလို ကုသိုလ်၊ အကုသိုလ်ကံတွေလည်း ထပ်ပြီးဖြစ်ခွင့်မရလို့ ဘဝသစ် ဖြစ်စရာလည်း မရှိတော့ပါဘူး'

မာရ်ငါးပါးမှ လွတ်မြောက်နိုင်ဖို့က သတိပဋ္ဌာန်လမ်း ကို လျှောက်လှမ်းရမှာဖြစ်လို့ မြတ်စွာဘုရားက-

'မာရ်နတ်မင်းရဲ့နယ်ပယ်က လွတ်မြောက်ဖို့ တစ်ခုတည်းသောလမ်းက သတိပဋ္ဌာန်လမ်းပဲ ဖြစ်တယ်...' လို့ ဟောကြားခဲ့တာပါ။

*This is the only path; there is none other for the purification of insight. Follow this path, and you will bewilder Mara.*

မသင်းက 'ထေရဝါဒနဲ့ မဟာယာနဝါဒမှာ နိဗ္ဗာန်အယူအဆက အတူတူပဲလား အစ်ကို'

'နိဗ္ဗာန်နဲ့ ပတ်သက်ပြီး လေ့လာကြည့်တော့ ထေရဝါဒနဲ့ မဟာယာန ဗုဒ္ဓဝါဒအကြားမှာ အယူအဆချင်း ခြားနားပေမယ့် သူတို့နှစ်ခုလုံးက နိဗ္ဗာန် ရှိတယ်ဆိုတာကို လက်ခံကြတယ်'

မဟာယာန ဗုဒ္ဓဝါဒီတို့က နိဗ္ဗာန်ဆိုတာ ပရိနိဗ္ဗာန်ပြုပြီးသော ရှေးဘုရားရှင်တို့၏ အထည်ကိုယ် အနှစ်အရသာကို ကိုယ်စားပြုတဲ့ တြိကာယအမြင်ကို စွဲကိုင်ထားကြပါတယ်။

'အဲဒါ ဘာကိုဆိုလိုတာလဲ ဆရာ'

'ဒီအမြင်က ဗုဒ္ဓဘုရားရှင်ရဲ့ အထည်ကိုယ်အမှန်ဟာ ကိုယ်ခန္ဓာသုံးမျိုး ဒါမှမဟုတ် ပုံသဏ္ဍာန်သုံးမျိုး တြိကာယ *Three Body* အနေနဲ့ ရှိတယ်လို့ ယူဆတာပါ၊ ဒါတွေကတော့ ဓမ္မကာယ၊ သမ္ဘောဂကာယနဲ့ နိမ္မာနကာယတို့ပါ'

ဓမ္မကာယဆိုတာ ပုံသဏ္ဍာန်မရှိဘဲ အမြဲတည်ရှိနေသော ဗောဓိဉာဏ်ရဲ့ အနှစ်သာရကို ဆိုလိုပါတယ်။

သမ္ဘောဂကာယဆိုတာ နိဗ္ဗာန်မှာတည်ရှိတဲ့ ဗောဓိဉာဏ်ရဲ့ အသွင်သဏ္ဍာန်ပါ။

နိမ္မာနကာယဆိုတာ ထင်ရှားဖြစ်ပေါ်လာတဲ့ ခန္ဓာကိုယ်၊ တနည်းအားဖြင့် သကျမုနိ ဗုဒ္ဓအဖြစ် လူ့လောကမှာ ပြန်လည် မွေးဖွားလာမယ့် ခန္ဓာကိုယ်ပါ။ မဟာယာနလိုပဲ ဟိန္ဒူဘာသာမှာ ဒီလို လူဝင်စားဘုရားတွေအကြောင်း ဖော်ပြထားတာ ရှိပါတယ်။

တြိကာယ ယူဆတာကို အခြေခံပြီး မဟာယာန ဗုဒ္ဓဝါဒီများအထူးသဖြင့် သုခဝတီဂိုဏ်းက မပြောင်းလဲသော ဗုဒ္ဓ အထည်ကိုယ်

ဟာ နိဗ္ဗာန်မှာ ထာဝရ တည်ရှိပါတယ်လို့ ယူဆကြတယ်။ ဗုဒ္ဓရဲ့ အထည်ကိုယ်ကို ပြင်းပြစစ်မှန်သော သဒ္ဓါတရား ရှိသူတွေသာ မြင်တွေ့နိုင်တယ်လို့လည်း ဆိုပါတယ်။

ကျွန်တော်တို့ ထေရဝါဒ ဗုဒ္ဓဘာသာမှာတော့ နိဗ္ဗာန်မှာ အထည်ကိုယ်အဖြစ် တည်ရှိတယ်ဆိုတာကို လက်မခံကြပါဘူး။

ဘုရားရဟန္တာများ ပရိနိဗ္ဗာန်စံပြီးနောက် ရုပ်သဘာဝနဲ့ နာမ်သဘော မရှိတော့ဘဲ ဘဝတည်ရှိမှု ခပ်သိမ်း ချုပ်ငြိမ်းသွားပါတယ်၊ ဒါကြောင့်မို့ အဖန်ဖန် မွေးဖွားရခြင်း၊ သေဆုံးရခြင်း ဆိုတဲ့ ဒုက္ခအပေါင်းမှ လွတ်မြောက်သွားပြီး ငြိမ်းအေး ချမ်းသာမှုပဲရှိပါတော့တယ်။

ဒီနေရာမှာ နိဗ္ဗာန်ဆိုတာ အလုံးစုံ ချုပ်ပျောက်သွားတာမျိုး မဟုတ်ဘဲ ကိလေသာမီးတွေ ချုပ်ငြိမ်းသွားလို့ ဒုက္ခအမျိုးမျိုးမှ ကင်းလွတ်သွားပြီး ချမ်းမြေ့မှု ရရှိသွားတာပါ။

နိဗ္ဗာန်ရဲ့ အထူးခြားဆုံး မြင့်မြတ်မှုက သင်္ခါရလောက၊ သတ္တလောက၊ ဩကာသလောကဆိုတဲ့ လောကသုံးပါးမှ လွတ်မြောက်မှုပါ။

သင်္ခါရလောကဆိုတာ ပြုပြင်ဖန်တီးမှု အောက်မှာရှိတဲ့ လောကီ ခန္ဓာငါးပါးပါ။ သတ္တလောကက စကြဝဠာအတွင်းရှိ မြင်အပ် မမြင်အပ်တဲ့ သတ္တဝါအားလုံးဖြစ်ပြီး ဩကာသလောက သုံးဆယ့်တစ်ဘုံကို ရည်ညွှန်းပါတယ်။ ပရိနိဗ္ဗာန်ပြုသွားတဲ့ ဘုရား၊ ရဟန္တာတို့ဟာ ဒီလောကသုံးပါးမှ လွတ်မြောက်သွားပြီဖြစ်လို့ ကာလဝိမုတ်လို့ ပြောနိုင်ပါတယ်။

ဆက်လက်လို့ သာသနာတော်မှာ နေလို၊ လလို ထင်ရှားခဲ့ကြသော ဆရာတော်ကြီးများ၏ နိဗ္ဗာန်နှင့်ပတ်သက်သော အယူအဆ များကိုလည်း တင်ပြလိုပါတယ်။

ပထမဦးစွာ အုတ်ဖိုဆရာတော်ဘုရားကြီးရဲ့ အယူအဆကို တင်ပြလိုပါတယ်။ ဆရာတော်ရေးသားခဲ့တဲ့ နိဗ္ဗာန်စာတမ်းမှာ-

'ပရိနိဗ္ဗာန်ပြုသွားသော ဘုရား၊ ရဟန္တာတို့သည် ကံစသော အကြောင်းလေးပါး ပြုပြင် စီရင်ခြင်းကင်းသော အမတ နာမ် ဝိသေသ, ရုပ်ဝိသေသ မသေသော နာမ်ထူး, ရုပ်ထူး အနေဖြင့် နိဗ္ဗာန်မှာ စံနေတော်မူကြပါတယ်' လို့ ဖော်ပြထားပါတယ်။

ဒီအယူအဆမှာလည်း ရုပ်ထူး, နာမ်ထူးဆိုတဲ့အတွက် စဉ်းစားဖွယ်ရာ ဖြစ်နေပါတယ်။

ပထမ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးကလည်း မဟာနိဗ္ဗုတဒီပနီ ကျမ်းမှာ-

'နိဗ္ဗာန်ဆိုတာ ၁၁ ပါးသော မီးအပေါင်းမှ ငြိမ်းအေးသော ဓာတ်အစုကို ခေါ်ခြင်းဖြစ်တယ်၊ ယင်းနိဗ္ဗာန်သည် ဘာတစ်ခုမျှ မရှိသော အဓာတဘာဝမျိုးလည်း မဟုတ်သလို ရုပ်ကြမ်းဖြင့် ဖြစ်ပေါ်နေသော ဓာတဘာဝမျိုးလည်း မဟုတ်ဘဲ နူးညံ့သိမ်မွေ့လှပါတယ်၊ နိဗ္ဗာန်ထင်ရှားရှိပုံမှာ ပရိနိဗ္ဗာန်ပြုမည့်ပုဂ္ဂိုလ် မပေါ် မီကပင် ကမ္ဘာကမ္ဘေ ဖြစ်၍နေသော အရှိမျိုးလည်း မဟုတ်ဘဲ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ကိုယ်ခန္ဓာကိုစွဲ၍သာ ထိုခန္ဓာကိုယ် ကွယ်လွန်သွားသောအခါ ပေါ်လာသော တရားထူး ဝိသေသ ဖြစ်တယ်...'

'နိဗ္ဗာန်သည် ခန္ဓာနှင့် စပ်၍နေသော်လည်း မုချအားဖြင့် မစပ်၊ ခန္ဓာငြိမ်းခြင်းနှင့်သာ မုချစပ်ပါတယ်၊ ခန္ဓာမငြိမ်း မပျောက်လျှင် နိဗ္ဗာန် မပေါ်မရောက်လာပါ၊ နိဗ္ဗာန်သို့ ရောက်သွားသော သူတို့ သည် အလုံးစုံပြတ်တောက်သည့် အဖြစ်မျိုးသို့ ရောက်သွားခြင်းမျိုး မဟုတ်ဘဲ မိမိတို့ရောက်ရာ နိဗ္ဗုတာဒ္ဓပင် မအို၊ မသေ အမြဲ တည်စံနေပါတယ်'လို့ ရေးသားထားပါတယ်။

ဆရာဖေသိန်းက 'ဒါဆို ဆရာတော်ကြီးက နိဗ္ဗာန်ကို လုံးဝ ပြတ်ဆဲသွားတယ်လို့ မယူဆဘူးပေါ့နော်'

'မှန်ပါတယ်၊ ဆရာတော်က နိဗ္ဗာန်ကို လုံးဝ ပြတ်စဲသွား တယ်လို့ ယူခဲ့မယ်ဆိုရင် ဥစ္ဆေဒဒိဋ္ဌိ အယူမှားအဖြစ်သို့ ရောက်သွား မယ်လို့ ဆိုပါတယ်၊ ဒါကလည်း ဆရာတော် အနေနဲ့ နိဗ္ဗာန်ဟာ အမှန်တည်ရှိနေတယ်လို့ ယူဆထားလို့ပါ၊ ဒီလိုယူဆတာကလည်း ပရမတ်တရားများဖြစ်တဲ့ နိဗ္ဗာနဓါတ် ဒါမှမဟုတ် အသင်္ခတဓါတ်များ *Non-conditioned elements* ဟာထာဝရ တည်ရှိနေလို့ ဖြစ်ပါတယ်'

ဆရာတော်ကြီးရဲ့ ထူးခြားတဲ့အယူအဆတစ်ခုက -

'နိဗ္ဗာန်မှာ ပကတိမျက်စိဖြင့် မမြင်နိုင်သော ရုပ်လွန် အရောင် အဆင်းတစ်မျိုးလည်း ရှိနေပါတယ်၊ ဒါပေမဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တို့ဟာ ယင်းတောက်ပတဲ့ သဘာဝလွန် အရောင်အဆင်းကို မမြင်နိုင်ပါဘူး၊ ဥပမာဆိုရရင် လူသာမန်တို့ဟာ နတ်ဒေဝါတို့မှာရှိသော ကိုယ်ရောင် ကိုယ်ဝါကို မမြင်နိုင်သလိုပါဘဲ၊ ဒီ ရုပ်သဘာဝလွန် အရောင်အဆင်း

ဟာ လူ့လောကမှာရှိသော အလင်းရောင်များထက်များစွာ သိမ်မွေ့ ပါတယ်လို့ ဆိုပါတယ်'

ဆရာတော်ရဲ့အလိုအရ နိဗ္ဗာန်သည် လုံးဝချုပ်ငြိမ်းသွားခြင်း နှင့် မပတ်သက်ဘဲ ငြိမ်းချမ်းခြင်းနှင့်သာ ပတ်သက်ပြီး သန္တိသုခ၊ အမတ၊ သဘာဝ နိဗ္ဗာနဓာတုအဖြစ် တည်ရှိပါတယ်။

ဆရာတော်က ဆက်ပြီး 'နေအရှိန်ကြောင့် ခန္ဓာကိုယ်ပူလောင် နေသူသည် အေးမြကြည်လင်သော မြစ်ရေအတွင်း သက်ဆင်း လိုက်လျှင် အပူငြိမ်းခြင်းနှင့် အေးမြသော အရသာကို ခံစားခြင်း နှစ်မျိုးဖြစ်၏၊ ထို့အတူ ရဟန္တာပုဂ္ဂိုလ် စုတေခြင်း၊ ရုပ်နာမ် ချုပ်သွား ခြင်းသည် ခန္ဓာဒုက္ခ အပူငြိမ်းခြင်းနှင့်တူပြီး နိဗ္ဗာန်ရဲ့အရသာကို သန္တိသုခ အနေဖြင့် ခံစားခြင်းသည် အေးမြခြင်းကို ခံစားရခြင်းနှင့် တူပါတယ်' လို့ ဖော်ပြထားပါတယ်။

လယ်တီဆရာတော်ဘုရားကြီးရဲ့ အယူအဆကတော့-

'နိဗ္ဗာန်သို့ ရောက်လေ၏ ဆိုတာနဲ့ ချုပ်ငြိမ်းတာ အတူတူ ပင် ဖြစ်ပါတယ်၊ နိဗ္ဗာန်ဆိုတာ အစဉ်ဖြစ်ပေါ်နေသော စိတ်၊ စေတသိက်၊ ရုပ်တရားတို့၏ ငြိမ်းအေးမှုပါ' လို့ နိဗ္ဗာန ဒီပနီကျမ်း မှာ ရေးသားထားပါတယ်။

ဆရာတော်ကြီးက ရဟန္တာပုဂ္ဂိုလ်များ ယခုဘဝ၌ ခန္ဓာငါးပါး ချုပ်ငြိမ်းသွားသောအခါ သဘာဝလွန် အလွန်နူးညံ့သိမ်မွေ့သော ပြုပြင်မှုမဲ့တည်ရှိမှု အသင်္ခတဓါတ်အဖြစ် ကိုယ်ပိုင်နိဗ္ဗာန်များ ရှိပါတယ်လို့လည်း ယူဆထားပါတယ်။ ဒါပေမဲ့လည်း ဆရာတော်

က 'နိဗ္ဗာန်ရဲ့သဘာဝဟာ အလွန်နက်နဲပြီး အလွန် သိနိုင်ခဲပါတယ်' လို့လည်း အလေးအနက် ဆိုပါတယ်။

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသကလည်း သင်္ဂြိုဟ်ဘာသာဋီကာကျမ်းမှာ-

'နိဗ္ဗာန်ဆိုတာ စိတ်, စေတသိက်, ရုပ် ပရမတ်တို့မှ သီးခြားဖြစ်သော ပရမတ္ထတရား ဖြစ်ပါတယ်၊ သို့ဖြစ်၍ ရုပ် နာမ် သင်္ခါရ တို့နဲ့ ဆက်သွယ်ခြင်းမရှိလို့ ရုပ်ဝိသေသ, နာမ်ဝိသေသ မဖြစ်နိုင်ပါ၊ နိဗ္ဗာန်သည် ပုဂ္ဂိုလ်သတ္တဝါနှင့် ကာမဂုဏ်အာရုံကဲ့သို့ ခံစားအပ်သောတရား မဟုတ်၍ နိဗ္ဗာန်၌ ဝေဒယိတသုခ မရှိသည်မှာ အမှန်ဖြစ်ပါတယ်၊ သို့သော် ယင်းသုခထက် အဆများစွာ သာလွန်သော သန္တိသုခ အေးမြငြိမ်းချမ်းခြင်း သဘောကား ကေန် ရှိပါတယ်' လို့ ရေးသားခဲ့ပါတယ်။

ဆက်လက်ပြီး ဆရာတော်က-

'နိဗ္ဗာန်သည် သန္တိသဘောအားဖြင့် တစ်မျိုးတည်းသာရှိ၏ ဆိုသောစကားအရ အရိယာပုဂ္ဂိုလ်ဟူသမျှ၏ နိဗ္ဗာန်သည် အများဆိုင် ပစ္စည်းတစ်ခုကဲ့သို့ တစ်ပါးတည်းသာ ရှိသည်ဟု ထင်မှားမိတတ်သော်လည်း ထိုကဲ့သို့ ဆိုလိုရင်းမဟုတ်၊ စိတ်မှန်လျှင် အာရုံကို သိခြင်းသဘောအားဖြင့် တစ်မျိုးတည်းသာရှိသလို နိဗ္ဗာန် မှန်လျှင် သန္တိသဘောအားဖြင့် တစ်မျိုးတည်းသာ ရှိပါတယ်၊ ပုထုဇဉ် ပုဂ္ဂိုလ်တိုင်းမှာ ကိုယ့်စိတ်နဲ့ကိုယ် ရှိသလို အရိယာပုဂ္ဂိုလ်

တိုင်းမှာလည်း ကိုယ့်နိဗ္ဗာန်နဲ့ကိုယ် ရှိကြပါတယ်’လို့ ရှင်းပြထားပါတယ်။

ရာဟုလာသံကစ္စည်းကလည်း ‘နိဗ္ဗာန်၏ ဆိုလိုရင်း အနက်သဘောမှာ ချုပ်ငြိမ်းခြင်းဖြစ်လို့ ဆီမီးတောက်ရင်း တဖြည်းဖြည်းချုပ်ငြိမ်းသွားတာမျိုး နဲ့တူပါတယ်လို့ တင်ပြထားပါတယ်၊ ဆီနှင့်မီးစာ လောင်ကျွမ်းသွားပြီး လောင်စာအသစ် ထပ်မထည့်သောအခါ မီးတောက်ချုပ်ငြိမ်းသွားသလို အာသဝများ ကုန်စင်သွားပြီးနောက် ဘဝအသစ် ဖြစ်ရခြင်းမှ ချုပ်ငြိမ်းသွားပါတယ်၊ ဒါပေမဲ့လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုသော ပုဂ္ဂိုလ်သည် ကွယ်လွန်ပြီးနောက် ဘယ်ပုံ ဖြစ်ပါသနည်းဆိုသော အမေးကို ဖြေဆိုရန် ငြင်းပယ်ခဲ့ပါတယ်’

ပြည်မြို့ ဇောတိကာရုံဆရာတော်ကလည်း ‘ချုပ်ငြိမ်းခြင်းဆိုသောနိဗ္ဗာန်သည် အကြောင်းတရားဖြစ်၍ ပရိနိဗ္ဗာန်သည် အကျိုးတရား ဖြစ်ပါတယ်’လို့ ယူဆပါတယ်။

နိဗ္ဗာန်မှာ ဥပါဒ်, ဋ္ဌီ, ဘင် ဆိုတဲ့ ဖြစ်,တည်,ပျက် မရှိသောကြောင့် အတိတ်, ပစ္စုပ္ပန်, အနာဂတ်တို့မှ ကင်းလွတ်သော ကာလဝိမုတ် *Beyond time and space* တရား ဖြစ်ပါတယ်၊ နိဗ္ဗာန်ကို ယာဉ်အမျိုးမျိုးနှင့်သွား၍ မရောက်နိုင်သလို ခြေလျင်သွား၍လည်း မရောက်နိုင်ပါ၊ အမှန်စင်စစ် နိဗ္ဗာန်သည် သွားအပ်သောတရား မဟုတ်သကဲ့သို့ ရောက်အပ်သော တရား

လည်း မဟုတ်ပါ၊ နိဗ္ဗာန်သည် မျက်မှောက် ပြုအပ်သော တရား ဖြစ်၍ ပဋ္ဌာန်း ဒေသနာတော်လာ အာရမ္မဏပစ္စည်း *Object Condition* အရ အာရုံပြုအပ်သော တရားသာ ဖြစ်ပါတယ် လို့ ဖော်ပြထားပါတယ်။

ဆရာတော်မှ 'နိဗ္ဗာန်သည် အသင်္ခတဓာတ် ပရမတ်အစစ် ဖြစ်၍ ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ အမြဲတည်ရှိ သော တရား' လို့ တင်ပြထားပါတယ်။

နိဗ္ဗာန်နဲ့ပတ်သက်လို့ ရှင်ဗုဒ္ဓဃောသ ယူဆတာကတော့-

'နိဗ္ဗာန်သည် သန္တိလက္ခဏာလို့ ဆိုထားတဲ့အတွက် နိဗ္ဗာန်ရဲ့ လက္ခဏာဟာ ငြိမ်းချမ်းခြင်းဖြစ်ပြီး ယုန်ဦးချိုကဲ့သို့ နိဗ္ဗာန်ဟာ မရှိသည့်အရာလည်း မဟုတ်ပါ၊ နိဗ္ဗာန်သာမရှိပါက သီလ, သမာဓိ, ပညာတို့ဖြင့် ကျင့်ကြံအားထုတ်တာဟာ အချည်းနှီး အလဟဿ ဖြစ်သွားမှာမို့ အရိယာမဂ် အကျိုးအတွက် နိဗ္ဗာန် ဟာ အရှိတရားဖြစ်ရန် လိုအပ်ပါတယ်' လို့ တင်ပြထားပါတယ်။

ဆရာကံမြင့်က 'မဟာစည် ဆရာတော်ကလည်း နိဗ္ဗာန်နဲ့ ပတ်သက်လို့ တင်ပြထားတာ ရှိတယ်နော်'

'မှန်ပါတယ်၊ ဆရာတော်ရဲ့အယူအဆက တခြားပညာရှင် များရဲ့ အဓိပ္ပါယ် ကောက်ယူမှုနဲ့ ခြားနားပါတယ်၊ သဗ္ဗတောပဘံ 'အလုံးစုံတောက်ပ၏' ဆိုတဲ့ ဝါကျမှာ ဆရာတော်က နိဗ္ဗာန်၌ သာလွန် ထူးခြားသောအလင်းရောင် မရှိလို့ပဲ ယူဆပါတယ်'

ဆရာတော်က 'နိဗ္ဗာန်ဆိုတာ ဗိမာန် သို့မဟုတ် နန်းတော် သို့မဟုတ် မြို့တော်တစ်ခုလည်း မဟုတ်သလို မြင်သာထင်ရှားသော အရောင် အဆင်း ထွက်နေခြင်းလည်းမရှိ၊ အမှန်စင်စစ် နိဗ္ဗာန်သည် ကိလေသာ လွှမ်းမိုးမှုများမှ ကင်းလွတ်၍ အတိတ်ကံတို့ အကျိုးမပေးဘဲ ဘဝသစ်တည်ဆောက်မှုကို လုံးဝ မဖြစ်ပေါ်စေသော အရာသာ ဖြစ်ပါတယ်'လို့ အဓိပ္ပါယ် ဖွင့်ဆိုထားပါတယ်။

ဆရာတော်ကြီးများ၏ အယူအဆများမှ နိဗ္ဗာန်ဆိုတာ သဘာဝထက် လွန်ကဲထူးမြတ်သော သို့မဟုတ် နိဗ္ဗာနဓါတ်လို့ ခေါ်သော အရာတစ်မျိုးနှင့် ဆက်နွယ်နေသော သဘောတရား ဖြစ်ပါတယ်လို့ ခြုံငုံယူဆလို့ ရပါတယ်၊ ဒါကြောင့်မို့ နိဗ္ဗာန်ဆိုတာ လုံးဝပြတ်စဲ ချုပ်ငြိမ်းသွားခြင်း မဟုတ်ဘဲ အမှန်တကယ် တည်ရှိတယ် လို့ အခိုင်အမာ ဆိုနိုင်ပါတယ်။

တကယ်တော့ နိဗ္ဗာန်အယူအဆဟာ ဒဿနရှုထောင့်ကနေ ရှင်းပြဖို့ ခက်ခဲလှပါတယ်၊ သတိပဋ္ဌာန် တရားကို စူးစူးစိုက်စိုက် အားထုတ်မှ နိဗ္ဗာန်ကို ထိုးထွင်း သိမြင်သွားမှာပါ။

ဆရာကျော်မြင့်က 'ခန္ဓာနဲ့ နိဗ္ဗာန်ဟာ ဆက်စပ်မှုရှိလား ဆရာ'

'သူတို့နှစ်ခုဟာ သဘောသဘာဝအားဖြင့် အကြီး အကျယ် ခြားနားပေမယ့် တစ်ခုနဲ့တစ်ခုက ဝေးကွာခြင်းမရှိဘဲ ဆက်စပ်လို့ နေပါတယ်'

အဘိဓမ္မာဒေသနာ ကထာဝတ္ထုမှာ 'ခန္ဓာက တခြားလော၊ နိဗ္ဗာန်က တခြားလော'ဆိုတဲ့ အမေးပုစ္ဆာကို ထိုသို့ တခြားဟူ၍ မဆိုလင့်ရာလို့ ဖြေဆိုထားပါတယ်။

ဝိသုဒ္ဓိမဂ်ဋီကာမှာလည်း 'နိဗ္ဗာန်သည် ခန္ဓာနှင့်ဆက်စပ်မှု ရှိသည်သာလျှင်တည်း' လို့ ဆိုထားပါတယ်။

အင်္ဂုတ္တိုရ် ပါဠိတော်လာ ရောဟိတဿသုတ်မှာ ဘုရားရှင်က ရောဟိတဿ နတ်သားအား 'ဒါယကာနတ်သား၊ ဤတစ်လံမျှလောက်ဖြစ်သော ခန္ဓာ၌ပင်လျှင် ဒုက္ခ၊ ဒုက္ခဖြစ်ကြောင်း၊ ဒုက္ခချုပ်ငြိမ်းရာ၊ ဒုက္ခ ချုပ်ငြိမ်းကြောင်း အကျင့်ကို ငါဘုရား ဟောတော်မူ၏ ဆိုပြီးအသီးသီး ပြဆိုထားပါတယ်'

'အထက်ပါ ဒေသနာတော်များအရ နိဗ္ဗာန်ဟာ ခန္ဓာနှင့် ဝေးကွာခြင်းမရှိဘဲ ဆက်စပ်နေတာကို တွေ့ရပါလိမ့်မယ်'

မသင်းက 'ဘယ်လိုမျိုး ဆက်စပ်တာလဲ အစ်ကို'

'ညီမ မေးတာလေးကို ဒင်္ဂါးပြား တစ်ပြားရဲ့ ခေါင်းနှင့်ပန်း ဥပမာလေးနဲ့ ရှင်းပြပေးပါ့မယ်၊ ခေါင်းနှင့်ပန်းဟာ ဒင်္ဂါးပြားရဲ့ မျက်နှာ တစ်ဖက်တစ်ချက် *The Other side of the coin* ဖြစ်နေလို့ သဘောသဘာဝအရ ဆန့်ကျင်ဘက်တော့ ဖြစ်နေတယ်'

ဒင်္ဂါးပြားရဲ့ ခေါင်းကိုပဲ နှစ်သက်နေသူဟာ မငြီးငွေ့သမျှ ပန်းဘက်သို့ လှန်ပစ်တာမျိုး မရှိဘူးပေါ့၊ ခေါင်းကို မနှစ်သက်တော့ဘူးဆိုမှ ပန်းဟာခေါင်းနေရာမှာ အစားထိုးဝင်ရောက် လာနိုင်မှာပါ။

'ခန္ဓာနှင့် နိဗ္ဗာန် ဆိုတာ ဒင်္ဂါးပြားရဲ့ ခေါင်းနှင့် ပန်းလိုပါပဲ၊ နိဗ္ဗာန် သို့ မျက်မှောက်ပြုနိုင်ဖို့ ယောဂီပုဂ္ဂိုလ်ဟာ သဘောသဘာဝ အားဖြင့် ဆန့်ကျင်နေတဲ့ခန္ဓာရဲ့ အဖြစ်အပျက်တွေကို ဝိပဿနာ ဉာဏ်နဲ့ အထပ်ထပ် ဆင်ခြင်သုံးသပ်ရပါတယ်၊ ဒီလို ဆင်ခြင်ပြီး အပြစ်ကိုမြင်လို့ ငြီးငွေ့မှုလည်း ခန္ဓာမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်း သစ္ဆိကိရိယာကိစ္စ *Realization of Nibbana* ဖြစ်နိုင်ပါတယ်'

'ခန္ဓာတရားစုမှာ သစ္စာဉာဏ် ဆိုက်ရောက်သွားတာနဲ့ နိဗ္ဗာန်ကို ထိုးထွင်းသိမြင်တဲ့ ဂေါတြဘူနှင့်မဂ်ဖိုလ်တို့ တဆက်တည်း ဖြစ်ပေါ် လာတာမို့ ကြားခံပေါင်းကူးသဖွယ် ကျေးဇူးပြုတဲ့ ခန္ဓာကို ဝိသေသ ပြုပြီး ခန္ဓာနှင့် နိဗ္ဗာန်ဟာ တခြားစီမဟုတ်ဘဲ ဆက်စပ်ပါတယ်လို့ မြတ်ဗုဒ္ဓမှ ဟောခဲ့တာပါ'

မြို့မိ ဆရာတော်ကလည်း 'အတ္တ ,ခန္ဓာ, နိဗ္ဗာန်တို့ဟာ အချင်းချင်းသဘောအားဖြင့် မတူကြသော်လည်း ဘယ်အခါမှ ခွဲခွါခြင်းမရှိ, အတူတကွ တွဲလျက်သာနေပါတယ်၊ ဒါကြောင့်မို့ အတ္တရှိရာမှာ ခန္ဓာရှိ၏, ခန္ဓာရှိရာမှာ နိဗ္ဗာန်ရှိ၏,အတ္တကို ထုချေ ဖောက်ခွဲကြည့်က ခန္ဓာကိုမြင်၏, ခန္ဓာကို ထုချေဖောက်ခွဲလျှင် ဖြစ်ပျက်ကိုမြင်၏'လို့ မိန့်ဆိုထားပါတယ်။

မစန္ဒာက 'ဒါဆိုရင် နိဗ္ဗာန်က အဝေးကြီးမှာ မဟုတ်ဘူး ပေါ့နော်'

'မှန်ပါတယ်၊ အဝေးမှာ ရှိနေတာမဟုတ်ဘဲ နိဗ္ဗာန်ရဲ့အခြေခံ ဟာ ဘဝထဲမှာပဲရှိပါတယ်၊ မိမိခန္ဓာကိုယ်က ရုပ်, နာမ် တွေရဲ့ ဖြစ်ပျက်ကို ဉာဏ်နဲ့ထိုးထွင်း သိမြင်သွားရင် နိဗ္ဗာန်ကို မျက်မှောက် ပြုသွားနိုင်မှာပါ, *The key to Nivana is within oneself, not in ritual*'

'ဆရာတို့ လူ့ခန္ဓာဟာ နတ်ခန္ဓာ, ဗြဟ္မာ့ခန္ဓာများလို ကမ္မဇရုပ် မများဘဲ ဥတုဇရုပ်သာ များပါတယ်၊ ၃၂-ကောဋ္ဌာသ အစုံအလင် ရှိတာမို့ မတင့်တယ်, စက်ဆုပ်ရွံရှာဖွယ်ရာ လက္ခဏာ တွေနဲ့ ၉၆ ပါး သောဝေဒနာများ စုစည်းရာ အပုပ်ကောင် ရုပ်ဆောင်တဲ့ ခန္ဓာသာ ဖြစ်လို့ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာများ ထင်ရှားတဲ့ အကောင်းဆုံး ဝိပဿနာအရှုခံ နေရာတစ်ခုပါ'

ဒါကြောင့်မို့ အလွန်ရခဲတဲ့ လူ့ဘဝမှာ-

' ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာနှင့်
လွန်စွာအားထုတ်၊ နာမ်နှင့် ရုပ်ကို
ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်
မှန်ပင် မဂ်ရကြောင်း '

လင်္ကာလေးလို ဝိပဿနာဘာဝနာကို မဆုတ်မနစ် ကြိုးစား အားထုတ်သွားမယ်ဆိုရင် ခန္ဓာရရှိထားတဲ့ အပြစ်တွေကို မိမိတို့ ဉာဏ် ပြက်ပြက်ထင်ထင် သိမြင်လာပြီး နိဗ္ဗာန်နှင့် အနီးဆုံး နေရာသို့ ရောက်ရှိသွားမှာပါ။

'နိဗ္ဗာန်နဲ့ပတ်သက်လို့ ပိုပြီးပြည့်စုံသွားအောင် ကျမ်းဂန်မှာ ပါတဲ့ သုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်နဲ့ အပ္ပဏိဟိတနိဗ္ဗာန်တို့ကို ပြောပြပေးပါ့မယ်၊ တကယ်တော့ နိဗ္ဗာန်ဟာ တစ်မျိုးထဲ တစ်ခုထဲ ရှိပေမယ့် ဥပမာနဲ့ တင်စားပြီး ပြောတာတွေရှိပါတယ်'

သုညတနိဗ္ဗာန်ဆိုတာ နိဗ္ဗာန်မှာ ရာဂ၊ ဒေါသ၊ မောဟ၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော လုံးဝမရှိသလို ရုပ်နာမ် ခန္ဓာအားလုံး ဆိတ်သုဉ်းနေလို့ ခေါ်တာပါ။

ဆရာဖေသိန်းက 'နိဗ္ဗာန်က သုညတဆိုတော့ လုံးဝဘာမှ မရှိတော့တာမျိုးလား ဆရာ'

'လုံးဝမရှိဘဲ *void* ဖြစ်နေတာမျိုး၊ ချမ်းသာမှု ကင်းဆိတ်နေတာမျိုးတော့ မဟုတ်ပါဘူး၊ သူ့ကို *Nothingness Nibbana* ဆိုပြီး ပြန်ပေမယ့် ငြိမ်းချမ်းမှု သန္တိသုခနဲ့ လွတ်မြောက်မှုဆိုတာ ရှိပါတယ်'

'နောက် အနိမိတ္တနိဗ္ဗာန်၊ အနိမိတ္တဆိုတာ ရာဂ၊ ဒေါသ၊ မောဟ၊ ရုပ်၊ နာမ်ဆိုတဲ့ နိမိတ်အမှတ်အသားများနဲ့ ပုံသဏ္ဍာန်အားလုံး မရှိလို့ပါ၊ ဒါကြောင့်မို့ *Signless or Formless Nibbana* လို့ ပြန်တယ်'

'တတိယက အပ္ပဏိဟိတနိဗ္ဗာန်၊ ပဏိဟိတဆိုတာ တပ်မက်မှု တဏှာနဲ့ တောင့်တလိုချင်တာမျိုးပါ၊ နိဗ္ဗာန်မှာ ကိလေသာအားလုံး ချုပ်ငြိမ်းသွားလို့ တောင့်တစရာ ဘာတစ်ခုမှ မရှိတော့ပါဘူး၊ ဒါကြောင့်မို့ အပ္ပဏိဟိတနိဗ္ဗာန် *Desireless Nibbana* ဆိုပြီး ပြန်တယ်'

ဆရာကံမြင့်က 'ကျွန်တော်သိချင်တာ တစ်ခုက နိဗ္ဗာန်ဟာ အဖြစ်တရားလား၊ အရှိတရားလား ဆရာ'

'နိဗ္ဗာန်က အမြဲတည်ရှိတဲ့ အရှိတရားဆိုပေမယ့် အဖြစ်တရား တော့ မဟုတ်ပါဘူး၊ စိတ်, စေတသိက်, ရုပ်တွေမှာက ဥပါဒ် ဌီ ဘင် ရှိလို့ ဖြစ်လာရင် ပျက်ရမယ်ဆိုတာ ရှိပါတယ်၊ နိဗ္ဗာန် မှာက ဥပါဒ် ဌီ ဘင် *Arising, Static, Dissolution* မရှိလို့ ဖြစ်တာလည်းမရှိ၊ ပျက်တာလည်းမရှိ အမြဲတမ်းရှိနေတဲ့ အရှိ တရားမျိုးပါ၊ ဘယ်ကမ္ဘာကစပြီး နိဗ္ဗာန် ဖြစ်နေတယ်, ဘယ်ကမ္ဘာ ရောက်ရင် နိဗ္ဗာန် ပျက်သွားမယ် ဆိုတာမျိုး မရှိဘဲ ကံ, စိတ်, ဥတု, အာဟာရဆိုတဲ့ အကြောင်းလေးပါးတို့ မပြုပြင်အပ်တဲ့ အသင်္ခတဓာတ် နိဗ္ဗာန်က အမြဲရှိနေပါတယ်၊ ဒီလို ရှိနေလို့လည်း မအိုရာ မနာရာ မသေရာလို့ မြတ်စွာဘုရားက ဟောခဲ့တာပါ'

ဆက်ပြီး ထေရဝါဒ အစဉ်အလာအရ သဉပါဒိသေသ နိဗ္ဗာန် နဲ့ အနုပါဒိသေသ နိဗ္ဗာန်ဆိုပြီး ခွဲခြားထားတာကို ပြောပြပါ့မယ်။

'မျက်မှောက်ဘဝမှာ လောဘ,ဒေါသ,မောဟစတဲ့ ကိလေသာ များ ချုပ်ငြိမ်းသွားပြီး နိဗ္ဗာန်ကို လက်ရှိ ရုပ်နာမ်ခန္ဓာမှာ ရရှိသွား တာဟာ သဉပါဒိသေသနိဗ္ဗာန်ပါ၊ တနည်းအားဖြင့် စိတ်ပိုင်းဘဝ ဆင်းရဲဒုက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုနှင့် ပျော်ရွှင်မှုကို ရရှိ သွားလို့ *Psychological liberation from defilement* ဆိုပြီး ခေါ်တယ်'

ဒီလို စိတ်ပိုင်းဘဝ လွတ်မြောက်သွားတာကို ဝိမုတ္တိရသ *'The Taste of Exemption'* လို့ ခေါ်တယ်။

လွတ်မြောက်တယ်ဆိုတာ ဘဝသစ် မွေးဖွားခြင်း၊ အိုမင်းခြင်း၊ နာမကျန်းဖြစ်ခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်းနဲ့ အလုံးစုံသောဆင်းရဲဒုက္ခတွေကို ဖြစ်ပေါ်စေတဲ့ အဝိဇ္ဇာနဲ့ တဏှာ ချုပ်ငြိမ်းသွားတာပါ။

သဉပါဒိသေသနိဗ္ဗာန်ကို ရရှိဖို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်နှင့် ရဟန္တာဆိုတဲ့ အဆင့်လေးဆင့် ရှိတာမို့ မျက်မှောက်ဘဝ ခန္ဓာငါးပါးနှင့် ဆက်စပ်နေပါတယ်။

အနုပါဒိသေသနိဗ္ဗာန်ကတော့ ရဟန္တာပုဂ္ဂိုလ်တို့ ပရိနိဗ္ဗာန်စံပြီးမှ ဖြစ်ပေါ်လာတဲ့ နိဗ္ဗာန်ပါ။

'အနုပါဒိသေသနိဗ္ဗာန်ကို ဘယ်လိုပြန်လဲ ဆရာ'

*'Biological liberation after cessation of aggregates* ဆိုပြီးပြန်တယ်'

ရဟန္တာပုဂ္ဂိုလ်မှာ နာမ်ရုပ်ဖြစ်စဉ် လုံးဝရပ်စဲသွားတာနဲ့ ကမ္ဘာစွမ်းအင်ဟာ ဆုံးခန်းတိုင်သွားလို့ ဘဝသံသရာ စက်ဝန်းလည်း ပြတ်စဲသွားပါတယ်။

နာမ်ရုပ်ဖြစ်စဉ် သဘာဝ မတည်ရှိတော့ပေမယ့် သေခြင်းမဲ့ သဘာဝနှင့် သန္တိသုခ တည်ရှိလို့ ဒီအခြေအနေကို မမွေးဖွားခြင်း၊ ဖြစ်ပေါ်မလာခြင်း၊ မဖြစ်ခြင်းနှင့် ပြုပြင်မဲ့ အသင်္ခတလို့ ခေါ်ဆိုနိုင်ပါတယ်။

သဥပါဒိသေသနိဗ္ဗာန်ကို နိဗ္ဗာန်လို့ခေါ်ပြီး အနုပါဒိသေသ နိဗ္ဗာန်ကို ပရိနိဗ္ဗာန်လို့ ခေါ်ဆိုပါတယ်။

ရတနသုတ်မှာလည်း-

'အဟောင်းဖြစ်သော ကံသည် ချုပ်ငြိမ်းသွား၍ အသစ် တဖန် မဖြစ်တော့ပါ၊ ထို့အတွက် ပဋိသန္ဓေနေရခြင်း မျိုးစေ့ တို့သည်လည်း အားလုံးပျက်စီး ပျောက်ကွယ်သွား၍ မည်သည့် အာသာဆန္ဒမျှ မကျန်ရှိတော့ပါ…'လို့ ဆိုထားပါတယ်။

အနုပါဒိသေသနိဗ္ဗာန်ဟာ ထုတ်ဖော်ပြောပြဖို့ ခက်ခဲပြီး ပင်လယ်သမုဒ္ဒရာကဲ့သို့ နက်ရှိုင်းလှပါတယ်။ ယင်းသဘောကို ဘိက္ခုနီခေမာဟာ ကောသလဘုရင်အား ပြောပြခဲ့ဖူးပါတယ်။

အရှင်အာနန္ဒာမှလည်း တစ်ခါက ယမက ရဟန်း၏ ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံပြီးနောက် မရှိတော့ဆိုသော အယူမှားကို ဖယ်ရှား ခဲ့ဖူးပါတယ်။

ဘာသာစကား *Language* ဖြင့် ထုတ်ဖော် ပြောပြလို့ မရနိုင်တဲ့ နိဗ္ဗာန်ရဲ့သဘောကို ပိဋကတ်ထဲ၌ အကြိမ်များစွာ တွေ့ရပါတယ်။

'ကျွန်တော့်အနေနဲ့ အလွန်သိမ်မွေ့နက်နဲလှတဲ့ နိဗ္ဗာန်ရဲ့ သဘောသဘာဝကို အတတ်နိုင်ဆုံး ရှင်းလင်း ပို့ချထားပေမယ့် ကိုယ်တိုင်မျက်မှောက်ပြုမှ သိရှိနိုင်မှာဖြစ်လို့ အားလုံးကျေနပ် လက်ခံနိုင်တဲ့ အသိမျိုးတော့ ရချင်မှရမှာပါ'

ဆရာဖေသိန်းက 'ဆရာပြောတာကို လက်ခံပါတယ်၊ အများအားဖြင့် နိဗ္ဗာန်ဟာ ရုပ်နာမ်ဓမ္မ ချုပ်ငြိမ်းတယ်ဆိုလို့ ဘာမျှ မရှိသလိုပဲ ထင်မှတ်နေကြပါတယ်၊ ဒါကြောင့်မို့ နိဗ္ဗာန်ကို ရက်တိုတိုနှင့် ရောက်ရပါလို၏လို့ ဆုတောင်းကြပေမယ့် ကျွန်တော်မြင်တာက သိပ်ထက်ထက်သန်ကြီး မရှိလှဘူး'

'တကယ်တော့ နိဗ္ဗာန်မှာဘာမှမရှိဘူး *Nothingness* ဆိုတာထက် မည်သည့်ဒုက္ခမှမရှိ၊ လောကဓံမရှိ၊ ရုပ်နာမ်မရှိ၊ ကိလေသာမရှိ၊ အို နာ သေ မရှိဘဲ ငြိမ်းအေးချမ်းသာမှုနဲ့ လွတ်မြောက်မှု ရှိပါတယ်'

'ဆရာပြောတဲ့သဘောကို ကျွန်တော် နည်းနည်းရိပ်မိပြီ'

'ဆရာဖေ တဖြည်းဖြည်းတော့ နားလည်သွားမှာပါ၊ အားလုံးလည်း အတွေ့အကြုံနှင့် အသက်အရွယ်ရလာလို့ တရားကို မပြတ်တမ်း ရှုမှတ်သွားမယ်ဆိုရင် ဓမ္မရဲ့ အနှစ်သာရ၊ နိဗ္ဗာန်ရဲ့ သဘောသဘာဝကို တဖြည်းဖြည်း သိသွားမယ်လို့ ကျွန်တော် ယုံပါတယ်'

ပို့ချတာတွေအားလုံးကို အနှစ်ချုပ်လိုက်ရင် နိဗ္ဗာန်ဟာ လောကုတ္တရာစိတ်အသိ၊ လောကုတ္တရာ စိတ်အတွေးတစ်ခုရဲ့ အစင်ကြယ်ဆုံးနှင့် အမြင့်မြတ်ဆုံးသော အခြေအနေတစ်ခုပါ။

နိဗ္ဗာန်ချမ်းသာဟာ တကယ့်ချမ်းသာအစစ်ဆိုတာ ဘဝရဲ့ ဒုက္ခဆင်းရဲတွေကို ကိုယ်တိုင်တွေ့မြင်ပြီး တရားဘာဝနာ ရှုမှတ်နေတဲ့သူဆိုရင် ထိုးထွင်းပြီး သိနိုင်ပါတယ်။

ကျွန်တော်တို့ လက်ရှိရထားတဲ့ လူ့ဘဝဟာ အလွန်အဖိုးတန် လှလို့ ဒါနပါရမီ၊ သီလပါရမီ၊ မေတ္တာပါရမီ၊ ပညာပါရမီ၊ သစ္စာပါရမီစတဲ့ ပါရမီ ၁၀-ပါးကို တတ်နိုင်သမျှ ဖြည့်ဆည်းပြီး နောင်ဒီထက် မြင့်မြတ်တဲ့ဘဝတွေရောက်အောင် ကြိုးစားဖို့ လိုပါမယ်။

ဒီနေရာမှာ ပရိတ်ကြီး ၁၁-သုတ်ထဲက ကျွန်တော် နှစ်သက်တဲ့ ရတနသုတ်အဖွင့်မ်းရဲ့ စာပိုဒ်လေးကို ဖော်ပြလိုပါတယ်-

ဂေါတမမြတ်စွာဘုရားဟာ သုမေဓာရှင်ရသေ့ ဘဝတုန်းက ဒီပင်္ကရာမြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ဖူးမျှော်ခဲ့စဉ်က ရဟန္တာ အဖြစ်နဲ့ နိဗ္ဗာန်သို့ စံဝင်လို့ရပေမယ့် လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ရတဲ့ သဗ္ဗညုတ ဘုရားအဖြစ်ကိုသာ ဆုတောင်းခဲ့ပါတယ်။

ဒီလို ဆုတောင်းခဲ့တာဟာလည်း သတ္တဝါတွေအပေါ်မှာ ထားရှိတဲ့ မေတ္တာကရုဏာကြောင့် 'ငါတစ်ဦးတည်း နိဗ္ဗာန်စံဝင်လို့ မဖြစ်သေးဘူး၊ လောကအကျိုးစီးပွား၊ ဆွေမျိုးမိတ်သင်္ဂဟတို့ရဲ့ အကျိုးစီးပွားနှင့် ဗုဒ္ဓဖြစ်ခြင်း အလို့ငှာ ကြိုးစားမယ်' လို့ ကြီးမားတဲ့ ဆန္ဒ ဖြစ်ခဲ့လို့ပါ။

'ဒါ့ကြောင့်မို့ ကျွန်တော်တို့ လက်ရှိရထားတဲ့ လူ့ဘဝတိုတို လေးအတွင်းမှာ မိမိရဲ့ အကျိုးစီးပွားအတွက်သာမက အများ အကျိုး၊ လောကအကျိုးကိုလည်း သယ်ပိုးဆောင်ရွက်ရပါမယ်၊

မြင့်မြတ်တဲ့သူတွေမှ ဒီလိုပါရမီ ဖြည့်ဆည်းမှုတွေကို ပြုလုပ်နိုင်တာပါ'

'ပါရမီဖြည့်တာကို ဘယ်လိုပြန်လဲ ဆရာ'

'*To fufil perfection*'

ပဋ္ဌာန်းတရားတော်မှာလည်း ရာသီဥတု, အစာအာဟာရ, ပုဂ္ဂိုလ်, သတ္တဝါ, နေရာဒေသတို့ဟာ ထိုထိုသတ္တဝါတွေကို အားကြီးသောမှီရာ ဥပနိဿယပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်လို့ မြတ်စွာဘုရားက ဟောကြားခဲ့ပါတယ်။

မိခင်မြေနဲ့ မိဘ၊ ဆရာ၊ ဆွေမျိုးမိတ်သင်္ဂဟ အားလုံးဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်တွေပါ။ ချစ်သော မိခင်မြန်မာပြည်မှာ မွေး၊ ဒီမြေကထွက်တဲ့ စပါး, သီးနှံ, ရေတွေနဲ့ ရှင်သန်ခဲ့ရတဲ့ ကျွန်တော်တို့တတွေဟာ မိခင်မြေ ဆက်လက် တိုးတက်စည်ပင်ဖို့ အားလုံးမှာလည်း တာဝန်ရှိကြပါတယ်။

မိခင်မြေနဲ့ ပတ်ဝန်းကျင်လောကကို ကျေးဇူး ဆပ်တာကို ပါရမီ ဖြည့်တယ်လို့ ဆိုရပါမယ်။ တစ်စက်တစ်စက် ကျလာတဲ့ မိုးရေစက်တွေ များလာရင် ဘယ်လောက်ပဲ ကြီးမားတဲ့ ရာဝင်အိုးကြီးတွေဖြစ်စေ နောက်ဆုံးမှာတော့ ပြည့်သွားကြစမြဲပါ။ အလားတူ နေ့စဉ်ကုသိုလ်ကောင်းမှုတွေကို နည်းတယ် များတယ် မဟုတ်ဘဲ အများအကျိုး လောကအကျိုးအတွက် တတ်နိုင်သမျှ ဖြည့်ဆည်းသွားရင် သန္တိသုခဆိုတဲ့ နိဗ္ဗာန်သို့ ဦးတည်လျှောက်လှမ်းနေတာပါ။

ပဋ္ဌာန်းဒေသနာမှာလည်း လောကမှာ ကြုံတွေ့နေရတဲ့ အဖြစ်အပျက်အားလုံးဟာ အကြောင်းများစွာစုဝေးပြီး အကျိုး တရားဖြစ်တယ်ဆိုတဲ့ ကြောင်းကျိုး ဆက်နွယ်မှုနိယာမအရ ဖြစ်နေလို့ မိမိတို့ရည်မှန်း ထားတဲ့ နိဗ္ဗာန်ကိုရောက်ဖို့ ဖြူစင် သောစိတ်နဲ့ ကုသိုလ်တရား တွေကိုပါ နေ့စဉ် ဆောင်ရွက်ရင်း ပါရမီဖြည့်ရမှာပါ။

'ဒါမှလည်း ကျွန်တော်တို့အားလုံး မိမိတို့မကြုံချင်ဘဲနဲ့ အဖန်တလဲလဲ ကြုံတွေ့နေရတဲ့ သောက၊ ပရိဒေဝ၊ ဒုက္ခ အပေါင်း ရှိတဲ့ ဘဝသံသရာစက်ဝန်းမှ လွတ်မြောက်ပြီး ငြိမ်းအေး မှုရှိတဲ့ နိဗ္ဗာန်ကို ပါရမီများဖြည့်ဆည်းလို့ တရားရှုမှတ်အားနဲ့ တစ်ဆင့်ပြီး တစ်ဆင့် အရောက်လှမ်းနိုင်မှာပါ'

'အစဆိုတာရှိရင် အဆုံးဆိုတာလည်း ရှိရစမြဲမို့ ဘယ်သူ မဆို ဘဝဆည်းဆာ ကာလလေးကို ရောက်ရှိကြရမှာပါ'

'ဆည်းဆာဆိုတာ နေ့တစ်နေ့ရဲ့ သာယာလှပ လွမ်းဆွတ် ဖွယ် အချိန်လေးဖြစ်သလို ဘဝဆည်းဆာမှာလည်း တည်ငြိမ် ချမ်းမြေ့တဲ့စိတ်ကလေးနဲ့ အေးချမ်းစွာ နေစေချင်ပါတယ်၊ တတ်နိုင် သမျှ တရားရှုမှတ်ပြီး ကုသိုလ်တွေကိုလည်း နိဗ္ဗာန် ရည်မျှော်ပြီး လုပ်ရင် အမြင့်မြတ်ဆုံး ကုသိုလ်တွေဖြစ်လို့ နောင်ဘဝတွေမှာ လည်း မြင့်မြတ်တဲ့ ဘဝတွေကိုသာ ရောက်ရှိသွားမှာပါ'

သင်တန်းကို ညနေ ၅-နာရီမှာ ရပ်နားလိုက်ပါတယ်။

ညနေမှာ ရေချမ်းပြင်ဘက် လမ်းလျှောက်ဖြစ်ပါတယ်။ ဒီနေ့တော့ မသင်းလည်း အတူလိုက်လာပါတယ်။ ပြာသို၊ တပို့တွဲကာလမို့ တိုက်ခတ်လာတဲ့ မြောက်ပြန်လေကလည်း အေးမြမြရှိလှပါတယ်။ မသင်းက အစိမ်းနုရောင် ချည်သားရင်ဖုံးအင်္ကျီနဲ့ လုံချည်ကို အထက်အောက်ဆင်တူ ဝတ်ထားပါတယ်။

အနောက်ဖက် တောင်စွယ်တွေမှာ နေလုံးကမေးတင်ထားပြီး တိမ်ညိုတိမ်ပြာတွေ ရောယှက်ထားတဲ့ ဆည်းဆာအချိန်ကလည်း သာယာလှပါတယ်။ လေအဝှေ့မှာ မသင်းဆီက ရှင်မတောင်သနပ်ခါးရနံ့လေးနဲ့ ဆံနွယ်စလေးတွေကို တွေ့ထိရရှိနေပါတယ်။

လမ်းဘေးဝဲယာက သဘာဝရှုခင်းတွေကလည်း ရှုမဆုံးနိုင်အောင် လှပပါတယ်၊ စိမ်းစိုနေသော ပျိုးခင်းများ၊ ပွင့်ဖူးဝေဆာနေသော ပန်းခင်းများ၊ အုပ်စုဖွဲ့ပျံသန်းနေသော အိပ်တန်းပြန် ငှက်ကလေးများနဲ့ ရေတသွင်သွင် စီးဆင်းနေတဲ့ စမ်းချောင်းငယ်လေးများဟာ စိတ်ကိုကြည်နူးမှု ဖြစ်စေပါတယ်။

'အစ်ကိုက မှန်မှန် လမ်းလျှောက်ဖြစ်တယ်နော်'

'နေ့စဉ် လမ်းလျှောက်တော့ သွေးလှည့်ပတ်မှုကောင်းသလို တစ်နေ့တာ စိတ်ဖိစီးမှုတွေကိုလည်း လျှော့သွားစေတယ်၊ ဆေးပညာရဲ့ ဖခင်ကြီး *Hippocrates* ကလမ်းလျှောက်တာဟာ လူသားတို့အတွက် အကောင်းဆုံးဆေးပါလို့ ပြောခဲ့တယ်'

'တစ်နေ့ကို ဘယ်လောက်လျှောက်သင့်သလဲ အစ်ကို'

'နောက်ဆုံး လေ့လာတွေ့ရှိချက်အရ တစ်နေ့တာမှာ ခြေလှမ်း ပေါင်း တစ်သောင်းလှမ်းဖို့လိုတယ်၊ ဒါဟာ မိနစ် ၆၀ အထိ ဆက်တိုက် လမ်းလျှောက်တာနဲ့ညီသလို အပြင်မထွက်ဖြစ်လဲ ရုံးနဲ့ အိမ်မှာ တစ်နေ့လုံး လှုပ်လှုပ်ရှားရှားနဲ့ တက်လိုက်ဆင်းလိုက် နေရင်လည်း ရပါတယ်'

'အစ်ကိုပြောတာလေးကို မှတ်ထားမယ်၊ ဒါနဲ့ နက်ဖြန် ရန်ကုန် ခဏပြန်ဖြစ်တယ်၊ ဆေးကုသဆောင်ကို အစ်ကို ကြည့်ထား ပေးနော်'

'လူနာတွေအတွက် ညီမ စိတ်မပူပါနဲ့၊ ရန်ကုန်မှာလည်း အမေ့ကိုဂရုစိုက်သလို ညီမကိုယ်တိုင်လည်း *Colonoscopy* နဲ့ *CT* ရိုက်ခဲ့လိုက်ပါ'

'အစ်ကိုမှာတာတွေ လုပ်ခဲ့ပါမယ်၊ နေ့လည်စာ စားပြီးရင် အစ်ကိုနဲ့အတူ ကော်ဖီသောက်နေကျမို့ အဲဒီအချိန်ဆို သတိရနေမှာ၊ ညီမ ညနေတိုင်း ဖုန်းဆက်မယ်နော်'

'ကောင်းပါပြီ ညီမရယ်'

ဆောင်းတွင်းမှာ နေ့တာတိုတာမို့ ကျွန်တော်တို့ ရေချမ်းပြင်အထိ မလျှောက်တော့ဘဲ လမ်းတဝက်ကနေ လှည့်ပြန်ခဲ့ပါတယ်။

'ဆည်းဆာအချိန်က သာယာပေမယ့် ညီမစိတ်ထဲမှာတော့ ကြောက်တယ်၊ ဝမ်းနည်းသလိုလိုနဲ့ ဆွေးမြေ့တဲ့ ခံစားမှုမျိုးလည်း ရင်ထဲမှာဖြစ်လာတယ်'

'တစ်နေ့တာရဲ့ ဆည်းဆာကို အမြဲတွေ့နေရသလို ဘဝ ဆည်းဆာကိုလည်း တချိန်ချိန်မှာ ကြုံရဦးမှာပါ၊ နေနေသမျှကာလ လေးမှာ မိခင်မြေအတွက် အများအတွက်လုပ်ပေးနိုင်ခဲ့တယ်၊ ဒါန, သီလ, ဘာဝနာကိုလည်း တွဲပြီးလုပ်မယ်ဆိုရင် ဆည်းဆာ ကာလလေးကို အစ်ကိုတို့ အေးအေးချမ်းချမ်း ဖြတ်သွားနိုင်မှာပါ'

'ဘဝက တိုတိုလေးဆိုတော့ *Life is too short* ပေါ့နော်'

'မှန်ပါတယ်၊ ဒါပေမဲ့ အများအတွက် သယ်ပိုးလုပ်နိုင်တာနဲ့ အမျှ ဘဝဟာ လှပနေမှာပါ၊ ဒါကြောင့်မို့ အစ်ကိုခံယူထားတာက *Life is too short, but it is beautiful* ပါညီမရယ်'

'အဲစကားလေးကို ညီမနှစ်သက်ပါတယ်၊ ကိုယ်လက်ရှိ ရထားတဲ့ဘဝဟာလှပတယ်လို့ မြင်မှပဲ နေပျော်မှာပါ'

'အစ်ကို အခုရေးနေတဲ့ သစ္စာက ပြီးတော့မှာလား'

'ရေးနေဆဲပါ ညီမရယ်၊ ဒဿနသဘောတရားနဲ့ ဗုဒ္ဓရဲ့ တရားဦး ဓမ္မစကြာကို လေ့လာနေရတော့ စာအုပ်စုံအောင်လည်း ဖတ်နေရတယ်'

'ညီမပစ္စည်းတွေ အစ်ကို့အခန်းမှာ ထားခဲ့မယ်နော်'

'ရပါတယ် ညီမရယ်'

ဆေးရုံပြန်ရောက်တော့ ပတ်ဝန်းကျင်မှာ မှောင်ရိပ်သန်းနေ ပါတယ်။ ဆေးရုံအဝရောက်တော့ မီးတွေထိန်ထိန်လင်းနေပါပြီ။

'နက်ဖြန် ခရီးသွားမှာမို့ ညစာကို ခေါက်ဆွဲပြုတ်နဲ့ပဲ စားမလို့၊ အစ်ကိုလည်း လာစားလိုက်ပါ'

'လာခဲ့ပါ့မယ် ညီမရယ်'

ကျွန်တော် ရေချိုးပြီးတော့ မြတ်စွာဘုရားကို မေတ္တာသုတ်၊ မဟာပဋ္ဌာန်းနဲ့ ပူဇော်လိုက်ပါတယ်။ အမျိုးသမီးဆောင်ရောက်တော့ အဖြူရောင်ဘလောက်အင်္ကျီနဲ့ လုံချည်နက်ပြာရောင်လေးဝတ်ထားတဲ့ မသင်းကို တွေ့ရပါတယ်။

ညစာကတော့ ခေါက်ဆွဲပြုတ်နဲ့ ကန်စွန်းရွက်ကြော်ပါ။ ညစာစားအပြီးမှာ မသင်းက ကော်ဖီဖျော်တိုက်ပါတယ်။

ည ၁၂-နာရီ နှစ်ကူးချိန်လေးကို စောင့်ကြည့်ချင်တယ်ဆိုလို့ ကျွန်တော်လည်း စကားပြောရင်း နေပေးခဲ့ပါတယ်။ ညဘက်မှာ မီးပျက်သွားလို့ ဖယောင်းတိုင်ထွန်းရပါတယ်။ အဲဒီအချိန်လေးကိုလည်း ယခု အမှတ်ရနေမိပါတယ်'

'အစ်ကို နှစ်ကူးသွားတော့ စိတ်ထဲမှာဘယ်လိုနေလဲ'

'ငယ်ငယ်တုန်းက နှစ်ကူးတဲ့ညတွေဆို မိသားစု စုံစုံလင်လင်နဲ့ ပျော်စရာကောင်းတယ်၊ အခု အသက်တစ်နှစ် ပိုကြီးသွားသလို ဘဝမှာနေရမယ့်ရက်လေးတွေ တဖြည်းဖြည်းနည်းလာတော့ ကုသိုလ်ကောင်းမှုများများလုပ်ဖို့ လိုမယ်ဆိုပြီးတွေးမိတယ်'

'ဘဝတစ်ခုဟာ ခဏလေးပါပဲနော်၊ အစ်ကိုပြောခဲ့တဲ့ လောကမှာ အသေချာဆုံးအရာဟာ မသေချာခြင်းပဲ *The surest thing in life is uncertainly* ဆိုတာ ညီမအခုမှပိုပြီး သဘောပေါက်လာတယ်'

'အရာရာဟာ မသေချာတဲ့အပြင် လူတိုင်းအတွက် ကြိုတင် မသိနိုင်တဲ့ အရာငါးမျိုးလည်းရှိတယ်'

'အစ်ကို ပြောပြပေးပါလား'

'မိုးသည်းသည်းမဲမဲ ရွာချနေရင် မိမိရှေ့ကမြင်ကွင်းကို သဲသဲကွဲကွဲ မမြင်နိုင်သလို လူတိုင်း ကြိုတင်မသိနိုင်တာက ဘဝ မှာ ဘယ်လောက်အထိ အသက်ရှင်နေထိုင်ရမယ်, ဘယ်လို ရောဂါမျိုးတွေကြုံရမယ်, ဘဝတစ်ခု အဆုံးသတ်မယ့်အချိန်, နောက် သေသွားတဲ့အခါမှာလည်း မိမိခန္ဓာကိုယ်ကို မြုပ်နှံမယ့်နေရာနဲ့ လားရာဂတိတို့ပါပဲ'

ပထမဦးဆုံး မသိနိုင်တာက ဇီဝိတံ *Life* ဆိုတဲ့ အသက်နဲ့ ခန္ဓာတွဲလျက် ဘယ်လောက်အထိ နေရမယ်ဆိုတာပါ။ တစ်ချို့လည်း ကျန်းကျန်းမာမာရှိလျက်က ရုတ်တရက် သေဆုံးရတာမျိုးလည်း ရှိတယ်။ အစ်ကိုကိုယ်တွေ ကြုံဖူးတာက ဖခင်က အစာအိမ်ကင်ဆာနဲ့ အသည်းအသန်ဖြစ်လို့ သားဖြစ်သူက ဆေးရုံမှာလာပြုစုပေးတယ်။ အပြန်မှာ *Car Accident* ဖြစ်ပြီးလမ်းမှာပဲ ဆုံးသွားတယ်။

ဒုတိယမသိနိုင်တာက ဘဝမှာ ဘယ်လိုဝေဒနာမျိုးနဲ့ တွေ့ကြုံ ရမယ်ဆိုတဲ့ ဗျာဓိ *Sickness,* တချို့လည်း ဆီးချို, နှလုံး, သွေးတိုး ရောဂါတွေ နှစ်ပေါင်းများစွာ ခံစားနေရပေမယ့် လမ်း လျှောက်ရင်း ရုတ်တရက် မိုးမိရာကနေ အဆုတ်အအေးမိပြီး *Pneumonia* နဲ့ဆုံးသွားတာမျိုး, တချို့လည်း တစ်သက်လုံး ကျန်းကျန်းမာမာနဲ့ ဆေးရုံပြရတယ်မရှိဘဲ အသက် ၈၀ ကျော်မှ ကင်ဆာဖြစ်ပြီး

ဆုံးတာမျိုးလည်းရှိတော့ ဗျာဒိဆိုတာ ဘယ်လိုမှ ကြိုတင်မသိနိုင်တဲ့ အရာတစ်ခုပါ။

နောက်တစ်ခုက ကာလော *Time* ဆိုတဲ့ လူတစ်ဦးရဲ့ဘဝ နိဂုံးသတ်ချိန်ဟာ နံနက်၊ နေ့လည်၊ ည ပြောလို့ မရပါဘူး။ သတိထားကြည့်ရင် အစ်ကိုတို့ရှေ့မှာ ဘဝကို အဆုံးသတ်သွားကြတဲ့ ဆွေမျိုး၊ မိတ်ဆွေများရဲ့ မတူညီတဲ့ အချိန်အမျိုးမျိုးကိုလည်း တွေ့ရမှာပါ။

နောက်ဒေဟနိက္ခေပနံ *laying down the dead body* ဆိုတဲ့ မိမိသေဆုံးတဲ့အခါ ဥတုဇရုပ်အလောင်းကို ဘယ်နေရာမှာ သင်္ဂြိုလ်ဖြစ်မယ် ဆိုတာကိုပါ။ တချို့လည်း မိမိ ဇာတိမြို့မှာပဲ ဖြစ်မယ်ထင်ရပေမယ့် ခရီးသွားရင်း ပင်လယ်ပြင်ထဲ ကောင်းကင်ထဲ၊ အဝေးပြေးလမ်းမပေါ်နဲ့ ရထားလမ်းမှာ အနိစ္စ ရောက်သွားတာမျိုးလည်း ရှိပါတယ်။

ပဥ္စမမြောက်နဲ့ နောက်ဆုံး မသိနိုင်တဲ့ အရာတစ်ခုကတော့ မိမိရဲ့ လားရာဂတိ *Destiny,* လူတိုင်းဟာ ဘဝဆည်းဆာမှာ သွားရမယ့် ခရီး၌ာန ငါးခုရှိတယ်။

'ကုသိုလ်ကံ အကျိုးပေးရင် နတ်ပြည် နဲ့ လူ့ပြည်၊ အကုသိုလ်ကံ အကျိုးပေးရင် ပြိတ္တာ၊ တိရစ္ဆာန်နဲ့ ငရဲဘုံ၊ ဒါ့ကြောင့်မို့ ဘဝတစ်ခု ပြီးဆုံးသွားတဲ့အခါ ဘယ်ဘဝကို သွားရမယ်ဆိုတာ ဘယ်သူမှ မသိနိုင်လို့ နိဗ္ဗာန်မရောက်မချင်း လူတစ်ဦးရဲ့ရှေ့ခရီးဟာ မှုန်ဝါးနေတဲ့ မပြီးသေးသော ပန်းချီကားနဲ့ အလားတူပါတယ်'

'လောကမှာ အသေချာဆုံးအရာဟာ မသေချာခြင်းဘဲ ဆိုတော့ နေရသမျှအချိန်တိုင်းမှာ ကုသိုလ်ကောင်းမှု အမြဲ လုပ်နေဖို့လိုတာပေါ့နော်'

'မှန်ပါတယ်၊ ညီမက စိတ်ရင်းလည်း ဖြူစင်တယ်၊ လူနာ တွေအပေါ်မှာလည်း စေတနာထားပြီး ကုသပေးနေတော့ နေ့စဉ်ကုသိုလ် ရနေတာပါပဲ၊ ဒါပေမဲ့ ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင်ဆိုသလို ဘယ်အရာမှ သေချာတယ်ဆိုတာ မရှိတော့ အချိန်ရသလို တရားရှုမှတ်တာလည်း လုပ်စေချင်တယ်'

'ညီမသိချင်တာက တရားရိပ်သာမသွားဘဲ ရှုမှတ်လို့ကော ရလား အစ်ကို'

'တရားရှုမှတ်တာက ရိပ်သာမှာ သွားပြီးအားထုတ်မှ ရတာ မဟုတ်ပါဘူး၊ တစ်ခုရှိတာက ရိပ်သာမှာဆိုရင် ကိုယ့်ကိုလမ်းညွှန် ပြသပေးမယ့် ဆရာရှိတာပေါ့၊ ဒါကတော့ အစဉ်အလာအတိုင်း အားထုတ်တာဆိုတော့ *Formal meditation* လို့ ခေါ်တယ်'

'ဒါဆို *Formal* အတိုင်း မမှတ်တာမျိုးလည်း ရှိမှာပေါ့'

'အဲဒီလိုမျိုးလည်း ရှိတယ်၊ ညီမ နေ့စဉ်လှုပ်ရှားနေတဲ့ ဘဝထဲမှာပဲ သတိလေးထားပြီး ရှုမှတ်နေလည်းရပါတယ်၊ ဒါကတော့ သီးသီးသန့်သန့် အချိန်ပေးပြီး အားထုတ်တာမဟုတ်လို့ *Informal meditation* လို့လည်း ခေါ်နိုင်ပါတယ်၊ မြတ်စွာဘုရား က ပရိနိဗ္ဗာန်ပြုခါနီးမှာ မမေ့မလျော့ မပေါ့မဆသော သတိနဲ့ နေပါလို့ မိန့်မှာခဲ့တဲ့အတိုင်း ဘာပဲလုပ်လုပ် သတိလေး ကပ်ပြီး နေဖို့ပဲ လိုပါတယ်'

'အစ်ကိုပြောတာနဲ့ စိတ်ဝင်စားလာပြီ၊ ညီမကို နည်းနည်း ရှင်းပြပေးပါလား'

'နံနက်အိပ်ရာထတဲ့ အချိန်ကစပြီး ညအထိ ညီမစိတ်ထဲမှာ *Emotional thoughts* တွေ၊ ဝမ်းနည်းဝမ်းသာ ခံစားမှုတွေနဲ့ဆိုရင် စိတ်ကဘယ်လိုမှ ကြည်ကြည်လင်လင် မဖြစ်ဘူးပေါ့၊ ဆေးကုသတဲ့ အခါမှာပဲ ဖြစ်ဖြစ်၊ အလုပ်နားတဲ့အခါမှာ ဖြစ်ဖြစ် ထွက်လေဝင်လေကို သတိလေးနဲ့ ရှုမှတ်နေလိုက်ရင် စိတ်ထဲမှာ အတွေးတွေ ရှင်းသွားသလို လောဘ ဒေါသ မောဟ ဆိုတဲ့ အကုသိုလ်တွေလည်း မဖြစ်တော့ဘူးပေါ့၊ တဖြည်းဖြည်းနဲ့ အကျင့်ရသွားရင် ညီမစိတ်လည်း အေးချမ်းပြီး တည်ငြိမ်သွားလိမ့်မယ်၊ တရားစကားနဲ့ဆိုရင် သမာဓိအား *Concentration Power* ပိုကောင်းလာတာပေါ့၊ ဒီလို စိတ်ကတည်ငြိမ်သွားရင် ခန္ဓာကိုယ်ရဲ့ ဖြစ်ပျက်သဘာဝကိုလည်း ရှုမှတ်ရင်း တဖြည်းဖြည်း တွေ့လာပါလိမ့်မယ်…'

'ဒါဆို အချိန်တိုင်းမှာ ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်ကိုသိအောင် မှတ်နေရတာပေါ့'

'အဲဒီလို ဖြစ်ပျက်ကို တမင်သိအောင် လုပ်နေတာမျိုးတော့ မဟုတ်ဘူး၊ လက်ရှိပစ္စုပ္ပန်မှာ နှာသီးဖျားက လေကလေး ထွက်ဝင်နေတဲ့ သဘာဝဖြစ်စဉ် *Natural Process* လေးကိုပဲ သိနေဖို့ လိုပါတယ်၊ ဖြစ်နေတာကို တည့်တည့်သိနေရင် ဖြစ်ပြီးရင်ပျက်ဆိုတဲ့

သူ့ဟာသူချုပ်သွားတဲ့ ဖြစ်ပျက်အစဉ်လေးကို တဖြည်းဖြည်းနဲ့ တွေ့သွားမှာပါ၊ ဒါကြောင့် တရားအလုပ်လုပ်နေတာ *Doing meditation* မဟုတ်တဲ့ သဘာဝဖြစ်ပျက် အစဉ်လေးကို သိနေလို့ သတိအမှတ်လေးနဲ့နေတယ် *Being Mindful* လို့ပဲ ပြောရမှာပါ'

မသင်းက ခေါင်းညိတ်ပြီး 'အဲဒီ *Being mindful* ဆိုတာလေးကို ညီမနှစ်သက်ပါတယ်၊ အစ်ကိုပြောသလို နေ့စဉ်ဘဝလေးထဲမှာ သတိလေးနဲ့နေဖို့ ကြိုးစားပါ့မယ်'

စကားကောင်းနေတာနဲ့ နံနက် ၁-နာရီ ထိုးသွားပါတယ်။ ကျွန်တော်လည်း မသင်းကို အဆောင်အထိ လိုက်ပို့ပေးလိုက်ပါတယ်။

နက်ဖြန်နံနက်မှာ ကျွန်တော်၊ မစန္ဒာ၊ သက်သက်ခိုင်၊ ဆရာဖေသိန်း၊ ဆရာကျော်မြင့်တို့က မသင်းကို စစ်တွေလေဆိပ် လိုက်ပို့ပေးပါတယ်။ နံနက်ခင်းနေခြည်က ဝင်းပစွာဖြာကျနေပြီး သာယာလှပတဲ့ တိမ်ပြာသောနေ့တစ်နေ့ ဖြစ်ပါတယ်။

မသင်းက ခရမ်းရောင် ချည်သားရင်ဖုံးအင်္ကျီနဲ့ လုံချည်ကို အထက်အောက်ဆင်တူ ဝတ်ထားပါတယ်။

ကျွန်တော်တို့ရောက်တော့ အချိန်စောနေသေးတာနဲ့ လေဆိပ်ရှေ့က လဖက်ရည်ဆိုင်မှာ ခဏထိုင်ဖြစ်ပါတယ်။ ကျွန်တော်မှ လက်ဖက်ရည်နှင့် စမူဆာများမှာပြီး ကျွေးမွေးလိုက်ပါတယ်။

ဆရာဖေသိန်းက 'ဆရာမက ရန်ကုန်ပြန်ရမှာဆိုတော့ ပျော်နေမှာပေါ့'

'ပျော်တယ်လည်း မဟုတ်ပါဘူး ဆရာဖေရယ်၊ စစ်တွေရောက်စက အိမ်နဲ့အဝေးကြီး ခွဲနေရတော့ မနေတတ်ဘူး၊ သွားစရာလည်း သိပ်မရှိသလို ဘယ်ကြည့်ကြည့် လယ်ကွင်းတွေ၊ ဖိုးခင်းနဲ့ ပင်လယ်ပြင်ကြီးပဲရှိတော့ အားလည်းငယ်တယ်'

မစန္ဒာက 'ဆေးရုံဖွင့်ပြီးတော့ အစ်မကိုကြည့်ရတာ ရွှင်ရွှင်လန်းလန်းပါပဲ'

'ညီမလည်းရှိတယ်၊ နောက် အစ်ကိုရောက်လာပြီး အမြဲအားပေးသလို လူနာတွေကိုလည်း တိုင်တိုင်ပင်ပင် ကုသပြီး အားလုံးနီးပါး ကောင်းသွားတော့ ဒီမှာနေရတာ ပျော်လာပါတယ်၊ အခုအဘိဓမ္မာသင်တန်းမှာ ဆရာဖေ၊ ဆရာကျော်၊ ဆရာကံ တို့နဲ့လည်း မိသားစုလို ဖြစ်သွားတယ်၊ ရန်ကုန်မှာ ကိုယ့်ကိစ္စနဲ့ကိုယ် ဆိုတော့ ဒီမှာလို စုစုစည်းစည်း မရှိကြဘူး'

'မမ ခရီးသွားမယ်ဆိုတော့ ညက အိပ်လို့တောင် မပျော်ဘူး၊ ရန်ကုန်မှာ လုပ်စရာတွေပြီးရင် မြန်မြန် ပြန်ခဲ့နော်'

'ပြန်ခဲ့မှာပေါ့ ညီမရယ်၊ အားလုံးအတွက် ရန်ကုန်အစားအစာတွေ ယူလာခဲ့မယ်'

မကြာမီ လေယာဉ်ထွက်တော့မှာမို့ မသင်းလည်း အားလုံးကို နှုတ်ဆက်အပြီးမှာ ကျွန်တော့်ဘက်ကိုလှည့်ပြီး-

'အစ်ကိုလည်း ကျန်းမာရေး ဂရုစိုက်နော်၊ ညဉ့်နက်အထိစာရေးတာလည်း နည်းနည်းလျှော့လိုက်ပါ၊ ညီမ မရှိတော့ အစ်ကိုက ဆေးကုသဆောင်တစ်ခုလုံး ကြည့်ပေးထားရမှာ'

'အစ်ကို့အတွက် စိတ်ချပါ၊ ညီမလည်း ရန်ကုန်ရောက်ရင် စစ်ဆေးစရာ ရှိတာတွေကို လုပ်ခဲ့ပါ'

'ညီမဆီလည်း အဆက်အသွယ်လုပ်ပါနော်'

'ကောင်းပါပြီ ညီမရယ်'

ကျွန်တော်တို့လည်း တိမ်တိုက်တွေထဲကို လေယာဉ်လေး တိုးဝင်သွားမှ လေဆိပ်က ပြန်လာခဲ့ပါတယ်။ အပြန်လမ်းမှာ လောကနန္ဒာဘုရားကို ဝင်ဖူးဖြစ်ပါတယ်။

ကိလေသာကင်းစင်နေတဲ့ မြတ်စွာဘုရားရဲ့ မျက်နှာတော် ဟာ ဘယ်အချိန်မှာမဆို ဖူးမြော်ရသူတွေကို ကြည်လင်အေးမြမှု ကိုပေးပါတယ်။ ကျွန်တော်တို့ ပုထုဇဉ်လူသားတွေမှာတော့ နှောင်ဖွဲ့တွယ်တာမှုတွေ ရှိနေသေးလို့ ရင်ထဲမှာအမြဲ ကြည်နူး အေးချမ်းမှု မရှိနိုင်တာကိုလည်း တွေးမိပါတယ်။

ညနေမှာ ရေချမ်းပြင်ဘက်ကို လမ်းလျှောက်ဖြစ်ပါတယ်။ ဟေမာန်အခါတွင်းမို့ တစ်ချက်တစ်ချက် တိုက်ခတ်လာတဲ့လေ ကလည်း အေးမြလှသလို လေရူးသုန်သုန်က သယ်ဆောင်လာတဲ့ ပန်းရနံ့မျိုးစုံကိုလည်း ထိတွေ့ခံစားမိပါတယ်။

ကောင်းကင်ယံမှာ ပုံစံအမျိုးမျိုးနဲ့ လွင့်မြောနေတဲ့ တိမ်တိုက် တွေကလည်း မမြဲတဲ့သဘာဝကို ဖော်ပြနေပါတယ်။ ပင်လယ်ပြင် ကြီးကို လှမ်းမြင်နိုင်တဲ့နေရာရောက်တော့ ပဒ္မန်ဆီရောင်ကောင်း ကင်ဟာ တဖြည်းဖြည်း ညိုရောင်သန်းလာပါတယ်။ ကျွန်တော်လည်း

ပင်လယ်ပြင်နဲ့ ကောင်းကင်ယံဆုံတွေ့တဲ့ မိုးကုတ်စက်ဝိုင်းအစပ်ဆီ ခဏလှမ်းမျှော်ကြည့်ပြီး ဆေးရုံဘက် ပြန်လှည့်ခဲ့ပါတယ်။

ညပိုင်းမှာ ကော်ဖီကျကျ တစ်အိုးဖျော်ပြီး ရှေ့ဆက်ပို့ချမယ့် သမုစ္စည်းပိုင်းအတွက် ဆရာတော် အရှင်ဇနကာဘိဝံသရဲ့ အခြေပြုသင်္ဂြိုဟ်နှင့် ဘာသာဋီကာကျမ်းများမှ မှတ်စုထုတ်လိုက်ပါတယ်။ တိတ်ဆိတ်တဲ့ညမို့ ဒီရေတက်သံနဲ့အတူ ညဥ့်ငှက်လေးများရဲ့ အစာရှာတဲ့အသံကိုလည်း ကြားနေရပါတယ်။

စက္ကန့်နာရီလေးများက အမြဲရွေ့လျားနေတာမို့ နေ့သစ်ဟာ မကြာခင်မှာ ရောက်လာပါတော့မယ်။

# မိန်ခင်း

၊ ခွဲစိတ်နှင့်ကင်ဆာပါရဂူ ၊

# ရှေစင်မြှင်းမိုရှိအတိစမ္မာ

ဒုတိယတွဲ

